
www.burmeseclassic.com





LUCKY STAR
သားသမီးရတနာ မထွန်းကားသူများအတွက်
福星男女不孕不育專科
ဆရာစံ 楊醫師
B.E (Chemical) D.E.S (U.S.A)
Boy Baby 生男孩專方
Girl Baby 生女孩專方
Twin Baby 雙生兒專方
အခန်း(၆)၊ ရွှေစပယ်ခိုင်ပွန်၊ ရေကြောင်းသိပ္ပံရှေ့၊ ဘုရင့်နောင်လမ်းမကြီး၊ တာမွေ မြို့နယ်၊ ရန်ကုန်မြို့။
Hp - 09 - 73241356 Hp - 09 - 5139886 E mail : luckystar568830@yahoo.com
www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂဇင်း

အယ်ဒီတာချုပ်
အောင်ကျော်ဇော
အယ်ဒီတာအဖွဲ့
ထက်ထက်ဦးဝေ(B.Sc.Physics)
သဏ်း(သဗ္ဗဓေဒ)၊ အေးအေးနိုင်
ညှိုပီအောင်(B.A.Myanmar)
အုပ်ချုပ်ရေးမှူး
ဦးရဲလွင်(ရဲဘိုင်အို)
ထုတ်ဝေသူ
ဦးအောင်လွင်(ဝ၄၁၅၉)
ပုံနှိပ်သူ
ဦးမြင့်ဦး(၀၁၅၈၃)
သိန်းသန်းဦးပုံနှိပ်တိုက်
၁၁၉/၁၂၁-၃၄လမ်း၊ ရန်ကုန်။
မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော်
ရဲသူ (ရန်ကုန်တက္ကသိုလ်)၊ မင်းထက်နိုင်
စာပြင်- ဦးဝင်းတင်

တန်ဖိုး - ၃၀၀
အုပ်ရေ - ၁၀၀၀

၂၀၁၃ ခုနှစ်၊ မေလ၊ အမှတ်စဉ် (၉၀)

ဆောင်းပါး
ကိုညွန့်အောင် (ရွှေပန်းထိမ်) - [illegible]
(အတုမြင် အတတ်သင်)
ကိုကို (ငယ်ချစ်)
(ဆရာမကောင်းတပည့်[illegible])
နိုင်ငံတကာသတင်း
ဆောင်းပေဟမန် - -၁၅၃
ကွန်ပျူတာစာစီ
နေမျိုးအောင်
ဖောင်
-သစ္စာမေတ္တာ - -၁၅[illegible]
ဆရာထွန်းလင်းကျော်
နကွတ်ဗေဒင်လက္ခဏာပညာရှင်



အောင်ကျော်ဇော
အပြုံးနှုတ်ခမ်း
အဝိုင်းမျက်နှာ

မှုခင်းအမြင်မဂ္ဂဇင်း
အမှတ်(၁၁၆)၊ ဗိုလ်မင်းရောင်လမ်း၊ ဗဟ်လာတောင်ညွှန့်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၂၀၅၀၈၈၊ ၀၉-၄၉၂၉၄၂၁၈

www.burmeseclassic.com

www.burmeseclassic.com

## မှခင်းစဉ်


- ထက်ထက်ဦးဝေ – ၂၂
(အရှက်နှင့်လဲလိုက်ရသည့်အသက်)
- အောင်ကျော်မြိုး – ၄၂
(သိကြားမှတ်တမ်း ဖျက်စမ်းပါသည်ရှိန်ခါ)
- ရွှေညာမောင်ကြီး (မြစ်ဝယ်) – ၄၈
(ကျောင်းသွားဖော်ညီမလေး)
- မောင်ထွန်းညွန့် (ကွမ်းခြံကုန်း) – ၆၀
(စိမ်းသူသူ့ကြောင့် ငိုမိသည်)
- တိုးမြင့် – ၆၆
(ပတ်ကားမောင်တင်နီလေးတစ်ချောင်း)
- ကိုရွှေသိမ်းအေး (ငါးသိုင်းချောင်း) – ၇၈
(မိုးရွာမှာကို စိုးကြောက်မိတယ်)
- ငွေအလွှမ် – ၉၄
(သိပ်ချစ်သူ အရမ်းမုန်းသူ)
- ချစ်ဝေါင်းဝေ –၁၀၄
(အနုသယဝပြောင်ကြော)
- ရေနဂါး –၁၂၂
(ယုံကြည်မိသူရဲ့ အမှားသံသရာ)
- အောင်ကျော်အေး –၁၃၂
(အပြုံးမှတ်ခမ်း အင်္ဂမျက်နှာ)
- မောင်သာမန် (ဖိုးကုန်း) –၁၄၂
(ပြေးလာချည်လားမောင်ရယ်)


### ကာတွန်း

ပေါက်ကျိုင်း၊ အောင်ချမ်းမြေ့ (မင်းဘူး)၊ သူရိန်၊ ဟန်

### ကဗျာ

သွေးစက်သစ်၊ ပြည့်ညို၊ မောင်စောငွေ (မြေပြင်)၊ နိုင်လွမ်းသွေ့ (ပေါက်တော)၊ သစ်နိုင်းထွန်း (ယာမြေ)၊ ခိုင်ထက်နိုင် (ညောင်တုန်း)၊ နေရဲရှို၊ လှိုင်ခင်ဆုန်း (အမရပူရ)။




www.burmeseclassic.com

www.burmeseclassic.com



# အမေ့ကိုလွမ်းလို့

❑ အမေက
ကျွန်တော့်ရဲ့အောင်မြင်မှုကို
လက်ခုပ်သံ တဖြောင်းဖြောင်းနဲ့
ဆီးကြိုတယ်၊
ဝမ်းသာလွန်းလို့ထင်ပါရဲ့
အမေ့မျက်လုံးမှာ အရောင်တွေတောက်လို့။

❑ ကျွန်တော် ကျရှုံးတဲ့အခါ
အမေက
လေအေးအေးလေးနဲ့ချော့ပြီး
ကျွန်တော့်ကျောကို ပွတ်ပေးတယ်
အမေ့မျက်ဝန်းမှာ မျက်ရည်တွေစို့လို့။

❑ အခုတော့ အမေရယ်
မေတ္တာ အကြင်နာမသိတဲ့ သေမင်းက
အမေ့ကို ခေါ်သွားပေမယ့်
အမေ့ရဲ့ မေတ္တာ အကြင်နာကိုသိတဲ့
ကျွန်တော့်မှာ အမေ့ကိုလွမ်းလို့။ ။



လှိုင်ခင်အုန်း (အမရပူရ)



www.burmeseclassic.com

www.burmeseclassic.com



# ရှုမနော



BURMESE CLASSIC .com

- သင့်အား သူ.....လို
  အချိန်ခိုစဉ်.....
  ပြုံးချိုမျက်နှာ ပျားသကာလား
  သံသာချိုမြ စကားလေ့နှင့်
  ဝပ်တွားခယ တသသ။
- သင့်အား မလို.....
  အမျက်သိုက တိမ်မည်းပြိုနွယ်
  မုန်းရောင်ခြယ်၍ လွှဲယင်အကြည့်
  မသိဘာသာ နေတတ်စွာဖြင့်
  ခေါင်းခါရင်ကော့ တမော့မော့။

ဂဲထက်နိုင် ([illegible])



www.burmeseclassic.com

www.burmeseclassic.com



# ခန္ဓာရထားပေါ်က နှုတ်ဆက်ကြသူများ

2 6 APR 2013

❁ မျက်နှာပြင်ပေါ်က
သင်ရိုးညွှန်းတမ်းကို
ဖတ်ကြည့်လိုက်တော့
ဖြူဖြူစင်စင် အပြုံး
ကရုဏာ အပြုံး
ကြည်ကြည်နူးနူး အပြုံး
သာမန်ကာလျှံကာ အပြုံး
ကိရိယာတန်ဆာပလာ အပြုံး
ငါးမျှားတံသုတ်တံလို အပြုံး
မထော်မလော်ကန့်လန့် အပြုံး
ချောင်းကုပ်နေတဲ့ အပြုံး
တစ်ပွဲတစ်လမ်း အကဲစမ်းတဲ့ အပြုံး
သံခင်း၊ တမန်ခင်း အပြုံး
လိုက်တမ်း၊ ပြေးတမ်း ကစားတဲ့ အပြုံး
အောင့်အည်းချုပ်တည်း အပြုံး
ဝပ်ကျင်းပေါ်က အပြုံး
ဝမ်းရေးပေါ်က အပြုံး
အဲဒီ.....
အရှင်လတ်လတ်အပြုံးတွေ
ဝဲကာတော့ထိုး
နဂိုတန်ဖိုးက
လောကလောကွက် ပြယုဂ်ဖြစ်လိုဖြစ်
ရုပ်ရည်ကိုခွဲ လူ့သံသရာထဲမှာ
ဘူတာဆိုက် နှုတ်ဆက်အပြုံးလေးကို
ဘယ်လိုပြုံးပြကြမလဲ။ ။



BURMESE CLASSIC .com

**သစ်မိုင်းလွင်** (ယာခြ)



www.burmeseclassic.com

www.burmeseclassic.com



# ရှိန်စွင့်

BURMESE CLASSIC .com



လည်ချောင်းတွေ ခြောက်လာတယ်
ကဗျာမရေးတာနဲ့
ရောဂါပိုဆိုးလာတယ်
မရေးထခေါင်းဆောင်ကို ပြောလိုက်ဦး
ဒီတစ်ခါ သူ့အလှည့်ရောက်လာပြီဆိုရင်
လွှဆွဲတာ လောကကြီးနဲ့လို့.....
အကွာရာမဲ့ ကြယ်ဟာ ခနော်ခနဲ့ဖြစ်နေတာ
လိုင်းကားတွေမှာ လူများလာတာ
ဗာရာဏသီအကြောင်းတွေပြီး
အိပ်ငိုက်မနေနဲ့
မြတ်ကောင်းရှင်လည်း ဝန်ဒိုင်မကြဲနဲ့
ပြည်နှင်ဒဏ်ဆိုတာ
အိမ်မြှောင်ရှိရာအရပ်ကို ပြောတာမဟုတ်ဘူး
ဒစ္စကို ဂီတကို ကြိုက်တာနဲ့
ဝီစကီသောက်တာ တခြားစီ
ကဗျာဆရာကိုမကြိုက်တာ
ကဗျာနဲ့မဆိုင်ဘူး
ငွေလိုချင်လို့ လာတောင်းတာ
လူကိုမုန်းတာ မဟုတ်ဘူး
ဥပမာ လက်ခံရ များလွန်းရင်
ငွေပိုပေးစရာ မလိုဘူး
ညနေစာကို မီးပူတိုက်ထားတယ်
မတော်တဆကို ကံတရားနဲ့ ပေါင်းနိုင်းလိုက်
အချိန်တန်ရင် အိမ်ပြန်အိပ်လိမ့်မယ်။ ။

ဦးလွမ်းသျှစ် (ပေါက်ခေ



www.burmeseclassic.com

www.burmeseclassic.com



# ဒေါသနဲ့ မေတ္တာ



- ဒေါသထွက်ကာ နှုတ်ကြမ်းပါက
  လူရာမဝင် အပြစ်မြင်မို့
  ချစ်ခင်နည်းပါး လူ့ငနွားတည်း။
- ဒေါသကိုယ်စား မေတ္တာထားမှ
  အများကသင် စိတ်ကောင်းမြင်မည်
  ချစ်ခင်အများ လူ့မင်းသားတည်း။ ။

မောင်စောဇွေ ([illegible])



www.burmeseclassic.com

www.burmeseclassic.com



# သစ်ပင်တို့ရဲ့နှလုံးသား

မြနန့်သိ

▲ အရိပ်ခိုနား၊ အသီးစားကြ
ပန်းများကိုခြွေ ပန်ပါလေဦး
ဖော်ရွေစကား၊ မပြောကြားလည်း
သူ့ပါးမှုမိုက်၊ ချွေးသိပ်ခဲ့ကြ
အေးမြိမ်းလှပြင်၊ သစ်ပင်တို့၏
နှစ်ခြိုက်ဖွယ်ရာ၊ ဂုဏ်အင်္ဂါကို
မေ့ပါနဲ့လား ခရီးသွား။

▲ အရွက်စုံထွက်၊ အကိုင်းဖြတ်ချိုး
သင်းသတ်ပင်လုံး၊ လိုရာသုံးလေ
ရှင်းရှင်းပြန်လှန်၊ မငြင်းဆန်မှု
တောင်ယံကမ်းဆုံး၊ မြေယှဉ်ဦးတော့
ပေါင်းမေ့အားပြု၊ တစ်ဝန်နှစ်စိမ်း
ဥတုရာသီ၊ တောက်ပိုမိစေ
ချိုမြတ်စွာ၊ သူ့ဘဝကို
အလှဆင်ပါ ကိုလှသား။

▲ လှတွင်းအချစ်၊ အပင်ဖြစ်၍
အမြစ်မြေမှာ၊ တွေ့ရပါမည်
ကျွက်ကြီးအား၊ အကြောင်းနားထားလျက်
ပေါက်ပွားကော်တွယ်၊ တောတောင်နွယ်ယှက်
မျိုးကြွယ်သီးပွင့်၊ ဖြိုးဆင့်လက်ကမ်း
မြင့်မြင့်မားမား၊ နှလုံးသားနဲ့
လေးစားအပ်သည့် သစ်ပင်များ။ ။





www.burmeseclassic.com

www.burmeseclassic.com



# မိုင်းပွန်

သွေးစက်သစ်

- မကြည့်ချင်တော့ဘ် ရှောင်သွားလို့ရပေမယ့်
မသိချင်ယောင် ဆောင်ထားလို့မရအောင်
တခမ်းတနား ရှိခဲ့တဲ့ဘဝကို
အခုတော့လည်း
ပြကွက်စိန်အဟောင်းတွေကြားမှာ ပြည့်ဖုံးကားချလို့။
- နေ့နဲ့ခိုးမှာ
ရှိးရာဓလေ့ မပျောက်ပေမယ့်
ဆောင်းဆိုရင် နှင်းပေါ် မြူလွှာအောက်
သူများတွေထက် နောက်ကျမှနိုးထ
ကာလကြာပြီဆိုပေမယ့် ရာသီတွေက မပြောင်းသေး။
- အဆင်းရော အချင်းပါ ပြည့်စုံပေမယ့်
မြို့ဂုဏ်မဝံ
လက်ကိုထဲ ရွာသားကြီးဟန်မျိုးနဲ့
တစ်ခါက လျှမ်းလျှမ်းတောက် နီးကြားခဲ့ဖူးတာကို
တစ်ဘဝလုံး မမေ့လျော့ခဲ့ရင်း။
- သမိုင်းစာမျက်နှာဟောင်းတွေထက်မှာ
ဂုဏ်သိက္ခာကြီးမားခဲ့သလောက်
မျက်နှာကြီးရာ ဟင်းဖတ်ပါတဲ့ ခေတ်ကြီးထဲ
နှစ်နာမှုတွေ မျိုသိပ်လို့
တိတ်တိတ်ကလေး ရှိုးသားနေခဲ့ရ၊
- အာဏာနည်းမျိုး သေနတ်မရှိ ဆိုတဲ့စကားက
သူနဲ့လားလားမှ မဆိုင်သလို
ရာဇဝင်ထဲမှာ သူ့ကို မြှုပ်နှံထားခဲ့ကြတာ ကြာပြီ။
- သူကလည်း
ခေတ်တွေစနစ်တွေရဲ့ ပြောင်းလဲမှုကို မေ့ါ်ထဲမထည့်
ရှင်ပြုတုန်းက ဆောင်ခဲ့ရတဲ့ ရွှေထီးကိုလည်း
မတမ်းတ၊
သူ့ဘဝလေးနဲ့သူ လောကခံကို အန်တုရင်ဆိုင်ရင်း
မိုးရွှင်းစွာ ရပ်တည်နေခဲ့တာ.....။






www.burmeseclassic.com

www.burmeseclassic.com



# ရူပကဗ္ဗာ

* တချို့ အအေးကြိုက်
တချို့ အပူကြိုက်
စရိုက်မတူ လူတွေ။
* တချို့ နှင်းပျောက်တဲ့နွေ
တချို့ မြောက်ပြန်လေညင်း
သံစဉ်ချင်းမတူ လူတွေ။
* မှုတခြင်း၊ ကျူနခြင်းနဲ့ လုပခြင်း
စိတ်တွင်းက ဖက်ရှင်အချိုးအစား
ကြားနာသူ လူတွေ။
* မုန်ပေါင်းထဲက ဓာတ်ပုံ
ဘဝဆိုတာ
အနေတော်ရင် လုံခြုံပါတယ်။
* အအေးလှိုင်း၊ အပူလှိုင်း
လွန်ကဲမှုအတိုင်းအဆတွေကြောင့်
ကျေပျက်ခံစား
လူ့နှလုံးသားတွေ။
* အဲဒီထဲကမှ သမရောမွှေ
ဘာသာတရားနဲ့
အနေအထား ယဉ်ကျေးမှု
စရိုက်တွေခြားနားတဲ့
လူတွေရဲ့လှိုင်း "လူလှိုင်း"
ဓိဓဝန္တာနဲ့ မတိုင်းမတာဘဲ
ရရာဆွဲပြီး သင်ဝတ်ကြည့်
(အိမ်တွင်းနို့ရာပျက်ရင်)
ကျိန်းသေ အန္တရာယ်ရှိတယ်။ ။



နေရဲချို



www.burmeseclassic.com

www.burmeseclassic.com






အရက်သောက်စားတဲ့သူတွေ တစ်နှစ်ထက်တစ်နှစ် တိုးတိုးလာတာကို မြင်တွေ့နေရတော့ စိတ်မကောင်းဖြစ်မိတယ်၊ တောရော၊ မြို့ပါ တိုးနေတာ၊ အဆုတ်မရှိဘူး။ အရက်သောက်သုံးသူများလေ မှုခင်းတွေတိုးလေပဲ။ အရက်သောက်လို့ အမူးလွန်ပြီးဖြစ်တဲ့ အမှုတွေက ပိုများတယ်လို့ မှုခင်းဆရာဝန်တွေက ဆိုပါတယ်။ အရက်သောက်သုံးသူ များပြားခြင်း အကြောင်းရင်းက ရုပ်ရှင်၊ဗီဒီယို ဇာတ်ဝင်ခန်းတွေမှာ အရက်ကို ပေါ်ပေါ်ထင်ထင် သောက်ပြ၊ မူးပြနေတဲ့ အခန်းတွေကလည်း မြင်သူ၊ ကြည့်သူ သွားရည်ယို ချင်စရာကောင်းအောင် ဗီပြင်နေတော့ မသောက်တတ်သေးတဲ့ လူငယ်၊ လူရွယ်လေးတွေကို သောက်ချင်စိတ်ဖြစ်အောင် လှုံ့ဆော်ပေးသလို ဖြစ်နေတယ်။

လက်ရှိအချိန်မှာတော့ လူငယ်တွေ အရက်ပိုသောက်တာ တွေ့နေရတယ်။ တိုးတက်ရေးဘက်က ကြည့်ရင် အရက်သောက်ပြီး အချိန်တွေဖြုန်းနေတာ နှမြောဖို့ကောင်းပါတယ်။ စီးပွားရေး အဆင်မပြေရခြင်းရဲ့ အကြောင်းရင်းက ငယ်ငယ်ရွယ်ရွယ်နဲ့ အရက်သေစာသောက်စားတတ်ခြင်းက အဓိကအချက်ဖြစ်တယ်။ လူနေမှုဘဝ တိုးတက်ခြင်းနဲ့ ဆုတ်ယုတ်ခြင်းဆိုတာကလည်း အရက်နဲ့ပတ်သက်နေတယ်။ ကျောင်းသားလူငယ်လေးတွေ ကျောင်းဝတ်စုံလေးတွေနဲ့ ချောင်ကျတဲ့ အရက်ဆိုင်လေးတွေမှာ မကြာခဏဆိုသလို ဝင်ထွက်သွားလာနေတာ မြင်တွေ့နေ



www.burmeseclassic.com

www.burmeseclassic.com

ရတာယ်။ ပညာရှာရမယ့်အချိန်မှာ ဒီလိုနေရာတွေမှာ တွေ့မြင်မိတော့ သူတို့လေးတွေရဲ့ ဘဝရှေ့ရေး တွေးပြီးရင်လေးမိတာ အမှန်ပါ။

ကျောင်းသားလူငယ်လေးတွေ အရက်ဆိုင်ကို ရောက်တာ အုပ်ထိန်းတဲ့မိဘတွေ သွန်သင်ဆုံးမမှု ညံ့ ဖျင်းတာလည်းပါတယ်။ လက်ဦးဆရာ မိဘမှာ ဆိုတဲ့အတိုင်း သားသမီးတွေ ဆိုးခြင်း ကောင်းခြင်း ဆိုတာ မိဘတွေမှာ တာဝန်အများကြီးရှိပါတယ်။ မိဘတွေအနေနဲ့ သားသမီးတွေကို ချစ်နေရုံနဲ့ မပြီး သေးဘူး။ ချစ်တတ်ဖို့လည်း လိုသေးတယ်။ သားသမီး တွေအပေါ်မှာ မိဘတိုင်းက မေတ္တာရှိကြသလို

မိဘတွေကလည်း
ကိုယ့်သားသမီးတွေကို
ချစ်တာတစ်ခုပဲ သိနေလို့
မရပါဘူး။ ကိုယ့်သားသမီး ဘယ်
ခြေလှမ်းလှမ်းတယ်၊
ဘာတွေလုပ်နေတယ် ဆိုတာ
သိအောင်လုပ်ပါ။
လမ်းမှားလျှောက်နေလျှင်
လမ်းမှန်ကို တည့်ပေးပါ။
လမ်းမှန်ကို လျှောက် နေလျှင်လည်း
ပံ့ပိုးမှုပေးပါ။
သားသမီးဆိုတာ မိဘတွေရဲ့....

ချစ်လည်းချစ်ကြတယ်၊ အလိုလည်းလိုက်ကြတယ်။ အချစ်ခံ၊ အလိုလိုက်ခံရတဲ့ သားသမီးတွေက များသောအားဖြင့် ဆိုးတတ်ကြတယ်။ မိဘတွေ အပေါ်မှာ သားသမီးတွေဆိုးတယ်ဆိုတာကလည်း ဆိုးလို့ရမှန်းသိလို့ ဆိုးခြင်းသာဖြစ်ပါတယ်။ ဒါကြောင့် သားသမီးတွေ ဆိုးတယ်၊ ကောင်းတယ်ဆိုတာ မိဘတွေ အလိုလိုက်ခြင်း၊ မလိုက်ခြင်းအပေါ်မှာ အများကြီးမူတည်ပါတယ်။

မိဘတွေကလည်း ကိုယ့်သားသမီးတွေကို ချစ်တာတစ်ခုပဲ သိနေလို့ မရပါဘူး။ ကိုယ့်သားသမီး ဘယ် ခြေလှမ်းလှမ်းတယ်၊ ဘာတွေလုပ်နေတယ် ဆိုတာ သိအောင်လုပ်ပါ။ လမ်းမှားလျှောက်နေလျှင် လမ်းမှန်ကိုတည့်ပေးပါ။ လမ်းမှန်ကို လျှောက် နေလျှင်လည်း ပံ့ပိုးမှုပေးပါ။ သားသမီးဆိုတာ မိဘ တွေရဲ့ သွန်သင်ဆုံးမမှု အများကြီးလိုပါတယ်၊ မိဘတွေ သွန်သင်ဆုံးမမှု ကောင်းရင်ကောင်းသလို သားသမီးတွေလည်း ကောင်းမှာဖြစ်ပါတယ်၊ မိဘတွေ သွန်သင်ဆုံးမမှုညံ့ဖျင်းရင်ဖျင်းသလို သားသမီး တွေလည်း ညံ့ဖျင်းမှာ ဖြစ်ပါတယ်။

ဒါကြောင့် လိမ္မာယဉ်ကျေးတဲ့ သားသမီးများဖြစ် အောင် မိဘတွေကလည်း သားသမီးတွေအပေါ်မှာ ချစ်တာတစ်ခုပဲ သိနေလို့ မရပါဘူး။ နည်းမှန်လမ်း မှန် လျှောက်လှမ်းနိုင်တဲ့ သားသမီးလေးတွေဖြစ် အောင် သွန်သင်ဆုံးမတတ်ဖို့ကလည်း အရေးကြီးဆုံး အချက် ဖြစ်တယ်။ မိဘတွေအနေနဲ့ သားသမီးတွေကို သွန် သင်ဆုံးမဖို့ရာ ကိုယ်ကိုယ်တိုင်ကလည်း နည်းမှန်ဖို့က အရင်လိုတယ်၊ ကိုယ်ကမှန်နေမှလည်း သားသမီးတွေကို သွန်သင်ဆုံးမလို့ရမှာဖြစ်တယ်။ မိဘတွေကိုယ်တိုင်က နေချင်သလိုနေပြီးမှ သား သမီးတွေကို လိမ္မာယဉ်ကျေးတဲ့သူတွေ ဖြစ်စေချင်လို့ မရဘူး။ ရှေ့ဆောင်လမ်းပြဖြစ်တဲ့ မိဘတွေက



www.burmeseclassic.com

www.burmeseclassic.com



အရည်အချင်းကောင်းနေရမယ်၊ ဒါမှကိုယ့်သားသမီးတွေကို သွန်သင်ဆုံးမဖို့ လွယ်ကူမှာ ဖြစ်တယ်။

သားသမီးတွေရဲ့ ပထမဆုံး ရှေ့ဆောင်လမ်းပြဟာ မိဘများဖြစ်တယ်။ ရှေ့ဆောင်လမ်းပြဖြစ်တဲ့ မိဘ တွေကလည်း၊ ဖြောင့်ဖြောင့်တန်းတန်းသွားဖို့တော့လိုအပ်တယ်။ သားသမီးတွေ လျှောက်လှမ်းရမယ့်လမ်းဟာ မိဘတွေရဲ့ ပေးမကျည်းမှုနဲ့ လျှောက်ရတဲ့လမ်းဖြစ်တယ်။ အဲဒီလမ်း သာယာဖြောင့်ဖြူးဖို့ရာ မိဘနဲ့ သားသမီး အပေးအယူမျှဖို့တော့ လိုအပ်တယ်။ မိဘတွေအနေနဲ့လည်း သားသမီးတွေအပေါ်မှာ ကိုယ်ဖြစ် ချင်တဲ့ဆန္ဒတွေကို ရှေ့တန်းသိပ်မတင်ပါနဲ့၊ သားသမီး တွေကလည်း မိမိဖြစ်ချင်တာကို ဦးစား မပေးပါနဲ့။ မိဘတွေဖြစ်ချင်တာရယ် ကိုယ်ကလည်း စိတ်ဝင်စားမယ်၊ ဖြစ်လည်းဖြစ်သင့်တယ်ဆိုရင် အဲဒီအလုပ်ကိုလုပ်ပါ။ ဒါမှ မိဘနဲ့သားသမီး နှစ်ဦးနှစ်ဖက် ပြေလည်ပြီး သာယာချမ်းမြေ့တဲ့ မိသားစုဘဝလေးကို ပိုင်ဆိုင်မှာဖြစ်ပါတယ်။

မိဘတွေ သွန်သင်ဆုံးမမှုမရှိလို့ အရက်သမား

သားသမီးတွေရဲ့ပထမဆုံးရှေ့ဆောင်လမ်းပြဟာ
မိဘများဖြစ်တယ်။
ရှေ့ဆောင်လမ်းပြဖြစ်တဲ့ မိဘတွေကလည်း
ဖြောင့်ဖြောင့်တန်းတန်းသွားဖို့တော့လိုအပ်တယ်။
သားသမီးတွေ လျှောက်လှမ်းရမယ့်လမ်းဟာ မိဘတွေရဲ့
ပေးမကျည်းမှုနဲ့ လျှောက်ရတဲ့လမ်းဖြစ်တယ်။
အဲဒီလမ်းသာယာဖြောင့်ဖြူးဖို့ရာ
မိဘနဲ့သားသမီး အပေးအယူမျှဖို့တော့လိုအပ်တယ်။
မိဘတွေအနေနဲ့လည်း......



ဖြစ်သွားတဲ့ ဆယ်တန်းကျောင်းသားတစ်ယောက် တွေ့ဖူးတယ်။ သူအရက်စသောက်တာက သုံးတန်း ကျောင်း သားဘဝကတည်းက သောက်တာတဲ့၊ အရက်သောက်ရတဲ့ အဓိကအကြောင်းရင်းက သူ့အဖေက အရက်ဝယ်ခိုင်းလို့ပဲ။ ဝယ်ခိုင်းတဲ့အခါ အိမ်နဲ့ အရက်ဆိုင်ကြားမှာ ပုလင်းအဖုံးကိုဖွင့်ပြီး အရက်ကို နမ်းကြည့်တယ်။ ဘယ်လိုအနံ့ရှိလဲဆိုတာ သိချင်တဲ့သဘောပါ၊ ကလေးတို့သဘာဝ သိချင်တဲ့ စိတ်နဲ့ စမ်းသပ်ချင်တာ အပြစ်လို့မဆိုသာဘူး။ အရက်ရဲ့အနံ့ကို သူမကြိုက်ဘူး။ နှာခေါင်းရှုံ့တယ်၊ ဒါပေမဲ့လည်း ထပ်ကာထပ်ကာ နမ်းကြည့်တယ်။ ဒီအနံ့ကို မကြိုက်ပြန်ဘူး။

အနံ့မကြိုက်ပေမယ့်လည်း သူ့အဖေဝယ်ခိုင်းတဲ့ အခါတိုင်းတော့ သူနမ်းနမ်းကြည့်တာပဲ၊ အရက်ဆိုင် ထဲကို ဝင်ပါထွက်ပါများလာတော့ အရက်ဆိုင်နဲ့ ယဉ် ပါးလာတယ်။ အရက်ပုလင်းကိုင်ပါများတော့ အနံ့ကို သိချင်တယ်၊ နမ်းကြည့်တယ်။ ခဏခဏ နမ်းပါများ တော့ အနံ့ယဉ်လာတယ်။ ကြာလာတော့ အနံ့ကရိုး သွားတယ်၊ အရသာသောက်ချင်တဲ့စိတ် ဖြစ်ပေါ်လာ တယ်။ နည်းနည်းတော့ သောက်ကြည့်ဦးမှဆိုပြီး ဝယ် ခိုင်းတဲ့ပုလင်းက ပုလင်းဖုံးလေးဖွင့်ပြီး အဲဒီပုလင်းဖုံး



www.burmeseclassic.com

www.burmeseclassic.com

**အရက်သောက်၊ အရက်မူးနေတော့ စာကျက်ရ မှန်းလည်း မသိဘူး။**
**စာကျက်မယ့်အချိန်လည်း မူးတာပဲ။ ဒီတော့ ကျက်ပြီးသားစာတွေလည်း မေ့ကုန်ပြီး အရက်က မှတ်ဉာဏ်တွေပါ ပျောက်ကုန်တယ်။ ဆယ်တန်းအောင်စာရင်းထွက်တော့ အဲဒီဆယ်တန်းကျောင်းသားရဲ့အမည် ပါမလာဘူး။**
**နောက်တစ်နှစ် ထပ်ဖြေတယ်။ မပါပြန်ဘူး။**
**ဒီလိုနဲ့ သုံးနှစ်ဆက်တိုက် ဖြေတာပဲ။ မအောင်ပြန်ဘူး။ အရက်သောက်များလို့ မှတ်ဉာဏ်တွေ ....**

လေးထဲ ငှဲ့ပြီးသောက်စမ်းကြည့်တယ်။ အရသာကို သူ မကြိုက်ဘူး။ ဒါပေမဲ့လည်း ပုလင်းဖုံးလေးထဲ ငှဲ့ငှဲ့ပြီး သောက်တာကတော့ သူ့အဖေဝယ်နိုင်းတဲ့ အချိန်တိုင်းပဲ။

အဲဒီလို ပုလင်းဖုံးလေးနဲ့ငှဲ့ပြီး သောက်စမ်းနေတာကို ဝယ်နိုင်းတဲ့ သူ့အဖေက မသိလို့မဟုတ်ဘူး။ သိတယ်။ ဒါပေမဲ့ မပြောဘူး။ ပုလင်းဖုံးနဲ့ သောက်ပါများလာတော့ အရသာလည်း ယဉ်လာတယ်။ ဒီနောက်တော့ ပုလင်းဖုံးနဲ့ မရတော့ဘူး။ အရက်ဆိုင်ရောက်တိုင်း တစ်ခွက်တစ်ခွက် သောက်တတ်လာပြီး ကျောင်းသွားချိန်ရောက်တိုင်း မိဘကပေးတဲ့ မုန့်ဖိုး ပိုက်ဆံကို မုန့်မစားတော့ဘူး။ အရက်ပဲသောက်တော့တယ်။ အရက်ကို သူကြိုက်လာတယ်။ အရက်ကြိုက်တော့ လိမ်တတ်လာတယ်။ စာအုပ်ဝယ်ရမှာ၊ ခဲတံဝယ်ရမှာဆိုပြီး မိဘထံက ပိုက်ဆံလိမ်တောင်းပြီး ရသမျှကို အရည်ဖျော်ပစ်တာကများတယ်။

အရက်ကြိုက်၊ အရက်စွဲနေတော့ စာကျက်ချိန် ပျက်သလို ကျောင်းသွားချိန်လည်း မမှန်တော့ဘူး။ ကျူရှင်အကြောင်းပြပြီး သူငယ်ချင်းများနဲ့ ဝိုင်းဖွဲ့ပြီး အရက် သောက်ကြတာလည်း ခဏခဏပဲ။ ဒီလို ကျောင်း တက်ပျက်တာ များလာတော့ စာတွေလည်း မလိုက် နိုင်တော့ဘူး။ ဒီတော့ကျောင်းတက်၊ ကျောင်း သွားရမှာကို အလိုလိုနေရင်း ကြောက်လာတယ်။ ကျောင်းသွားမယ့်အချိန်ကို အရက်ဆိုင်ထဲမှာ အချိန် ဖြုန်းပစ်လိုက်တာများတယ်။ ကျူရှင်လခတွေလည်း ကျူရှင်မတက်ဘဲ မိဘတွေထံကနေ လိမ်တောင်းတယ်။ မိဘတွေကလည်း ချစ်တာတစ်ခုပဲသိတော့ လိမ်တောင်းနေမှန်း သိလျက်နဲ့ပေးတာပဲ။

အရက်သောက်၊ အရက်မူးနေတော့ စာကျက်ရ မှန်းလည်း မသိဘူး၊ စာကျက်မယ့်အချိန်လည်း မူး တာပဲ။ ဒီတော့ ကျက်ပြီးသားစာတွေလည်း မေ့ကုန်ပြီး အရက်က မှတ်ဉာဏ်တွေပါ ပျောက်ကုန်တယ်၊ ဆယ် တန်းအောင်စာရင်းထွက်တော့ အဲဒီဆယ်တန်း ကျောင်း သားရဲ့အမည် ပါမလာဘူး။ နောက်တစ်နှစ် ထပ်ဖြေတယ်။ မပါပြန်ဘူး။ ဒီလိုနဲ့ သုံးနှစ်ဆက်တိုက် ဖြေတာပဲ။ မအောင်ပြန်ဘူး။ အရက်သောက်များလို့ မှတ်ဉာဏ်တွေ ချို့ယွင်းကုန်တဲ့သဘောပဲ။

အရက်ကြောင့် ဆယ်တန်းစာမေးပွဲ မအောင်မြင် တာ နှမြောစရာအရမ်းကောင်းပါတယ်။ အဲဒီထက် နှမြောစရာကောင်းတာကတော့ ပညာရှာရမယ့်အရွယ် မှာ ပညာမရှာဘဲ အရက်စွဲ၊ အရက်ကြိုက်နေတာ၊ အရက်သမားဖြစ်နေတာ ပိုနှမြောဖို့ကောင်းပါတယ်။ ဆယ်တန်းကျောင်းသားအရွယ်မှာ အရက်နှံ့နှစ်နေတာ လူမှုတိုးတက်ရေးဘက်ကကြည့်ရင် စိတ်မကောင်း စရာပဲ၊ အရက်သမားရဲ့ဘဝက ရှေ့ရေးတိုးတက်ဖို့ လမ်းစမရှိသလောက်ပဲ။ တိုးတက်ရင်လည်း တစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



မှာ တစ်ယောက်ပဲရှိလိမ့်မယ်။ ကျန်ကိုးဆယ့်ကိုး ယောက်က စီးပွားရေးကို အရက်လောက် ဦးစားပေး မှာမဟုတ်လို့ပါ။

ဆယ်တန်းကျောင်းသားလေး စာမလိုက်နိုင်ခြင်း ရဲ့ အကြောင်းရင်းက အရက်ကြောင့်ပဲ။ အဲဒီအရက် ကို သောက်မိစတာကတော့ နေ့စဉ် အရက်ဆိုင်ထဲ ကို ဝင်ထွက်သွားလာခြင်းကြောင့် ဆိုင်ရှင်နဲ့ ခင်လာ တယ်။ နောက် အရက်နဲ့ယဉ်လာတယ်၊ ဒီနောက် အနံ့ပါယဉ်လာပြီး တွေ့ပါမြင်ပါများတော့ သောက် ချင်တဲ့ စိတ်ဝင်လာတယ်။ ဒီတော့ သောက်လိုက်မိ တယ်၊ မူးတဲ့အရသာကို ခံစားတယ်၊ သဘောကျ တယ်၊ ဆက်သောက်တယ်၊ သောက်ရင်းသောက် ရင်းနဲ့ မရပ်တော့ဘူး။ အချိန်တန်တော့ သောက်ဖို့ သတိရလာတယ်၊ သောက်တယ်။ ဒီလိုနဲ့ အသောက် သံသရာထဲကနေ ရုန်းမထွက်နိုင်တော့ဘူး။ ရုန်းထွက် ဖို့လည်း စိတ်ကူးမရှိဘူး။

> အရွယ်မရောက်သေးတဲ့ ကလေးသူငယ်ကို
> အရက်သမားတွေများတဲ့ အရက်ဆိုင်ကို လွှတ်သင့်၊
> မလွှတ်သင့် မစဉ်းစားဘူး။
> စဉ်းစားမှာလည်းမဟုတ် ဘူး။
> ဘာဖြစ်လို့လဲဆိုတော့
> သူတောင်မစဉ်းစားခဲ့လို့
> အရက်သမားဖြစ်နေတာ။
> အခုတော့ သူ့သားအရက် သမားဖြစ်နေတာကို
> ဆုံးမလို့ မရတော့ဘူး။
> ဘာကြောင့်လဲဆိုတော့ ......

အဲဒီဆယ်တန်းကျောင်းသားလေး အရက်သမား ဖြစ်သွားခြင်းရဲ့ အဓိကအကြောင်းရင်းက သူ့အဖေ အရက်ဝယ်ခိုင်းလို့ပဲ။ အရက်ခွဲနေတဲ့လူက အရက် သောက်ရဖို့ သူ့အဖွဲ့ထဲမှာရှိတယ်။

အရွယ်မရောက်သေးတဲ့ ကလေးသူငယ်ကို အရက်သမားတွေများတဲ့ အရက်ဆိုင်ကို လွှတ်သင့်၊ မလွှတ်သင့် မစဉ်းစားဘူး။ စဉ်းစားမှာလည်းမဟုတ် ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတောင်မစဉ်းစားခဲ့လို့ အရက်သမားဖြစ်နေတာ။ အခုတော့ သူ့သားအရက် သမားဖြစ်နေတာကို ဆုံးမလို့ မရတော့ဘူး။

ဘာကြောင့်လဲဆိုတော့ အဖေလုပ်တဲ့သူက လမ်း မှန်မလျှောက်ပါဘဲနဲ့ သားဖြစ်သူကျမှ လမ်းမှန်ကို လျှောက်စေချင်လို့ မရတော့ဘူး။ ကလေးတို့ရဲ့ သဘာဝ အတုမြင်၊ အတတ်သင်ဆိုတဲ့ စကားအတိုင်း အဖေ လုပ်သူက အရက်သောက်ပြတော့ သားဖြစ်သူ အရက်သောက်တာ မဆန်းတဲ့သဘောပါပဲ။

မိသားစုတစ်စုမှာ အိမ်ထောင်ဦးစီးက အဓိက အရေးအကြီးဆုံးဖြစ်တယ်။ အဲဒီအိမ်ထောင်ဦးစီးက ကောင်းရင်ကောင်းသလို သားသမီး၊ ဇနီးမယား လည်းကောင်းကောင်းနေရမှာပဲ။ အိမ်ထောင်ဦးစီး ဖြစ်တဲ့သူက အရက်သေစာ သောက်စားမူးရူးနေမယ် ဆိုရင် သားသမီး၊ ဇနီးမယားလည်း စိတ်သောက ရောက်ပြီး ရှေ့ရေးတိုးတက်ဖို့ရာ လမ်းစလည်း မရှိ သလောက်ဖြစ်သွားမှာပဲ။ ဒါကြောင့် မိသားစုတစ်စုမှာ အိမ်ထောင်ဦးစီးက အရေးအကြီးဆုံးဖြစ်တယ်။ သူကောင်းအောင်နေဖို့ အလွန်အရေးကြီးတယ်။

ကိုညွန့်အောင် (ရွှေပန်းထိမ်)



www.burmeseclassic.com

www.burmeseclassic.com





ကိုကို ယယ်ချစ်

# ဆရာ မကောင်း တပည့်ခေါင်း

မြန်မာစကားပုံဝေါဟာရတွင်တော့ တပည့် မကောင်း၊ ဆရာ့ခေါင်းဟူသော တွေ့မြင်ရပါသည်။ တပည့်မလိမ္မာ၊ တပည့်မကောင်းလျှင်ဖြင့် ဆရာဖြစ် သူ၏ ဦးခေါင်းပေါ်သို့ ပုံကျလာသည်၊ ဆရာဖြစ်သူက ခံနိုင်ခံမြေရှင်းနေရသည်ဟု ဆိုလိုပါသည်။

သို့သော် လူ့လောကကြီးတွင် ဆရာမကောင်း၊ တပည့်ခေါင်းဆိုတာမျိုးလည်း ရှိပါသည်။ စုန်ရေရှိ သကဲ့သို့ ဆန်ရေလည်း ရှိတတ်ပါသည်။ ဆရာ မကောင်းလျှင် တပည့်ခေါင်းပေါ် ပုံကျလာတတ်ပါ၏။ ဆရာဖြစ်သူက အပြစ်ဖြစ်မှာ၊ အပြစ်ပြောခံရမှာ ကြောက်ပြီး ခေါင်းရှောင်တတ်တာ၊ တပည့်အပေါ် အပြစ်ပုံချတတ်တာ ရှိတတ်ပါသည်။ တစ်ခါတစ်ရံ ဆရာကိုယ်၌က ကိုယ်ကျင့်တရား မကောင်းခဲ့လျှင် တော့ တပည့်ဘဝ သွားရော၊ ဘဝပျက်ရော။ တပည့် ဦးခေါင်းပေါ်တွင် ပုံကျလာရုံမက တပည့်ဘဝသည် "ခေါင်း" လုပ်စားရမည့် အတန်းအစားထဲ ရောက်သွား တော့သည်။ ဒါမျိုးက ဝန်ထမ်းလောကတွင် ပိုများ သည်။ ပြင်ပလောကတွင် ဆရာတပည့်ဟူသည် ကိုယ့်အလုပ်ကိုယ် တန်ရာတန်ကြေး လုပ်နေကြ၍ ကိုယ့် ဘာသာခံယူချက်ဖြင့်သာ တော်စပ်နေကြ၏။ ဝန် ထမ်းဘဝဟူသည်ကား ထိုသို့မဟုတ်။ မိမိ အထက်အရာရှိသည် ဆရာဖြစ်၏။ မိမိစိတ်က တော် စပ်ချင်ချင်၊ မချင်ချင် တော်စပ်နေရ၏။ သူခိုင်းသည့် အတိုင်း လုပ်ကြရ၏။ အမိန့်နာခံကြရသည်။ လက်နက်ကိုင် တပ်ဖွဲ့ဘဝပုံစံ ခေါက်ရိုးကျိုးနေ၏။

"ဒါ.....အမိန့်၊ ရေဘူးပေါက်တာမပိုချင်၊ မိရ



www.burmeseclassic.com

www.burmeseclassic.com



ပါတာပဲလို့ချင်သည်''၊ ''သွားဆိုသွား၊ လုပ်ဆိုလုပ်၊ စားဆိုစား၊ ငြင်းဆန်ပိုင်ခွင့်မရှိ'' .....။ အမိန့်သည် လုပ်ငန်းပြီးမြောက်အောင်မြင်သည့်မှန်၏။ သို့သော် မဟာရာဇ်ဘောများသည်၊ ဒီမိုကရေစီမကျ၊ ဈျရိုကရေစီဆန်သည်၊ ''မှ''ထက် လှ၏အကျင့်စရိုက်က ပိုမိုအလေးသာနေပါ၏။ အမိန့်ပေးစေခိုင်းသူက ပုံမကျလျှင် တပည့်လုပ်သူများ အသက်နှင့်ရင်းကြရပါသည်။ ဘဝ နှင့် ရင်းကြရပါသည်၊ ကိုယ်ချင်းစာတရားနှင့် **အစ္စ နှင့်ပရ** ကြည့်တတ်သူများအဖို့ တပည့်များက ဝန်းရံနေပြီး ချစ်ကြသည်၊ ကြောက်ကြသည်၊ ရှိသေကြသည်။ ချစ်ကြောက်ရိုသေဟု ဆိုရမည်။ ဆရာ့အတွက် တပည့်များက အသက်ပေးကာကွယ်ရမှာ ဝန်မလေး၊ အချို့အချို့ကား လက်ပေါ်မိုးခဲကျွေးအပေါ်ခါချ တတ်သည်။ မိမိခြေထောက် အောက်တွင် မြေကြီးသာ ရှိသောသူများအဖို့ မချိမဆုံ ဘဝဇာတ်ရာများနှင့် ရင်နင့်စွာ ခံစားနေကြရသည်မှာ ဒုနှင့်ဒေး။ ဆရာဖြစ်သူများကိုလည်း လုံးလုံးအပြစ်ပြောဖို့မရ၊ သူလည်း ဆရာ သရာများကို မျက်နှာလုပ်ရသည်၊

ဆရာဆရာမများ၏ မျက်နှာသာပေးမှုကို လိုချင်ပါ၏၊ သို့ကြောင့် မျက်နှာသာရရန် မျက်နှာလုပ်ကြ၏။ များများလုပ်တတ်သူရော၊ များများမလုပ်တတ်သူရော အများအပြားရှိသည့်အနက် အချို့က ''သူကြီးဘုရား ရွာသားကောင်းမှု''လုပ်တတ်ပါသည်။ ''အလှူလက်ဖက်နှင့် မျက်နှာလုပ်''တတ်ပါသည်၊ ထိုသူများ၏ တပည့်များက ဘုရားတရား ရှိသေကိုင်းရှိုင်းလာကြတော့သည်။ ဘုရားစင်ရှေ့တွင် လက်အုပ်ချီ၍ ''အထက်ဖား၊ အောက်ဖိ မရှိကြပါစေနှင့်ဘုရား''ဟု ဆုတောင်းပတ္ထနာပြုနေကြ၏။ ဂုဏ်တော်ကွန်ချာများကို ရွတ်ဖတ်သရဇ္ဈာယ်ရင်း ပုတီးစိပ်၊ တရားထိုင်ကြ၏။ အမှန်တကယ် ဘာသာရေးကိုင်းရှိုင်းသူများလည်း ရှိကြပါမည်။ မည်သို့ဆိုစေ မျက်နှာလုပ်တတ်တတ်၊ မလုပ်တတ်တတ် တပည့်များအားလုံးသည် အနုန္တ ဂိုဏ်းဝင် ဆရာသခင်များကို ကြည်ညိုလေးစားချင်ကြပါ၏။

ဆရာဆရာမများ၏ မျက်နှာသာပေးမှုကို လိုချင်ပါ၏။
သို့ကြောင့် မျက်နှာသာရရန်
မျက်နှာလုပ်ကြ၏။
များများလုပ်တတ်သူရော၊ များများမလုပ်တတ်သူရော
အများအပြားရှိသည့်အနက် အချို့က
''သူကြီးဘုရား ရွာသားကောင်းမှု''
လုပ်တတ်ပါသည်။
''အလှူလက်ဖက်နှင့် မျက်နှာလုပ်'' တတ်ပါသည်။
ထိုသူများ၏ တပည့်များက .....

♛♛♛♛♛

မြတ်စွာဘုရား၏ အောင်ခြင်းရှစ်ပါးတွင် အင်္ဂုလိမာလအကြောင်းပါ၏။ အဟိံသက သတို့သားသည် တက္ကသိုလ် ဒိသာပါမောက္ခထံတွင် အဋ္ဌာရသ (၁၈)ရပ် သင်ကြားနေသော တပည့်အများအပြားအနက် ဆရာသမားမိသားစုအပေါ်တွင် အလွန်ချစ်ကြောက်ရိုသေသော ပညာသင်သားဖြစ်၏။ ကတုန်ကတိုက်လုပ်တတ်သော တပည့်များကြောင့် ဆရာဖြစ်သူ၏ အထင်အမြင်များပြောင်းခဲ့ရ၏။ ထိုမှတစ်ဖန် ဆရာ၏ ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟတည်းဟူသော အဂတိတရားလေးပါးဖြင့် အဆုံးအဖြတ်များမှုကြောင့် အဟိံသက သတို့သားသည် အင်္ဂုလိမာလဟူသော အမည်ဆိုးဖြင့် တောတွင်းလူဆိုး ဓားပြဘဝသို့ ရောက်ခဲ့ရ၏။ သူ၏ပါရမီအခံ၊ အကျင့်အကြံအားထုတ်မှုများကြောင့် အဆုံးတွင် ရဟန္တာဖြစ်သွားခဲ့သည်ကတော့ ထားပါ



www.burmeseclassic.com

www.burmeseclassic.com



တော့။ ပုထုဇဉ်လူသားများဖြစ်သော ကျွန်တော်တို့အဖို့ မိမိအနာဂတ်ကို မည်သို့ကြိုတင်သိရှိနိုင်မည်နည်း။

ကျွန်တော် တင်ပြခဲ့သည့် ဆရာမကောင်း တပည့်ခေါင်းကို ဆိုလိုခြင်းဖြစ်ပါသည်၊ တပည့်များက ဆရာများ၏ မျက်နှာသာပေးမှုကို ခံရစေရန် မျက်နှာလုပ်ခြင်း၊ ဖားကော့ခြင်းကတော့ ရှင်းပါသည်၊ နေရာတိုင်းတွင် ပုံသဏ္ဌာန်အမျိုးမျိုးရှိနိုင်၏။ မိသားစုအတွင်းမှာ ပင်ရှိ၏။ မိဘက ဩဇာအာဏာရှိပြောင်းပြီး သားသမီးများက အလွန်ကြောက်နေရသည်၊ စည်းကမ်းအလွန်ကြီးလွန်းသည်ဆိုလျှင် ထိုသားသမီးတို့သည် အရိုက်မခံရစေရန်လည်းကောင်း၊ မျက်နှာသာရစေရန်လည်းကောင်း၊ ဖားကော့ပါသည်။ မျက်နှာလုပ်တတ်ပါသည်၊ မိဘအပေါ် အမှန်တကယ် ချစ်ခင်မြတ်နိုးတာလည်း ဖြစ်နိုင်ပါသည်။ လေးစားတာလည်း ဖြစ်နိုင်ပါသည်၊

ကျွန်တော်ကြုံတွေ့ဖူးသည့် ကလေးတစ်ယောက်ကတော့ အတော်ထူးသည်။ သူ့အိမ်တွင် မိသားစု ထမင်းစားကြရာဝယ် မိဘက "တော်ပြီနော် ဒါနဲ့ လောက်အောင်စား" ဆိုပြီး အသားနှစ်တုံး ထည့်ပေးသည်။ ထမင်းစားပြီးသွားသည်။ ဟင်းတစ်တုံးသာ ကုန်သည်။ ကျန်သည့်တစ်တုံးကို "ရော့.....အမေကြီး သမီးမကုန်ဘူး" ဆိုပြီး အမေဖြစ်သူကို ပြန်ပေးသည်။ နောက်တစ်ခါ တစ်တုံးထည့်ပေးလျှင် တစ်ဝက်သာ ကုန်သည်။ တစ်ဝက်ပြန်ပေးသည်။

မိဘလုပ်သူများက သူတို့သမီး အစားနည်းသည် ဟုပဲသိသည်။ တစ်နေ့ အဲဒီကလေးမလေး ကျွန်တော့်အိမ်တွင် ကျွန်တော့်သားနှင့်အတူ လာကစားသည်။ ကျွန်တော့်သားက ဗိုက်ဆာသဖြင့် ထမင်းကြမ်းစားမည်ဆိုတော့ ကျွန်တော် နှစ်ယောက်လုံးကို ခူးခပ်ကျွေးသည်။ နှစ်ယောက်စလုံး စားလိုက်သည်မှာ ခေါင်းမဖော်တမ်း။ ဟင်းကလည်း ထပ်ထည့်ပေးလို့ကောင်းမှ အလျှော့မပေးချင်။ ကျွန်တော် မနှမြောမိပါ။ ကိုယ့်သား နှင့်သာဆော့ပြီး နှစ်ယောက်သား အားရပါးရ စားနေ တာကိုကြည့်ပြီး ဝမ်းတောင်သာနေသေးသည်။

ပြီးတော့ သူ့အိမ်မှာဆို ဟင်းတစ်တုံးတောင် ကုန်အောင်မစားနိုင်သည့်ကလေး။ အခု အဖော်နှင့်ဆိုတော့ အတော်စားနိုင်တာပဲဟု တွေးသည်၊ သူတို့အိမ်မှာလည်း ချို့ချို့တဲ့တဲ့မှ မဟုတ်တာ၊ စားနိုင်သောက်နိုင်တာပဲ၊ သို့သော် ကျွန်တော် ထူးဆန်းအံ့သြစွာ မှတ်မှတ်သားသားရှိနေသည်ကား ထိုကလေးမလေးသည် နောင်ရက်များတွင် သူ့အိမ်၌ ထမင်းစားသည့်အခါ ယခင်လို ပုံမှန်ပြုကျင့်မြဲ။

ကျွန်တော် နားလည်လိုက်မိသည်ကတော့ မိဘများသည် ကိုယ့်သားသမီးများ၏ စိတ်ရင်းစေတနာအမှန်၊ အခြေအနေအမှန်၊ အဖြစ်အပျက်အမှန်ကို သေသေချာချာ လေ့လာသုံးသပ်ဖို့ လိုအပ်ပါသည်။ "ပြောင်ပေးသင့်တာပေး၊ စုံစမ်းသင့်တာ စုံစမ်းပါ၊ ကွယ်ရာမှာ လျှို့ဝှက်စုံစမ်းလေ့လာပါ၊ အပေါ်ယံအမြင်ကြည့်ပြီး မဝေဖန် မသုံးသပ်ပါနှင့်၊ ဆုံးဖြတ်တာ မစောပါနှင့်၊ သိသိကြီးနှင့် မသိကျိုးကျွန်ပြု၍ မနေပါနှင့်" ဟု အကြံပြုလိုပါသည်။

သည်ကလေးမလေး ဘာဖြစ်သွားမည်နည်း။ မိဘကို ဖားချင်သည့်စိတ်၊ မျက်နှာလုပ်ချင်သည့်စိတ်ဖြင့် အဖြစ်မှန်၊ စိတ်ရင်းအမှန်ကို ဖုံးကွယ်ပြီး လိမ်နေခြင်း၊ ညာနေခြင်းဖြစ်သည်၊ ကြာလျှင် ရောဂါဖြစ်ပြီး မတော်တဆ ရှုတ်ချော်တိမ်းပါးသွားခဲ့လျှင် သွားပြီပေါ့။ ပျော်ရွှင်ဖွယ်မိသားစုဘဝလေး ပြိုကွဲပျက်စီးသွားပေလိမ့်မည်။ သာယာချမ်းမြေ့လိုသည့် အနာဂတ်လမ်းခရီး ပျောက်ဆုံးသွားပေလိမ့်မည်။

❀❀❀❀❀

ကျွန်တော် ဆုံတွေ့ဖူးသည့် အရာရှိမိတ်ဆွေတစ်ဦး အဂတိလိုက်စားမှုဖြင့် အရေးယူခံရဖူးသည်၊ ပြ



www.burmeseclassic.com

www.burmeseclassic.com

**အားလုံးတစ်ဆင့်နိမ့်ရာထူးလျှော့ချခံရ၏။**
**ရာထူးမရှိသော အငယ်ဆုံးတပည့်များက နှစ်တိုးများချပ်ဆိုင်းကျန်သည်။**
**ရာထူးတိုးချပ်ဆိုင်းသည်၊ လုပ်သက်လျှော့ချခံရသည်။**
**ထိုအရာရှိသည် ရာထူးတစ်ဆင့်လျှော့ပြီး မြို့တွင်းက မြို့စွန်ရောက်သွားသည်။**
**၎င်းအတွက် ပြောင်းလဲမှု သိပ်မရှိလှ။ ဆင်ပိန်ကျွဲလောက် ကျန်သေးသည်။**
**၎င်းမှာ ပြည့်စုံသူဖြစ်သဖြင့်.....**

နှင့်ဓမ္မဝသည့် တောနယ်တစ်နယ်တွင် အဂတိမှုဖြစ်၏။ တပည့်တပန်းများလည်းပါသည်၊ ဘယ်ငွေဘယ်မျှ လာဘ်စားခဲ့သည်မသိ။ အတိုင်းအတာ ပမာဏသိသည့် တပည့်များရှိသကဲ့သို့ မသိသည့် တပည့်များလည်းရှိ၏။ နည်းနည်းရတာရှိသကဲ့သို့ လုံးဝမရသည့်သူလည်း ရှိသည်ဟု သိရ၏။

သို့သော် ယခုခေတ် ''တော''ဆိုပြီး အထင်သေးရှုမရ၊ ပေါက်သည့်သူများရှိသည်။ ပေါက်သည်ဆိုသည်က အထက်ကို ပေါက်ရောက်သည်ဟု ဆိုလိုခြင်းဖြစ်၏။ ထိုမိတ်ဆွေအရာရှိသည်လည်း အတော်ပေါက်ရောက်သူပင်ဖြစ်၏။ လာဘ်စားသည့်ကိစ္စ၊ လူစားထိုးသည့်ကိစ္စသည် အတော်ကြီးလေးသည့် အမှုကိစ္စ။ အရေးယူခံရသည့်အခါ ထိုအရာရှိနှင့် အတူပါသွားသူအားလုံး အရေးယူခံရသည်။

အားလုံး တစ်ဆင့်နိမ့်ရာထူးလျှော့ချခံရ၏။ ရာထူးမရှိသော အငယ်ဆုံးတပည့်များက နှစ်တိုးများရပ်ဆိုင်းကျန်သည်။ ရာထူးတိုးရပ်ဆိုင်းသည်၊ လုပ်သက်လျှော့ချခံရသည်၊ ထိုအရာရှိသည် ရာထူးတစ်ဆင့်လျှော့ပြီး မြို့တွင်းက မြို့စွန်ရောက်သွားသည်၊ ၎င်းအတွက် ပြောင်းလဲမှု သိပ်မရှိလှ။ ဆင်ပိန်ကျွဲလောက် ကျန်သေးသည်၊ ၎င်းမှာ ပြည့်စုံသူဖြစ်သဖြင့် သိပ်မထောင်းသာလှပေ။

သို့သော် တပည့်များကတော့ ဘဝပျက်သွားသည်၊ အဆင့်နိမ့် ရာထူးများလျော့ပြီး နယ်စွန်နယ်များ၊ ခက်ခဲကြမ်းတမ်းသော ဒေသများရောက်သွားသည်၊ မိသားစုများ တကွဲတပြားဖြစ်ပြီး နောက်ဆုံးတပ်ဖွဲ့တွင်း၊ ဌာနတွင်းမှ ထွက်ပြေးတော့သည်။

ထိုအခါ တပ်ဖွဲ့တွင်းကလည်း တပ်ဖွဲ့စည်းကမ်းဖြင့် ထပ်မံအရေးယူခံရသည်၊ ထောင်ဒဏ်ကျကိုကျတော့မည်။ ဆရာသမားကို သတိရသည်၊ အောက်မေ့သည်၊ စာတစ်တန်ပေတစ်တန်ဖြင့် အကြောင်းကြားသည်၊ လူကြုံလွှတ်၍ ပင့်ဖိတ်သည်။

သို့သော် စာမလာ၊ သတင်းမကြား။ ၎င်းတို့၏ ''အာစီ''၊ ၎င်းတို့၏ ''အာစရိ''ပျောက်နေ၏။ နာမည်ကြီးအဆိုတော် ခိုင်ထူးဆိုင်၏ နာမည်ကြီးသီချင်းတစ်ပုဒ်ရှိပါသည်၊ သီချင်းခေါင်းစဉ်က ''ယေချစ်ဦး''ဖြစ်၏။

သီချင်းအစ စာသားတွင်ပင်.....

''ကြာပြီဆိုတော့ မေ့လောက်ပါပြီ''ဟူသတတ်

ကိုကို (ဆေးချုပ်)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# အရက်နှင့် လဲလိုက်ရသည့်အသက်

ထက်ထက်ဦးဝေ

ရပ်ကွက်ထဲတွင် ဦးအောင်စည်အား လူရိုးကြီးဟု သတ်မှတ်ထားကြသည်။ ဦးအောင်စည်မှာလည်း ရှိသားရာတွင် မည်သူနှင့်မျှ မတူပေ။ သူက ရှိသားသည့်အပြင် ညှာတာတတ်ပြန်၏။ ရိုးလွန်းတော့အ.ဆိုသလိုပင် ဇနီးဖြစ်သူ ဒေါ်ခင်ဖြူက အရာရာတွင် ဦးဆောင်နေရသည်။

"ကိုစည် ဒါက ဘယ်လဲရှင့်၊ ရုံးပိတ်ရက်လေးများ အိမ်မှာနေပါဦးလား"

"ဦးမြတ်သာနဲ့ လက်ဖက်ရည်ဆိုင်မှာ ချိန်းထားလို့ပါကွာ၊ အလုပ်ကိစ္စ စကားပြောစရာရှိလို့ပါ"

"ဟင်း.....မိန်းမနဲ့ ကူညီလုပ်ကိုင်ပေးဖို့ စိတ်မကူးဘူး။ အားအားယားယား အပြင်ပဲထွက်နေ သိလား"

"စောစောပြန်လာပါ့မယ် မိန်းမရာ၊ နော်....."

ဒေါ်ခင်ဖြူတစ်ယောက် သက်ပြင်းချ၍ ကြည့်နေရုံမှလွဲ၍ ဘာမှမတတ်နိုင်ပေ။ ဦးအောင်စည်ကလှည့်၍ပင် မကြည့်တော့ပေ။ သည်တော့ အိမ်တွင်အတူနေသော မိခင်ဖြစ်သူကို ပြောလိုက်၏။

"တွေ့လား၊ အမေတို့ကြည်ဖြူတဲ့သမက်က သမီးအတွက်ဘာမှအသုံးမကျဘူး၊ အမေ၊ သူရိုးလွန်းလို့ မိန်းမက ကိုယ့်ဘာသာရှာဖွေစားနေရတယ်၊ ခုနေတော့ ယောက်ျား အိမ်၊ စားတော့ မယားလုပ်စား၊ သူရတဲ့လစာက မလောက်တဲ့အကြွေးကို ဆပ်နေရတော့ ကြာရင် ဘယ်သူက စိတ်ချမ်းသာမှာတဲ့လဲ၊ ဒီလိုမှန်းသိရင် လင်မယူပါဘူး အမေရယ်"

"စောင့်ကြည့်ပါဦး သမီးရယ်၊ အမေ့သမက်က ရိုးလို့ပါ၊ သူလည်း မိသားစုအတွက် တစ်ဖက်တစ်လမ်းက ရှာဖွေပေးနေတာပဲကွယ်၊ အခုလည်း ဦးမြတ်သာနဲ့ ချိန်းထားတာ ပွဲစားအလုပ် သွားလုပ်တာပဲ မဟုတ်လား။ ရသမျှအပ်နေတာပဲ သမီးရယ်"

"အမေတို့က ပြောလိုက်ရင် အဲဒီအတိုင်းပဲ၊ ကိုယ့်သမီးဘက်ကိုလည်း ပြန်ကြည့်ပါဦးနော်"

ဒေါ်ခင်ဖြူမှာ မကျေမနပ်ဖြင့် ပြောလိုက်၏။ သားသမီးနှစ်ယောက်ရသည့်တိုင် အိုးပိုင်အိမ်ပိုင်မရှိ၍၊ ငွေကြေးစုဆောင်းမို့ မေး၍။ သည်ပုံနှင့် မိသားစုဘဝရေစီးမှာ ရင်လေးစရာပင်။ မည်သို့ပင် ပြောပြော ဦးအောင်စည်ကတော့ မပြောင်းလဲပေ။

"ခင်ဖြူတော့ အားမကိုးရမှန်းသိရင် မယူပါဘူးနော်၊ အမေ့သမက်ကြီးက အရမ်းကို နေစိမ့်တာပဲ၊ အဲဒါ အမေတို့ကို အားကိုးနေတာလေ၊ ခင်ဖြူအတွက် ဘယ်စဉ်းစားပါတော့မလဲ အမေရယ်"

"သမက်ကြီးကို အမေသဘောအကျဆုံးက သူ့ရဲ့ရိုးသားမှုပဲ သမီး။ လူတစ်ယောက်မှာ ရိုးသားခြင်းက အရေးအကြီးဆုံးပဲ ရိုး



www.burmeseclassic.com

www.burmeseclassic.com

သားမှုမရှိရင် ကျန်တာကို မစဉ်းစားနဲ့တော့ကွယ်''

ဒေါ်ခင်ဖြူက မည်သို့ပင်ဆိုစေ ဒေါ်ဆုံက ကမ္ဘာပေါ်တွင် သူ့သမက်သာလျှင် အရိုးသားဆုံးသူဟု ထင်မှတ်ထားပုံရ၏။ သမက်က အေးအေးဆေးဆေးသမား၊ သမီးက ခပ်သွက်သွက်ဖြစ်၍သာတော်သေးသည်။

''မေမေ အဖေ့ကို ဟိုလူကြီးနဲ့ စကားပြောနေတာတွေ့တယ်''

သားဖြစ်သူ ကျော်စည်သူမှာ အိမ်ပေါ်ရောက်သည်နှင့် မကျေမနပ်ပြောတော့၏။

''ဘယ်လူကြီးလဲ သားရဲ့''

''ဦးမြတ်သာကြီးကို ပြောတာပါဗျာ၊ အဲဒီလူကြီးက ဖျဲဗျ၊ ဖျဲမှ တကယ့်ဖျဲကြီး။ ပွဲခကို သူကမြက်မြက်စားပြီး အဖေ့ကို အရိုးအရင်းပဲ ကျွေးတာဗျ''

''ခြော်...ဘွားမြေးက ဘယ်လိုသိသလဲကွယ်''

''သားသူငယ်ချင်းက ဦးမြတ်သာနေတဲ့အိမ်နဲ့ မျက်နှာချင်းဆိုင်ပါ၊ သူ့အမေလည်း၊ အဲဒီလို ခံရတာပဲတဲ့၊ အခု မလုပ်တော့ဘူး''

''အေးပါကွယ်၊ အဘွားပြောပြလိုက်ပါ့မယ်၊ အင်း...အောင်စည်တော့ ခက်တော့တာပဲ''

ဒေါ်ဆုံမှာ ပင့်သက်မောကို ချလိုက်ရတော့၏။ သူမက ယောက္ခမဖြစ်နေသည့်အတွက် သမက်ကမိမိစကားအား နာခံပါ့မလားဟု တွေးနေမိတော့၏။

❀ ❀ ❀ ❀ ❀

''ရသမျှကို မိန်းမကို အပ်မနေနဲ့ဦး၊ ကိုယ့်အတွက်လည်းစုထားဦး၊ မိန်းမဆိုတာမျိုးက ရလေလိုလေမျိုးပဲ၊ ကျုပ်က မိန်းမ မရှိတော့လို့ ကျုပ်သမီးကို အပ်ထားရတာပါ''

သည်စနေ ပွဲဖြစ်လာသဖြင့် ဦးမြတ်သာက ဦးအောင်စည်ကို ခွဲဝေပေးလိုက်၏။ ပွဲခရလာသောငွေတစ်သိန်းအား ဦးအောင်စည်က မက်မောမိသည်။ ဦးမြတ်သာပြောသည့်အတိုင်း တစ်ဝက်ကို သူယူ၍ ကျန်တစ်ဝက်အား ဒေါ်ခင်ဖြူကို ပေးမည်ဟု စိတ်ကူးထားလိုက်၏။

''ဒီလိုလုပ်ပါလားဗျ၊ ခင်ဗျားမိန်းမ မသိအောင် ကျုပ်သမီးဆီမှာ သိမ်းနိုင်းထားလိုက်ပါလား။ ချောစုမက ငွေစုတာ ပါသနာပါတယ်၊ သမီးက အသုံးအစွဲမရှိဘူး။ စိတ်ချရတယ်''

ဦးမြတ်သာသည် သူ့တွင် သမီးလေးတစ်ယောက်တည်းရှိသောကြောင့် အားကိုးရ၏။ ချောစုမက ပညာရေးကံမကောင်း၍ ကိုးတန်းနှင့် ကျောင်းထွက်လိုက်ရ၏။ အိမ်မှုကိစ္စလုပ်လိုက်၊ ဖခင်ကြီးအား ပြုစုလိုက်နှင့် မိုင်းကောင်းကျောက်ဓိနေထိုင်သူတစ်ယောက်ပါ။

''ဟုတ်တယ်ဗျာ၊ ဘဏ်မှာ

ဦးမြတ်သာသည် သူ့တွင်သမီးလေးတစ်ယောက်တည်းရှိသောကြောင့် အားကိုးရ၏။ ချောစုမက
ပညာရေးကံမကောင်း၍ ကိုးတန်းနှင့် ကျောင်းထွက်လိုက်ရ၏။
အိမ်မှုကိစ္စလုပ်လိုက်၊ ဖခင်ကြီးအား ပြုစုလိုက်နှင့် မိုင်းကောင်းကျောက်ဓိနေထိုင်သူ....



www.burmeseclassic.com

www.burmeseclassic.com



သွားစုရင် အလုပ်ရှုပ်ပါတယ်၊ ဒီတော့ ချောစုမကို သိမ်းခိုင်းထားရမယ်၊ ဒါမှ ကိုယ်အသုံးလိုရင် အလွယ်တကူ ထုတ်နိုင်မယ်''

နောက်ဆုံးတော့ ဦးအောင်စည်က ထိုသို့ဆုံးဖြတ်ချက်ချရင်း ချောစုမကို အပ်ထားလိုက်၏။

''သေသေချာချာစာရင်းလုပ်ထားနော် ချောစုမ၊ ဒီငွေက အပေ့ ငွေမဟုတ်ဘူး၊ ဦးအောင်စည် ဥစ္စာ၊ ညည်းဦးလေးက သူ့မိန်းမ မသိအောင် ဒိုးစုနေတာနော်၊ ဘယ်သူ မှ မသိစေနဲ့''

''စိတ်ချပါ အဖေရယ်၊ သမီး သဘောပေါက်ပါတယ်''

ချောစုမသည် ဗလာစာအုပ်တစ်အုပ်နှင့် ချက်ချင်းစာရင်းသွင်းလိုက်ပြီး ဦးအောင်စည်ကို ပြလိုက်၏။

''ဒီမှာနော် ဦးလေး၊ ဒီနေ့ ပေးတဲ့ငွေငါးသောင်းကို ရက်စွဲနဲ့ မှတ်ထားပါတယ်ရှင်''

''အေးပါကွာ၊ ကျေးဇူးတင်တယ် ချောစုမရာ''

စကားပြောပြီးကြသည်နှင့် ဦး



အောင်စည်က အိမ်သို့ပြန်လေတော့၏။ အိတ်ကပ်ထဲမှ ငွေငါးသောင်းကို ဒေါ်ခင်ဖြူလက်ထဲသို့ အပ်လိုက်သည်နှင့် မျက်လုံးမှာ အရောင်တောက်သွားပြီး ပြုံးရွှင်သွားတော့၏။

''ကိုစည်.....ထမင်းစားရအောင်လေ''

''ရေချိုးလိုက်ဦးမယ်ကွာ၊ ပွဲခကို မိန်းမသိ အကုန်အပ်လိုက်ပြီနော်၊ မှည့်မှည့် မလုပ်နဲ့တော့''

''မလုပ်ပါဘူး ယောကျ်ားရယ်၊ ဒါနဲ့ ရှင့်ကို ပြောရဦးမယ်၊ ဦးမြတ်သာနဲ့ သတိထားပေါင်းနော်၊ ဒီလူ ကလည်တယ်၊ ငွေနဲ့ပတ်သက်ရင် မရဘူးတဲ့''

''မင်းကို ဘယ်သူတွန်းလိုက်ပြန်ပြီလဲ၊ သူ့ကြောင့် ဒီငွေရတာလေ၊ ကျေးဇူးတရားကို မမေ့ကြနဲ့''

ဒေါ်ခင်ဖြူ တစ်ယောက် နှုတ်ဆိတ်သွားရ၏။ ဦးအောင်စည်သည် ဦးမြတ်သာနှင့် ပတ်သက်လျှင် အပြောမခံပေ။ ဦးမြတ်သာမှိုင်းမည်မျှမိနေသည်မသိပါ။ ဆက်မပြောဘဲ ငြိမ်နေလိုက်ရ၏။ ရေချိုးရန် ထွက်သွားမှ.....

''အမေ ဟိုလူကြီးကို ဘာမှ သွားမပြောနဲ့နော်၊ သူ့လူထိရင်မခံဘူး၊ ခင်ဖြူ ပြောပြီးပြီ''

www.burmeseclassic.com



"အင်း.....ခက်တာပဲအေ၊ အောင်စည်က ခေါင်းမာတယ်၊ ပြောရင် ဝိုလုပ်တဲ့အကျင့်ရှိတော့ တစ်ခန့်ခန့် သူကိုယ်တိုင် ခံစားရမှ သိလာလိမ့်မယ် သမီးရေ"

သားအမိနှစ်ယောက်မှာ တီးတိုးပြော၍ သက်ပြင်းချရုံသာ ရှိတော့၏။ သမီးငယ် ငြိမ်းစည်သူ ဝင်လာသည့်အတွက် လူချင်းခွဲလိုက်ကြသည်။

"ဗိုက်ဆာလိုက်တာ မေမေရာ၊ ဒီနေ့ စာတွေလိုက်ကူးရတာ လက်ညောင်းနေတာပဲ"

"ခုနေပါပြီအေ၊ မိဘနဲ့ဝိုင်းလုပ်ဖော်တော့ မရဘူး၊ ညည်းတို့ သားအဖတွေ ငါ့ကိုနှိပ်စက်ဖို့ပဲ တတ်တယ်နော်"

"သမီး ပန်းကန်တွေ ဆေးပေးမယ်လေ"

"ကောင်းတာပေါ့အေ"

ငြိမ်းစည်သူက ဒေါ်ခင်မြူကို ပြန်ချော့ရင်း ဝိုင်းလုပ်ပေးလိုက်မှ ဒေါ်ခင်မြူလည်း စိတ်ဆိုးပြေသွားတော့၏။ ဦးအောင်စည်က သားထက် သမီးကို ပိုချစ်တတ်သည်။ သည်တော့ ဒေါ်ခင်မြူက သားအတွက် မနာလိုစိတ်ဖြစ်ပေးမိ၏။ ပြန်တွေးကြည့်မြန်တော့လည်း ဖခင်ဟူသည် သမီးကိုပိုချစ်တတ်သည့် သဘောရှိသလို မိခင်သည်လည်း သားအား ပိုချစ်တတ်၏။



"ကဲ...ခုပြီးပြီ ညည်းအဖေကို မြန်မြန်လာစားအောင် သွားခေါ်တော့၊ ရေချိုးတာက တော်တော်၊ သစ်ပင်တွေရေလောင်းနေတာက ကြာနေတာအေ့"

"ဟုတ်"

ငြိမ်းစည်သူလည်း အပြေးလေး ထွက်သွားတော့၏။ သည်တော့မှ ငွေငါးသောင်းကို ဗီရိုထဲ ထည့်သိမ်းရန် သတိရမိတော့၏။

♛♛♛♛♛

"မေမေ...ဖေဖေ့ကို ကြည့်ပြောဦးဗျာ"

ကျော်စည်သူက ထုံးစံအတိုင်း အိမ်ပေါ်တက်လာသည်နှင့် သူ၏မကျေနပ်ချက်အား ထုတ်ပြောတော့၏။ ဒေါ်ခင်မြူနှင့် ဒေါ်ဆုံတို့ သားအမိက ရင်တုန်ပန်းတုန် မေးလိုက်ကြပြန်သည်။

"ဘာဖြစ်လာပြန်ပြီလဲ သားရယ်၊ မေမေ့ကို ပြောပါဦး"

"ဟိုမှာ မေမေ့ယောက်ျားကြီးကို ပြောထားနော်၊ သားတို့ကို အရှက်မခွဲနဲ့လို့"

"မြေးရယ် အရင်းမရှိ အပွားမရှိနဲ့၊ မြေးဖေဖေက ဘာလုပ်နေလို့လဲကွယ်"

ကျော်စည်သူမှာ ဒေါသင့်၊



www.burmeseclassic.com

www.burmeseclassic.com

မပြောသင့် ရှိန်ဆနေရင်း စိတ်ညစ်ဟန်ဖြင့် တောက်တခေါက်ခေါက် ဖြစ်နေပြန်သည်။ ပြီးတော့မှ.....

''ဦးမြတ်သာအိမ်မှာချည်းပဲနော်၊ မေမေ့ယောကျ်ားတော့ မလွယ်ဘူး''

''ဩော်....ဒါများ သားရယ်၊ သူတို့မှာ အလုပ်ကိစ္စရှိလို့နေမှာပေါ့''

''ဟင်း...ဦးမြတ်သာသမီးက အိမ်တွင်းပုန်း ကုပ်ကမြင်းနော်၊ တော်ကြာ သမီးနဲ့ဦးဇာတ်လမ်းတွေ ဖြစ်နေဦးမယ်''

''ဘုရား...ဘုရား၊ ဦးမြတ်သာသမီးက မင်းနဲ့မနိုင်မှ ရွယ်တူရှိတာပါကွယ်၊ မပြောကောင်းမဆိုကောင်း၊ ဘာတွေစိတ်ပူနေတာလဲ သားရယ်၊ ကဲ...အပြင်ကပြန်လာတာမဟုတ်လား၊ နားလိုက်ဦးကွယ်''

ကျော်စည်သူလည်း မကျေမနပ်ဖြင့် သူ့အခန်းထဲဝင်သွား၏။ သားဖြစ်သူ ဝင်၊ မဝင် ချောင်းကြည့်လိုက်ပြီးမှ.....

''အမေ.....အမေ့သမက်ကို ဘယ်လိုလုပ်မလဲဟင်၊ သားလေးပြောတာ မှန်တယ် အမေ၊ အခုတလော ကိုစည်က အိပ်ရင်းနဲ့ ယောင်နေတယ်၊ 'ကလေး.....ကလေး'တဲ့၊ ဟုတ်ပါပြီလေ၊ သားပြောတာ ဖြစ်နိုင်တယ်''

ဒေါ်ခင်မြှုတစ်ယောက် ပုပန်စိတ်ဖြင့် ဒေါ်ဆုံကို ပြောပြလိုက်၏။

''မဖြစ်နိုင်ပါဘူးအေ၊ အမေ့သမက်က ဒီလောက်ရိုးသားတာ၊ သမီးပြောလိုက်မှ တကယ်ဖြစ်နေဦးမယ်နော်၊ ကိုယ့်ယောကျ်ားကို ကိုင်တွယ်တတ်ရမယ်၊ ပတ်ဝန်းကျင်စကားတွေကို ယုံကြည်တတ်ရင် မှားတတ်တယ်ကွဲ့၊ ဖြစ်နိုင်၊ မဖြစ်နိုင် ဆင်ခြင်ဦးလေ''

''မီးဆိုတာ မလောင်ခင်တားရမှာပေါ့ အမေ၊ ချည်သီးနဲ့ဆားအတွယားလိုက်ရင် ဘာတွေဖြစ်လာမလဲ၊ အမေ့သမက်က ရိုးလွန်းလို့ကို စိတ်မချနိုင်တာပါ''

''ဒီလောက်ကြီးလည်း စိုးရိမ်မနေပါနဲ့ကွယ်၊ အောင်စည့်မှာ စဉ်းစားဉာဏ်ရှိပါသေးတယ်၊ ပြီးတော့ ဦးမြတ်သာက သူ့သမီး အပျိုနုနုထွတ်ထွတ်လေးနဲ့ အဖြစ်ခံမှာတဲ့လား၊ လူကြားလို့မှ မကောင်းတာပဲအေ''

''အင်း.....ဒါလည်း ဟုတ်တာပဲနော်၊ ကိုစည့်ဘက်က ဆင်ခြင်တတ်မှာပါ အမေရယ် နော်''

''အေးပေါ့ကွယ်၊ အထူးသဖြင့် ရိုးတဲ့ယောကျ်ားတွေမှာ အရှက်တရား ပိုရှိတတ်ပါတယ်အေ၊ စိုးရိမ်မနေပါနဲ့''

သို့ပေမယ့် ဒေါ်ခင်မြှုကဖြင့် ဦးအောင်စည်အပေါ် သံသယမျက်



**ဒီလောက်ကြီးလည်း**
**စိုးရိမ်မနေပါနဲ့ကွယ်၊**
**အောင်စည့်မှာ**
**စဉ်းစားဉာဏ်ရှိပါသေးတယ်၊**
**ပြီးတော့**
**ဦးမြတ်သာက**
**သူ့သမီး**
**အပျိုနုနု ထွတ်ထွတ်လေးနဲ့**
**အဖြစ်ခံမှာတဲ့လား၊**
**လူကြားလို့မှ ......**



www.burmeseclassic.com

www.burmeseclassic.com



ဝန်းမျိုးနှင့် ကြည့်နေတတ်၏။ အပို ငွေလေးများ ရသည်နှင့် မိန်းမဖြစ်သူလက်ထဲသို့ ထည့်တတ်သည့်အတွက် မေတ္တာတရားနှင့် သံယောဇဉ်ရှိကြောင်း သိနေ၏။

"ဟုတ်ပါတယ်လေ ကိုစည်ဟာ မိသားစုအပေါ်လည်း သိတတ်ပါတယ်၊ သူ့မှာ လျော်စရာ အကြွေးကြောင့်သာ သူ့လစာကို မပေးနိုင်ပေမယ့် တစ်ဖက်တစ်လမ်းက ဝင်ငွေရှာပေးနေတာပဲ၊ ငါ့ဘာကြောင့် ယောကျ်ားအပေါ် သံသယဝင်နေတာပါလိမ့်နော်"

နောက်ဆုံးတော့ ကိုယ့်စိတ်ကို ပြေသိမ့်ရပြန်၏။ ဈေးသွားဈေးပြန်တိုင်း ဦးမြတ်သာအိမ်ရှေ့သို့ရောက်သည်။ ဦးမြတ်သာ၏သမီးကိုတွေ့ ရပြန်တော့ မည်သို့မျှ စိတ်မချစရာမရှိပေ။ ပြင်ပြင်ဆင်ဆင်မရှိ၊ နံနံ အအပုံစံမျိုးပါ။ ထို့ကြောင့်လည်း နဂိုရှိရင်းအသသာက် ထက် ပိုကြီးပုံမျိုး တွေ့ရ၏။

"ချောစုမတဲ့၊ ချောလိုက်တာနော်၊ ဒီလိုပုံတုံးကြီးများ ကိုစည်က စိတ်ဝင်စားမှာတဲ့လား၊ ဝေးပါသေးတယ်၊ ငါ့သမီး ငြိမ်းလေးနဲ့ ဘာမှ မဆိုင်ဘူး၊ ငါနဲ့တောင် ယှဉ်လို့မရဘူး"

ဒေါ်ခင်မြို့ရင်ထဲတွင် ပေါ့ပါးသွားရ၏။ ယောကျ်ားအများစုက ချောချောလှလှနှင့် ဆွဲဆောင်မှုရှိမှ

**ကျော်စည်သူက ဦးအောင်စည်အား အမြဲလိုလို အပြစ်မြင်တတ်သည့်အတွက် ဒေါ်ခင်မြို့က မပြစ်မှားရန် ဆုံးမရသေး၏။ ခင်မှုန်ကြီး ဆယ်ပါးအကြောင်း ပြောပြနေရသည်။ ငြိမ်းစည်သူမှာတော့ ဖခင်ဘက်က……**

စိတ်ဝင်စားတတ်ကြသည်။ ချောစုမသည် နာမည်နှင့်လိုက်ဖက်မှု မရှိသည့်အပြင် အဝတ်အစားမတတ်။ မပြင်မဆင်နှင့်၊ ဦးမြတ်သာက သူ့သမီးအား လင်ယူမည်ဆိုရင် ထိုပုံမျိုး နေနိုင်ထားခြင်းသာလျှင် ဖြစ်ရမည်ဟု တွေးမိသေး၏။ အိမ်ပြန် ရောက်တော့ ဒေါ်ဆုံကို သွှဲခြင်း လေးချရင်း ပြောပြမိသည်။

"အဲဒါများ အမေ့သမီးက အခုနကျွဲခတ်နေသေးတယ်နော်၊ ဘယ်လိုမှ မဖြစ်နိုင်ပါဘူးကွယ်၊ သမီးရဲ့ သံသယတွေကို ခေါင်းထဲက ထုတ်လိုက်တော့အေ"

"ဟုတ်ကဲ့ပါ အမေ၊ ချောစုမကို အမေ့ကို ပြချင်လိုက်တာနော်၊ အမေမြင်ရင် အံ့သြသွားမှာပဲ"

ကျော်စည်သူက ဦးအောင်စည်အား အမြဲလိုလို အပြစ်မြင်တတ်သည့်အတွက် ဒေါ်ခင်မြို့က မပြစ်မှားရန် ဆုံးမရသေး၏။ ခင်မှုန်ကြီးဆယ်ပါးအကြောင်း ပြောပြနေရသည်၊ ငြိမ်းစည်သူမှာတော့ ဖခင်ဘက်က နာတတ်၏။

"နင်နော် ဖေဖေ့သိက္ခာကို မချနဲ့၊ ငြိမ်းဖေဖေမှာ ဒီလိုစိတ်မျိုး မရှိဘူး၊ နင် ငရဲကျလိမ့်မယ်"

"ငရဲကျမှာ ငါမဟုတ်ဘူး မိငြိမ်း၊ သွားဟာ……ဘယ်သူ့မှ စကားမပြောချင်တော့ဘူး"

ကျော်စည်သူမှာ စိတ်တိုတတ်၍ မောင်နှမ ရန်မဖြစ်စေရန် ဒေါ်ခင်မြို့က ဝင်ထိန်းလိုက်ရတော့၏။

"ကဲ…မိငြိမ်း၊ မုန့်စားပြီးရင် ကိုယ့်အခန်းထဲ သွားတော့၊ စာကျက်တော့အေ"

"စားလို့မပြီးသေးဘူး မေမေရာ၊ ခဏလေးပါ"

"ဒါဆိုလည်း စကားမများနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်''

♛♛♛♛♛

ဦးအောင်စည်သည် ဦးမြတ်သာနှင့် အတူညီနေ၏။ အခုတလောတွင်လည်း အရောင်းအဝယ်ဖြစ်ကြရာ ပွဲများ အဆက်မပြတ် ရနေခဲ့သည်၊ ရသည့်ပွဲခများကို ခွဲဝေယူ၍ ဦးအောင်စည်က ချောစုမထံ အပ်နေ၏။

''မေမေနဲ့ဦးက ကံစပ်ကြတယ်နော်၊ ချောစုမတောင် ပွဲစားလုပ်ချင်လာပြီ''

''ပွဲစားဆိုတာ ထီးပြူ၊ ဖိနပ်ပါးပြီး လေကုန်တဲ့အလုပ်ကွဲ့၊ ကလေးမေမေကြောင့် ဦးက အခုလို ပွဲရနေတာပါ၊ ဦးအစွမ်းအစနဲ့ဆို အလုပ်ဖြစ်မှာမဟုတ်ဘူး''

''ဟင်း..... ဦးလည်း အပြောကောင်းပါတယ်နော်၊ ထမင်းစားလာသလား ဦး၊ မစားရသေးရင် ချောစုတို့အိမ်မှာ စားလေ၊ ဦးအကြိုက် ဆိတ်ကလီစာချက်ထား တယ်ရှင့်''

''ဟုတ်တယ် ဦးအောင်စည်၊ တစ်ခါတည်း စားသွားလိုက်၊ သမီးက ထမင်းပွဲသွားပြင်တော့''

ဦးမြတ်သာဝင်ပြောမှ ဦးအောင်စည်လည်း အားနာပါးနာနှင့် စားလိုက်ရ၏။ ဟင်းချက်ကောင်းသော ချောစုမကြောင့် သူ့အိမ်တွင် မစားသော ဆိတ်ကလီစာကို စားခွင့်ရခဲ့၏။ ဒေါ်ခင်မြူတို့သားအမိက ခြေလေးချောင်းသား၊ မစားကြချေ။ သည်တော့ ဦးအောင်စည်သည် ဦးမြတ်သာအိမ်တွင် ပွဲတော်တွေနေတော့၏။

သည်လိုနှင့် တဖြည်းဖြည်း ရင်းနှီးလာကြရာ အခေါ်အပြောက အစ ပြောင်းလဲသွားကြသည်။ ဦးမြတ်သာ၏အိမ်သည် ဦးအောင်စည်အတွက် စားအိမ်၊ သောက်အိမ်ဖြစ်လာ၏။

''ခင်များက ပွဲခ တောခေါရနေတာကို မိန်းမကို အကုန်မအပ်နဲ့လေ၊ ငါးခါရရင် နှစ်ခါလောက်ပဲပေးပေါ့၊ ကျုပ်က ခင်များကိုသနားလို့ ပြောတာနော်၊ ဘယ်လိုမှ သဘောမထားနဲ့''

''ဦးရဲ့ငွေက ချောစုမဆီမှာ ၁၅ သိန်းပြည့်တော့မယ်၊ တဖြည်းဖြည်းနဲ့ စုပါများတော့ တောင်ပို့ဖြစ်လာပြီနော်၊ အရင်ကတည်းက စုထားရင် များနေပြီ၊ ဟင်း.....''



ဦးအောင်စည်လည်း ငွေများလာသည့်အတွက် လောဘတက် လာ၏။ သည်တော့ ဒေါ်ခင်မြူသည် သူ့အတွက် အကူအညီမရသော မိန်းမတစ်ယောက်အဖြစ် မြင်လာသည်။

''ဟုတ်တယ်ဗျာ၊ ကျုပ်ကလည်း မိန်းမ အပြောမခံချင်တဲ့ ယောကျ်ားဆိုတော့ နားအေးအောင် ပေးခဲ့တယ်၊ ဒီကြားထဲ ယောက္ခမကြီးက ဆဲမျိုးဗျ၊ ကျုပ်တို့ သူ့



www.burmeseclassic.com

www.burmeseclassic.com

သမီးမသိအောင် တိုးတိုးတိတ်တိတ် ဆုံးမလိုက်သေး”

“ဪ…ခင်ဗျားလည်း ညှင်း ပူးညှပ်ပိတ် ဖိအားပေးခံနေရတာပဲကိုး၊ အင်းလေ….. ခင်ဗျားက အေးအေး ဆေးဆေး သမား၊ ရိုးလွန်းတော့ ဘယ်လက်လွှတ်ခံချင်ပါ့မလဲ”

“ဒါပဲနော် ဦး၊ ချောစုမပြောတာ နားထောင်ရမယ်၊ သမီးက ဦးအတွက် ပြောတာပါနော်”

ချောစုမ၏ မျက်ဝန်းတစ်ညှို့ အောက်တွင် ဦးအောင်စည် စိတ်လှုပ်ရှားသွားရ၏။ မြင်ပါများတော့ လှဆိုသလို ချောစုမ၏ မျက်နှာပေါ်မှ သနပ်ခါး မွှေးမွှေးလေးများက ဦးအောင်စည်အား မြှူဆွယ်နေပြန်၏။ စိတ်ထဲတွင် ချောစုမအပေါ် သာယာသလိုလိုနှင့် ဒေါ်ခင်ဖြူ အနားသို့ပင် မကပ်လိုတော့ပေ။

“ရှင်က အိပ်တာတောင် သက်ပြင်းတွေ ချလှချည်လားရှင်၊ ခင်ဖြူ့ဘက်များ လှည့်အိပ်ပြီး အရင်လို အကြင်နာလေးများ ပေးပါဦးလား”

“သွားစမ်းပါကွာ၊ ကလေး ကလားနဲ့”

“ဟင်း…..ရှင်နော်၊ မဟုတ်တော့ဘူး”

မျက်ဝန်းထဲတွင် ချောစုမ၏ မျက်နှာလေးသာ မြင်ယောင်နေရာ ဒေါ်ခင်ဖြူသည် သူ့အတွက်



အနှောင့်အယှက်တစ်ခု ဖြစ်လာတော့သည်။ သည်တော့ အနား မကပ်ချင်လောက်အောင် စိတ်ငြိုငြင်လာ၏။

“ရှင့်ကို ကျွန်မ မေးစရာရှိတယ်၊ ရှင် မှန်မှန်ဖြေနော်”

ဒေါ်ခင်ဖြူမေးမည့်စကားအား သိနေ၍ ဦးအောင်စည်မှာ အိပ်ချင်ယောင် ဆောင်နေလိုက်၏။ ဤသည်ကို ဒေါ်ခင်ဖြူက မသိဘဲ တစ်ယောက်တည်း ပြောနေသည်။

“ရှင်နဲ့ ဦးမြတ်သာသမီးတို့က ကင်းရှင်းပါတယ်နော်၊ ယောက်ျား ပြောလေ”

ဒေါ်ခင်ဖြူသည် စိတ်မရှည်သည့်ပုံဖြင့် ဦးအောင်စည်၏ကိုယ်ကို ဆွဲလှည့်လိုက်ရာ တုတ်တုတ် မျှမလှုပ်ပေ။

“ဟင်း….. အိပ်ချင်ယောင်ဆောင်နေတယ်၊ မနက်ကျရင်သိရသေးတာပေါ့ရှင်၊ အမေနဲ့ကိုတိုင် ပြောမယ်”

ဦးအောင်စည်မှာ တစ်ဖက်လှည့်၍ မြုံးနေလိုက်၏။ ဒေါ်ခင်ဖြူလည်း စိတ်ဆိုးဟန် ဖြင့် တစ်ဖက်လှည့် အိပ်သွားမှ သူလည်းစိတ်ချလက်ချ အိပ်နိုင်တော့သည်။

❀❀❀❀❀

တစ်နေ့ညနေခင်းအချိန်တွင် ဦးအောင်စည်တစ်ယောက် အိမ် မပြန်သေးဘဲ ဦးမြတ်သာအိမ်သို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွား၏။

"ဟင်...ဦးလာတယ်၊ ဖေဖေ ပြန်မလာသေးဘူးရှင့်၊ ဒီနေ့ ဝင်ရောက်စရာရှိတယ်လို့ ပြောသွားပါတယ်"

"ဩော်...ဦးက ဦးမြတ်သာ ရုံးဆင်းတာနဲ့ အိမ်ရောက်မယ်ထင်နေတာပါ၊ ဒါဆိုလည်း ဦးသွားတော့မယ်ကွယ်"

"ဟုတ်ကဲ့ ဦး"

ချောစုမက ရေချိုးပြီးစအချိန်ဖြစ်ရာ ထဘီရင်ရှားလေးနှင့် မျက်နှာသုတ်ပဝါအား ရင်ဘတ်တွင် ပက်ထား၏။ ခေါင်းလျှော်ပြီးစ မခြောက်တခြောက်ဆံပင်မှ မွှေးပျံ့သော ရနံ့တစ်ခုက ဦးအောင်စည်၏စိတ်ကို နှိုးဆွလာ၏။ လှည့်ပြန်လိုက်သော ခြေလှမ်းတစ်စုံက နောက်ဆုတ်တင်းနေသည့်အလား အိမ်ဘက်သို့ ခြေဦးလှည့်ချင်နေသည်။ ချောစုမက အိမ်ထဲပြန်ဝင်သွားချိန်တွင် သူ့ခံစားမှုကပြင်းထန်သွားစေ၏။

သည်တော့ အိမ်ဆီသို့ ပြန်လျှောက်လာပြီးနောက် အိမ်တံခါးကို ပိတ်လိုက်၏။ ချောစုမ၏ အိပ်ခန်းရှိရာသို့ တန်းတန်းမတ်မတ် လျှောက်လာစဉ် သူ့တစ်ကိုယ်လုံး တုန်လှုပ်လာ၏။ သို့သော် အချိန်မီ အသိစိတ်ကို မတားဆီးနိုင်လောက်အောင် ဦးအောင်စည်အား ရမ္မက်မီးက ဖုံးလွှမ်းသွားတော့၏။

"ဟင်...ဦး ဘာပြောမလို့လဲဟင်"

ချောစုမက သနပ်ခါးသွေးရင်း မှန်ထဲမှ သူ့ပုံရိပ်ကို မြင်သွား၍ ထိတ်လန့်စိတ်ဖြင့် မေးလိုက်၏။

"ဖေဖေ့ကို ချောစုမ ဘာပြောထား ... သဲရှင်"

ချော... ထပ်၍မေးလိုက်သော်လည်း ဦးအော... စည်က မပြောဘဲ ချောစုမ၏ ပခုံးသားပေါ်မှ တဘက်ကို ဆွဲယူလိုက်၏။

"အို.....ဘာလုပ်တာလဲဦး"

ထဘီရင်ရှားအား၍ ချောစုမက ရှက်ရွံ့ဟန်ဖြင့် လက်နှစ်ဖက်ဖြင့် ပခုံးကိုယှက်ထားပြီး မေးနေ၏။ ဦးအောင်စည်သည် ချောစုမကို လှမ်းဖက်လိုက်သည်နှင့် ချောစုမတစ်ယောက် မလှုပ်နိုင်တော့ပေ။ အတွေ့အကြုံရှိသော ဦးအောင်စည်အဖို့ အပျိုရိုင်းလေးအား မည်သို့ထိန်းချုပ်ရမည်ကို သိထားရာ မကြာမီတွင် ချောစုမလည်း ငြိမ်သက်သွားတော့၏။

ချောစုမစိတ်ထဲတွင် ကြောက်သလိုလို ရှက်သလိုလို သာယာသလိုလိုနှင့် ခံစားမှုအမျိုးမျိုး ဖြစ်ပေါ်နေသည်။ သို့ပေမယ့် ဦးအောင်စည်က အသိတစ်ချက်ဖြင့် ထိန်းချုပ်ရင်း.....

"ဦးမြတ်သာ ရောက်လာ



ထဘီရင်ရှားအား၍
ချောစုမက
ရှက်ရွံ့ဟန်ဖြင့်
လက်နှစ်ဖက်ဖြင့်
ပခုံးကိုယှက်ထားပြီး
မေးနေ၏။
ဦးအောင်စည်သည်
ချောစုမကို
လှမ်းဖက်လိုက်သည်နှင့်
ချောစုမတစ်ယောက်
မလှုပ်နိုင်တော့ပေ။
အတွေ့အကြုံရှိသော
ဦးအောင်စည်အဖို့.....





www.burmeseclassic.com

www.burmeseclassic.com



တော့မယ်ကွယ်၊ နောက်မှ ထပ်တွေ့ကြစို့နော်၊ ဦးပြန်တော့မယ်''

''ဟုတ်ကဲ့ ဦး''

ဦးအောင်စည်က အိပ်ခန်းထဲမှအထွက်တွင်ချောစုမတစ်ယောက်ပြေးလိုက်လာပြီး နောက်မှသိုင်းဖက်ရင်း.....

''ဦး ချောစုမကို မထားခဲ့ပါနဲ့နော်၊ ချောစုမလေ ဦးကို ချစ်သွားမိပြီရှင်''

''အေးပါကွယ်၊ ဦးနားလည်ပါတယ်၊ ဤခြေမပျက် နေကြစို့နော်၊ ကလေးရဲ့ဖေဖေသိရင် မလွယ်ဘူး''

ချောစုမက ခေါင်းလေးကို ညိတ်ပြရင်း ကျန်ရစ်ခဲ့၏။ ဦးအောင်စည် ပြန်သွားသည့်တိုင် စောစောက အတွေ့အကြုံလေးအား သူမရင်ထဲတွင် တမြုံ့မြုံ့ ခံစားနေ၏။ စိတ်ထဲတွင် ကြည်နူးသလိုလိုနှင့် သာယာမိသည်က အမှန်ပင်။

''သမီးရေ...ဟေး...ချောစုမရေ''

''ဟင်.....ဖေဖေပြန်လာပြီ၊ အောင်မယ်လေး တော်ပါသေးရဲ့နော်၊ နို့မို့ဆို တွေ့သွားလို့ကတော့ မလွယ်ဘူး''

ဦးအောင်စည်ပြန်သွားပြီး ဆယ့်ငါးမိနစ်အကြာတွင် ဦးမြတ်သာ ပြန်လာသည်။ ချောစုမလည်း အဝတ်အစားများ . ဝတ်ပြီးနောက် အလျှင်အမြန် ပြေးထွက်သွားရတော့သည်။

''အိပ်တံခါးကြီးပိတ်ပြီး ဘာလုပ်နေတာလဲ သမီး''

''ရေချိုးနေလို့ပါ ဖေဖေရယ်''

ဦးမြတ်သာတွင် မယုံသင်္ကာစိတ်မျိုးမရှိ၍ ချောစုမလည်း သက်ပြင်းချလိုက်နိုင်တော့သည်။ သို့သော်လည်း ဦးအောင်စည် မေ့ကျန်ရစ်ခဲ့သည့် ထမင်းချိုင့်လေးကြောင့် ချောစုမလည်း ကမန်းကတန်းယူ၍ ဝှက်ထားလိုက်ရ၏။

''ဟင်း ဦးတို့များ ယောက္ခမကိုကြောက်ပြီး ပြေးလိုက်တာများ ထမင်းချိုင့်တောင် မေ့ကျန်ခဲ့တယ်၊ တော်သေးရဲ့၊ ဖေဖေမတွေ့လို့''

ဦးမြတ်သာသည် ဗိုက်နာလာ၍ ရေအိမ်သို့ တန်းတန်းမတ်မတ် ဝင်သွားတော့သည်။

''ဒါပဲနော် ဦး၊ ချောစုမစကားကို နားထောင်ရမယ်''

''ဟုတ်ကဲ့ပါချာ''

ဦးအောင်စည်အဖို့ ချောစုမပြောသမျှ ခေါင်းအလိုလိုညိတ်ပြီး သာဖြစ်နေ၏။ သူ့ဘဝကို ချောစုမပိုင်ဆိုင်သွားရာ ရသမျှငွေကြေးများက ချောစုမအတွက် ဖြစ်သွား၏။ သူတို့နှစ်ဦး၏ တွေ့ဆုံမှုက ဦးမြတ်သာမရှိချိန်တွင်ဖြစ်ရာ ဦးအောင်စည်က လူကြီးပီပီ ထိန်းချုပ်နေရ၏။

''ဖေဖေ သမီး သူငယ်ချင်း ဆွေဆွေနဲ့ ဈေးလိုက်ဝယ်ပေးဖို့ သွားတော့မယ်နော်''

''သြော်...အေး...အေး၊ မြန်မြန်ပြန်လာဦးနော်၊ အလှူအိမ်မှာ မအိပ်ရဘူး၊ ပြန်လာခဲ့''

''သိပါတယ် ဖေဖေရယ်၊ ဒါကြောင့်မို့ ဆွေဆွေကျေနပ်အောင် ဈေးလိုက်ဝယ်ပေးရတာပါ၊ သွားပြီနော် ဦး''

''ကောင်းပါပြီချာ''

ချောစုမက ဦးမြတ်သာနှင့် အတူရှိနေသည့် ဦးအောင်စည်ကို ပါ နှုတ်ဆက်ပြီး ထွက်သွား၏။

ချောစုမက နံနက် ၇ နာရီ တိတိတွင် အိမ်မှ အကြောင်းပြချက်ဖြင့် ကြိုတင်ထွက်သွား၏။ ပြီးနောက် ချိန်းဆိုထားသည့်နေရာတွင် စောင့်နေစဉ် ၈ နာရီထိုးသည်နှင့် ဦးအောင်စည် ရောက်လာ၏။

''စောင့်လိုက်ရတာ ဦးရယ်၊ ဖေဖေ မရိပ်မိပါဘူးနော်''

''လုံးဝ မရိပ်မိပါဘူး ကလေးရာ၊ ကဲ စားသောက်ပြီးရင် တက္ကစီနဲ့ သွားကြမယ်နော်''



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်သွားမှာလဲ ဦးရဲ့''

''မြို့သက်အေးချမ်းတဲ့ နေရာလေးပေါ့ကွယ်''

ချောစုမတစ်ယောက် ခေါင်းလေးငုံ့သွားပြီး မငြင်းဆန်တော့ပေ။ သူတို့နှစ်ဦး၏ တွေ့ဆုံမှုက အချိန်သည် ရှားပါးသောအရာဖြစ်နေ၏။ သည်တော့ အချိန်မဆွဲနိုင်တော့ဘဲ ချောစုမတစ်ယောက် ဦးအောင်စည်၏နောက်သို့ လိုက်ပါသွားတော့သည်။

♛♛♛♛♛♛

''ဗျို့....ဦးမြတ်သာ၊ မြတ်ခါးကြိုးမှင်ထားပြီး အိပ်ထဲမှာလားဗျ''

''ဪ်...ဘယ်သူများလဲလို့ ဦးချစ်၊ လာဗျာ.....ထိုင်''

''ချောစုမရောဗျ၊ မမြင်ပါလား''

''သူ့သူငယ်ချင်းရဲ့ အလှူအတွက် ပိုင်းကူလုပ်ပေးဖို့ ထွက်သွားတယ်လေ''

''ဟုတ်လား၊ ချောစုမလည်း မငယ်တော့ဘူးနော်၊ အိမ်ထောင်လေးဘာလေး ချပေးဖို့များ စိတ်ကူးမရှိဘူးလားဗျ''

''ဪ်...ဦးချစ်က အောင်သွယ်ပေးချင်လို့လား၊ မဖြစ်ပါဘူးဗျာ၊ သူ့ဘာသာနေတာမှကောင်းပါသေးတယ်၊ အိမ်ထောင်ကျမှသမက်က မကောင်းရင် ကျုပ်ပဲစိတ်ဆင်းရဲရမှာပေါ့ဗျာ''

ဦးချစ်သည် ရေနွေးကြမ်းတစ်ခွက်ကို ယူသောက်လိုက်ပြီးမှ ဦးမြတ်သာ၏ အခြေအနေကို အကဲခတ်နေ၏။ ရပ်ကွက်ထဲတွင် လက်ပေါက်ကတ်သော လူတစ်ယောက်အဖြစ် ပတ်ဝန်းကျင်က မြင်ထားကြသည်။ သည်တော့ သူ့သမီးချောစုမအား မည်သူမျှ မယူရဲကြပေ။ ယခုတော့ တစ်ရပ်ကွက်တည်းသားဖိုဖို အမြင်မတော်သည့်ကိစ္စမျိုးအား အသိပေးရမည်ဟု ဦးချစ်က တွေးမိ၏။

''ခင်ဗျားကို ပြောစရာရှိတယ်ဗျ၊ စိတ်တော့မဆိုးနဲ့နော်၊ ဒီလိုဗျ၊ ခင်ဗျားနဲ့ သုံးလမ်းကျော်က ဦးအောင်စည်တို့က ရင်းရင်းနှီးနှီး ဝင်ထွက်သွားလာနေတာနော်''

''ဟုတ်တယ်လေဗျာ၊ လုပ်ငန်းအတူတူ ထွက်လုပ်ကြတော့ ခင်ခင်မင်မင် စိတ်ချွေတွေပေါ့ ဦးချစ်ရာ''

''ထားပါတော့၊ ခင်ဗျားနဲ့ရင် အကြောင်းမဟုတ်ဘူး၊ ခင်ဗျားမရှိချိန်မှာ ရောက်လာတာကတော့ ချောစုမအတွက် စိတ်ပူမိတာအမှန်ပဲ၊ ချောစုမက ရည်းစားမရှိသေးတဲ့ အပျိုလေးမဟုတ်လား''

ဦးချစ်ပြောပြတော့မှ ဦးမြတ်သာလည်း သူမစဉ်းစားမိသော မှန်ရမည့်အရာတစ်ခုကို သိသွားရတော့သည်။ သူ့ဘက်က စီးပွားရေးကြောင့် သမီးအရေးအား ခေါင်းထဲတွင် မရှိခဲ့ပေ။ ဦးချစ်ပြောပြတော့မှ တဖြည်းဖြည်း နားလည်လာ၏။

''ကျုပ်သိရသလောက် ဦးအောင်စည်က ကျုပ်ရှိချိန်မှရောက်လာတာပါဗျာ''

''ဟင်း.....ဒါဆို ခင်ဗျားသမီးတော့ ခင်ဗျားကို လှည့်ပတ်နေတာသေချာပြီ၊ သေသေချာချာလည်း မေးစမ်းကြည့်ဦးနော်၊ တစ်ပတ်တစ်ရက် ပုံမှန်ပဲ၊ တစ်ခါတလေကြာသပတေးနေ့ ရောက်လာတတ်တယ်၊ အဲဒီနေ့ မလာဖြစ်ရင်တော့ သောကြာနေ့ပဲဗျ''

''ဟင်.....ဘာကြောင့်ပြောနေတာလား ဦးချစ်''

''ကျုပ်က ချောစုမအတွက် ကိုယ့်သမီးလေးလို စောင့်ရှောက်နေတဲ့သူပါဗျာ၊ ဘာပဲပြောပြော ကိုယ့်လမ်းထဲမှာ အိမ်ပေါ်တက်ဇော်ကားနေရင်တော့ လက်မခံဘူး၊ ဒါကြောင့်မို့ ခင်ဗျားသိအောင်ပြောပြရတာပါ ဦးမြတ်သာရာ''

''ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဦးချစ်ရာ၊ သူတို့အခြေအနေကို ကျုပ် အကဲခတ်ပါရစေဦး၊ ဟုတ်၊ မဟုတ် သေချာအောင်လို့ပါဗျာ''



www.burmeseclassic.com

www.burmeseclassic.com

ဦးချစ်က ဦးအောင်စည် အကြောင်းကို သိထား၏။ ဦးအောင်စည်၏ယောက္ခမနှင့် ဦးချစ်က မွေးမိတ်ဆွေများ ဖြစ်ကြသည်။ ဒေါ်ဆုံက မွေးရုံကျင်တွေ့တိုင်း သူ့သမက် ရိုးကြောင်း၊ အေးကြောင်း ချီးမွမ်းခန်းဖွင့်နေဆဲပင်၊ ကြာတော့ အမြင်ကတ်လာ၏။

"ကျုပ်ပြောတာ မှန်နေရင် ရော ခင်ဗျားက ဘယ်လိုစဉ်းစား မလဲ၊ ဟိုက အိမ်ထောင်ရှိသူနော်၊ တစ်ရပ်ကွက်တည်းနေကြတာ၊ နာမည်ပျက်ရောနိုးရင် ခင်ဗျားသမီးပဲ နာမည်ပျက်မှာ၊ အချိန်မလွန်မီ တားရမှာပဲ၊ ကဲ.....ကျုပ်ပြန်မယ် ဗျာ၊ အဲဒါကို လာပြောတာပါ"

"ဟုတ်ကဲ့ ဦးချစ်၊ ကျေးဇူး တင်တယ်ဗျာ"

ဦးချစ်ပြန်သွားသည်နှင့် ဦးမြတ်သာသည် ချောစုမ၏ အခြေအနေကို သိချင်၍ အလုပ်အိမ်သို့ သွားကြည့်ရန် နေပူထဲတွင် ထွက်လာမိ၏။

"ဩော်.....သားသမီးတွေများ တယ်မှုသကိုး၊ ငါမှာ ဆောင်းဖို့ပြီး ထုပ်တောင် ယူမလာမိဘူး၊ ဒုက္ခများလိုက်တာနော်"

ဦးမြတ်သာမှာ ဆွေဆွေ့အိမ် ရှိရာသို့ မေးစမ်း၍ ရောက်သွား၏။ ဆွေဆွေနှင့်တွေ့သည့်နောက် သူ့ ယော်ထိပ် မြွေပေါက်သည့်အလား ချောစုမ၏ ထိမ်ညာမှုက ဘုံပေါ် သလို ပေါ်သွားပြီဖြစ်သည်။

* * * * * *

"ဟင်.....ဖေဖေက အိမ်ပျော် နေတာကိုး၊ ဒါကြောင့်မို့ ချောစုမ ရောက်နေတာ မသိတာဘဲ"

ပြုံးရွှင်သည့်မျက်နှာဖြင့် ချောစုမက အိမ်ပေါ်သို့ တက်လာ၏။ သမီးဖြစ်သူ၏လက်ထဲတွင် သူကြိုက်သည့် ကြေးအိုးတစ်ပွဲပါလာသည်။ ရင်ထဲတွင် နင့်သွားစေရ၏။ သူ့မျက်ဝန်းမှ ဝဲဆို့နေသော မျက်ရည်များအား သမီးဖြစ်သူ မြင်စေချင်သည်။

"ဖေဖေ စားတော့မလားဟင်၊ မှုလေးသောက်လိုက်ပါလား၊ သမီး ထည့်ခဲ့မယ်လေ"

"မသောက်ချင်ဘူးကွယ်"

"ဖေဖေ နေမကောင်းဘူးလား ဟင်"

သမီးဖြစ်သူ၏ ညာလက်က သူ့နဖူးပေါ်ရောက်လာ၏၊ ဖခင်ကြီးအတွက် စိုးရိမ်မှုပန်စိတ် နှိုပါ သေးလားဆိုသည့်အတွေးဖြင့် စိတ်ချမ်းမြေ့သွားရသည်။

"ကိုယ်တော့ မပူပါဘူး၊ ဖေဖေ အိပ်ရေးပျက်သွားပြီနဲ့တူတယ်၊ ပြန်အိပ်လိုက်ဦးနော်"

အနားမှထသွားသည့် ချောစုမထံမှ မွှေးပျံ့သော ရနံ့တစ်ခု ကြောင့် အံ့သြစေပြန်၏။ သမီးဖြစ်သူသည် ငွေကုန်မည်စိုး၍ မည်သည့်အလှကုန်ပစ္စည်းမျှ ဝယ်ယူ သုံးစွဲခြင်း မရှိတတ်ပေ။ ပြီးတော့လည်း ထိုရနံ့သည် တစ်စုံတစ် ယောက် သုံးစွဲသည်၊ သူနှင့်ယဉ် ပါးနေသည့် မွှေးရနံ့တစ်ခုဖြစ်နေ၏။ ရင်မှာ ထိတ်ခနဲဖြစ်သွားခြင်း နှင့်အတူ လုပ်ရက်လေခြင်းဟု ဝမ်း

> အနားမှထသွားသည့်
> ချောစုမထံမှ မွှေးပျံ့သော
> ရနံ့တစ်ခု ကြောင့်
> အံ့သြစေပြန်၏။
> သမီး ဖြစ်သူသည်
> ငွေကုန်မည်စိုး၍
> မည် သည့်အလှကုန်ပစ္စည်းမျှ
> ဝယ်ယူ သုံးစွဲခြင်း
> မရှိတတ်ပေ။
> ပြီးတော့ လည်း ထိုရနံ့သည်
> တစ်စုံတစ် ယောက် သုံးစွဲသည်၊
> သူနှင့်ယဉ် ပါးနေသည့်
> မွှေးရနံ့တစ်ခုဖြစ်နေ၏။
> ရင်မှာ ထိတ်ခနဲ.....



www.burmeseclassic.com

www.burmeseclassic.com



နည်းသွားစေရသည်။

''ဩော်.....ငါက သမီးလေးကို ပိုးမွေးသလို မွေးခဲ့ရတဲ့ အဖေပါ၊ သူတစ်ပါးစော်ကားဖို့ မွေးခဲ့တာမဟုတ်ဘူး။ လုပ်ရက်လိုက်တဲ့ ဦးအောင်စည်၊ ခင်ဗျား တော်တော်အကြံပက်စက်တဲ့လူပါလား''

ချောစုမအေ် ဝတ်စားဆင်ယင်မှုများမှာလည်း အရင်လို မဟုတ်တော့ပေ။ ပြောင်းလဲနေခြင်းကို ကြည့်ခြင်းဖြင့် မရိုးသားသော သမီးအပေါ် အလိုမကျစိတ်ဖြစ်ခဲ့ရ၏၊ သေသေချာချာ စဉ်းစားကြည့်ပြန်တော့.....

''သမီးက ငယ်သူမို့ နားမလည်တာပဲလေ၊ ဒီကိစ္စက ဦးအောင်စည် ဖြားယောင်းလို့ဖြစ်မှာပါ၊ သူက အိမ်ထောင်ရှိယောကျ်ားပဲ၊ ထိန်းရမှာပေါ့၊ ပြီးတော့ သူ့သမီးအရွယ်လောက်ရှိတဲ့ဟာ၊ မကြည့်သင့်ဘူး။ တောက်...တွေ့ကြသေးတာပေါ့ကွာ''

တကယ်တမ်း စဉ်းစားကြည့်လျှင် ဦးအောင်စည်အတွက် စိတ်ကြိုက် အသုံးတော်ခံခဲ့ပြီးမှ ဖခင်အတွက် ဝယ်ပေးလိုက်သည့် ကြေးအိုးတစ်ပွဲအား သူ့ဘက်က မည်သို့စားသင့်ပါမည်နည်း။ ဖြစ်နိုင်လျှင် နင်းချေဆွဲယူ လွှင့်ပစ်လိုက်ချင်၏။ နိုင်းနိုင်းစွာတွေးလျှင် ပို၍ရင်နာစရာဖြစ်လာရပေမည်၊

''သမီးအမေသာ ရှိနေရင် ငါ့ရဲ့ပေါ့လျော့မှုကြောင့် ကျွန်မသမီးလေး အခုလိုဖြစ်ရတာလို့ အပြစ်တင်မှာပဲ၊ မိန်းမရေ...ငါ့ကို ခွင့် လွှတ်ပါကွာ''

ဦးမြတ်သာတစ်ယောက် မျက်ရည်များကို တားဆီးမရတော့ပေ၊ ရင်နာခြင်းထက် နှမြောဝမ်းနည်းခြင်းက ပိုနေ၏။ သမီးပျိုလေးအား တစ်ယောက်တည်း အဖော်မဲ့ထားခဲ့မိခြင်း၏ ဆိုးကျိုးက သူ့အတွက် နောင်တရသွားစေသည်။ သမီးအတွက် အဖော်မိန်းကလေးတစ်ဦးကို ထားသင့်၏။ ထိုအတွေးမျိုး ဦးမြတ်သာတွင် မရှိခဲ့ပေ။

''တောက ငါ့အစ်မကို ခေါ်ထားမိရင် သိပ်ကောင်းမှာပဲ၊ အခုမှ နောင်တရတော့ရော ငါ့သမီးက အပျိုစင်စစ်စစ် ပြန်ဖြစ်မှာတဲ့လား။ ဦးအောင်စည်...ဦးအောင်စည်၊ ခင်ဗျားက ကျုပ်အသည်းနှလုံးကိုမှ သူး နဲ့လာထိုးတာပဲကိုး''

မေးကြောများ ရှုံ့တွလာသည်အထိ ဦးမြတ်သာမှာ ကြိတ်မှိတ် ခံစားနေရသည်။



''ဩော်.....အတွေ့ အကြုံမရှိတော့ ငါ့သမီးလေးဟာ သူကြိုးဆွဲရာ ကနေရတဲ့ အရုပ်ကလေး တစ်ရုပ်ဖြစ်နေမှာပဲ၊ သမီးကို ချစ်သူ မရှာနိုင်းတာ ငါ့ရဲ့အတွက်ကြောင့် ငါ့သမီးလေး နစ်နာခဲ့ရတာပါလား၊ သူ့မှာသာ ချစ်သူရှိခဲ့ရင် ဦးအောင်စည်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖြားယောင်းမှုကို ရှောင်နိုင် မှာပဲ၊ အင်း.....မိုက်လိုက် တဲ့သမီးရယ်''

ချောစုမ၏ ပြုံးရွှင် နေသော မျက်နှာက သက် သေဖြစ်နေ၏။ သမီးဖြစ် သူ၏မျက်နှာကို မြင်ရလေ ဦးအောင်စည်အပေါ်တွင် အမုန်းတရားက များလာလေဖြစ် နေ၏။ ချောစုမက အဝတ်အစား လဲပြီး သူ့ အနားသို့ ရောက်လာ၏။

''ဖေဖေ ဘာစားချင် သလဲ ဟင်၊ ချောစုမ ဘာ ဝယ်ပေးရမ လဲ''

''မစားချင်ပါ ဘူး ကွယ်၊ သမီးကို ဖေ ဖေပြောစရာ ရှိလို့ ဒီမှာ ထိုင်ဦး''



ချောစုမသည် ဖခင်ထံမှကြား ရမည့်စကားကြောင့် အနည်းငယ် တွန့်ဆုတ်သွား၏။ သူတို့ အကြောင်းများ သိနေမလားဆို သောအတွေးမျိုး တွေးမိပုံရသည်။

''ဪ... ဦးအောင်စည်အပ် ထားတဲ့ငွေက ဘယ်လောက်ရှိနေ ပြီလဲ''

''သိန်းနှစ်သယ်ပါ ဖေဖေ၊ ဒါ တောင် ငါးသိန်းကို သူတောင်းသွား တာ သုံးရက်လောက်ရှိနေပြီ၊ သူ့ မိန်းမက ငွေမအပ်လို့ ပူညံပူညံလုပ် နေတယ်တဲ့ ဖေဖေ''

''အေးလေ၊ မိန်းမယူထား တော့ ပေးကမ်းရမယ့် ဝတ္တရားရှိ တာပေါ့၊ သူ့မိန်းမက ရိုးအေး တယ်၊ သူပြောသလောက် မဆိုး ဘူး၊ ဒီလူက မခုတ်တတ်တဲ့ ကြောင်လို လူစားမျိုး၊ အပြင် ရောက်တာနဲ့ ကျွားပဲကွဲ့၊ သူ့ကို ဖေဖေက ရိုးသားသူလို့ထင်ထား တာ၊ ဘယ်လာဟုတ်ပါ့မလဲကွယ်၊ မနေ့ညနေက ကောင်မလေး တစ်ယောက်နဲ့ တွေ့ခဲ့တယ်၊ မဖုံးနိုင်မဖိနိုင်ဖြစ်လို့ဆိုလား ငွေပေးပြီး ကိစ္စရှင်းနိုင်းလိုက်တယ်၊ ကောင်မလေးခမျာ သနား စရာပါပဲ၊ ဖေဖေ့ရှေ့မှာ ငိုလိုက် တာများ မျက်ရည်တောင် မသုတ် နိုင်ရှာဘူး၊ သားသမီးချင်း ကိုယ် ချင်းစာမိတယ်ကွယ်''

ဦးမြတ်သာသည် သမီးဖြစ် သူ၏ အခြေအနေ ကို အကဲခတ်လိုက် ရာ ချောစုမထံမှ တင်းခနဲဖြစ်သွား သော မျက်နှာကို တွေ့မြင်လိုက်၏။ ဦးအောင်စည်အပေါ် စိတ်နာမှု ဖောက် လမ်းဖြတ်ပေမည်။ သည်တော့ မသိချင် ယောင်ဆောင်၍ ဆက်ပြောလိုက်ပြန် သည်။

''ကြည့်ရတာ ကလေးမလေးက ရိုးသားအေးဆေးပုံလေးပါကွယ်၊ သူ့မိဘအသိုင်းအဝိုင်းသောသိရင် နှမြောလို့ဆုံးမှာမဟုတ်ဘူး၊ အပျို ဖြစ်ပုံရတယ်၊ ဒီလူကလည်း အိမ် ထောင်ရှိသူမိန်းမတွေကို ရှောင် တတ်တော့ အပျိုမလေးတွေက သူ့အတွက် စားကျက်လို ဖြစ်နေ တာပေါ့ သမီးရယ်၊ ငွေ[illegible]တောင်



www.burmeseclassic.com

www.burmeseclassic.com

အခုမှ သူ့အကြောင်းကို သိလာရတာပါ၊ တောင်းသွားတဲ့ငွေလည်း ဒီကောင်မလေးအတွက် နှုတ်ပိတ်ဖို့ ပေးလိုက်တာပဲ ဖြစ်ရမယ်''

''ဦးအောင်စည် အပ်ထားတဲ့ ငွေကို သူလာရင် ပြန်ပေးလိုက်တော့မယ် မေမေ၊ ရှုပ်ရှုပ်ယှက်ယှက်နဲ့ သိမ်းပေးမထားချင်တော့ဘူး''

''အေး၊ အဲဒီကိစ္စကိုပဲ မေမေ ပြောမလို့ပါကွယ်၊ သူ့အကြောင်း သိမှတော့ တို့သားအဖက ရှောင်တာအကောင်းဆုံးပဲ၊ တော်ကြာ ငါ့သမီးအတွက် မေမေစိုးရိမ်တယ် ပတ်ဝန်းကျင်က ကဲ့ရဲ့မှာကိုလည်း ကြောက်တယ်ကွယ်၊ လောကမှာ နာမည်သေသွားရင် သွားရော''

ချောစုမသည် သူ့အိပ်ခန်းထဲသို့ ရုတ်တရက် ပြေးဝင်သွား၏။ ဦးမြတ်သာက မသိချင်ယောင်ဆောင်နေလိုက်ပြီး သမီးဖြစ်သူ၏ ဝမ်းနည်းခြင်းအတွက် မတားဆီးချင်တော့ပါ။ သူ့ရင်ထဲတွင် ကျေနပ်ခြင်းများစွာဖြင့် အောင်မြင်သွားမှုကြောင့် ပီတိဖြစ်မိ၏။ သမီးဖြစ်သူမှာ စိတ်မကောင်းဖြစ်သွားခြင်းကြောင့် စောစောအိပ်ရာဝင်သွားတော့သည်။

**ချောစုမသည်**
**သူ့အိပ်ခန်းထဲသို့**
**ရုတ်တရက် ပြေးဝင်သွား၏။**
**ဦးမြတ်သာက**
**မသိချင်ယောင်ဆောင်နေလိုက်ပြီး**
**သမီးဖြစ်သူ၏**
**ဝမ်းနည်းခြင်းအတွက်**
**မတားဆီးချင်တော့ပါ။**
**သူ့ရင်ထဲတွင်ကျေနပ်ခြင်းများစွာဖြင့်**
**အောင်မြင်သွားမှုကြောင့်**
**ပီတိဖြစ်မိ၏။**
**သမီးဖြစ်သူမှာ....**

''သမီးရေ.....ချောစုမလေး ထတော့လေကွယ်၊ မိုးလင်းနေပြီကွဲ့''

သမီးဖြစ်သူ၏ အိပ်ခန်းတံခါးကိုခေါက်၍ ဦးမြတ်သာက တကြော်ကြော် ခေါ်လိုက်သည်၊ သို့ပေမယ့် အထဲမှ လှုပ်ရှားသံမျိုး မကြားရသည့်အတွက် ထပ်တလဲလဲ ခေါ်မိပြန်၏။ အချိန်ကြာကြာ ခေါ်မရသည့် နောက်စိတ်ပူလာပြီး တံခါးအား အတင်းပင် ဖွင့်ချက်ဖွင့်ရာ.....

''ဟင်...ဖေဖေ့သမီးလေး၊ ဘာဖြစ်တာလဲကွယ်''

ခုတင်အောက်တွင် လဲကျနေ၍ ဆွဲထူလိုက်ရာ ပါးစပ်ထဲတွင် အမြှုပ်များနှင့် နှုတ်ခမ်းက ပြာနှမ်းနေပြီဖြစ်သည်။

ချောစုမတစ်ယောက် မည်သည့်အချိန်ကတည်းက --- သောက်၍ သေဆုံးနေမှန်းမသိပေ၊ ဦးမြတ်သာသည် သမီးအလောင်းလေးအား ပွေ့ဖက်၍ ကြေကွဲသွား၏။

''သမီးလေး.....ဖြစ်ရလေ သမီးရယ်၊ ဖေဖေနဲ့ ထာဝရ ခွဲသွားခဲ့ပြီပေါ့နော်''

ချောစုမလက်ထဲတွင် စာရွက်လေးတစ်ရွက်တွေ့ရ၍ ဖတ်ကြည့်လိုက်သည်။

**''ဖေဖေ''**

**သမီးကို ခွင့်လွှတ်ပါ။ သမီး ကန်တော့ခဲ့ပါကယ် ရှင်။**

**အမိုက်မ**

**သမီး**

**ချောစုမ**

''ဟာကွာ...ဖေဖေဖြစ်စေချင်တာက 'ငါ့သမီး သေရမှာမဟုတ်ဘူးကွဲ့၊ ဟိုလူနဲ့ ပြတ်ပြတ်သားသားဖြစ်ဖို့ပဲ၊ အခုတော့ ကိုယ့်သမီး ကိုယ်ပြန်သတ်သလို ဖြစ်နေပြီ၊ သမီး...ဖေဖေ့ကို ခွင့်လွှတ်ပါကွယ် အီး.....ဟီး.....ဟီး.....ဟီး''



www.burmeseclassic.com

www.burmeseclassic.com

ဦးမြတ်သာမှာ ချုံးပွဲချငိုလေတော့၏။ ဖြစ်ချင်တာက တခြား ဖြစ်သွားတာကတခြား ဖြစ်ခဲ့သည်။ သမီး၏အရှက်ကို အသက်နှင့်လဲသွားသော မှုခင်းတစ်ခုအား ဦးမြတ်သာက ပတ်ဝန်းကျင်ကို အသိမပေး၍ မဖြစ်ပေ။ အော်ဟစ်အကူအညီ တောင်းလိုက်သည်နှင့် ရောက်လာကြတော့သည်။

"ကြည့်ကြပါဦးဗျာ၊ ကျွန်တော့်သမီးလေး သေသွားပြီ၊ ဒီမှာ သမီးရေးထားခဲ့တဲ့စာ၊ သူ့ကို ခွင့်လွှတ်ပါတဲ့ဗျာ"

ဦးချစ်က စာရွက်လေးအားယူ၍ အလျင်အမြန် ဖတ်ကြည့်လိုက်၏။ မျက်နှာမကောင်းပေ။ ချောစုမ အကြောင်းကို သိနေသူဖြစ်သည့်အတွက် ဦးအောင်စည်၏ပယောဂ မကင်းမှန်း ရိပ်မိ၏။

"ဘယ်လိုလုပ်ကြမလဲ ဦးမြတ်သာ၊ ဒါက ရဲတိုင်မှုဖြစ်မှာဗျ၊ လူသေမှုဖြစ်ပေမယ့် ပြဿနာတွေက လာဦးမှာပဲ၊ အလောင်းကို စစ်လိုက်ရင် ခင်ဗျားတော့ အရှက်ကွဲမှာပဲဗျာ"

ချောစုမအတွက် စုတ်တသပ်သပ် ဖြစ်နေကြသည်။ ရပ်ကွက်မှ တာဝန်ရှိသူများက သတင်းပို့လိုက်သံကို ကြားရသည်နှင့် ဦးမြတ်သာသည် သမီးအလောင်းအား ဦးချစ်နှင့် အပ်ထားခဲ့ပြီး အိမ်နောက်ဘက်ခန်းသို့ ပြေးဝင်သွားသည်။ ပြီးမှ အိမ်ပြင်သို့ အလျင်အမြန် ဆင်းပြေးသွားတော့၏။

"ဦးမြတ်သာ ခင်ဗျားကဘယ်သွားမလို့လဲဗျ"

မဖြေဘဲ ထွက်ခဲ့သည်။ ဦးချစ်၏ 'ဒုက္ခတော့ ဖြစ်ကုန်တော့မှာပဲ' ဆိုသောစကားက နောက်တွင်ကျန်ခဲ့သည်။ ဦးမြတ်သာ၏ ဦးတည်ရာမှာ ဦးအောင်စည်အိမ်သို့ ဖြစ်နေသည်၊ ပတ်ဝန်းကျင်မှ အိမ်နီးချင်းများကြောင့် သူတို့အတွင်းရေးအား သိသွားမည်ကို ကြောက်မိ၏။ ဦးမြတ်သာထွက်သွားသည်မှာ ဦးအောင်စည်၏အိမ်မှလွဲ၍ တခြားနေရာ မဖြစ်နိုင်ပေ။

> **ဦးမြတ်သာတစ်ယောက် ဖိနပ် မပါဘဲ ထွက်သွားလေသည်။ သူ့သောကအမှုအား တရားအသိ နှင့် မငြိမ်းသတ်နိုင်ဘဲ အသိတရား ကင်းလွတ်သွားတော့၏။ သူ့အား မည်သူမျှ မတားဆီး....**

"ဖေဖေ သူ့ကိုသတ်ရမှကျေနပ်နိုင်မယ် သမီး၊ ငါတို့သားအဖကို ခွဲတဲ့သူ၊ လူယုတ်မာကြီး"

ဦးမြတ်သာတစ်ယောက် ဖိနပ် မပါဘဲ ထွက်သွားလေသည်။ သူ့သောကအမှုအား တရားအသိနှင့် မငြိမ်းသတ်နိုင်ဘဲ အသိတရားကင်း လွတ်သွားတော့၏။ သူ့အား မည်သူမျှ မတားဆီးနိုင်တော့ပေ။

"ငါ့သမီးဟာ သူ့ကြောင့်သေရတာပဲ၊ ငြိမ်းအေးတဲ့ သူ့ဘဝလေးကို မှုလောင်အောင် နောင့်ယှက်ခဲ့တဲ့လူ၊ အရှက်ကို အသက်နဲ့လဲခဲ့တဲ့ သမီးလေးအတွက် ဖေဖေ ရင်နာတယ်ကွယ်"

ဦးမြတ်သာသည် အတွေးများဖြင့် သမီးအတွက် ဖြေမပြေနိုင်ပေ၊ သည်တော့ ဦးအောင်စည်အိမ်ရှေ့သို့ ရောက်သွား၏။

❦❦❦❦❦❦

"ဦးအောင်စည်.....ဗျို့...ဦးအောင်စည်"

တစ်အိမ်လုံး အိပ်ရာမှ ထကြ



www.burmeseclassic.com

www.burmeseclassic.com

ပုံမပေါ်သေးပေ။ ဦးမြတ်သာသည် ခြံတံခါးအား ကျော်လွန်၍ အိမ်တံခါးဝသို့ ရောက်သွား၏။

''ဦးအောင်စည် တံခါးဖွင့်ပါဦးဗျ''

အိမ်ထဲမှ ခေါင်းပြူထွက်လာ၏။ ပြီးမှ ခေါင်းဆုံပါ ထွက်ကြည့်လာကြသည်။

''ဘယ်သူလဲရှင်''

''ကျုပ် ဦးမြတ်သာပါ၊ ဦးအောင်စည်နဲ့ တွေ့ချင်လို့ပါဗျာ''

''သူက မနက်စောစောထပြီး လမ်းလျှောက်ထွက်တယ်ရှင့်၊ သူ့သားနဲ့ထွက်သွားကြပါတယ်''

''ဟုတ်လား၊ ဒါဆို အဝေးကြီးလို့ လိုက်သွားဦးမယ်''

ဦးမြတ်သာလည်း၊ ဦးအောင်စည်သွားမည့်လမ်းကြောင်းအတိုင်း မှန်းဆ၍ အပြေးတစ်ပိုင်းလိုက်သွား၏။ နံနက်ခင်းတွင် တိုက်ခတ်လာသော လေနုအေးက သူ့စိတ်ကို မအေးမြစေနိုင်ပေ။ လမ်းလျှောက်ထွက်သူများကြားတွင် မျက်စိ တောင်းမှောက် ရှာဖွေနေရ၏။

''ဪ...သူတို့သားအဖက စိတ်အေးချမ်းသာစွာနဲ့ အနားယူနေကြတာကိုး၊ ငါ့မှာတော့ သမီးလေး သေပြီ၊ ငါ့အပူကို သူက မသိသေးဘဲလေ''

ဦးမြတ်သာသည် ဦးအောင်စည်နှင့် အနီးဆုံးသို့ ရောက်သွား၏။ သူ့အားကျောခိုင်းပေးရပ်၍ ကျွန်းမာရေးလေ့ကျင့်ခန်းလုပ်နေသည့်အတွက် ဦးအောင်စည်တို့သားအဖက သူ့အားမမြင်ပေ။

''ဦးအောင်စည်''

အသံလာရာဆီသို့လှည့်ကြည့်လိုက်စဉ် ဦးမြတ်သာဖြစ်နေသည့်အတွက် ဝမ်းသာသွားပုံဖြင့် နှုတ်ဆက်လိုက်၏။

''ခင်ဗျားလည်း လမ်းလျှောက်ထွက်လာတာလား၊ ချောစုမချော လိုက်မလာဘူးလား ဦးမြတ်သာ''

''ချောစုမလား.....ကျုပ်သမီး သေပြီဗျ...သေပြီ၊ ဒီမနက်ပဲ သူ့ကိုယ်သူ သတ်သေသွားပြီ၊ အဲဒါ ဘယ်သူတာရားခံလဲဆိုတာ ခင်ဗျား သိမှာပေါ့''

ဦးအောင်စည်၏မျက်နှာသည် အံ့သြကြောက်လန့်စိတ်ဖြင့် ဖြူဖတ်ဖြူတဲဖြစ်သွား၏။ သူ့အဖို့ မည်သို့မျှ ထင်မထားသည့် စကားမျိုးဖြစ်နေသည်။

''ကျုပ်...ကျုပ် တောင်းပန်ပါတယ် ဦးမြတ်သာရယ်''

''ခင်ဗျားက တောင်းပန်လို့ရမယ်ထင်သလား။ ဒီမှာတွေ့လား ဓား၊ ဒီဓားနဲ့ ခင်ဗျားကို ကျုပ် သတ်မယ်၊ ခင်ဗျားသေရင် ကျုပ်ကျေနပ်ပြီ ကဲ.....''

''မလုပ်ပါနဲ့ဗျာ.....''

ဦးမြတ်သာက ဓားရွယ်၍ တန်းပြေးနေသော ဦးအောင်စည်နောက်သို့ ထက်ကြပ်မကွာလိုက်နေ၏။ ဦးအောင်စည်မှာ ပြေးရင်းနှင့် ချော်လဲသွားရာမှ ဦးမြတ်သာက ဓားမြှင့်ပြေးအထိုးတွင်.....

''အား.....''

ဦးအောင်စည်၏သားဖြစ်သူ ကျော်စည်သူက ဖခင်ကိုယ်စား ကြားဝင်ခံပေးလိုက်၍ နှလုံးအား





www.burmeseclassic.com

www.burmeseclassic.com



တည့်တည့်သို့ မေးဆိုမိ၏။

"ဟင်....."

"ဟာ...သား။ ငါ့သားကို ထိုးမိပြီ၊ သား....."

ဦးအောင်စည်သည် သားဖြစ်သူကို ဆွဲယူပွေ့ဖက်ပြီး သူ့အမှားအတွက် နောင်တရသွား၏။ ကျော်စည်သူသည် သူ၏နာကျင်မှုကို ဂရုမစိုက်ဘဲ မျက်လုံးကို အားယူဖွင့်လျက် ဦးမြတ်သာအား.....

"ဦးလေး ကျွန်တော့်အဖေကို ခွင့်...ခွင့်လွှတ်ပေးပါဗျာ၊ ဦးရဲ့သမီးဟာ ကျွန်တော်နဲ့ ဖြစ်ခဲ့တာပါလို့ ပတ်ဝန်းကျင်ကို အသိပေးပေးပါနော်၊ အဖေ့ရဲ့ ဂုဏ်သိက္ခာအတွက် ဒီ..ဒီတစ်ခုပဲ ကူ...ကူညီပါဗျာ"

ဦးမြတ်သာသည် ကျော်စည် သူထံမှ ခင်အတွက် မေတ္တာတရားထားရှိသည့် စကားကြောင့် သူ့အသိလည်း ရှက်ချင်းပင် နောင်တရသွား၏။ သည့်နောက်တွင် ခေါင်းကို ညိတ်ပြလိုက်ပြီး.....

"အေးပါကွာ၊ ဦးလေးလည်း မင်းကို ကတိပေးပါတယ်၊ သားသမီးတော့နဲ့ ဖြစ်သွားရတာပါကွာ"

"ဝမ်းသာလိုက်တာ ဦးလေး ရယ်။ အဖေ...အဖေ့ကို စိတ်ချမ်း...ချမ်းသာအောင် ထားပေးပါနော်"

"အေးပါ သားရာ၊ အေးပါ၊ အဖေလည်း နောင်တတွေရသွားပါပြီ၊ မိသားစုတစ်ခုမှာ မေတ္တာတရားနဲ့ တည်ဆောက်မှ ပျော်ရွှင်သာယာတဲ့ အိမ်ထောင်ရေး ဖြစ်လာမှာပါကွာ၊ အဖေလည်း ကတိပေးတယ်သား။ အဖေ မဆိုက်တော့ပါဘူးကွာ"

ဦးအောင်စည်က ကတိပေးလိုက်သော်လည်း ကျော်စည်သူမှာ ဖြင့် မကြားနိုင်တော့ပေ။ ခင်ဖြစ်သူ၏ယက်ပေါ်တွင် အသက်ထွက်သွားခဲ့၏။

"ဦးမြတ်သာ...ခင်ဗျားလည်း ကျေနပ်ပါတော့ဗျာ။ ကျုပ်တို့ရဲ့ အမှားတွေကို ဒီနေရာမှာပဲ သင်္ချိုင်းဟုပုန်းချေလိုက်ကြပါစို့၊ ကျုပ်သားဟာ ကျုပ်အရှက်အတွက် သူ့ရဲ့ အသက်ကို ပေးသွားခဲ့ပါပြီဗျာ၊ ပေးသွားခဲ့ပါပြီ"



ပတ်ဝန်းကျင်မှ လမ်းလျှောက်သူများ ရောက်လာကြသည်။ လာကြသည့် သူများ၏ အံ့သြခြင်းများကြောင့် ဦးမြတ်သာက သူ့အမှားကို သူကိုယ်တိုင် ဝန်ခံလိုက်၏။

"ကျုပ်သမီးကို သူ့သားက စော်ကားလိုက်လို့ ကျုပ် သတ်လိုက်တာပါ၊ ကျုပ်ကို သက်ဆိုင်ရာကို ပို့ပေးကြပါဗျာ၊ ကျုပ်အမှားကို ကျုပ် ဝန်ခံပါတယ်၊ မြန်မြန်သာ ပို့ပေးကြပါတော့ဗျာ"

ဆိုကာအား မျက်ရည်များဖြင့် အားပါးတရ လိုက်လိုက်လှဲလှဲ ပြောနေမိတော့၏။ ကျော်စည်သူ၏ မေတ္တာတရားသည် စာဖွဲ့ညွှန်းလျှင်ပင် ရေးမမီနိုင်အောင် ဖြစ်ခဲ့ရပေပြီ။ အစားထိုးမရသော မိဘအပေါ် ချစ်ခြင်းမေတ္တာထားနိုင်စေရန် ကျော်စည်သူက သက်သေပြလိုက်ခြင်း ဖြစ်ပေသည်။

**လေးစားစွာဖြင့်**
**ထက်ထက်ဦး(ဗေဒ)**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# အောင်ကျော်ဖြိုး

## သိကြားမှတ်တမ်း

## ဖျက်စမ်းပါ့ သည့်ချိန်ခါ



www.burmeseclassic.com

www.burmeseclassic.com




**သိကြားမှတ်တမ်း**
**ဖျက်စမ်းပေါ့ သည့်ချိန်ခါ**

**အောင်ကျော်မြို့**

အတိတ်ကိုတွေးမိရင်း သကြံန်ကို သတိရမိခဲ့ပါတယ်။

တစ်ခုသောသကြံန်ကလို့ ဆိုရမယ်၊ ဟုတ်ပါတယ်၊ တစ်ခုသောသကြံန်ကဆိုပါတော့။

ပြောလို့ပြောတာမဟုတ်ဘူး။ ကလေးတွေ သူတို့အချင်းချင်း စကားများလို့ ရန်ဖြစ်ခဲ့ကြရင် ဆိုင်ရာလူကြီးတွေက ကလေးတွေရဲ့ ဘက်ကနေ ဝင်ပါတတ်ကြတာ မဟုတ်လား။ ဒါတွေကို ပြန်စဉ်းစား ကြည့်တော့ အင်မတန်ကိုမှအောက်တန်းကျတဲ့ လက္ခဏာတွေပါပဲ။

ကလေးဆိုတာ ကလေးစိတ်ပဲရှိကြပေမပေါ့။ ခုရန်ဖြစ်နေပေမယ့် လို့ တော်နေကြရင် ပြန်တည့်သွားတတ်တာမျိုးလေ၊ ဒါတွေကို မသိနားမလည်တဲ့ မိဘမျိုးတွေကလည်း ရှိတတ်ကြသေးတော့ သူ့ကလေးကိုယ့်ကလေးဆိုတဲ့ အစွဲတွေနဲ့ ကလေးချင်းကစလို့ လူကြီး မိဘတွေအထိ ပြဿနာမီးတွေက လည်း တောက်ကုန်ပါရော။

မိုးမီးလောင်တယ်ဆိုတာ ဒါပါပဲ။ ပြဿနာတစ်ခုခု ဖြစ်လာပြီဆိုရင် တတ်သိလိမ္မာတဲ့ ဆင်ခြင်တုံတရားတွေနဲ့အတူ မိုးမီးမလောင်ရလေအောင် မိမိတို့ကိုယ်တိုင်က ကြံဆောင်အားထုတ်ရမှာပါ၊ အထူးသဖြင့်ကတော့ ကြီးတဲ့အမှုငယ်၊ ငယ်တဲ့အမှု ပပျောက်အောင်ပဲ့ပေါ့၊

❀❀❀❀❀

အခုလည်း ကြည့်ပါဦး၊ လူကြီးလို့မှမတော်တဲ့ မှခင်းတစ်ရပ်လေ၊ ဒေါ်ဖွားရင်တဲ့။ အသက်ကတော့ ကြီးပါပြီ၊ အသက်ကြီးသလို တရားတွေလည်း ကြီးခဲ့ရင် သိပ်ကောင်းမှာပါပဲ။ အသက်ကြီးပေမယ့်လို့ တရားတွေမကြီးခဲ့ရင်တော့ ပုံမှန်အနေအထားကြီးပဲ ဖြစ်နေမှာပါ။

သူ့မှာ သားတစ်ယောက်ရှိတယ်၊ အောင်တင့်တဲ့။ ခုမှ သူ့သားကလည်း ၅နှစ်အရွယ်လောက် ရှိသေးတာ၊ ဒေါ်ဖွားရင်ကလည်း အောင်တင့်ကို အသက်လောက်မက ချစ်လေတော့ သူ့မျက်စိအောက်ကတောင်အပျောက်ခံတာမဟုတ်ဘူး။ မိဘတစ်ယောက်ရဲ့ မေတ္တာတွေပေါ့။

တစ်နေ့မှာပေါ့၊ အခုလို သကြံန်တွင်းကြီးမှာပဲ။ ညနေ ၅ နာရီထိုးလောက် ရှိနေပါပြီ။ ဒေါ်ဖွားရင်ရဲ့သား အောင်တင့်နဲ့ တစ်ရပ်ကွက်တည်းနေတဲ့ ဒေါ်ဆင့်ရဲ့ သမီး နိုင်နိုင်တို့ တစ်ယောက်နဲ့ တစ်ယောက် ရေပက်ကစားရင်းက နေ ထပြီးရန်ဖြစ်ကြပါရောလား။

နိုင်နိုင်ဆိုတဲ့ ကောင်မလေးကလည်း အောင်တင့်တို့နဲ့ သက်တူရွယ်တူတွေပါပဲ၊ အမှန်က အောင်

www.burmeseclassic.com

တင့်မကောင်းတာ။ ရှေ့ဆက်ရမယ့် အစား နိုင်နိုင့်မျက်နှာကို အိုးမဲနဲ့ သွားသုတ်လို့ ပြဿနာတွေက စ ဖြစ်ခဲ့ရတာ။ နိုင်နိုင်ကလည်း ဘယ် ခံပါ့မလဲ။ အောင်တင့်ကို ဆဲလည်း ဆဲ၊ ဆိုလည်းဆို၊ ပြီးတော့ လက် ထဲမှာကိုင်ထားတဲ့ ဖလားခွက်ကြီး နဲ့လည်း အောင်တင့်မျက်နှာကို ဖြတ်ရိုက်လိုက်သေးတယ်။

ကလေးတွေ ရန်ဖြစ်နေတာကို ဒေါ်မွှားရင် အိမ်ပေါ်ကနေ မြင် လိုက်ရတယ်။ သားဇော်ဆိုတော့ လည်း ဒေါ်မွှားရင် မနေနိုင်တော့ပါ ဘူး။ လုပ်လက်စအလုပ်ကလေးကို ဖြတ်လို့ ရန်ဖြစ်နေတဲ့နေရာကို အပြေးကလေး သွားလိုက်ရတယ်။

နိုင်နိုင့်ကိုကြည့်ရင်း ဒေါ်မွှား ရင်ကတော့ ပြောပါတယ်။

''သမီးရယ် စိတ် မဆိုးပါနဲ့၊ သကြန် တွင်းမို့ အဒေါ့်သားက ပျော် လို့နေတာပါ၊ အောင်တင့်ကို အမေ ဆူလိုက်ပါ့မယ်၊ ဒီ အကောင်တော့လား အိမ်ကျမှ ငါ့အကြောင်း သိမယ်''

အောင်တင့်ကတော့ သူ့အမေ အကြောင်း ကိုသိလို့ အဝေးကြီး ကတည်းကိုက ရှောင်ထွက်သွားပြီ လေ။ ဒေါ်မွှားရင်ရဲ့ ဖြေသိမ့်မှု ကြောင့် ပြဿနာကလည်း သည် မှာတင် ပြီးသွားတယ်။

ဒါပေမဲ့လို့ ပြဿနာတွေရဲ့ နောက်ဆက်တွဲတွေက မထင်မှတ် တဲ့နေရာကနေ ပေါက်ချလာပြန် တယ်။ ဘယ်သူရှိရမှာတဲ့လဲ။ နိုင် နိုင့်ရဲ့အမေ ဒေါ်ဆင့်ပေါ့။ ရန်ဖြစ် တဲ့နေရာကို အားချင်းပေါက်ချလာ တယ်။

ပြီးတော့လည်း ဘာမပြော ညာမပြောနဲ့ ဒေါ်မွှားရင်ကို ပါလာ တဲ့တုတ်နဲ့ ရိုက်လိုက်တာလေ။ ဒေါ် မွှားရင်ကလည်း ဘယ်ခံပါ့မလဲ။ လှမ်းရိုက်လာတဲ့တုတ်ကို ဖမ်းဆွဲ ရင်း ဒေါ်ဆင့်ရဲ့ပါးကို ရိုက်ချလိုက် တာပေါ့။



တစ်ယောက်နဲ့တစ်ယောက် သတ်ပုတ်နေလိုက်ကြတာ။ သည် ကြားထဲမှာ ဒေါ်ဆင့်က ဒေါ်မွှားရင် ကို ဆောင့်တွန်းလိုက်လို့ ဒေါ်မွှား ရင်ခမျာမှာ မြေကြီးပေါ်တောင် ပက်လက်လန်ပြီး လဲကျသွားရရှာ တယ်။

ဒါနဲ့လည်း မပြီးသေးဘူး။ ဒေါ် ဆင့်က ဒေါ်မွှားရင်ရဲ့ ရင်ဘတ်ပေါ် ကို ခွစီးပြီး သရဲဘီလူးစီးသလိုမျိုး ဆံပင်ကိုဆွဲပြီး ပါးကို ဘယ်ပြန်ညာ ပြန် ချနေလိုက်တာ။ ဒေါသများ ကြောက်ဖို့ကောင်းလိုက်တာ။

သည့်ဒေါသကြောင့်ပဲ လူတွေ ဒုက္ခရောက်ရတာ၊ လူတွေ ဘဝပျက်ရတာ။ ဒေါသစိတ် ကလေးတစ်ချက်လောက် ဝင်လာခဲ့ရင် အဲသည် လူဟာ ဝင်လာတဲ့ အချိန် မှာပဲ လူစိတ်ပျောက်သွား ရတာအမှန်ပါပဲ၊

ဒါနဲ့လည်း အား မရသေးပါဘူး။ ဒေါ်ဆင့် က ဒေါ်မွှားရင်ရဲ့ နားရွက် တစ်ဖက်ကို သွားနဲ့ ကိုက်ဖြတ် ပစ်လိုက်တာ၊ အတော့်ကိုရက်စက် တဲ့ ဒေါ်ဆင့်ပါ၊ ဒေါ်မွှားရင်ရဲ့ နား ရွက်တစ်ဖက်မှာတော့ သွေးသံရဲရဲ နဲ့ပေါ့။ ပြင်လို့မှ



www.burmeseclassic.com

www.burmeseclassic.com

မကောင်းတော့ပါဘူး။

သည့်အချိန်မှာ ဒေါ်ဆင့်ရဲ့ ညီမတစ်ယောက် ပေါက်ချလာတယ်၊ ဘယ်ကနေဘယ်လို သတင်းကြားပြီး ရောက်လာသလဲတော့ မသိတော့ပါဘူး။ သူကလည်းပဲ မနိုင် နိုင်ရာလုပ်မယ်ဆိုပြီး ဒေါ်ဖွားရင်ရဲ့နံကြားကို ခြေထောက်နဲ့ ပိတ်ကန်ပစ်လိုက်တယ်။

သည့်ကြားထဲမှာ ဒေါ်ဆင့်နဲ့ အမျိုးတော်စပ်တဲ့သူတစ်ယောက်ကလည်း ရောက်ချလာသေးတယ်။ သူကလည်း ဘယ်နေပါ့မလဲ။ ဒေါ်ဖွားရင်ကို ထပ်ပြီးနှိပ်စက်လိုက်သေးတယ်၊ သူ့ကြည့်လိုက်တော့ ယောကျ်ားကြီးပါ။ ယောကျ်ားကြီးတစ်ယောက် ဖြစ်ပါလျက်ကယ်နဲ့ ယောကျ်ားစိတ်မမွေးနိုင်တာကတော့ တကယ့်ကို အံ့စရာပါပဲ။

အေးလေ၊ လောကကြီးမှာ ယောကျ်ားဖြစ်ပါလျက်နဲ့ မိန်းမစိတ်မွေးတဲ့သူတွေရှိသလို မိန်းမဖြစ်ပါလျက်နဲ့ ယောကျ်ားစိတ် မွေးတဲ့သူတွေကလည်း တစ်ပုံတစ်ပင်နဲ့ အငုံအသင့်ရှိခဲ့တာမျိုးမဟုတ်လား။

ဒေါ်ဖွားရင်ခမျာမှာ ဒေါ်ဆင့်တို့အမျိုးတစ်သိုက် နှိပ်စက်မှုတွေကြောင့် လူမှာလည်း ခပ်မြော့မြော့လေးပဲ ကျန်တော့တယ်။ သည့်နောက်ပိုင်းမှာ ပွဲက မပြီးသေးပါဘူး။ ဒေါ်ဆင့်ရဲ့မောင်ဆိုလားပဲ။ သူကလည်း အမြွှာကလေး ဝင်ရောက်လာပြီး ဒေါ်ဖွားရင်ရဲ့လက်ကိုလိမ်ချိုးပြီး မကြားဝံ့မနာသာတွေနဲ့ ဆဲနေလိုက်တာ။

* * * * *

တစ်ယောက်နဲ့တစ်ယောက်၊ တစ်ဦးနဲ့တစ်ဦး၊ ထားရှိရမယ့် ချစ်ခြင်းမေတ္တာတွေ ဘယ်ရောက်ကုန်ကြပြီတဲ့လဲ၊

ချစ်ခြင်းမေတ္တာတွေ ကင်းမဲ့ခဲ့ရင် အယူအကြည်တွေလည်း ကင်းတာပါပဲ၊

အယူအကြည် ကင်းမဲ့ရင် အမျက်တွေ လွှမ်းတတ်တာပါပဲ၊

အမျက်တွေလွှမ်းခဲ့ရင် မဆင်မခြင် ပြုမိကြမှာပါပဲ။

မဆင်မခြင်ပြုမိခဲ့ရင် အကျိုးတွေလည်း ယုတ်ပြီပေါ့။

တကယ်တော့ သည့်လိုဖြစ်ပျက်ခဲ့ရတာတွေက မိမိတို့ကိုယ်မိမိတို့ ဟိရိဩတ္တပ္ပဆိုတဲ့ သူတော်ကောင်းဥစ္စာတွေမရှိခဲ့လို့ ဖြစ်ရတာပါ။

ဟိရိဩတ္တပ္ပမရှိတဲ့သူဆိုတာ မကောင်းမှုကို ပြုလွယ်တယ်။

ဟိရိဩတ္တပ္ပမရှိတဲ့သူဟာ မှန် သောစကားကို မဆိုတတ်ဘူး။

ကိုယ်လွတ်ရာလွတ်ကြောင်းကိုပဲ ဦးစားပေးလို့ အမြဲတမ်း ဆင်

သည့်ကြားထဲမှာ
ဒေါ်ဆင့်နဲ့ အမျိုးတော်စပ်တဲ့သူ
တစ်ယောက် ကလည်း
ရောက်ချလာသေးတယ်။
သူကလည်း ဘယ်နေပါ့မလဲ။
ဒေါ်ဖွားရင်ကို ထပ်ပြီးနှိပ်စက်လိုက်
သေးတယ်။
သူ့ကြည့်လိုက်တော့
ယောကျ်ားကြီးပါ။
ယောကျ်ားကြီး
တစ်ယောက် ဖြစ်ပါလျက်ကယ်နဲ့
ယောကျ်ားစိတ်
မမွေးနိုင်တာကတော့....

www.burmeseclassic.com

ခြင်တုံတာရှား ကင်းမဲ့မှုနဲ့ ဆင်ခြေပေးရလေ့ရှိတယ်။

ကြောင့်မတ်မှန်ကန်မှုဆိုတာက လည်း လုံးဝမရှိပါဘူး။

မကောင်းသောအမှုတွေမှာ ပျော်မွေ့ခဲ့ရင် ဟီရိဩတ္တပ္ပကင်းတာပါပဲ။

သည်လိုကင်းခဲ့ရင်ဖြင့် ကိုယ့်ကိုလည်း မစောင့်ရှောက်နိုင်တော့ပါဘူး။

နှုတ်ကိုလည်း မစောင့်ရှောက်နိုင်တော့ပါဘူး။

ဘယ်သူမဆို ဟီရိဩတ္တပ္ပကင်းရင် မှားတတ်တာချည်းပါပဲ။

မိမိမှာ ဟီရိဩတ္တပ္ပတရား ရှိမရှိဆိုတာကို သိချင်ရင်ဖြင့် အပြောနဲ့လည်း သိစေရသလို အပြုအမူနဲ့လည်း သိစေရမယ်ဆိုတာကိုပါပဲ။

ဒေါ်ဆင့်တို့ဘက်က သည်လို စိတ်ထားမျိုးတွေ မရှိခဲ့လို့ သည်လိုမျိုးတွေ ဖြစ်ခဲ့ရတာပါ။ ပွဲကတော့ဖြင့် အတော်ကို ကြည့်လို့မကောင်းတော့တဲ့ ပွဲကြီးတစ်ခုပါ။

အများနဲ့တစ်ယောက် ဖြစ်နေတော့လည်း ဒေါ်ဖွားရှင်အနေနဲ့ ဘာလုပ်လို့ ရမှာတဲ့လဲ။ ခံပေဦးပေါ့ သည်တစ်သက်ပေါ့လေ။

✿✿✿✿✿

ကလေးချင်းကစလို့ ဖြစ်ခဲ့ရတဲ့ ရန်ပွဲကြီးပါ။ မိုးတင်မဟုတ်ပါဘူး။ မိုးထက်မြင့်တဲ့ နေရာထိအောင် လောင်ခဲ့တဲ့ မဟာမဟာ မီးကြီးပဲပေါ့။

ရပ်ကွက်ထဲက လူတွေကလည်း ကြည့်ရုံသာ ကြည့်နေတတ်တာ။ ဘယ်သူကမှ ဝင်ဆွဲရဲတာ



မဟုတ်ဘူး။ဒါလည်းဟုတ်ပါတယ်။ မတော်လို့များ ကိုယ့်ထိလာခဲ့ရင် ကိုယ်လည်းပဲ စိတ်နဲ့ပဲလေ။ ဘယ်ခံချင်ပါ့မလဲ၊ ပါရမီမရင့်သေးတဲ့သူတွေဆိုတော့ သည်လိုပဲ လက်ပိုက်ပြီးတော့ ကြည့်နေရတော့မယ်။

နောက်ဆုံးမှာတော့ သည်ရန်ပွဲကို ဖြေရှင်းပေးလိုက်တဲ့သူက တစ်ရပ်ကွက်တည်းသားဖြစ်တဲ့ ကိုကြီးပါ။ ကိုကြီးက မဟုတ်တာလုပ်ခဲ့လို့ရှိရင် မခံတတ်တဲ့ လူစားဖြစ်လေတော့ သတ္တိရှိရှိနဲ့ ကြားဝင်ဖြေရှင်းပေးလိုက်လို့ ရန်ပွဲက





www.burmeseclassic.com

www.burmeseclassic.com

လည်းပြီး ဆုံးသွားခဲ့တယ်။ အားလုံးကတော့ စိတ်မကောင်းစရာမှအပ ဘာတတ် နိုင်မှာတဲ့လဲ။

သည်ဖြစ်ရပ်နဲ့ပတ်သက် လို့ တရားလို ဖြစ်တဲ့ ဒေါ်ဖွားရင်ကလည်း ရန်ပွဲပြီးသွားတော့ သက် ဆိုင်ရာကိုသွားပြီး တိုင်တန်းလိုက်တယ်။

ဆိုင်ရာကလည်း ဘယ်နေပါ့မလဲ။ တရားဥပဒေစိုးမိုးရေးဆိုတာကလည်း ရှိသေးတာမဟုတ်လား။

ဖြစ်ပျက်ခဲ့တဲ့အမှုတွေ အပြည့်စုံဆုံး ဖိုင်လုံအောင် ဆောင်ရွက်နိုင်ဖို့ ချက်ချင်းဆိုသလို ဒေါ်ဆင့်နဲ့ အပေါင်းပါတစ်စုကို ရဲစခန်းရှိရာ ခေါ်ဆောင်သွားတယ်။

အမှန်တရားဆိုတာ ရှာဖွေခဲ့ရင် တွေ့မှာအမှန်ပါ။ အမှုတစ်မှုကို စုံစမ်းဖော်ထုတ်လိုက်လို့ တကယ် တမ်း အမှန်တရားတွေက ပေါ်ပေါက်လာခဲ့ရင်တော့ ဒေါ်ဆင့်တို့ အပေါင်းပါတစ်စု ဒုက္ခရောက်ပြီလို့သာ မှတ်လိုက်ပေရော့။ ကိုယ်လုပ်ခဲ့တဲ့အမှုတွေအတွက် ကိုယ်ပဲပြန် ပေးဆပ်ရတော့မှာလေ။

♛♛♛♛♛

ဒါကြောင့်မို့ ဘယ်ကိစ္စ၊ ဘယ် အမှုမျိုးမဆို ကိုယ့်အတွက် အကျိုးမရှိခဲ့ရင် မလုပ်တာ အကောင်းဆုံးပါပဲ။ ပြောထားပါလျက်ကယ်နဲ့ လုပ်မှားကိုင်မှား ဖြစ်ခဲ့ရင်တော့ ကိုယ်ဖြစ်ကိုယ်ခံ ပဲပေါ့။



လောကကြီးမှာ နေနေ ဒိုက် မှာတော့ ဘာမဟုတ်တဲ့ကိစ္စတွေမှာ ဘာမဟုတ်တဲ့ အတွေးတွေနဲ့ အတ္တမာနတွေထားလို့ ဝင်ရောက်စွက် ဖက်ခြင်းမျိုးမလုပ်ဘဲ မိမိမှာရှိတဲ့ မေတ္တာတရားတွေနဲ့ အတွေးရှတဲ့ စိတ်ထားတွေနဲ့ နေထိုင်ခဲ့ရင်တော့ မိမိအပေါ်မှာ ကျရောက်လာမယ့် အန္တရာယ်၊ ရန်စွယ်မျိုးတွေ တစ်းတစ်မှ မရှိတော့ပါဘူး။

လူကြီးတွေက ကိုယ့်ပြဿနာ ကိုယ်ဘယ်လောက်ပဲ ခေါင်းဆီး တောက်ခဲ့ပေမယ့် ခေါင်းဆီးတောက်လည်း တောက်တောက်ပါပဲ။

အောင်တင့်နဲ့ နိုင်နိုင်တို့ကတော့သည်ကိစ္စတွေက သူတို့နဲ့ မဆိုင်ဘူးလို့ သတ်မှတ်ထားပုံရပါတယ်။ လူကြီးတွေက သက်ဆိုင်ရာမှာ သူတို့ ပြဿနာတွေကို သွားရောက်ဖြေရှင်း နေတဲ့အချိန်မှာတော့ အရင်ကလိုပဲ တစ်ယောက် နဲ့တစ်ယောက် မြူးမြူး ကြွကြွနဲ့ ရောကစား နေလိုက်ကြတာ။ ကလေးဆိုတော့လည်း ကလေးစိတ်ပဲ ရှိကြပေမပေါ့။

အတ္တတို့၊ မာနတို့ ဆိုတာ ဘာသိတာ မှတ်လို့။ သူတို့နှလုံးသားတွေက ဖြူစင် သန့်စင်လွန်းလှပါတယ်။ အားလေ။ သကြံန်ကာလကလည်း ရောက်နေပြီဆိုတော့ ဖြူစင်တဲ့ နှလုံးသားတွေနဲ့အတူ သူတို့လည်း ပျော်ချင်ရှာပေမပေါ့။

သူတို့လေးတွေကိုကြည့်ပြီး နှစ်ဖက်သောမိဘတွေက တရားအစ ယူတတ်ခဲ့ရင် သိကြားမင်းရဲ့ မှတ်တမ်းထဲမှာတောင် ရေးမှတ်စရာ မလိုတော့ပါဘူး။

**အောင်ကျော်မြူး**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



**ကျောင်းသွားဖော်**
**ညီမလေး**

**ရွှေသာမောင်ကြီး (မြစ်ငယ်)**

ကိုသိန်းဇော်သည် မောင်ဝင်းရွှေနှင့် မောင်တင်ဝေတို့နှစ်ယောက်အား မျက်တောင်မခတ် စိုက်ကြည့်နေမိသည်။

သူ၏မျက်ဝန်းအိမ်သည် ဝိုင၀မှာဖြင့် တရွေ့ရွေ့ စိတ် အတောသိက်က အတိတ်ဆီသို့ ကူးပြောင်းနေမှန်းမသိ ကူးပြောင်းသွားခဲ့သည်။ အတိတ်ဆိုသည်ကလည်း ၁၉၅၉ ခုနှစ်ဆီက ဖြစ်ရပ်များအား ဝိုဝိုပြင်ပြင် ထင်ဟပ်လာပါတော့သည်။

♛♛♛♛♛♛

မန္တလေးမြို့.....

နံနက်ချိန်ခါရောက်လေတိုင်း အလုပ်သွားချိန်၊ ရုံးတက်ချိန်၊ ကျောင်းသွားချိန်၊ ဈေးသွားချိန်စသည့်အချိန်များဖြစ်၍ အထူးသဖြင့် ဘတ်စ်ကားတွေသည် မြွတ် သိပ်ညပ်လျက်ဖြင့် ပြေးဆွဲနေကြသည်။

သိန်းဇော်က ပတ်ဝန်းကျင်သို့ ဝေ့ဝိုက်ကြည့်လိုက်သည်၊

ထို့နောက် သိန်းဇော်သည် ဘောင်းဘီအိတ်ထဲသို့ လက်ကို သွင်းနှိုက်ကာ ဒုနှန့်၍နေသည်။

သူ၏လက်မှာ ဘောင်းဘီအိတ်အတွင်းမှ ထိုးထိုးထောင်ထောင်ရှိနေသော စာအိတ်ကို စမ်းကိုင်လိုက်မိသည်။ ဘောင်းဘီအိတ်အတွင်း လက်နှိုက်၍ စမ်းကိုင်လိုက်မိသလို အပြုံးရိပ်တစ်ခုကလည်း သိန်းဇော်၏မျက်နှာပြင်ပေါ် ဖြတ်သန်းသွားသည်။

"မိုးမိုး....."

ဟုတ်ပါသည်။ တစ်ချိန်သောအခါက ကျောင်းသွားဖော်ညီမလေး မိုးမိုး။

မိုးမိုးထံမှ စာကလေးတစ်စောင်။

မိုးမိုးကား ငယ်ငယ်က သူနှင့် အကြတ္တု ကျောင်းသွားဖော်တစ်ယောက်။ သည့်ထက်ပို၍ အမှတ်သာပြုရသော် သူနှင့် မောင်နှမကဲ့သို့ ခင်မင်သူတစ်ဦး။ ခုစာက ငညီး မိုးမိုးထံမှ ပေးလိုက်သည့်စာတစ်စောင်။ ဩော်.....နေရာအတည်တကျမရှိသော သူ၏နေရပ်လိပ်စာကို ဘယ်ကဘယ်လို စုံစမ်းပြီး စာရေးလိုက်ပါလိမ့်မှ သိန်းဇော်တစ်ယောက် မတွေးတတ်တော့ပါ။

သူက မတွေးချင်ပေမယ့် သူ၏ဦးနှောက်မှတ်ဉာဏ်ထဲမှာ မိုးမိုးရေးပေးသောစာကို အလွတ်ရနေခဲ့၏။ ဤအချိန်အထိ အလွတ်ပင်ကျက်မှတ်မိလာသည်အထိ မိုးမိုး၏စာကို ဖတ်ခဲ့ပြီးပြီဖြစ်၏။ ခဏခဏ ဖတ်ပါများလာ၍လည်း အလွတ်ပင်ရနေပြီမဟုတ်ပါလား။

♛♛♛♛♛

သိန်းဇော်က မိုးမိုးထံမှစာကို



www.burmeseclassic.com

www.burmeseclassic.com

တစ်ခေါက်ထပ်ဖတ်ကြည့်ခဲ့ပြန်၏။ သူ့အပေါ် မည်မျှသံယောဇဉ်ရှိနေကြောင်း ထိုစာတွင် တွေ့နေရ၏။

“ဇော်ဇော်ရေ... နင်တစ်ယောက် ကျောင်းထွက်သွားပြီ၊ ကိုယ့်မိဘအလုပ်ကို မကူညီဘဲနဲ့ ဆိုးတွန်းမိုက်ကျင့်နေပါလား။ နင့်မိဘတွေက အင်ကြင်လိုက်တဲ့ အမွေပြုတ်ကြေငြာကို နင်ဝမ်းသာအားရဖြစ်ပြီးတော့ လောကကြီးကို ခါးတောင်းကျိုက်ဦးမယ်ပေါ့လေ။

မိဘမေတ္တာဆိုတာ ကြီးမားပါတယ်ဟာ၊ ကောင်းဆိုးမကျုံးဆိုးကိုသာ မမိုးယုံမှုံရှိတယ်၊ သားဆိုးသမီးဆိုးကို ဘယ်မိဘကမှ မမိုးယုံ မနှိုးပါဘူး ဇော်ဇော်။ ကိုယ့်မိဘပဲ၊ နင်ဝန်ခွဲတောင်းပန်ရင် ကျေနပ်ကြမှာပါ၊ ဥပမာ နင်က ပိုးကောင်မျိုး မီးကိုတိုးဆိုးသလို ရှုတ်တိုးကို မိုက်ကျင့်နေပါပါလား။

ရှုတ်တိုး တဲ့ ဘဝနိဂုံးဟာ ဘာပဲဆိုတာ နင်သိတယ်မဟုတ်လား ဇော်ဇော်၊ ဒီမယ် ဇော်ဇော် မျက်အစဉ် မြင်သာတဲ့၊ လူသားတိုင်းမှာ အားမာန်ရှိရမယ်။ နင်ဟာ ယောကျ်ားမဟုတ်ဘူးလား၊ နင့်ဘဝကို နင်မပြုပြင် နိုင်တော့ဘူးလား၊ နင်မပြုပြင်နိုင်တော့ဘူးဆိုရင်တော့ ငါ ရှင်းရှင်းလေးပဲပြောမယ်။ နင်ဟာ ယောကျ်ားမဟုတ်ဘူး။

ဒါပဲပဲ ဇော်ဇော်၊ နင့်ဘဝလမ်းကြောင်းကို တည့်မတ်စေချင်တယ်။

အမြဲမောင်နှမလိုခင်တဲ့

မိုမို၊

မောင်နှမလိုခင်မင်သူ မိုးမိုး၏ မှာစာကတော့ ဒါပဲဖြစ်သည်။ စာက ပြောပလောက်အောင် မရှည်လှသော်လည်း ပြုပြင်ပြောင်းလဲစေလိုသော သူ့ဘဝအတွက် စာနာစိတ်၊ ကြင်နာစိတ်တွေကတော့ မိုးမိုးရင်တွင် အမြဲရှိနေခဲ့ဟန်တူသည်။

သိန်းဇော်တစ်ယောက် ပြုံး



လိုက်မိသည်။

သူ၏အပြုံးသည် နှစ်ခြိုက်လက်ခံလေသော အပြုံးလား.....

သရော်သောအပြုံးလေလား.....

သူမှလွဲ၍ မသိနိုင်ပါလေ။

❀❀❀❀❀

ထိုစဉ် မှတ်တိုင်သို့ လူများပြွတ်သိပ်ညပ်လျက် ပါလာသော ဘတ်စ်ကားတစ်စီး ထိုးဆိုက်လာသည်။ ထိုဘတ်စ်ကားသည် ရှမ်းစုဘူတာမှထွက်လာသော အမှတ်(၁) ဘတ်စ်ကားဖြစ်၍ သိန်းဇော်က လျင်မြန်စွာပင် ကားပေါ်သို့တက်၍ လိုက်ပါသွားတော့သည်။

ကားပေါ်တွင် သိန်းဇော်သည် အတည်ငြိမ်ဆုံးသော အနေအထားဖြင့် မျက်စိကစားလိုက်သည်။ ထိုအချိန်တွင် အပေါင်းအသင်းများဖြစ်သော ဘဂျမ်းနှင့် လှမောင်တို့ကို သူမြင်တွေ့လိုက်သည်။ သိန်းဇော်က ခေါင်းကိုတစ်ချက်ညိတ်ပြ၍ အချက်ပေးလိုက်ပါသည်၊ ဘဂျမ်းနှင့် လှမောင်တို့ကလည်း အသိအမှတ်ပြုသည့်သဘောဖြင့် ပြုံးပြ လိုက်သည်။

ကားသည် မှတ်တိုင်များတွင် ရပ်လိုက်၊ မောင်းလိုက်၊ ခရီးသည်များကို တင်လိုက်၊ ချလိုက်နှင့် ဆင်းသူကဆင်း၊ တက်သူကတက်ဖြင့် ဆက်လက်ထွက်ခွာလာခဲ့၏။

တစ်မှတ်တိုင်ပြီးတစ်မှတ်တိုင်။

သိန်းဇော်တစ်ယောက် သမင်ကိုချောင်းမြောင်းနေသော မုဆိုးအလား သားကောင်ကို အချိန်အမြဲနိုဖမ်းရန် ချောင်းနေသည်။

www.burmeseclassic.com

ဘတ်စ်ကားက တစ်မှတ်တိုင်ပြီး တစ်မှတ်တိုင်၊ တစ်ပြပြီး တစ်ပြ ကျော်လွန်လာခဲ့ရာ ရွာဟိုင်းဈေး ထိပ်မှတ်တိုင်ကိုပင် ကျော်လွန်လာခဲ့သည်။

''ဟာ...ကိုယ်ကျိုးနည်းတော့ပဲ၊ ပါသွားပြီ''

မှတ်တိုင်မှတက်လာသော လူကြီးတစ်ယောက်က လက်မှတ်ဖြတ်ရန်အတွက် အိတ်ထဲနှိုက်လိုက်စဉ်မှာပင် အထိတ်တလန့် အော်လိုက်သည်။

ထိုလူကြီး၏မျက်လုံးများမှာ ပြူးကျယ်နေသည်။ ဘတ်စ်ကားပေါ်မှ လူများ၏ ဆဲသံ၊ ဆိုသံ၊ ကြိမ်းမောင်းသံများက တစ်ကားလုံး မိုးမွှန်သွားပါတော့သည်၊ ထိုလူကြီးမှာ ခါးပိုက်နှိုက်ခံလိုက်ရပါလေပြီ။

ကားပေါ်မှ အမျိုးသမီးငယ်တစ်ယောက်ကတော့ ခေါင်းကိုတဆတ်ဆတ် ညိတ်နေသည်။ သည့်နောက် သူမ၏ရင်တွင်းမှ တိုးတိုးရေရွတ်လိုက်သည်။



''ငြော်...ဇော်ဇော်.....ဇော်ဇော်''

တစ်ချိန်က သူမနှင့် မောင်နှမလိုခင်မင်ပြီး ကျောင်းသွားဖော်ဖြစ်သော သိန်းဇော်ကို မျက်ဝါးထင်ထင် ကားပေါ်မှာပင် မြင်လိုက်ရချေပြီမဟုတ်ပါလား။

သူမကာ ခေါင်းကိုငုံ့မကြည့်ပေမယ့် သိန်းဇော်အား ခရီးသည်များက ဆဲဆိုကြိမ်းမောင်းသံများကို နားကကြားနေရသည်၊ ကားပေါ်တွင် ထိုဆဲဆိုသံများ မိုးမွှန်လာသည်နှင့်အမျှ သူမ၏အသည်းနှလုံးတွင် နာကျင်မှုဖြစ်လာရသည်၊ သူမသည် ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပြီး ရှေ့မှတ်တိုင်အရောက်တွင် ကားပေါ်မှ ဆင်းလိုက်တော့သည်။

မိုးမိုးသည် ပလက်ဖောင်းပေါ်တွင် ခုနကျွေးလျှောက်နေရင်း သူမ၏မျက်စိအစုံတွင် ဂျင်းရှပ်နှင့် ဂျင်းပင်နှင့် အမှတ်(၁)ကားပေါ် တက်လာသော သိန်းဇော်၏ရုပ်ပုံကို ပျောက်ပျက်မရ။ သိန်းဇော်က

သူမကာ ခေါင်းကိုငုံ့မကြည့်ပေမယ့် သိန်းဇော်အား ခရီးသည်များက
ဆဲဆိုကြိမ်းမောင်းသံများကို နားကကြားနေရသည်။
ကားပေါ်တွင် ထိုဆဲဆိုသံများ မိုးမွှန်လာသည်နှင့် အမျှ သူမ၏အသည်းနှလုံးတွင် နာကျင်မှုဖြစ်လာရသည်။
သူမသည် ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပြီး ရှေ့မှတ်တိုင်အရောက်တွင် ကားပေါ်မှ.....



www.burmeseclassic.com

www.burmeseclassic.com

လည်း သူ့အားမမြင်မိ၊ မြင်မိအောင်လည်း သိန်းဇော်က မကြည့်မိ။ သိန်းဇော် ကြည့်မိသည်က သူ့အတွက် သားကောင်သာ ဖြစ်ပါတော့သည်။

မိုးမိုးတစ်ယောက် သိန်းဇော်၏ ရုပ်ပုံလွှာကို မြင်လာခဲ့ရင်းမှ သူမ၏ စိတ်အစဉ်သည် တစ်ရံရောအခါက ဖြစ်ခဲ့ရသော၊ ကြုံတွေ့ခဲ့ရသော အတိတ်ဖြစ်စဉ်ဆီသို့ တရွေ့ရွေ့ထွက်ခွာသွားတော့သည်။

♛♛♛♛♛

''ဒီမှာ ဇော်ဇော်''

''ဘာလဲဟင်''

''နင်ဟာလေ မင်းလတ်တို့အဖွဲ့နဲ့ မပေါင်းပါနဲ့ဆိုလည်း ပေါင်းတာပဲ၊ အမှတ်လည်းမရှိဘူး၊ ပြီးတော့ သူတို့နဲ့တွဲပြီး ကျောင်းမတက်ဘဲ ဟိုဝေ့ဒီဝေ့နဲ့ အချိန်ဖြုန်းနေတော့တာပဲ''

''ဟဲ.....ဟဲ၊ မိုးမိုးကလည်းဟာ''

''ဒါပဲ.....ဒီကပြောရင် သူကရယ်ကျဲကျဲလုပ်စုံကလွဲပြီး စကားမပြောတတ်ဘူး။ လုပ်ပုံက အေးအေး၊ ဒါပေမဲ့ ကိုလေလွင့်တို့နဲ့ပေါင်းပြီး ဟိုလားလား၊ ဒီလားလား လုပ်တတ်နေပြီမဟုတ်လား၊''

[redacted]

**သိန်းဇော်သည် မိုးမိုးအား**
**မျက် တောင်းဆိုးဆိုးကြီးတော့လည်း**
**ခေါင်း လေးငိုမ်းနဲ့ရှဲ**
**ရယ်နေရှာသည်။**
**သို့သော် ပြောတုန်းခဏပါ။**
**မိုးမိုး ထက်**
**သူသူငယ်ချင်းများကို**
**မရှုနှ် ဆန့်ငုံချေ။**
**မိုးမိုးလည်း မပြောချင် တော့။**
**ပြောရတာ အခါခါဆိုတော့**
**မောလာခဲ့လေပြီ။**
**သိန်းဇော်လည်း ....**

[redacted]

မိုးမိုးတစ်ယောက် သိန်းဇော်အား ကရုဏာဒေါသောနှင့် ပြောလိုက်သည်။ သိန်းဇော်ကတော့ ရေရေရာရာ ပြန်မပြော၊ ပြုံးစုံသာ ပြုံးနေသည်၊

''ကျောင်း မတက်ခင် အတန်းထဲမှာ ထိုင်စမ်းပါ၊ စာကျက်ချင် ကျက်နေပေါ့၊ အခုတော့ ကျောင်းရောက်ရင် ချက်ချင်းပျောက်သွားတာပဲ၊ နင့်ဒီအချိုးမျိုးတွေ ကြပ်ကြပ်ချိုးနေ၊ ငါကြီးကြီးကို တိုင်ပြောရလိမ့်မယ်''

မိုးမိုးသည် ပြောမရသည့်အဆုံး သိန်းဇော်အား ကြီးကြီးနှင့်လှည့်ခြောက်ကာ ပြောလိုက်သည်။ သိန်းဇော်ကလည်း သိန်းဇော်။ ကျောင်းမှမရောက်သေး ပျောက်ခြင်းမလှ ပျောက်သွားတတ်သည်။

သိန်းဇော်နှင့်မိုးမိုးသည် အိမ်နီးနားချင်းများဖြစ်သည်။ ဆွေမျိုးသားချင်းပမာ လူကြီးမိဘများက ဆက်ဆံကြသည်။ သည့်တော့ သိန်းဇော်နှင့် မိုးမိုးတို့နှစ်ယောက်မှာ ကျောင်းသွားအတူ၊ ကျောင်းပြန်အတူဖြင့် တစ်ယောက်နောက်ကျ တစ်ယောက်ကစောင့်၍ ကျောင်းသွားကျောင်းပြန်ပြုကြသည်။

သိန်းဇော်နှင့်မိုးမိုးသည် တစ်ဦးနှင့်တစ်ဦး ဘဝတူများဖြစ်ကြသည်။ သိန်းဇော်က တစ်ဦးတည်းသောသားဖြစ်သလို မိုးမိုးကလည်း တစ်ဦးတည်းသောသမီးဖြစ်သည်၊ သည်တော့ သူတို့နှစ်ယောက်တွင် သံယောဇဉ်ထားရမည့် ညီအစ်ကိုမောင်နှမ မရှိကြ၊ ဒါကြောင့်လည်း သိန်းဇော်နှင့် မိုးမိုးတို့သည် မောင်နှမအရင်းသဖွယ် ခင်မင်ရင်းနှီးခဲ့ကြသည်။

''အေးပါ မိုးမိုးရာ၊ မေမေ့ကိုတော့ မတိုင်လိုက်ပါနဲ့၊ နင်ပြောသလို အတန်းထဲထိုင်နေ့ပို ထိုင်

www.burmeseclassic.com

နေပါ့မယ်''

ကြီးကြီးဟုခေါ်သည့် သိန်းဇော်၏အမေအား တိုင်ပြောမည်ဆိုသဖြင့် သိန်းဇော်က အားမဘာခန့်ခဲ့လိုက်သည်။

''အမယ် တိုင်နေဆိုလို့ ငုတ်တုတ်ကြီးထိုင်နေလို့ ဘယ်ဖြစ်မလဲ တလည်းကျက်မှပေါ့''

မိုးမိုးက အမင်းရည်ရ သားတက်သလို သိန်းဇော်အား တစ်ရစ်ချင်း ရစ်ပတ်လိုက်ပြန်သည်။

''ဟုတ်ကဲ့ပါ ဆရာမရယ်၊ ဆရာမအလိုကျ ကျွန်တော်မျိုး နေပါ့မယ်ခနော်''

''ဟင်း...သူ့ဒါပဲတတ်တယ်''

သိန်းဇော်သည် မိုးမိုးက မျက်စောင်းထိုးလိုက်တော့လည်း ခေါင်းလေးငုံ့ပြီး ရယ်နေရှာသည်၊ သို့သော် ပြောတုန်းကပါ၊ မိုးမိုးထက် သူ့သူငယ်ချင်းများကို မလွှန်ဆန်ဝံ့ချေ။ မိုးမိုးလည်း မပြောချင်တော့၊ ပြောရတာ အဝါ[illegible]တော့ မောလာခဲ့လေပြီ၊ သိန်းဇော်လည်း ကြာလေကြာလေ မိုးမိုးအား အမြင်ကတ်လာရတော့မည်၊

မိုးမိုးတစ်ယောက် တစ်နှစ်တစ်တန်း မှန်မှန်စာမေးပွဲအောင်ပြီး အတန်းတွေတက်လာခဲ့သည်။ မိဘများ၏ စားဝတ်နေရေးအခြေအနေအရ ကျောင်းဆက်မတက်တော့ဘဲ နွေလေးမြို့ရှိ အစိုးရရုံးဌာနတစ်ခုတွင် စာရေးမအဖြစ် ဝင်လုပ်နေခဲ့သည်။

တစ်နေ့ ရုံးအသွားတွင် သိန်းဇော်အား အမှတ်မထင် ဘတ်စ်ကားပေါ်တွင် မြင်ခဲ့ရသည်၊ သိန်းဇော်တစ်ယောက် ၉ တန်းမှကျောင်းထွက်၍ မိဘများ၏ ပွဲရုံလုပ်ငန်းကို



မကူညီသည့်အပြင် ဖိုက်ဆံရှိသားသမီးပီပီ စိတ်ကူးယဉ်မှုများဖြင့် အပျော်အပါး၊ အသွားအလာများပြီး အသောက်အစားနှ လောင်းကစားများအထိ လုပ်တတ်လာကာ အပေါင်းအသင်းစုံ၍ သူ့ဘဝလမ်းကြောင်း မဖြောင့်တန်းနိုင်အောင် ယိမ်းယိုင်နေခဲ့တော့သည်။

သည်တော့လည်း မိုးမိုးနှင့် သိန်းဇော်တို့၏ ဘဝအခြေအနေမှာ ခေါနဲ့ကြသည်၊

တစ်ချိန်က အတန်းတူပြီး မျက်စိအောက်မှာရှိခဲ့သည့် သိန်းဇော်သည် သုထင်ရာသူ့စိုင်းနေစလေတော့ ယခုလို ကျောင်းထွက်ပြီး အပြင်လောကကိုရောက်မှတော့ သိန်းဇော်အဖို့ ပိုမို၍ လွတ်လပ်လာခဲ့သည်၊ မိုးမိုးတစ်ယောက် သိန်းဇော်အပေါ်ထားရှိသော ငါးရာနှစ်ဆယ့်ရှစ်သွယ်သော မေတ္တာတရားကြီးသည် မျက်ရည်ကြည်လေးတွေအဖြစ် ပြောင်းလဲခဲ့ရသည်၊

ငိုယိုမှုဆွေးခြင်းမှတစ်ပါး ဘာတတ်စွမ်းနိုင်ခဲ့ပေ။ မိုးမိုးသည် မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း ဝေ့ဝဲကျလာသော မျက်ရည်စလေးများကို သိမ်းဆည်းလိုက်၏။ ထို့နောက် ဆုံးဖြတ်ချက် တစ်ခုနှင့်အတူ ဒွန့်ပေါင်းဆွေး အနောက်ဘက်ရှိ အမှတ်(--)ရဲ ဘယ်ဖွဲ့စခန်း



www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ချိုးကွေ့၍ ခြေ လှမ်းသွက် သွက်ဖြင့် ဝင်ရောက် သွားတော့သည်။

*****

''မြတ်မွန်ရိပ်သာ''

သိန်းဇော်သည် ခြံဝင်းကြီးထဲသို့ တံခါးကို အသာတွန်း၍ ဝင်လိုက်သည်။ ပန်းအိုးများ တန်းစီထားသော လမ်းမလေးပေါ်တွင် သိန်းဇော်၏ ခြေလှမ်းတို့က သွက်လက်နေသည်၊ ယနေ့သည် ရက်သတ္တပတ်၏ နောက်ဆုံးနေ့ဖြစ်သလို စေစုခွဲပေးမည့်နေ့လည်းဖြစ်သည်။

သိန်းဇော်တစ်ယောက် ပျော်ရွှင်စွာ လေကလေးတချွန်ချွန်ဖြင့် တိုက်တံခါးဝသို့ ရောက်ခဲ့၏။ တံခါးအား အသာတွန်း၍ ဝင်လိုက်သည်၊ ထို့နောက် သိန်းဇော်သည် ထမင်း စားခန်း၏ ဝဲဘက်တွင်ရှိသော သီးခြားအခန်းသို့ ဝင်သွားခဲ့သည်။

''ဆရာကြီး''

သိန်းဇော်တို့ ပေးထားသော အမည်နာမ။

သိန်းဇော်တို့လူငယ်တွေအခေါ် ဆရာကြီးဆိုသူ၏မျက်နှာမှာ နီရဲနေပြီး မျက်လုံးများမှာလည်း စီဝေနေသည်၊ ဆရာကြီး၏နံဘေးတွင် လူမောင်နှင့် ဘကျန်းတို့ ထိုင်နေသည်။ သူတို့၏လက်ထဲတွင် ပယင်းရောင်လဲ့လဲ့သန်းနေသော ဖန်ခွက်ကလေးများကိုယ်စီနှင့်၊ သည်စားပွဲရှည်ကြီး၏ ယာဘက်တွင် သိန်းဇော်က ဝင်ထိုင်လိုက်သည်၊

စားပွဲကြီး၏အလယ်တွင် ဘဲပေါင်းနှင့် ကြက်မြစ်ကြော်သည်းကြော်၊ အာလူးကြော်စသည့် အမြည်းပွဲများ အစီအရီ နေရာယူထားသည်။ ပယင်းရောင် ယမကာပုလင်းတွေကလည်း အစီအရီနှင့်။ သိန်းဇော်သည် လူမောင်တို့၏ရှေ့တည့်တည့်တွင် ထိုင်လိုက်သည်။ ဆရာကြီးဆိုသူ၏အနီးရှိ စားပွဲပေါ်တွင် ငွေစက္ကူများက သွားရည်ကျစရာပင်၊

ဒါတွင်မကသေး၊ ဇွန်းထည့်ပစ္စည်းများလည်း ပါသေးသည်။ သည်ပစ္စည်းတွေသည် ဝိသမလောဘသမားတို့ လုပ်ဆောင်ခဲ့သည်၊ တစ်နည်းအားဖြင့် ခါးပိုက်





www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုပင် ဘဂျမ်းက အနီးရှိ လက်ထောက်ခေါင်းဆောင်ဖြစ်သူ လှမောင်အား မျက်နှာပြင်တည့်တည့်ကို
လက်သီးနှစ်ချက်ဆက် သွင်းလိုက်သည်။ လှမောင် လဲကျသွားသည်။
တစ်ပြိုင်တည်းတွင် စားပွဲပေါ်မှ ပုလင်းတစ်လုံးအား လှမ်းတစ်ပြက်ယူလိုက်ကာ
ဆရာကြီးဆိုသူထံ ဘဂျမ်းက .....

နှိုက်၊ ခိုးဝှက်ရာမှ ရရှိခဲ့သည့် ပစ္စည်းများ။ သိန်းဇော်၏ မျက်လုံး အစုံသည် ငွေစက္ကူနှင့် ရွှေထည် ပစ္စည်းများအပေါ် ကျရောက် သွားသည်။

"ဘယ့်နှယ်လဲ အောက်ကျလှ ချည်လား မောင်သိန်းဇော်"

ဆရာကြီးဆိုသူက စီခဲ့သော မျက်လုံးနှစ်လုံးကို ပင့်တင်ကြည့် လိုက်ရင်း၊ သိန်းဇော် ဘက်သို့လှည့်၍ မေး လိုက်သည်။

"ဟုတ်ကဲ့ ဆရာ ကြီး"

"ဆိုစမ်းပါဦးကွ၊ အကြောင်း ထူးရှိနေလို့ လား"

"မရှိပါဘူး ဆရာ ကြီး"

သိန်းဇော်သည် အဆီတဝင်းဝင်း တောက်နေသော ဆရာကြီးဆို သူ၏ မျက်နှာကို ကြည့်လိုက်ရင်း အဖြေပေးလိုက်သည်။

ဆရာကြီးဆိုသူက တစ်ဦး ချင်းစီ၏ မျက်နှာအားလုံးကိုကြည့် လိုက်သည်။

"ဒီမှာ လှမောင်၊ ဘဂျမ်း၊ သိန်းဇော်၊ ထွန်းခဲ၊ မင်းတို့ကို ငါ ရှင်းရှင်းနဲ့ တိုတိုပဲပြောမယ်၊ နား ထောင်ကြ၊ ဒီနေ့ဝေစုမှာ ပစ္စည်း တွေထဲက မင်းတို့ လေးယောက် အ တွက် တစ်ထောင် စီရမယ်"



ဆရာကြီး၏ စကားသံအဆုံး၊ သိန်းဇော်က ၎င်း၏ အနီးရှိ ထွန်းခဲကို လှမ်း၍ကြည့်လိုက် သည်။ ထွန်းခဲ မျက်နှာက မကြည် သည့်မျက်နှာ၊ မျက် နှာချင်းဆိုင်ထိုင်နေ ကြသော လှမောင် နှင့် ဘဂျမ်းတို့၏ မျက်နှာမှာလည်း အလိုမကျသည့် မျက်နှာ။



www.burmeseclassic.com

www.burmeseclassic.com



ဘဂျမ်းက ခေါင်းကို ဖြည်း ဖြည်းလေးစွာခါ ယမ်းပြီး ပြောလိုက်သည်။

''ဒါကတော့ မနည်းဘူးလား ဆရာ ကြီး''

ဘဂျမ်းက ရုတ် တရက်ပြော လိုက်သည်။ ဆရာကြီးဆိုသူက ဘဂျမ်းကို ကြည့်ကာ နက်နက် ရှိုင်းရှိုင်း ပြုံးလိုက်သည်။

''ပြော် တစ်ခါမှ ပြန် မပြောတတ်တဲ့မင်းက ဘာလာ ပြောတာလဲ ဒီအထဲမှာ တယ်ရှုန် လှုရှုည်လား ဘဂျမ်း''



''အိုး ဟို ၊.....နည်းလို့နည်း တယ် ပြောတာပဲ ဆရာကြီး''

ဘဂျမ်းကလည်း မခေပါ။ ခပ်တည်တည်ပင် မတ်တတ်ရပ် ပြောလိုက်သည်။

ယခုတော့ ကျွဲနှစ်ကောင်ခတ်ရန် ရန်စောင်လာချေပြီကော။

လှမောင်က ပြုံးလိုက်သည်။

''ဟော့...ဘဂျမ်း ဒါဆိုမနည်းပါဘူးကွ''

လှမောင်က ဘဂျမ်းပခုံးကို ပုတ်ရင်း ပြောလိုက်သည်။

''ဘယ်ဟုတ်မလဲ လှမောင်၊ ငါကတော့ မကျေနပ်ဘူး''

''ဟား...ဟား...ဟား ဟုတ် လိုက်လေကွာ''

ဆရာကြီးက ကျော့မိုကုလား ထိုင်ကို နောက်လှန်မှီရင်း ရယ် မောကာ ပြောလိုက် သည်။

''ဒီမယ် ဘဂျမ်း''

''ဘာလဲကွ''

''မင်းကတယ်ပြီး အတွန့် တက်ချင်တဲ့ အကောင်ပဲ''

ပြောပြောဆိုဆို လှမောင်က ဘဂျမ်းထိုင်နေသော ကုလား ထိုင်ကို တွန်းလိုက်ရာ ဘဂျမ်းမှာ မဟန်နိုင်ဘဲ ကုလားထိုင်နှင့် အတူ လဲကျသွားလေသည်။

''ဟား...ဟား...ဟား၊ ဟော့.. ဘဂျမ်း၊ မင်းလိုကောင် မကျေနပ် လို့ ငါက ဂရုစိုက်ရမှာလားကွ''

ဆရာကြီးက လဲရာမှထနေသော ဘဂျမ်းအား ပြောလိုက်၏။

''ပြော်.....ခင်ဗျားတို့က ဒီလိုကို၊ ဒါမျိုးဆိုရင် ကျုပ်ကလည်း နှစ်ခါ မခံဘူး''

ပြောပြောဆိုဆိုပင် ဘဂျမ်းက အနီးရှိ လက်ဆောက်ခေါင်း ဆောင်ဖြစ်သူ လှမောင်အား မျက်နှာပြင် တည့်တည့်ကို လက်သီးနှစ်ချက်ပစ်သွင်း လိုက်သည်။ လှမောင် လဲကျသွားသည်၊ တစ်ပြိုင်တည်းတွင် စားပွဲပေါ်မှ ပုလင်းတစ်လုံးအား လှမ်းတစ်ပြက် ယူလိုက်ကာ ဆရာကြီးဆိုသူထံ ဘဂျမ်းက ပစ်ပေါက်လိုက်သည်။

ဆရာကြီးသည် အချိန်မီ ခေါင်းကို ဝပ်ချလိုက်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ပုလင်းမှာ တိုက်နံရံကို ထိမှန်ပြီး ကွဲသွားခဲ့ သည်။ ရုတ်တရက်ဖြစ်ပွားလာသော တိုက်ပွဲကို သိန်းဖော်နှင့် ထွန်းဇံတို့နှစ်ဦး သားကြောင်ကြည့်နေကြသည်။

ထိုစဉ် ဆရာကြီးက စားပွဲခုံနောက်မှ ထွက်လာသည်။ သူ၏လက်ထဲတွင်တော့ လှပသော ပစ္စတိုသေနတ်လေးတစ်လက်နှင့် ဘဂျမ်းအား ချိန်ရွယ်လျက်။ လှပသော်လည်း လူ့အသက်တစ်ချောင်းကိုတော့ သေမင်းနိုင်ငံသို့ အခမဲ့ ပို့နိုင်ပါသည်။

''ဟား.....ဟား''

ဆရာကြီးက အောင်မြင်သူတစ်ယောက်ပမာ ရယ်မောလိုက်သည်။

''ကဲ...ဘဂျမ်း၊ ငြိမ်ငြိမ်လေးနေလိုက်ပါကွာ''

ဆရာကြီး၏ရယ်မောသံနှင့်အတူ ဘဂျမ်းအားချိန်ထားသော သေနတ်ပြောင်းဆီသို့ အားလုံး ငေးကြည့်နေမိကြသည်။

ဆရာကြီးဆိုသူ၏ အောင်မြင်မှုရယ်မောသံသည် တာရှည်မခံလိုက်ပါ။ တဒင်္ဂအတွင်း လွင့်ပြယ်သွားရပါတော့သည်။

''ကဲ.....အားလုံး လက်မြှောက်လိုက်ကြပါ''

တံခါးမကြီးဆီမှ တိတ်တဆိတ် ဝင်ရောက်လာသော ရဲအရာရှိတစ်ဦး၊ အခန်းတံခါးကို တွန်းဝင်လာကာ သေနတ်ဖြင့် ချိန်ရွယ်ထား လိုက်သည်။ ရဲအရာရှိ၏နောက်မှ ရဲတပ်ဖွဲ့ဝင်များက လှမောင်၊ ဘဂျမ်း၊ သိန်းဖော် ထွန်းဇံတို့ဆီသို့ သေနတ်များဖြင့် ချိန်ရွယ်ထား လိုက်ကြသည်၊ လျှပ်တစ်ပြက်အတွင်း မှာပင် ပစ္စတိုသေနတ်ကို ဆရာကြီးဆိုသူထံမှ သိမ်းလော်သလို ဆရာကြီးဆိုသူ၏ လက်နှစ်ဖက်ကိုလည်း ပြောင်လက်သော စတီးလ်လက်ထိတ်တစ်စုံက နေရာယူလိုက်သည်၊



ထိုအတူပင် ဒုစရိုက်လောကသား လေးဦး၏ လက်အစုံများတွင်လည်း လက်ထိတ်ကိုယ်စီနှင့် ဖြစ်သွားတော့သည်။

သည့်နောက်တော့ မိုက်ကိုသားများအား အခန်းအပြင်သို့ခေါ်လာခဲ့သည်၊ အခန်းအပြင်ဘက်တွင်လည်း ရဲတပ်ဖွဲ့ဝင် ငါးဦးက နေရာယူထားသည်။

''ကိုသိန်းဖော်ဆိုတာ ခင်ဗျားလား''

ရဲအရာရှိက မေးလိုက်သည်။

''ဟုတ်ကဲ့၊ ကျွန်တော်ပါပဲ''

ရဲအရာရှိ၏အမေးကို သိန်းဖော်က မျက်နှာသေဖြင့် ဖြေလိုက်သည်၊ ရဲအရာရှိက ပြုံး၍ ဘောင်းဘီအိတ်ထဲမှ စာအိတ်အပြာလေးတစ်ခုကို နှိုက်ယူလိုက်ပြီး ပေးလိုက်သည်။

''ဒီမှာ ကိုသိန်းဖော် ရဲမိန်း


www.burmeseclassic.com

www.burmeseclassic.com



ကို အကြောင်းကြားတဲ့ အမျိုးသမီး တစ်ဦးက ခင်ဗျားအတွက် ပေး လိုက်တဲ့စာပါ''

သိန်းဇော်က ရဲ အရာရှိ၏ စကားကြောင့် မစဉ်းစားတတ် အောင်ဖြစ်သွားပြီး စာအိတ်ကို ယောင်တိ ယောင်ကန်းဖြင့် လှမ်းယူကာ ဖွင့်ဖတ်လိုက် သည်။



ဇော်ဇော်....

နင့်ကို မိုးမိုး တကယ်ပဲ မောင်နှမအရင်းလို ခင်မင်တယ်ဆိုတာ သိတယ်မဟုတ်လား။ နင်လေ မိုက်ကျွင်းနက်နက်ထဲကို ရောက်နေပေမယ့် နင့်ဘဝကို ငါ မကြည့်ရက်နိုင်ဘူး။ နင်လေ မိုက်ကျွင်းနက်တုန်း ပဲ။ ဒီဘဝကို ကယ်ဆယ်တဲ့အနေနဲ့ မိုးမိုး မကြည့် ရက်သေးမယ့် မိုးမိုးတစ်ယောက် နင့်ကို လေဘက် လေတန် ကရုဏာတဲ့ အမှာကိုက်၊ လမ်းမှာကိုက် သူတွေကို ပြုပြင်ပေးနေတဲ့နေရာကို ပို့လိုက်တယ်။ ခုဆိုရင် ကိုမန္တလေးမြို့ရဲ့ လုပ်သားပြည်သူတွေ အား လုံးက နင့်ကိုကို ခုရိုက်သမားတွေကို ပြုပြင်ဆုံးမ ဖို့ အနေအထားရှိနေကြပြီ။ ဂျုန်စီမံချက် (၁၁/၇၉) မှာ နင့်ကိုလိုလူတွေကို လမ်းမှန်ရောက်အောင် ပြုပြင် ဆုံးမဖို့၊ တစ်နည်းပြောရရင် အလှုပ်နဲ့အလင်း၊ နှစ် ခုထိုက်တဲ့ ဘဝနှစ်ခုကို အကဲခတ်ပေးတာတဲ့ လမ်း တစ်သွယ်ပဲပါ။ ငါ့ကို လုပ်ပိုက်ပြင်မှာ နင့်ဘဝ ကို ကောင်းစေချင်လို့ပါ။

ငါ့နောက်ဆုံး မျှော်လင့်ချက်ကတော့ အဖြိုက်လမ်း မှာ လမ်းမှန်ကလျှောက်ပြီး ပြန်လာစေချင်တာပါပဲ။ ဒီစာကို ခုံခန့်ထဲမှာပဲ ရေးပေးလိုက်တယ်။

မောင်နှမလိုခင်မင်တဲ့

မိုးမိုး

(ကျောင်းသူဟောင်းညီမလေး)

သိန်းဇော်တစ်ယောက် စာကို ဖတ်ပြီးဆုံးချိန်တွင် ယခုလို တသိကြီး နိုးဆိုးနိုက်တွေ ဖမ်းမိအောင် ပြည် သူ့သားသမီးကောင်းတစ်ယောက် အနေဖြင့် သတင်းပေးသူအား သိ လိုက်ရပေပြီ။

ဟင်းခနဲ သက်ပြင်းတစ်ချက် ချလိုက်မိသည်၊ သိန်းဇော်ရင်ထဲမှာ

နင့်ကို မိုးမိုးတကယ်ပဲ
မောင်နှမအရင်းလို
ခင်မင်တယ်ဆိုတာ
သိတယ်မဟုတ်လား။
နင်လေ မိုက်ကျွင်းနက်နက်ထဲကို
ရောက်နေပေမယ့်
နင့်ဘဝကို
ငါမကြည့်ရက်နိုင်ဘူး။
နင်လေ မိုက်ကျွင်းနက်တုန်းပဲ။
ဒီဘဝကို
ကယ်ဆယ်တဲ့အနေနဲ့....

လည်း ဆုံးဖြတ်ချက်တစ်ခုကို ပိုင် ပိုင်နိုင်နိုင်၊ ခိုင်ခိုင်မာမာ ချလိုက်ပါ ပြီ။ အပြန်လမ်းမှာ လမ်းမှန်ကနေ လျှောက်လှမ်းရင်း ဘဝသစ်ဖြင့် ပြန် လာခဲ့ပါမယ်လို့.....

♛♛♛♛♛

သည်လိုနှင့် သိန်းဇော်တစ် ယောက် ရေလိုက်လွဲသည့်ငါးလို ပိုက်ကွန်အတွင်း ရောက်ရှိသွားခဲ့ရ သည်။ မန္တလေးမြို့၏ ဂျုန်စီမံချက် (၁၁/၇၉) မှခင်းကျူးဆင်းရေးမှ ပေး အပ်လိုက်သော ပြစ်ဒဏ်ကို ထိုက် တန်စွာ ခံခဲ့ရသည်။ သို့သော် လည်း ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံ တော်၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



နှစ်မဆေ့ ခင်အပြင်လမ်း အလင်းရောင်ဆီသို့ ပြန်လည်ရောက်ရှိခဲ့ရသည်။

ထို့ကြောင့် မိုးမိုး၏ သစ္စာရှိခြင်းကြောင့်လည်း ဘဝသစ်ဖြင့် ပြန်လာသော သိန်းဇော်သည် လူသစ်၊ စိတ်သစ်ဖြစ်ကာ ဘဝတစ်ခေတ် ပြောင်းလဲခဲ့လေပြီမို့ တစ်ချိန်က အမှောင်နှင့်အလင်း ဆက်စပ်ပေးခဲ့နိုင်၍ ယခင် ၅၂၈မှ ၁၅၁၀ တစ်ဖိုးတစ်ဖက်ဝဒီးသို့ ချိတက်မွှင့်ဖြင့် သိန်းဇော်သည် မိုးမိုး၏ မှန်ပြတ်သန့်စင်သော ကျောင်းဆရာမလုပ်ငန်းတာဝန်အရ ပြောင်းရွှေ့ရာမြို့သို့ လိုက်ပါပြီး "သိန်း" တပေအမည်ဖြင့် စာအုပ်အငှားဆိုင်ကို အောင်အောင်မြင်မြင်

မိုးမိုး၏သစ္စာရှိ
ခြင်းကြောင့်လည်း
ဘဝသစ်ဖြင့်ပြန်လာသော
သိန်းဇော်သည် လူသစ်၊
စိတ်သစ်ဖြစ်ကာ
ဘဝတစ်ခေတ်
ပြောင်းလဲခဲ့လေပြီမို့
တစ်ချိန်က အမှောင်နှင့်အလင်း
ဆက်စပ်ပေးခဲ့နိုင်၍
ယခင် ၅၂၈မှ...



ဖွင့်နိုင်ခဲ့၏။ ယခင်သိန်းဇော်မှ ဦးသိန်းဇော်အဖြစ်သို့ ပြောင်းလဲတိုးတက်ခဲ့သည်။

❀❀❀❀❀

"ဦးလေးရဲ့ အတိတ်သ...ကတော့ ဒါပါပဲ ငါ့တူတို့ရာ"

မောင်ဝင်းရွှေနှင့် မောင်တင်ငွေတို့နှစ်ယောက်မှာ ဦးသိန်းဇော် ပြောပြနေသည်များကို စိတ်ဝင်စားစွာဖြင့် နားထောင်လျက်ရှိကြ၏။ ဦးသိန်းဇော်၏ အတိတ်ကဖြစ်စဉ်များမှာ ဘဝရွေ့ရွေ့အဆုံးတိုင်ခဲ့၏။

"ကျွန်တော်တို့ ဦးလေးရဲ့ ကိုယ်ရေးနောက်ကြောင်းများကို သိရလို့ သင်ခန်းစာယူရပါတယ်"

"အေးပေါ့ကွယ်၊ သင်ခန်းစာယူရမှာပေါ့"

"ဟုတ်ကဲ့ပါ ဦးလေး"

"အင်း.....အဲဒီတုန်းက ဦးနဲ့ မိုးမိုးရဲ့ လုပ်ဆောင်ချက်တွေ ပ... ...ဝနဲ့ ရန်ကုန်တိုင်းဒေသကြီး ...ကထုတ်ပြန်တဲ့ ဆောင်ပုဒ် ...နဲ့လည်း လိုက်ဖက်ညီတယ်လို့ ဆိုရမှာပဲ"

"နေပါဦး၊ ကျွန်တော်တို့မသိလို့ မေးပါရစေ၊ ဦးလေးပြောတဲ့ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ရဲ့ ဆောင်ပုဒ်ငါးခုက ဘာတွေများလဲဟင်"

ဦးသိန်းဇော်သည် တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြပြီးနောက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ မူခင်းကျူးလွန်မှုများ ပညာပေးသတင်း ထုတ်ပြန်ရေးကော်မတီ၏ ဆောင်ပုဒ်ငါးခုကို အစဉ်လိုက် ...ပိုဒ်ပြီး တစ်ပိုဒ် အသံထွက်...သည်အထိ ဖတ်ပြလိုက် ပါ...

**ရွှေညာမောင်ကြီး**
**(မြင်းခြံ)**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





## စိမ်းသူ သူ့ကြောင့် ငိုမိသည်

မောင်ထွန်းညွှန့် (ကွမ်းခြံကုန်း)

**ဘဝများစွာ ကြုံဆုံလာပြီး**
**နှစ်ကြာလက်မှတ်၊ ပေါင်းဖော်ဖက်၍**
**အသက်ဆက်ဆုံး ကြည်နူးမြဲကာ**
**မမုန်း၊ အချစ်၊ မပြတ်မေတ္တာ**
**ရှည်ကြာနိုင်မြဲ၊ ဘယ်မမွဲသည်**
**အသည်းနှစ်ဖြာ ဂုဏ်ရှုတည်း။**

ကာရန်လှလှ ကဗျာစာသံ ပြောဆိုကြတဲ့ ဘဝအကြောင်း၊ အချစ်အကြောင်း ဘယ်လောက်မှ မဟောင်းတဲ့ကောက ''အချစ်''သည် ချစ်မှ မေတ္တာ၊ အဲဒီကမှ သစ္စာ နောက်မေတ္တာဖက်၍ မဝေမှဆယ် ကမ္ဘာ ဆိုင်မှာ တည်ကြည်ရည်ရွယ် လက်တွဲ အမြဲတစ်သက် ပေါင်းဖက်ကြရသည့် အများနည်းတူ ချစ်ရည်တူ နှစ်ကိုယ်မျှ အလိုကျတယ်လို့ မထင်မှတ်လိုက်ကြပါနှင့်။ ညီမို့ဘဝက အများထင်သလို အပျော်ဘဝထဲက မေတ္တာရှင် မဖြစ်ခဲ့ရပါဘူး။

ဒီလိုလေ၊ ညီမို့ရဲ့ လက်ဖဝါးပြင်ပေါ်က ''ဟာဒယလေခ''လို့ ခေါ်တဲ့ မေတ္တာလမ်းကြောင်းပေါ်မှ အမှတ်အသား၊ အတိမ်းအညွတ်၊ အငုံ့အစောင်း မကောင်းခဲ့လေတာကြောင့် မေတ္တာကိုပေးပြီး မေတ္တာမရ ချစ်လာသမျှ ဖြစ်ရာဘဝမှာ အချစ်မခံရသူ၊ အချစ်ကွဲသူ၊ တွေ့ကြုံဆုံကွဲ၊ ဝမ်းနည်းဝမ်းသာ လောကသံသရာမှာ ကြုံရမှာကို ယိုးမယ်မဖွဲ့လိုပါဘူး။ ကံမဲ့သူ ညီမို့ဘဝက အားလုံးထဲမှာ နံပါတ်တစ်၊ ပထမတန်းမှ အချစ်ကံခေသူ ပန်းပမာသီကုံးကာ ပြောရမှာဖြစ်၍ လွမ်းစရာအမှန်းသာ အချမ်းသာ ဆုံးပါလို့ ဆိုရမလိုပေါ့။





www.burmeseclassic.com

www.burmeseclassic.com



ညှိုမှိုဘဝ အကြောင်းတွေကို ညှိုမှိုလကွာဘာအရေးအကြောင်းတွေက သက်သေခံနေပါတော့သည်။

ညှိုမှိုဘဝအကြောင်း တစေ့တစောင်းကတော့.....

မေမေ့နာမည်က ဦးညှိုမောင်၊ မေမေကတော့ ဒေါ်မိမိ



အောင်တို့ ဖြစ်ပါတယ်။ သည်တော့ နှစ်ဖြာ မိဘချစ်ရပါသတဲ့။ သမီးလှကညာ နာမတွင်စရာကတော့ "ညှိုမှိအောင်" လို့ ခေါ်ပါတယ်။ နေတာက တောင်ကြီးမြို့မှာပေါ့။ ဘဝတန်းကို ရောက်တဲ့နှစ်မှာ ပထမဆုံးအကြိမ်အဖြစ် ညှိုမှိုမျက်နှာကို တောင်းခံလာသူက 'ကိုချစ်အောင်'၊ ကိုချစ်အောင်ဆိုတဲ့သူ့ကို ညှိုမှိုရဲ့ မျက်နှာကို တောင်းခံသူအားလုံးထဲမှာ ပထမဆုံး ပေါက်မဲရှင်အဖြစ်နဲ့ ရွေးဘဝရေစက် ပန္နက်မှုးသောသစ္စာကြောင့် သဒ္ဒါမှုပြီး ချစ်လာကြပါတယ်။

ကိုချစ်အောင်ဆိုတဲ့ ချစ်ဦးသူနဲ့ပဲ ချစ်ဦးသူတို့ဘဝမှာ အပျော်ရက်လေးတွေနဲ့ ချစ်သူတို့ လျှောက်ရာလမ်းမှာ ချစ်လိုက်ကြတာ မိုးရယ်မမြင်၊ လေလည်းမမြင်။ ရင်ထဲ၊ အသည်းထဲမှာ မခွဲမခွာ ဆယ်သက်ဆယ်ကမ္ဘာလို့တောင် ထင်မိပါရဲ့၊ တကယ်ပါပဲ။ ရုပ်ရှင်ရုံဆိုရင်လည်း တတွဲတွဲ၊ ဘုရားမှာလည်း မခွဲဘဲ တတွဲတွဲ။ လက်တွဲမပျက်နှင့် ချစ်ရတဲ့ အပျော်ရက်လေးတွေ အနမတဂ္ဂပါပဲလေ။

ဒါပေမဲ့.....ဒါပေမဲ့ပေါ့ ဘဝကို လျှောက်မိတဲ့ ညှိုမှိုရဲ့အမှားပဲလား၊ ကံကြမ္မာ သံသရာလည်လို့ ဖြစ်လာတယ်လို့ပဲ ဆိုရမလားမသိ



ပါဘူး။ သိပ်ချစ်ခဲ့ကြတဲ့ ညှိုမှိနဲ့ ကို ချစ်အောင်တို့နှစ်ဦးအကြားမှာ သံသယကန့်လန့်ကာ ခြားခဲ့ကြလို့ ဘဝင်ထဲမှာမကျတဲ့ အထင်လွဲတာကအစ ချစ်သူတို့ဘဝမှ ပြတ်စဲ၊ ရပ်စဲ၊ လက်တွဲပြုတ် အချစ်နိဂုံးချုပ်ခဲ့ရပါတော့သည်၊

သည်လိုဘာကြောင့် ဖြစ်ရပါသနည်းဆိုတာကို ညှိုမှိုလကွာဘာမှာ ရေရာတဲ့အဖြေရှာတဲ့အခါမှာ...

(A) အိမ်ထောင်ရေးလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်း နီးနီးစပ်စပ် ကပ်လျက်တည်ရှိခြင်း။

(B) အသက်လမ်းကြောင်း၊ ဉာဏ်လမ်းကြောင်း၊ အပြတ်အတောက်ရှိနေခြင်း။

(C) ဉာဏလေခ ခေါ် ဉာဏ်လမ်းကြောင်းနှင့် သောကြာခါးပတ်လမ်းကြောင်း ဖြစ်ပေါ်ပုံ မကောင်းခြင်း။

(D) လမ်းကြောင်းငယ်တစ်ခုသည် နှလုံးလမ်းကြောင်းမှ



www.burmeseclassic.com

www.burmeseclassic.com

အသက် ၁၈ နှစ်အရွယ်တွင် ဖြတ်သန်းခြင်းတို့ကြောင့် ချစ်ဦးသူကို ချစ်အောင်မှ ညိုမြိုင် အသက် ၁၈ နှစ်တွင် သစ်စိမ်းချိုးချိုး၍ မေတ္တာကို ဥပေက္ခာပြုပြီး စွန့်ခွာသွားခြင်း ဖြစ်ပေသည်။

ညိုမြိုင်ဘဝ ဘာတွေဖြစ်လာဦးမှာလဲ။

ချစ်ဦးသူက ချစ်ပူးသူကို စွန့်ခွာသွားပြီဖြစ်သည်။ ညိုမြိုင်အသက်သငယ်သေးပြေပါ။ နောက်ဘဝရှိလျှင်နောက်ထပ်ချစ်ပြလိုက်ရမှာပေါ့။

နှလုံးသားဝေဒနာ ခြေဖရာမရှိလို့ ဆိုကြပေမယ့် ညိုမြိုင်ဘဝ တစ်မျိုးဝေဒနာ ခြေဖရာအတွက်မေတ္တာကွက်လပ်ကလေး ဖြည့်ပေးပါရစေလို့ တောင်းခံလာသူကတော့ 'ကိုသက်ဝင်း' ဆိုတဲ့ အကောက်ခွန်အရာရှိ။ အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ နှာတံပေါ်ပေါ် မျက်နှာပေါ်မှာ ဆွဲဆောင်မှု အားအကောင်းဆုံး မျက်လုံးပိုင်ရှင်။ ယောက်ျားပီသလှသော ကိုသက်ဝင်းလို အပျိုတွေကြားမှာ စန်းထနေသူတစ်ဦးက ညိုမြိုင်မေတ္တာကို တောင်းခံလာရတယ်ဆိုတော့ ညိုမြိုင်ဘဝ မဆန်းလား။

သည်တော့လည်း ကိုသက်ဝင်းနဲ့ ညိုမြိုင်တို့ မေတ္တာဂဟေဆက်ချစ်လျက်ကြင်နာ တစ်သက်တာပေါင်းဖက်ဖို့ အကြောင်းဆက်လာတော့လည်း ရွှေလက်တွဲ မခွဲမခွာ အိမ်ထောင်သည်ဘဝ ချစ်ကြင်ကြ မြတ်နိုးကြပေါ့။

အနာဂတ်ဆိုတာလေးတွေကို ရည်ရွယ်ချက်၊ မျှော်လင့်ချက်လေးတွေနဲ့ ထာဝရသာယာစေဖို့ ရည်မှန်းခဲ့ကြပေမယ့် ချစ်ကံခေရရှာတဲ့ ညိုမြိုင်ဘဝမှာ ညိုမြိုင်အသက် ၃၅ နှစ်မှာပဲ ဒုတိယချစ်ရသူ ကိုသက်ဝင်းသည်လည်း ညိုမြိုင်အကြင်နာရိပ်မှ နှလုံးသားအလိုအရ အမုန်းစကားတွေကိုပြပြီး အချစ်ခရီးလမ်းမှ ခွဲနှုတ်ခဲ့ထွက်ခွာပြီတည်း။

ညိုမြိုင်ဘဝ ဒုတိယအချစ်ဖတ်လမ်းစဉ်ကို မှတ်တမ်းတင်ရလျှင် ကမ္ဘာ့အမြင် ဆုံးဖြတ်ရလျှင်…

ညိုမြိုင်လောကတွင် (E) ဗုဒ္ဓပြဟ်နံ၏ အလယ်ပေါ်မှလာသော ခက်ရင်းခွသဏ္ဌာန် အပျိုးသော ဒုတိယအချစ်လမ်းကြောင်း၊ အိမ်ထောင်ရေးလမ်းကြောင်းသည် စနေဂြိုဟ်နံ အောက်တည့်တည့် နှလုံးလမ်းကြောင်းပေါ်တွင် အဆုံးသတ်နေခြင်းမှာ ညိုမြိုင် ဒုတိယချစ်သူနှင့် ကွဲကွာခြင်းပင် ဖြစ်တော့သည်။

အချစ်ဆိုတာက နှလုံးသားအပင်က အသီးအပွင့်လေးတွေပါပဲ။ ညှာတံခိုင်လို့ အပင်မှ ကြွေကျမြေသော်လည်း ရွက်ဟောင်းကြွေပြီး ရွက်သစ်ဝေဝေတော့လည်း အချစ်သစ်ပင်မှာ လန်းဆန်းဝေဆာကြည်နူးစရာပဲပေါ့။

ကိုင်း…..ခုလည်း ညိုမြိုင်မေတ္တာလေးတွေ တစ်ဖေရနိုးခဲ့ပါပြီ။ အမှတ်တရဆိုလျှင် တတိယအကြိမ်တွေ့ရပြန်ပါပြီ။ နာမည်က ''ဇော်လင်းမောင်'' တဲ့။ ယောက်ျားပီသပြီး တည်ကြည်ခံ့ညားသောမျက်နှာ၊ မဟာနဖူးနှင့် ဆံပင်ကောက်

နှလုံးသားဝေဒနာ
ခြေဖရာမရှိလို့ဆိုကြပေမယ့်
ညိုမြိုင်ဘဝ
တစ်မျိုးဝေဒနာခြေဖရာအတွက်
မေတ္တာကွက်လပ်ကလေး
ဖြည့်ပေးပါရစေလို့
တောင်းခံလာသူကတော့
'ကိုသက်ဝင်း' ဆိုတဲ့
အကောက်ခွန်အရာရှိ။
အရပ်မြင့်မြင့်၊
အသားဖြူဖြူ၊ နှာတံပေါ်ပေါ်
မျက်နှာပေါ်မှာဆွဲဆောင်မှု
အားအကောင်းဆုံး
မျက်လုံးပိုင်ရှင်၊
ယောက်ျားပီသလှသော…..



www.burmeseclassic.com

www.burmeseclassic.com

ကောက်၊ တင့်တယ်လှပချောသွယ် ခဲ့သူပေါ့။

ဒီတစ်ခါတော့ ညိုမိကအပိုင် တွက်ပြီလေ။

လွှတ်တဲ့ငါး ကြီးခဲ့ရဖူးပြီး အိပ်မက်ကောင်းတုန်း လန့်နိုးခဲ့ရဖူးပြီ။ မေတ္တာတွေလည်း ပေးခဲ့ဖူးပြီ၊ ညိုမို့ဘဝ မပြည့်အိုးကို ပြည့်နိုးပြည့်နိုးနှင့် ခုတော့ မေတ္တာတစ်ရေးနိုးမှာ ချစ်စရာ မေတ္တာအတွက် သစ္စာပန်းကုံးချင်း ဒိုင်မာလှတဲ့ အိမ်ထောင်ဖက်အဖြစ်နဲ့ ပေါင်းသင်းလိုက်ပါတော့သည်။

လင်ရယ်မယားရယ်လို့ ကြည်နူးစရာကောင်းတဲ့ အိမ်ထောင်သည်ဘဝမှာ ရာသက်ပန်ရှိမြဲမြဲကျ ဆံဖြူသွားကြေ၊ ပါးရေနားရေ တွန့်တဲ့ထိ ချစ်သွားမည့်အချစ်ပါ။ ရည်မှန်းချက်တွေလည်းချလို့ မျှော်မဆုံး တပြုံးပြုံးနဲ့ ကြည်နူးမဆုံးရှိနေတာက ညိုမိပေါ့။

ဘဝဆိုတာကလည်း ဆန်းကြယ်လှပါတော့။ ဆုတောင်းတိုင်းသာ ပြည့်မယ်ဆိုလျှင် ညိုမို့ဘဝ ဘယ်မျှလောက် ကောင်းပါမလဲလေ။

သို့ပါသော်လည်း ကြမ္မာက ယွင်း မရေတာရှင်သေမင်းက ညိုမိတို့ချစ်ခြင်းကိုခွဲ၊ ညိုမို့အသည်းလင်တော်မောင် ကိုဇော်လင်းမောင်ကို ညိုမို့အသက် ၄၀မှာပင် အနိစ္စသဘောအရ ကံစွမ်းချောကာ သေကွဲခွဲခွာခဲ့ပါသတည်း။

သည်လိုဖြစ်လာရခြင်းသဘောတွေကို ညိုမို့လက္ခဏာပြင်မှာ သေချာစွာ ကြည့်မယ်ဆိုပါလျှင်–

(၁) နှလုံးလမ်းကြောင်း ကံလမ်းကြောင်း ပြတ်နေခြင်း။

(၂) အိမ်ထောင်ရေး လမ်းကြောင်းသည်နှလုံးလမ်းကြောင်းကို ထိတွေ့ဖြတ်သန်းခြင်း

စသည့် အချက်နှစ်ခုတို့ကြောင့် ကိုဇော်လင်းမောင် ကွယ်လွန်ရခြင်းဖြစ်ပါသည်။

ညိုမို့ဘဝနှင့် လက္ခဏာမှတ်တမ်းတို့ကို ဓာတ်လမ်းဆင်ပြီး စာဖတ်ပရိသတ်အတွက် လက္ခဏာပညာကို ယုံကြည်သူများ၊ လေ့လာ ဆည်းပူးသူများ ညိုမို့လက္ခဏာနှင့် မိမိတို့လက္ခဏာကို တိုက်ဆိုင်ကြည့်ကာ မေတ္တာအချစ်ကြေး၊ ကံကြေးကို ကြိုတင်ရှောင်နိုင်ရေးအတွက် ကောင်းမြတ်သော မနသိကာရဖြင့် စာစီသလိုက်ရပါသတည်း။

**မောင်ထွန်းညွန့်** (ကျွန်းမြို့ကုန်း)



www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com

# တိုးမြင့်
## ပတ်ကား
## ဖောင်တိန်လေးတစ်ချောင်း





www.burmeseclassic.com

www.burmeseclassic.com





ပတ်ကားဖောင်တိန်လေး တစ်ချောင်း

တိုးမြင့်

၁၉၈၄ ခုနှစ်ကပါ၊ မင်္ဂလာဈေးကောင်ညွှန့်ရုံခန်းမှာ ကျွန်တော်တာဝန်မှူးကျတဲ့နေ့တစ်နေ့ပါ၊ မအူကုန်းထိပ်၊ ၁၁၉ လမ်းထဲမှာ ဗီဒီယိုဇာတ်ကား ပြနေတယ်လို့ တယ်လီဖုန်းသတင်းပေးလာပါတယ်၊ တာဝန်ကြပ်ကြီး ဆရာကြည်သိန်းနဲ့ အသင့်ရှိတော်နှစ်ယောက်ခေါ်ပြီး သပြေကုန်းရပ်ကွက်လူကြီးအိမ်ကို အရင်သွားခဲ့ပါတယ်၊

ရပ်ကွက်ဥက္ကဋ္ဌ(ယခု ရပ်ကွက်အုပ်ချုပ်ရေးမှူး)၊ လမ်းလူကြီးတို့ကိုခေါ်ပါတယ်။ သတင်းရထားတဲ့အိမ်အမှတ်(––)ကို အလွယ်တကူတွေ့ပါတယ်။ လမ်းဘေးဖြစ်တဲ့အတွက် အိမ်ထဲဝင်ရတာလည်း လွယ်လွယ်လေးပါ။ ဗီဒီယိုကြည့်နေကြတဲ့သူတွေ အများကြီးပါလား။ ကျွန်တော်တို့ အိမ်ထဲဝင်စစ်ဆေးပါပြီ၊ ထွက်ပြေးတဲ့သူ တစ်ယောက်မှ မရှိပါဘူး။ တစ်ခုရှိတာက ကျွန်တော်တို့ရဲ့အဖွဲ့က ယူနီဖောင်းဝတ်မလာကြဘူးလေ၊

မရိုသတ်ကြား ဝင်ကြည့်လိုက်တယ်၊ ညစ်ညမ်းခွေဆိုတာ ဖြစ်နိုင်တယ်။ မြင်ရတဲ့အခန်းက အဲဒီသဘောတွေ့နေတာပဲ။ အိမ်ရှင်ရော၊ အားလုံးရော ဘယ်သူမှ ရဲတွေရောက်နေတာ မသိကြပါဘူး။ ကျွန်တော့်ရဲ့တော်တွေလည်း ဗီဒီယိုကားကိုပဲ ကြည့်နေကြတာပါ၊

"ဟာ… ဥက္ကဋ္ဌကြီးနဲ့ ရုံခန်းက ဆရာတို့ပါလား၊ ဒီမှာဝင်ထိုင်ပါ"

အိမ်ရှင်လူငယ်တစ်ယောက်က ကျွန်တော်တို့ကို နေရာပေးခဲ့တယ်။ ကျွန်တော်တို့လည်း ဝင်ထိုင်ကြတယ်၊

တာဝန်ကြပ်ကြီးက အပေါ်က ဝ ပိတ်ရပ်ထားတာကြောင့် အေးအေးဆေးဆေး လှမ်းပြီးရတာပါ၊

"မကောင်းတဲ့ကား မဟုတ်ပါဘူး၊ ရိုးရိုးကားပါ ဆရာ"

တာဝန်ကြပ်ကြီးက ကျွန်တော့် နားကပ်ပြောပါတယ်။ ဗီဒီယိုကားကို ကျွန်တော် ဆက်ကြည့်နေရင်း တာဝန်ကြပ်ကြီးပြောတာ ဟုတ်မှန်ကြောင်း တွေ့ရပါတယ်။ ဟိုအခန်းက သဘောလေးသာပါတာပါ။

"ဥက္ကဋ္ဌကြီးတို့ စေ့ချင်နေခဲ့ပါ၊ ကျွန်တော်တို့ ၁၂၄ လမ်းဘက်က လှည့်ပြန်တော့မယ်"

ကျွန်တော်ပြောတာ သဘောပေါက်တာကြောင့် ဥက္ကဋ္ဌကြီးတို့ရယ်ပြီးကျန်ခဲ့ပါတယ်၊ ကြက်လျှာစွန်းဘဲပေါက်ဆိုင်က ပိတ်နေပါပြီ။ ၁၂၄ လမ်းထိပ်မှာ ရဲဘော်တွေ ချပါတီစားချင်လို့ မိုးတိုးမတ်တတ်စားလိုက်ကြတယ်၊

အပြန်မှာ လမ်း ၁၂၀ ဘက်က လမ်းလျှောက်ပြန်လာကြတယ်၊ နေဝင်နေပါပြီ၊ ဓာတ်တိုင်မီးတွေလင်းနေပါတယ်၊ သိပ်မ––ကမှောင်သေးပါ။ လမ်း၁၂၀ အဆုံးနားကိုရောက်ခါနီးမှာ နောက်ဘက်က အော်ဟစ်သံ ကြားလိုက်ရတယ်ပါ။

www.burmeseclassic.com

"ခါးပိုက်နှိုက်….."

ရှေ့ကပြေးတဲ့သူပြေး၊ နောက်ကလိုက်တဲ့သူလိုက်နဲ့ ကျွန်တော်တို့ ဘက်ဆီ ဦးတည်လာနေတာပါ။ ကျွန်တော်တို့ ဆီးဖမ်းဖို့ ပြင်ဆင်လိုက်ကြတယ်။ ကျွန်တော်တို့နား မရောက်မီ ရှေ့ဆုံးကပြေးတဲ့သူ ဓနု အိမ်တစ်ခုအတွင်း ဝင်ပြေးတာ တွေ့လိုက်ရပါတယ်။ လမ်း ၁၂၀ မှာ ခြံဝင်းကျယ်ကျယ်မရှိပါ။ အိမ်ချင်းဆက်နေတဲ့ အနေအထားပါ။

တပ်ကြပ်ကြီး ကြည်သိန်းနဲ့ ရဲဘော်တစ်ဦးက ထက်ကြပ်မကွာ ဝင်လိုက်သွားပါတယ်။ အိမ်အောက်ထပ်ကို တိုးဝင်လို့ ခြေတံရှည်နိမ့်နိမ့်အောက်ထိ လိုက်ဝင်ကြရပါတယ်။ ခါးပိုက်နှိုက်ကို ဆွဲခေါ်လာကြပါတယ်။

"ကျွန်မဆွဲကြိုး ပါသွားပါတယ်"

တရားလိုအမျိုးသမီးလည်း အမောတကော ရောက်လို့လာတာကိုး။ ဒါကြောင့် ကျွန်တော်တို့ ခါးပိုက်နှိုက်ရဲ့ကိုယ်မှာ ရှာပါတယ်။ တစ်ကိုယ်လုံးအနှံ့ ရှာပေမယ့် ဘာမှမတွေ့ပါဘူး။ သူ့အိတ်ထဲမှာ သူ့ပိုက်ဆံ အနည်းငယ်သာ တွေ့ရပါတယ်။

ဆွဲကြိုးပြုတ်ခံရတဲ့ အမျိုးသမီးကို ကျွန်တော်ရဲ့တပ်ဖွဲ့ကပါလို့ပြောပြီး ဘယ်လိုဘယ်ပုံဖြစ်တာကို မေးပါတယ်။ ဘတ်စ်ကားပေါ်မှာ ဆွဲကြိုးပြုတ်ပြေးလို့ ဆင်းလိုက်လာတာပါတဲ့။ တပ်ကြပ်ကြီး ကြည်သိန်းက ခါးပိုက်နှိုက်ကို ကိုင်ထားပြီး ရဲဘော်နှစ်ယောက်ကို ခါးပိုက်နှိုက် ဝင်ပြေးတဲ့ အိမ်အောက်မှာ သက်သေခံပစ္စည်း ရွှေဆွဲကြိုး ဝင်ရှာခိုင်းပါတယ်။ အိမ်ရှင်ရဲ့သားတစ် ယောက်ကိုလည်း သက်သေအဖြစ် ဝင်ခိုင်းပါတယ်။

အိမ်က တော်တော်နိမ့်ပါတယ်။ လက်နှိပ်ဓာတ်မီး အကူအညီပေးကြပါတယ်။ နာရီဝက်ကြာ ရှာပါတယ်။ ဘာမှမတွေ့ပါ။ ရဲဘော်တစ်ယောက်က ခါးပိုက်နှိုက်ကို ကြမ်းကြမ်းတမ်းတမ်း ပြောဆိုနေလို့ ကျွန်တော်က ပြည်သူ့ရှေ့မှောက်မှာ မသင့်လျော်တာ မလုပ်မိဖို့ အချိန်မီ တားလိုက်ရတယ်။

မင်္ဂလာတောင်ညွန့်ရဲစခန်းကို တရားလိုရော၊ ခါးပိုက်နှိုက်ရော ခေါ်လာပါတယ်။ အရပ်ထဲမှာ တစ်ခုခုဆို ဝိုင်းကြည့်ကြတယ်။ ကလေးတွေသာမကပါဘူး။ လူကြီးတွေ





www.burmeseclassic.com

www.burmeseclassic.com



ရော၊ တွေ့တဲ့ ကြားတဲ့လူတိုင်းပါပဲ။

စခန်းရောက်ပါပြီ၊ ဂါတ်စာရေးကြီး ဆရာချစ်ရွှေကို အမှုဖွင့်ခိုင်းပါတယ်၊ စခန်းမှူးအခန်းထဲမှာ အသင့်တွေ့တဲ့ စခန်းမှူး ရဲအုပ်ကျော်မြတ်သူကိုလည်း ကျွန်တော်က ဗီဒီယိုကိုရှုပါ သတင်းပို့လိုက်ပါတယ်။

ကျွန်တော်တို့စခန်းမှာ တာဝန်မှူးကျတဲ့နေ့မှာ တက်တဲ့အမှုကို တာဝန်မှူးကပဲ စစ်ရတာမို့ အခု ဒါးပိုက်နိုက်မှု First Information Report (ပ) ၇၉၇/ ၁၉၈၄၊ ပြစ်မှုပုဒ်မ ၃၇၉ (နိုက်)အမှုကို ကျွန်တော်ကိုယ်တိုင်ပဲ စစ်ရပါတယ်။ ဒါး ပိုက်နိုက်ကို ပထမဆုံးအကြိမ်ဖမ်း မိတဲ့အမှုကို သက်သေခံပစ္စည်းဟာ ရေ့တင်ပျောက်နေတာမို့ ကျွန်တော် မပျော်နိုင်ပါ၊

နယ်ထိန်း ဆရာသန်းထွန်းတို့ ဖမ်းလာတဲ့အမှုဆိုရင် အားလုံးပြည့်စုံတယ်။ စစ်ဆေးဖို့ သက်သေပင် ပါလာတတ်ပါတယ်။ ကျွန်တော့်အမှုကဖြင့် အစမကောင်း၊ အနှောင်းမသေချာလို့ ဆိုရပေမယ်။ ကိုယ့်ငါးချဉ် ကိုယ်မချဉ်နိုင်တာမျိုးပါ။

* * * * *

**မကြာသေးကဆိုသလို**
**ကျွန်တော်တို့ တွေ့နေရတဲ့**
**ပြစ်မှုတစ်ခုပါပဲ။**
**အခင်းဖြစ်ကားကိုလည်း**
**ကျွန်တော်ရှာဖွေစစ်ဆေးပါတယ်။**
**စပယ်ယာက**
**မျက်စိနဲ့မမြင်လိုက်ပေမယ့်**
**ဖြစ်ဖြစ်ချင်းကြားလိုက်ကြောင်း။**
**ဒါးပိုက်နိုက်**
**ဆင်းပြေးတာကိုမြင်လိုက်ကြောင်း။**
**ဝိုင်းလိုက်ကြ ကြောင်း။**
**ဒါးပိုက်နိုက်က....**

တရားလိုအမျိုးသမီး ထွက်ဆိုချက် မှန်ပါလိမ့်မယ်။ ဘတ်စ်ကားပေါ်မှာ ဆွဲကြိုးအဖြတ်ခံရတာကို ကျွန်တော် လက်ခံပါတယ်။ မကြာသေးကဆိုသလို ကျွန်တော်တို့ တွေ့နေရတဲ့ ပြစ်မှုတစ်ခုပါပဲ။ အခင်းဖြစ်ကားကိုလည်း ကျွန်တော် ရှာဖွေစစ်ဆေးပါတယ်။ စပယ်ယာက မျက်စိနဲ့မမြင်လိုက်ပေမယ့် ဖြစ်ဖြစ်ချင်း ကြားလိုက်ကြောင်း။ ဒါးပိုက်နိုက် ဆင်းပြေးတာကို မြင်လိုက်ကြောင်း၊ ဝိုင်းလိုက်ကြကြောင်း။ ဒါးပိုက်နိုက်က လမ်းကြိုလမ်းကြားထဲ ပြေးတဲ့သဘောရှိကြောင်း၊ ဒါးပိုက်နိုက်မျက်နှာကို မမှတ်မိပေမယ့် ပိန်ပါးပါး အရွယ်ကောင်းဖြစ်ကြောင်း၊ ဆွဲကြိုးဖြတ်ခံရတဲ့ အမျိုးသမီးချောချောကိုလည်း ကောင်းကောင်းမှတ်မိကြောင်း ထွက်ဆိုပါတယ်၊

ဂျပန်(ခ)မျိုးကြည်ကို နောက်တစ်ရက်မှာ ရမိပါတယ်။ သူ့ကို အချိန်ရတိုင်း ထုတ်စစ်ပါတယ်၊ ရွှေဆွဲကြိုးပြန်ရဖို့ တရားလိုအမျိုးသမီးအပေါ် ကျွန်တော် တာဝန်ကျေမှာပါ၊ ဂျပန်(ခ)မျိုးကြည်က ကျွန်တော်တို့ရဲတပ်ဖွဲ့ကို မျက်လှည့်ပြနေပါတယ်၊ ဆွဲကြိုးကို အခုဖြတ်ပြီး အခုပျောက်ပစ်လိုက်တာမျိုးက လက်ခံနိုင်စရာ အကြောင်းမရှိပါဘူး။

"ဂျပန် မင်းနဲ့ဘော်ဒါပါလာသေးလား၊ ဆွဲကြိုးကို ဘော်ဒါကို ပေးလိုက်တာလား၊ ပြော"

"မပါပါဘူး၊ ဆရာ၊ တစ်ယောက်တည်းပါ"

ဖြစ်တော့ဖြစ်နိုင်ပါတယ်၊ တရားလိုအမျိုးသမီးက နောက်က ထက်ကြပ်မကွာ လိုက်လာတာမို့ မျက်စိတစ်ဆုံး ပြေးနေခဲ့တာပဲ။ ကျွန်တော်တို့ရဲက ဆီးဖမ်းနိုင်တာ။ ဝင်ပြေးတဲ့အိမ်မှာလည်း ရှာဖွေတာ



www.burmeseclassic.com

www.burmeseclassic.com



အကြိမ်မနည်းတော့ပါ။ ပတ်ဝန်းကျင်မှာလည်း ဝိုက်စိပ်တိုက် ရှာပြီးပါပြီ။

"ဂျပန် ပစ္စည်းကို ဘယ်မှာ ဝှက်ထားသလဲ၊ မင်းမပြောဘဲနေလို့ ပြီးသွားမယ်ထင်လို့လား"

"ကျွန်တော် ဝှက်မထားပါဘူး ဆရာ"

"ဒါဖြင့် ဘယ်မှာလဲ"

"ကျွန်တော့်လက်ထဲမှာ မရှိတော့ပါဘူး ဆရာ"

"ဂျပန် မင်းသေတော့မယ်"

ကျွန်တော် ဂျပန်ရဲ့ကျောကို လက်ဝါးနဲ့တစ်ချက် လှမ်းပုတ်လိုက်ပါတယ်။ တစ်ကြပ်ကြီး ကြည်သိန်းလည်း၊ ဂျပန်ကို အချိန်ရတိုင်း ဝင်စစ်ပါတယ်။ နယ်ထိန်းအဖွဲ့က ဆရာညွန့်ကြည်တို့၊ မောင်အောင်ကြည်တို့လည်း၊ လာစစ်ကြပါတယ်။ ကျွန်တော်က ကိုယ့်အမှုဆိုတော့ ဒီပြင်အမှုတွေ ခဏရပ်ထားပြီး ဂျပန်နဲ့သာ အချိန်ပေးနေရတယ်လေ။

"ဆရာချစ်ရွှေ ဂျပန်(ခ)မျိုးကြည်အိမ်က ဘယ်သူလာတွေ့သလဲ၊ သတိထားပြီး ကျွန်တော့်ကို ပြန်ပြောပါဦးနော်"

ဂိတ်စာရေး တပ်ကြပ်ကြီး ချစ်ရွှေကို ကျွန်တော်သွားမေးပါတယ်။ တစ်စုံတစ်ခု ထူးခြားမလားဆိုပြီး အကူအညီတောင်းရပါတယ်။



ဆရာချစ်ရွှေက စိတ်ချပါလို့ပြောပါတယ်၊ ဆရာချစ်ရွှေဟာ ရိုးသားဖြူစင်တဲ့ ဂိတ်စာရေးကောင်းတစ်ယောက်ပါ၊ ရဲဟောင်းကြီး တပ်ကြပ်ကြီး လှထွန်းထံ အယူအဆ ခံထားတဲ့ ဆရာမောင်တင်တို့၊ ဆရာချစ်ရွှေတို့က ရဲလုပ်ငန်းတွေ တော်တော်ကျွမ်းနေကြတာ တွေ့ရပါတယ်၊

"ဆရာတို့။ ဂျပန်(ခ)မျိုးကြည်ကို ဘယ်သူမှ လာမတွေ့ဘူး။ ဒီနှစ်ရက်အတွင်းပေါ့။ နောက်နေ့တွေကိုလည်း၊ ကျွန်တော် စောင့်ကြည့်ပါ့မယ်"

ဆရာချစ်ရွှေ သတင်းပေးလာပါတယ်။ ကျွန်တော် ချုပ်ရမန်အမှုတွေ လုပ်လို့ပြီးသွားတာနဲ့ ဆမင်းတပြီး အမှုစစ်အခန်းမှာ အလုပ်စပါပြီ။ ဂျပန့်ကို အချုပ်ခန်းက ထုတ်စစ်တယ်လေ။ ခေန်းရှေ့က လက်ဖက်ရည်ဆိုင်က ကော်ဖီချိုပေါ့လေးမှာသောက်ပါတယ်။ ဂျပန့်ကိုလည်း နေ့စဉ်လိုလို လက်ဖက်ရည်တစ်ခွက်၊ မုန့်တစ်ခုမှာကျွေးနေကျပါ။

"ဂျပန် မင်း ဘယ်သူနဲ့နေတာလဲ၊ မင်းမိသားစုအကြောင်း ငါသိချင်တယ်"

"ကျွန်တော် အဖမ်းခံရတဲ့အကြောင်း၊ အိမ်ကိုမပြောပါနဲ့ ဆရာ၊ အိမ်ကလူတွေကို ဆရာဘာမေါ်လုပ်မလို့လဲ၊ ရွှေဆွဲကြိုးကိစ္စအတွက်လား ဆရာ"

"မင်းငါ့ကို အထင်မလွဲပါနဲ့၊ မင်းကို ဘယ်သူမှ လာမတွေ့ဘူးဆိုလို့ မေးကြည့်တာပါ၊ ဆွဲကြိုးနဲ့

www.burmeseclassic.com

ဟတ်သက်ပြီး မင်းအပေါင်းအသင်း တစ်ယောက်ယောက် မင်းကိုဆက် သွယ်မလားလို့တော့ မျှော်လင့်မိ တယ်''

''ကျွန်တော်က တစ်ဦးတည်း သမားပါ ဆရာ၊ မိသားစုအကြောင်း ဆရာသိချင်တာလား၊ အိမ်မှာ အဖေတစ်ယောက်တည်း ရှိတာပါ ဆရာ၊ အမေမှာ ဆွေမျိုးမရှိဘူး။ ကျွန်တော်တစ်ယောက်ပဲရှိတယ်၊ အဖေက အသက်ရလာတော့ နလုံး သွေးကြောကျဉ်းတဲ့ရောဂါအတွက် ကျွန်တော် ဆေးဝယ်ပေးရတယ်၊ ကျွန်တော် အဖမ်းခံရတာကြားရင် အဖေ သေသွားနိုင်တာမို့ ဆရာ တစ်ဆိတ်လောက် မပြောလိုက်ပါ နဲ့နော်''

ကျွန်တော်နဲ့ဂျပန် စကားပြော နေကြတာပါ၊ လူမှုရေးအရ ဆက် ဆံပြောဆိုပေမယ့် တရားခံအပေါ် လျှော့ပေါ့လုပ်ပေးတာမျိုးတော့မရှိ ပါဘူး။ တရားခံရဲ့သဘောကလည်း ရဲက အရေးဝင်ရင် ရဲအပေါ် ခင် မင်လေးစားတတ်မြဲပါ။

❀❀❀❀❀

ဂျပန်ဟာ လူမွေးလူတောင် ပြောင်တဲ့သူပါ။ မှီကောင်းပါတယ်။ ဝတ်ကောင်းစားလှ ဝတ်ထားပါ တယ်။ ဥပဓိရုပ်မှာလည်း ခါးပိုက် နှိုက်ရယ်လို့ ပြောရက်စရာ မရှိပါ ဘူး။ စကားပြောရာမှာ အသံသြဇာ အပြည့်။ အပြောကောင်းပါ။ ဟာသ ဉာဏ်ပါတာလည်း တွေ့ရပါတယ်။

ဂျပန်ကို ကျွန်တော်နဲ့ ကို ကြည်သိန်းတို့ စစ်ဆေးဖို့ အချိန် ပေးလုပ်နေပါတယ်။

ဆင်တစ်ကောင်လုံး ရှိလျက် နဲ့ ဆင်ခြေရာပျောက်နေတာပဲလို့ ကိုကြည်သိန်းက ပြောနေပါပြီ။ ခါး ပိုက်နှိုက်ကို ပြစ်မှုကျူးလွန်တဲ့နေ ရာမှာ လက်ပူးလက်ကြပ် မိပါ လျက် အပြစ်မှန်ကို စစ်မရဘူး။ ပါ ဆုံးပစ္စည်း ငွေအိတ်ကြီးကို လုံး၀ ဝန် မခံဘူး။

ဂျပန်(ခ)မျိုးကြည်ကို ချော တစ်ခါ၊ ခြောက်တစ်လှည့် နည်း မျိုးစုံသုံးရပါတယ်။ အခြားအမှုတစ် တွေ၊ နယ်ထိန်းတပ်ဖွဲ့ဝင်တွေက လည်း ဝင်စစ်ပေးကြပါတယ်။

''ဆွဲကြိုး ကျွန်တော် ခိုက် မထားပါဘူး။ လမ်းမှာ ပြေးရင်း လွှားရင်း ကျကျန်ခဲ့တာပါ''

ကိုကြည်သိန်းက ဆရာလှရွှေ ကိုခေါ်ပြီး ပြစ်မှုဖြစ်ပွားရာ လမ်း ၁၂၀ မှာ အခေါက်ခေါက် သွားရှာ ပြီးပါပြီ။ ကျွန်တော်တို့ အသွင် ပြောင်းရဲများလောက်ထက် ရှေ့တွင် ဖြစ်ပွားတဲ့ ခါးပိုက်နှိုက်မှု မပေါ်တာ ရှက်ဖွယ်ဇိဇိ ဖြစ်နေပါပကော။

၁၉၈၄ ခုနှစ် ရောက်လာပြီမို့ တာဝန်ထမ်းဆောင်ရတာ ငါးနှစ်ပင် ပြည့်ခဲ့ပြီလေ။ အခြားအရေးကြီးတဲ့ အမှုကြီးတွေ ဖော်ထုတ်နိုင်လို့ ချီး မွမ်းစကားအပြောခံရပေမယ့် ဒီလို ခါးပိုက်နှိုက်မှု မပေါ်တာက နာစရာ တစ်ခုပေပဲ။

''ဆရာလှရွှေ ဘာပြောချင်

BURMESE CLASSIC .com

ဂျပန်ဟာလူမွေးလူတောင်ပြောင်တဲ့သူပါ။ မှီကောင်းပါတယ်။
ဝတ်ကောင်းစားလှဝတ်ထားပါတယ်။ ဥပဓိရုပ်မှာလည်းခါးပိုက်နှိုက်ရယ်လို့ပြောရက်စရာမရှိပါဘူး။
စကားပြောရာမှာအသံသြဇာအပြည့်။ အပြောကောင်းပါ။
ဟာသဉာဏ်ပါတာလည်းတွေ့ရပါတယ်။ ဂျပန်ကိုကျွန်တော်နဲ့ကိုကြည်သိန်းတို့.....



www.burmeseclassic.com

www.burmeseclassic.com



လို့လဲ၊ လာ.....ထိုင်လေ"

အမှုစစ်အခန်းထဲကို ခေါင်းပြူ ကြည့်နေတဲ့ ကင်းမှူး တစ်ကြိမ်ကြီး လှရွှေကို ကျွန်တော်ကလှမ်း ခေါ်လိုက်ပါတယ်။ ကျွန်တော့်ကိုခင်မင်တဲ့ ဆရာလှရွှေဟာ ကျွန်တော် အမှုစစ်တဲ့နားကို မကြာခဏ လာ ထိုင်နေကျပါ။

ကျွန်တော် ဝမ်းသာရပါပြီ။ သက်သေခံ ရွှေဆွဲကြိုး ငါးမူးသားကို အမှုနှင့်သိမ်းဆည်းနိုင်တော့မယ် မဟုတ်ပါလား။ ဆရာချစ်ရွှေက တရားခံကို ဖောင့်ကြည့်ရပါတယ်။ နေ့ည ကင်းသမားထဲက နောက် ကင်းသမားတိုင်းကို မှာနေတာ တွေ့ရပါတယ်။ အမှုစစ်ဆရာကို လုပ်ရတာ အမျိုးမျိုး လုပ်ရတာပါ။ မင်္ဂလာ တောင်ညွန့်ရဲ့စခန်းမှာက အမှုစစ် ဆရာ၊ ဂါတ်စာရေးဆရာ၊ နယ်ထိန်း ဆရာတွေက...

အမှုစစ်အခန်းထဲမှာလည်း ဆရာတင်သိန်းတို့၊ ဆရာစစ်ဝန်း တို့ ကိုယ့်အလုပ်နဲ့ကိုယ် ရှိနေကြပါတယ်။ ဆရာလှရွှေက ကျွန်တော့် နားကပ်ပြီး တိုးတိုးလေး ပြောနေပါတယ်။ ဘာပြောမှန်းမသိပါ။ ခါတိုင်းလို နောက်နေတာပဲလား၊ ကျယ်ကျယ်ပြောဖို့ ကျွန်တော်ပြောလိုက်ပါတယ်။

"ဆရာကောင်း ချေးယိုရင် ငုံ့ကြည့်နေတယ်"

"ဘယ်ကောင်လဲ ချေးယိုတာပဲ လှတိုင်းငုံ့ကြည့်တာပဲ ကင်းမှူးရဲ့"

"ဆရာ ကျွန်တော် နောက်နေတာမဟုတ်ဘူး။ ဆရာစစ်နေကဲ့ တရားခံ ချေးအိုးထဲကြည့်ပြီး တစ်ခုခု ရှာနေသလိုပဲ"

"ဟုတ်ပါပြီ၊ ပြောစမ်းပါဦး"

"ခါးပိုက်နှိုက်တရားခံ ဝမ်းသွားတဲ့အခါ တစ်ခုခုရှာနေတာယ်ဆိုတာ ခါးပိုက်နှိုက်လာတဲ့ပစ္စည်းကို မျိုချထားလို့နေမှာပေါ့ ဆရာတို့ရဲ့"

"သတင်းကောင်းပါလား။ မင်္ဂလာသတင်းပါလား ကင်းမှူးကြီးရဲ့"

"ချေးသတင်း၊ အီးသတင်း ဟား.....ဟား"

ကျွန်တော် စခန်းမှူး ရုံးခန်းကျော်မြတ်သူထံ ထပြေးပါတယ်။ အကျိုးအကြောင်းပြောပြပါတယ်။ ဟုတ်ရဲ့လားလို့ စခန်းမှူးက အံ့သြနေပါတယ်၊ စခန်းမှူးကလည်း ကျွန်တော့်လို တပ်ကလာတဲ့ အသွင်ပြောင်းဆိုတော့ ရဲအတွေ့အကြုံတွေဟာ အသစ်အဆန်း ချည်း ဖြစ်နေတာပါပဲ။

စခန်းမှူးရဲ့ညွှန်ကြားချက် (extinction)အရ ဂါတ်စာရေး ဆရာချစ်ရွှေ ဒုတပ်ကြပ် ကျော်လှထွန်းတို့နဲ့အတူ ဂျုန်(ခ)မျိုးကြည်ကိုခေါ်ပြီး ရန်ကုန်ဆေးရုံကြီးကို သွားကြရပါတယ်။

မှခင်းဘက်ဆိုင်ရာ ဆရာဝန်ကြီးထံ သွားရောက်ပါတယ်၊ ဝမ်းဗိုက်ကို ဓာတ်မှန်ရိုက်ပါတယ်။ အစာဟောင်းအိမ်ထဲမှာ အလုံးလေး တစ်ခု ပေါ်နေတာ တွေ့ပါတယ်။

မင်္ဂလာတောင်ညွန့်ရဲစခန်းကို ပြန်လာပြီး ဂျုန်ကို အချုပ်ခန်းထဲ ပြန်မထည့်တော့ဘဲ သီးခြားထားဖို့ စီစဉ်ပါတယ်။ စခန်းမှူးကလည်း ဂါတ်စာရေး ဆရာချစ်ရွှေကို တရားခံ အီးစောင့်တည်ဖို့ တာဝန်ပေးပါတယ်။ ကျွန်တော်တို့လည်း အတူတူ တာဝန်ရှိတာပါ။

ကျွန်တော် ဝမ်းသာရပါပြီ။ သက်သေခံ ရွှေဆွဲကြိုး ငါးမူးသားကို အမှုနှင့်သိမ်းဆည်းနိုင်တော့မယ် မဟုတ်ပါလား။ ဆရာချစ်ရွှေက တရားခံကို ဖောင့်ကြည့်ရပါတယ်။ နေ့ည ကင်းသမားထဲက နောက်



www.burmeseclassic.com

www.burmeseclassic.com


ကင်းသမားတိုင်းကို မှာနေတာ တွေ့ရပါတယ်။

အမှုစစ်အရာရှိလုပ်ရတာ အမျိုးမျိုး လုပ်ရတာပါ၊ မင်္ဂလာ တောင်ညွန့်ရဲစခန်းမှာက အမှုစစ် အဖွဲ့၊ ဂါတ်စာရေးအဖွဲ့၊ နယ်ထိန်း အဖွဲ့တွေဟာ အရည် အသွေး တောက်ပြောင် ပါတယ်၊ တက်တက် ကြွကြွ၊ ရွှင်ရွှင်လန်း လန်း ရှိနေကြ တယ်။ အချင်းချင်းစည်းလုံးမှု လည်းရှိတယ်။



အသွင်ပြောင်း ကာလ စေတ်ဦးမှာ စခန်းမှူး ရဲအုပ် ဝင်း သောင်က ပုံစံသွင်း ခဲ့တာပါ။ ထူးချွန်း မောင်း သွန်သင်ခဲ့တာ ကျွန်တော်တို့ ကြုံခဲ့ရ ပါတယ်။ စခန်းမှူးက ဆူပူဆုံးမ နေတတ်ပြီး ပြီးတဲ့အခါ သူ့အခန်း ထဲဝင်ပြီး ပုတီးစိပ်နေတတ်တာ ကျွန်တော် သတိပြုမိပါတယ်။

ရဲအုပ် ဝင်းသောင် ရာထူးတိုး ပြောင်းသွားပြီးနောက် ရဲအုပ် ကျော်မြတ်သူ စခန်းမှူးဖြစ်လာ ပါတယ်၊ သူကျတော့ အမြဲပျော် ပျော်နေတတ်သူပါ။ ရန်ကင်းကို ပြောင်းသွားပြီးပါမှ စခန်းမှူး တာဝန်နဲ့ ကိုယ့်ခန်းကို ပြန် ရောက်လာသူပါ။ အချိန် အတော် ကြာ တာဝန်ထမ်းဆောင် နေခဲ့ပါ တယ်။

ကျွန်တော်တို့စခန်းမှူး နှစ် ယောက်လုံးဟာ ထောင်ကပြောင်းလာ သူများပီပီ မှင်လင်းတာ၊ မိုးစင်း တာ အတူတူပါ၊ လက်အောက် ငယ် သားတွေအပေါ် အနိုင်ကျင့် အကဲဆတ် ဖိုမြင်နေတတ်သူများမို့ ကြည်ညိုစရာ အလွန်ကောင်း ပါတယ်။

* * * * *

တရားခံ ဂျပန်ကို ခဏခဏ ထုတ်စစ်ပြန်ပါတယ်၊ ကိုကြည် သိန်းလည်း အခန်းမှာ အမြဲရှိနေ တတ်ပါတယ်။

“ကျွန်တော့်လက်ထဲမှာ မရှိ ပါဘူးဆို ဂျပန်”

“ဟုတ်တယ်လေ၊ ဆရာကို ကျွန်တော် မလိမ်ပါဘူး၊ အခု လည်း ရွှေ ဥပေးမယ့် ဘဲလေး တစ်ကောင်.....”

ဂျပန်က ဟာသ ဉာဏ်လေးနဲ့ အစစ်ခံ နေပါလား။ ကျွန်တော် ကျေးတဲ့မုန့်နဲ့ လက် ဖက်ရည်သောက်ပြီး ကျွန်တော်အမှုစစ်တာ ကို ပျော်နေပုံပါ၊ မျက် နှာက ရယ်ကျဲကျဲ လုပ်နေပါတယ်၊ ကျွန် တော် မမေးရသေး ဘဲ သူ့ဘာသာသူ လျှောက်ပြော နေပါ သေးတယ်။

“အဖေ့နှလုံးရောဂါအတွက် ဆေးဝယ်ဖို့ ထွက်လာတာပါ၊ မုန့် လေးဘာလေးဝယ်ရဖို့ ငွေရှာတာ ဆရာ၊ ဒါတိုင်းဆို ပိုက်ဆံအိတ်ပဲ နှိုက်တာ၊ အခုဆွဲကြိုးက ဦးဆုံး လုပ်တာပါ”

“လုပ်တဲ့နေ့က ပြေးရင်းလွှား ရင်း ပါးစပ်ထဲငုံထားရာက ရဲတွေ အတင်းရှာလို့ မေးထဲကျသွားရော ဆရာ၊ တောင်းထဲတုန်းက သူငယ် ချင်းပြောလို့ ဟာတဲ့ပစ္စည်းကို မြို


www.burmeseclassic.com

www.burmeseclassic.com



အောင် သိမ်းတဲ့နည်းလုပ်တာပါ၊ သူတို့က ပိုက်ဆံကို ပလတ်စတစ် ထုပ်ထဲထည့်ပြီး မျိုကြတယ်၊ ဖောင်ထဲဆိုလို့ ဒီလိုအမှုနဲ့ ကျဘာ မဟုတ်ဘူးနော် ဆရာ၊ ရန်ဖြစ်လို့"

"----"

"ကျွန်တော် အလုပ်နဲ့အကိုင်နဲ့ပါ၊ ရွှေဘုံသာ အောက်လမ်းမှာ ပွဲစားလုပ် တယ်၊ ကျောက်တို့၊ ရွှေတို့ ပွဲခရပါတယ်၊ စား ဖို့ရပါတယ်၊ ငွေ အပူတပြင်းလိုတဲ့ အခါ ခရီးသွား ဟန်လွှဲ ဘတ်စ် ကားပေါ်မှာ ငွေရှာ ရတယ် ဆရာ၊ အမြဲတမ်းတော့ မဟုတ်ဘူး၊ မေ့ လောက်မှ တစ်ခါ"

"----"

"ကျွန်တော်နေတာက သင်္ဃန်းကျွန်း၊ နံပါတ်(၁၅) ဘတ်စ်ကားနဲ့ အောက်လမ်းကားစီးပါတယ်၊ အပြန်လည်းအတူတူပဲ၊ လွယ်လွယ်ရမှ လုပ်တာပါ၊ အန္တရာယ်ကများသား"

"----"

"ဆရာ့ကို ကျွန်တော် အပူ တစ်ခုတော့ ကတ်ရှီးမယ်၊ အဖေ့ ဆီ 'လယ်စီတော'ဆေးတစ်ကဒ်ပို့ ပေးပါလား ဆရာ၊ ဆောရီး ဆရာ၊ ဆယ်ကဒ်ပြောတာ၊ ကျွန်တော့်မှာ ငွေပါလာတယ်၊ ပွဲခရလာတာပါ၊ ဆရာကိုယ်တိုင်



သွားမှဖြစ်မယ်၊ ကျွန်တော်အဖမ်းခံ ရတာကို ဆရာသွားပြောမှ ခရီးသွားနေတယ်ဆိုတာ အဖေ ယုံမှာ၊ ဟုတ်တယ် မဟုတ်လား ဆရာ"

အဖေတစ်ခု၊ သားတစ်ခုမို့ ကျွန်တော် တာဝန်ယူ ကတိပေး လိုက်ပါတယ်၊ နောက်တစ်ရက် ဆရာချစ်ရွှေက ဂျပန့်ကို သံကြိုး အရှည်ကြီးနဲ့ လက်မှာချည်ပြီး ရဲ စခန်းအိမ်သာဝင်းထဲဝင်ကာ အီး တည်ပါတယ်။ ကျွန်တော့်ကို သတင်းပို့လာပါတယ်။ ကျွန်တော် က တပ်ကြပ်ကြီး မောင်မောင်ကို ဆိုက်ကားဂိတ်က သက်သေနှစ် ယောက် ခေါ်ခဲ့ဖို့ စီစဉ်ပါတယ်"

လူတွေရှေ့ဖြစ်လို့ ဂျပန် ရှက် နေပြန်တယ်။ လူတွေရှောင်ပေးရ တယ်။ တော်တော်ကြာ တာပဲ၊ တစ်နာရီကျော် တယ်။ အနံ့အသက်တွေ ကြားက သန့်ရှင်းရေး ရာဂျူးက အများဆုံး အကူအညီပေးရပါ တယ်။ ကျွန်တော့် မိတ် ဆွေ ဦးစောသန်းဆိုတဲ့ ပန်းထိမ်ဆရာကြီးက သူ့ချိန်ခွင်နဲ့ ချိန်ကြည့် တော့ ဆွဲကြိုးက အလေးချိန် ငါးမူးသား နှစ် ရွေးလျော့လို့ သိရပါတယ်၊ ရွှေ ရည်က ၁၄ပဲပါတဲ့။ ရာဇဝတ်မှုပုံစံနဲ့ သိမ်းပြီး ဂါတ်စာရေးကြီးထံ မှတ် ပုံတင် ၃၂ ရေးသွင်းအပ်နှံလိုက်ပါ တယ်။

ဂျပန်ကို ခါတိုင်းလို ရဲစခန်း ရှေ့က လက်ဖက်ရည်ဆိုင်က တစ် ခွက်တစ်ခု မှာတိုက်ပါတယ်၊ ဆရာ ချစ်ရွှေတို့ ဂါတ်စာရေးအဖွဲ့ကို လည်း လက်ဖက်ရည် ပို့



www.burmeseclassic.com

www.burmeseclassic.com

နိုင်းလိုက်ပါတယ်။ ကျွန်တော်က ဝမ်းသာလို့ ဒကာခံတာပါ။

''ဆရာ အဖေ့ဆီသွားပြီး ပြောပေးဦးနော်။ ဆေးဝယ်ဖို့တော့ လောက်ပါတယ်၊ ဆရာ့လမ်းစရိတ်တော့ မရှိဘူး။ ဆရာ့ကျေးဇူးမမေ့ပါဘူး''

ဂျပန်ထပ်ပြောလာလို့ ဘုရားကိုင်းအဆုံး ဘဝမြင့်မှတ်တိုင်နားထိ သွားခဲ့ပါတယ်။ ဦးထင်ကိုအသက် (၆၇)နှစ်ကို တွေ့ပါတယ်။ ဂျပန်ပြောခိုင်းတဲ့အတိုင်း ပြောပေးပါတယ်၊ ဂျပန့်အဖေက နလုံးသွေးကြောကျဉ်းတယ်ဆိုပေမယ့် ကြည့်ရတာ သန်သန်စွမ်းစွမ်းပေပဲ။ ဝန်ထမ်းအိမ်ရာတစ်ခုရဲ့ အခိုလေးမှာ ငှားနေကြတာပါ။

ဂျပန့်အဖေဟာ ကိုယ့်ဟာကိုယ် ချက်စားနိုင်တယ်၊ အိမ်ရှေ့မှာ စားပင်တွေ စိုက်ထားတာလည်း တွေ့ပါတယ်၊ မန္တလေးကို ဘာလို့ အကြာကြီးသွားရတာလဲလို့ သူ့သားအကြောင်းမေးတော့ ကျွန်တော် ကျေနပ်အောင် မပြောပြတတ်ခဲ့ဘူး။ ဟိုကြည့်ဒီကြည့် လုပ်မိရာက ဆန်အိုးထဲမှာ ဆန်မရှိလို့ ပေါ်ဆန်းမွှေးဆန်တစ်အိတ် ကျွန်တော် ဝယ်ပေးခဲ့ပါတယ်၊ ဂျပန်က မှာလိုက်လို့ ဝယ်ပေးရတာလို့ အဘိုးကြီးကို လိမ်ပြောခဲ့ရတယ်။

❀❀❀❀❀

ဂျပန်(၁)မျိုးကြည်ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၉ (နိုက်)ဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးကို တရားစွဲတင်ပါတယ်။ သုံးဦးထိုင် တရားစီရင်ရေးအဖွဲ့တစ်ခုမှာ တရားလိုနဲ့ သက်သေများကို ခေါ်ယူစစ်ဆေးပါတယ်။

ရွှေဆွဲကြိုးဝမ်းထဲ မျိုချတဲ့ကိစ္စမှို အားလုံးက စိတ်ဝင်စားကြတယ်။ တချို့က မဖြစ်နိုင်ဘူးလို့ ဝေဖန်ပြောဆိုသံကိုလည်း ကြားရတယ်၊ တရားလိုအမျိုးသမီးက အလှဆုံးဝတ်စားပြီး တရားရုံးကို သက်သေခံလာရောက်ပါတယ်။

''ကျွန်မပြင့် ရွှေဆွဲကြိုးလေး ပြန်မရတော့ဘူးလို့ ထင်နေတာ အခု ကျောက်ခဲရေပေါ်တာ ပေါ့နော် ဆိုအရာရှိ''

တရားလိုအမျိုးသမီး ဝမ်းသာသလို ကျွန်တော်တို့အမှုစစ်ကလည်း ဝမ်းသာတာအမှန်ပါ။ ဒါပေမဲ့ တရားခံဖိုက်ထဲက ပြန်ထွက်လာ အောင် အမျိုးမျိုး စဉ်းစားလုပ်ဆောင်ခဲ့တာလေးတွေ ပေးစေချင်တာပါ။

''ဒိုလ်တိုးလုပ်လိုက်ရင်တော့ အဆန်းသည်းပဲ''

စခန်းမှူး ရဲအုပ် ကျော်မြတ်သူကတော့ ကျွန်တော့်ကို ရင်းနောက်ရင်း တဖွဖွ ပြောနေပါသေးတယ်။ တစ်ဖက်ကကြည့်ပြန်တော့လည်း ကျွန်တော်တို့ သက်သေခံပစ္စည်း စုံးစုံးမြုပ်နေတဲ့ အမှုကသက်သေခံအထောက်အထား အပြည့်အစုံနဲ့ တရားစွဲတင်နိုင်ခဲ့တာဟာ တရားလိုအမျိုးသမီး ပြောသလို ကျောက်ခဲရေပေါ်တာ

ရွှေဆွဲကြိုးဝမ်းထဲ
မျိုချတဲ့ကိစ္စမို
အားလုံးက
စိတ်ဝင်စားကြတယ်။
တချို့က
မဖြစ်နိုင်ဘူးလို့
ဝေဖန် ပြောဆိုသံကိုလည်း
ကြားရတယ်၊
တရားလိုအမျိုးသမီးက
အလှဆုံးဝတ်စားပြီး
တရားရုံးကို သက်သေခံ
လာရောက်ပါတယ်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပါပဲ။

တရားရုံးက စစ်ဆေးတာ သုံး လလောက်ပဲကြာပါတယ်။ တရားခံ ဂျပန်(၁)မျိုးကြည်ကို ပြစ်မှုပုဒ်မ ၃၇၉ အရ ပြစ်မှုထင် ရှားတာကြောင့် အလုပ်နဲ့ထောင် ဒဏ် သုံးနှစ်ကျခံစေရန် အမိန့် (Judgement) ချမှတ်ပါတယ်။

တရားရုံးမှအထွက် အပေါက် ဝမှာ ဂျပန်က ကျွန်တော့်ကိုတွေ့ တော့ လက်ထိတ်ကြီးနဲ့ ထိုင်ကန် တော့ပါတယ်။ လှတွေ့ဝိုင်းကြည့်နေ တာမို့ ကျွန်တော်က အချုပ်ထဲပြန် ထည့်ဖို့ နံ့ထုတ်အခွဲ့ကို ပြောလိုက် ပါတယ်။

အချုပ်ခန်းနား ကျွန်တော် သွားပြီး ဂျပန်ကို ဒီလိုမလုပ်ရဘူး လို့ ပြောပါတယ်။ သူက သူ့ကို မုန်းကျူးလို့ ဂရုစိုက်လို့ ကန်တော့ တာလို့ ဆိုပါတယ်။ ဂျပန်ကိုကြည့် ရတာ ထောင်ကျသွားတဲ့သူနဲ့မတူ ဘူး။ နွှမ်းနွှမ်းတွေတွေ မရှိလှဘူး။ ရယ်စရာပြောချင်နေတဲ့ပုံစံပဲ တွေ့ ရပါတယ်။

"မင်းအမေကို ဘာပြောပေး ရဦးမလဲ"

"ဘာမှမပြောလိုက်ပါနဲ့ ဆရာ"

"မင်းအမေ ထားဝတ်နေရေး က....."

"အမေက ပင်စင်စားလေ၊ ကျွန်တော်ပဲ အမေ့ဆီ ကပ်စားနေ ရတာပဲ၊ ဆရာ့တစ်ခါသွားပို့တဲ့ နှလုံးရောဂါသမားစားရတဲ့ လပစ် တောသေဆေးဘော် ဝယ်ပို့ပေးပါဦးလား။ ကျွန်တော့်ပိုက်ဆံ ဂါတ်စာရေးကြီး ဆီအပ်ထားတာ ကျန်သေးလား မသိဘူး။ ဟိုနိုင်ငံဒီနိုင်ငံတဲ့ကောင် ထောင်ကျပြီဆိုတော့ ဆရာတော့ မျှင်းကျွန်ရစ်မှာ သေချာတယ်"

ကျွန်တော် သွားပေးမယ်လို့ ကတိပေးလိုက်ပြန်ပါတယ်။ ယခင် တစ်ခေါက်က သူ့အမေကို ဆန် ဗိတ်ဝယ်ပေးထားခဲ့တာ မပြောပြ တော့ပါဘူး။ ထောင်ကထွက်ရင် ရွှေ ကျောက်ပွဲစားပဲ သမ္မာအာဇီဝ လုပ်ကိုင်စားပါတော့လို့ ကျွန်တော် ပြောဦးမယ်ဆိုပြီး (ခ-မ-သ)စားပွဲ မှာ ဂျပန်ကို တွေ့အထုတ်နိုင်းမိ ပါတယ်။ တစ်ခွက်၊ တစ်ခုလည်း မှာနိုင်းလိုက်ပါတယ်။

"ဆရာက ကျွန်တော့်ကိုကျေး ဇူးတွေ များပါပြီ၊ ကျွန်တော် လွတ်လာရင် ဆရာကို ပတ်ကား ဖောင်တိန်တစ်ချောင်း နှိုက်ပေးမယ် နော် ဆရာ၊ လက်ဆောင်၊ ဟဲ..... ဟဲ"

ဂျပန် အတည်ပြောတာလား။ ဟာသပြောတာလား၊ ကျွန်တော် စဉ်းစားမနေတော့ပါ။ သူ့ကို ဆုံးမ မယ့်အစီအစဉ်တော့ ချက်ချင်းဖျက် လိုက်ပါတယ်။

"ဆရာ၊ ဆရာတို့ တပ် ကလာတဲ့ အရာရှိတွေကို တင်ပြရ မယ်ဆိုရင် ဒုစရိုက် သမားတွေ ဒါပဲပြန် လုပ်စားကြတာချည်းပဲ ဆရာ၊ ကျွန်တော်တို့အလုပ်က ဆယ်ခါမှ တစ်ခါသာ မိတာပါ၊ အသားစီးက လုပ် စားရတာမျိုးပါ၊ ရွှေ၊ ကျောက်၊ ပွဲ စားဆိုတဲ့ နေရာက အပြိုးကျက်အပြိုး စား၊ ခေါင်းကျက်ခေါင်းစားနဲ့ ပျက်စီး နေပြီ၊ ဝင်တိုးဖို့ မလွယ်တော့ဘူး၊ လျှာရှည်တဲ့မိကျောင်း၊ အချုပ်ထဲ ပြန်ထည့်တော့ ဆရာ၊ ဟိုမှာ အင်းစိန်ထောင်ပို့မယ့် ကားပြောကြီး ဝင်လာပြီ"

နောက်ဆုံးတော့ တရားခံက ပဲ အမှုစစ်အရာရှိကို ပညာပေး တရားဟောသွားတာပါပဲ။ ကိုယ် ပြောမယ့်စကားကို သူကြိုသိနေ သလိုပါပဲလား။

* * * * * *

ပျော်ရာမှာမနေရ တော်ရာမှာ နေရဆိုတာ မှန်ပါတယ်။ ကျွန်တော် သုခ၊ ဒုက္ခ ဘာဖြစ်ဖြစ် မင်္ဂလာ တောင်ညွန့်ရဲစခန်းမှာပဲ ပျော်ပါ တယ်။ ဒါပေမဲ့ မရဘူးလေ။ နောက် ဆုံးတော့ ပြောင်းရတာပဲ အဆင့် တိုးစာမေးပွဲဖြေလိုက် ပြောင်းလိုက် ဆိုတော့ ရဲဝန်ထမ်း



www.burmeseclassic.com

www.burmeseclassic.com


အလုပ်တစ်ခု ပါပဲ။

ရာထူးကျတာတွေ ကြုံရသလို အဆင့်တစ်ခုမှတစ်ခုသို့ ဆက်တိုက်တိုးတာတွေလည်း ခံရပါတယ်။ စီပီအို၊ အမှုစစ်၊ နယ်ထိန်း၊ စခန်းမှူး၊ ဒုမြို့နယ်မှူး၊ စီအိုအို၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတာဝန်တွေ အားလုံးကိုလည်း တစ်ခုပြီးတစ်ခု လုပ်ခဲ့ရပါတယ်။

အချိန်ကာလတွေ ပြောင်းလာတာနဲ့အမျှ ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာလည်း အစစအရာရာ ပြောင်းလဲတိုးတက်ခဲ့ပါပြီ။ အထူးသဖြင့် အဆောက်အအုံများမှာ ခေတ်မီပြီး မိုးထိမြင့်မားနေတာ တွေမြင်ရပါတယ်။ အပေါင်းတွေ အားလုံး ပြောင်းလဲခဲ့ပြီး ဆယ်စုနှစ်မကာ ရှိခဲ့ပါပြီကော။ မပြောင်းလဲတာက ဆူးလေဘုရားမြင်ကွင်းပါ။ ဘုရားကို မြင်တွေ့ဖူးမြော်လိုက်ရရင်ပဲ ယခင်အတိုင်း ရင်ထဲမှာအေး ချမ်းဆဲပါ။

ကျွန်တော် လိုင်းကားပေါ်က ဆူးလေ၊ ရုပ်ရှင်ရုံမှတ်တိုင်မှာဆင်းလိုက်ပါတယ်။ ဆံပင်ရှည်ရှည်၊ သျှောင်နဲ့လူတစ်ယောက် ကျွန်တော့်အိတ်ဆောင်ထဲ တစ်စုံတစ်ခု ထိုးထည့်ပြီး ထွက်ပြေးနေတဲ့ လိုင်းကားပေါ် ပြေးတက်သွားလို့ ကျွန်တော် အံ့အားသင့်မိပါတယ်။ အဲဒီလူရဲ့မျက်နှာကို ကျွန်တော် ကောင်းကောင်း မြင်လိုက်ပေမယ့် ကျွန်တော့်အသိထဲက မဟုတ်ပါဘူး။ ကျွန်တော် မျက်စိမှုန်နေသေးပါ။




"ဆရာ နေကောင်းတယ် မဟုတ်လား၊ သင်္ဘောထွက်ချိန် ရောက်နေလို့ မီအောင်သွားရဦးမယ်၊ နောက်တစ်ခေါက်မှ လာခဲ့မယ်၊ အဲဒါ ဆရာ့ကိုပေးမယ့်လက်ဆောင်နော်"

မီးရှို့မလွှတ်သေးလို့ ဖြည်းဖြည်းမောင်းနေတဲ့ လိုင်းကားပေါ်ကနေ လှမ်းပြောနေတာကို ကျွန်တော် ကောင်းကောင်းကြားလိုက်ရပါတယ်။ အိတ်ဆောင်ထဲ ထည့်သွားတဲ့ပစ္စည်းကို ထုတ်ကြည့်ပါတယ်၊ နိုင်ငံခြားဖြစ် ပါကာ ဖောင်တိန်လေးတစ်ချောင်းပါ။ ရုပ်မမှတ်မိပေမယ့် သူ့ရဲ့အသံကို ကျွန်တော် မှတ်မိပါတယ်။ ကောင်းကောင်းသိပါတယ်၊ သေချာပါတယ်။ တစ်ရံရောအခါက ကျွန်တော် စစ်ဆေးခဲ့ပြီး ထောင်သုံးနှစ်ကျသွားခဲ့တဲ့ ခါးပိုက်နှိုက် ဂျပန်(ခ)မျိုးကြည် တစ်ယောက်ဆိုတာ မလွဲနိုင်ပါဘူး။


**တိုးမြင့်**


www.burmeseclassic.com

www.burmeseclassic.com

ကိုရွှေသိမ်းဇော(ဆီးသိုင်းချောင်း)

# မိုးရွာမှာကို စိုးကြောက်မိတယ်





www.burmeseclassic.com

www.burmeseclassic.com



## မိုးရွာမှာကို
## မိုးကြောက်မိတယ်



ကိုရွှေသိမ်းအေး
(ငါးသိုင်းချောင်း)

"နွေအကြောင်း ဥဩလေးတွေသိသလို ပိတုန်းနဲ့ လိပ်ပြာအကြောင်းကို ပန်းလေးတွေ သိတယ်....."

နံနက်အရုဏ်ဦးနှင့်အတူ ဇနီးမချို၏မျက်နှာသည် ပြုံးရွှင်လန်းဆန်းနေပါသည်။ နေ့စဉ် နံနက်စောစော ထမင်းဟင်းချက်နေကျဖြစ်၍ မထူးဆန်းသော်လည်း ယနေ့မှ ထမင်းချက်ရင်း သီချင်းဆိုနေပုံမှာ ထူးဆန်းနေပါသည်။

"မိန်းမရေ.....ဒီနေ့ သီချင်းတွေဘာတွေဆိုလို့ ထူးဆန်းနေပါလား"

"ကိုရေ ထူးဆန်းဆို နားထောင်ကြည့်ပါလား"

"ဥဩ...ဥဩ...ဥဩ"

အရှေ့ဘက် ဘုန်းကြီးကျောင်းခြံထဲရှိ လက်ပံပင်ထိပ်များဆီမှ ဥဩငှက်လေး၏အသံကို သာယာဖွယ် ကြားနေရပါသည်။ ဥဩငှက်လေးမှာ နွေ၏သင်္ကေတပင်ဖြစ်သည်။

"ဥဩသံလေး ကြားပြီဆိုတော့ နွေဦးရောက်ပြီပေါ့ကွာ"

"ဟုတ်တယ်လေ၊ နွေရာသီအကြောင်းကို ဥဩလေးတွေ သိသလို မချိုကလည်း နွေအကြောင်းကို သိတယ်"

ကျွန်တော်သည် ကားထွက်ရန် အချိန်လိုသေးသဖြင့် ဇနီး၏စကားများကို စိတ်ဝင်စားစွာ နားထောင်နေမိသည်။ ငါးသိုင်းချောင်းမှ ရန်ကုန်သို့ အသွားအပြန် ခရီးသည်လိုင်းကားများ ကားဂိတ် (၃) ခုရှိပါသည်။ ရွှေဝါပုံကားဂိတ်၊ ကြိုကာကားဂိတ်၊ မိဘမေတ္တာကားဂိတ်တို့ ဖြစ်ပါသည်။ ကားရှစ်စီးရှိသည်၊ ကျွန်တော်သည် ရွှေဝါပုံလိုင်းကားတွင် ကားလိုက်နေသော စပယ်ယာတစ်ယောက်ဖြစ်ပါသည်။

"နွေအကြောင်းကို ဘယ်လို သိတာလဲ၊ ရှင်းပြပါဦး"

"ကိုရယ် မေ့နေပြီလား၊ နွေရောက်ရင် လူတွေ မှဆိုက်လာမယ်၊ ခရီးတွေ ထွက်လာမယ်၊ ခရီးသွားနေကြတဲ့လူတွေက ပိုပြီး အပူဒဏ်ခံရတယ်၊ ရေဗူး ပိုသောက်ကြမယ်လေ"

"အဲဒါ ဘာဖြစ်သလဲ၊ ပြောပါဦး"

ကျွန်တော်က ဇနီးသည်၏ တက်ကြွစွာ ပြောဆိုနေပုံကို အလိုက်သင့် စကားကြောင်းပေးလိုက်ပါသည်။

"မချိုတို့မိသားစု စီးပွားရေး အခွင့်အလမ်းတွေ ပိုကောင်းလာမယ်လေ၊ နှစ်တိုင်းကိုပေါ့၊ မချိုတို့သားအမိ ကိုရဲ့ကားပြန်ဝင်အလာမှာ ရေသန့်ဘူးခွံတွေ တက်ကောက်ရုံပေါ့"

"ကို သတိရပါပြီကွာ၊ မင်းလာရင် အဆင်သင့်ဖြစ်အောင် ကားပေါ်မှာ ရေသန့်ဘူးခွံတွေ စုထားပေးပါမယ်"

နှစ်စဉ် နွေရောက်ပြီဆိုလျှင် ခရီးသည်တွေမှာ ရေသန့်ဘူးများ ဝယ်သောက်၍ ဘူးခွံများကို ထား



www.burmeseclassic.com

ပေါ်တွင် ထားခဲ့မြဲဖြစ်သည်။ ကျွန်တော်တို့မိသားစုလည်း ဘူးခွံများကောက်ယူစုဆောင်းလျက်ရှိသည်။

နွေဦးရောက်စ တပေါင်းလတွင် တစ်နေ့လျှင် ဘူးခွံ အစိတ်သုံးဆယ် ရပါသည်။ တန်ခူးလရောက်သော်လည်း သင်္ကြန်လက်ဆောမိုးပင် မရွာပေ။ ပိတောက်မှုးတို့ မိုးကိုမျှော်ရင်း ရင့်ရော်၍သာလာခဲ့ပါသည်။ မပွင့်နိုင်ရှာပေ။ ရာသီဥတုမှာ ပိုမိုပူပြင်းလာ၍ ရေသန့်ဘူးခွံ တစ်နေ့ လေးဆယ်ခန့်ပင် ရရှိပါသည်။


ဘူးခွံတစ်လုံးလျှင် လေးဆယ်ကျပ် ရပါသည်။ အလုံးနှစ်ရာ၊ သုံးရာပြည့်လျှင် ကုန်စုံဆိုင်များသို့သွင်းရုံသာရှိပါသည်။ ကုန်စုံဆိုင်များကလည်း ဆီ၊ ရေနံ၊ အုန်းဆီဝယ်သူများ ထည့်စရာမပါလျှင် ဘူးခွံတစ်လုံး ငါးဆယ်ကျပ်ဖြင့် ပြန်ရောင်းပါသည်။ ဆီ၊ ရေနံ၊ အုန်းဆီများလည်း ရောင်းရပါသည်။ ဘူးခွံကလည်း မြတ်ပါသည်။

"ကိုရေ.....အရင်က ပဲဆီစစ်စစ် တစ်ပိဿာ သုံးထောင်ကို ဝယ်မစားနိုင်ဘူး၊ စားအုန်းဆီ နှစ်ထောင်ဈေးနဲ့ ဝယ်စားရတယ်"

"ပြီးတော့ရော"

"ဟင်းခတ်မှုန့်ဆိုလည်း အထုပ်အလတ်ပဲ စားနိုင်တယ်၊ အခုတော့ မချိုတို့မိသားစု ပဲဆီစစ်စစ် ဝယ်စားနိုင်တယ်၊ ဟင်းခတ်မှုန့်ဆိုလည်း အထုပ်အကြီးကို တစ်လစာ ဝယ်ထားနိုင်တယ်"

"____"



"ဆန်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ အားလုံး တစ်လစာဝယ်နိုင်ပြီလေ"

"____"

"မချိုတော့ မိုးရွာမှာကို စိုးကြောက်မိတယ်"

ကျွန်တော်တို့ မြစ်ပကျွန်းပေါ်ဒေသသို့ နှစ်စဉ် မေလ (၁၅)ရက်ဆိုလျှင် အနောက်တောင်မုတ်သုံလေ ဝင်လေ့ရှိပါသည်။ ယခု မေလ ကုန်တော့မည်။ မိုးရိပ်ပင် မတွေ့ရသေး။ ကဆုန်၊ နယုန် ဆွေ့ဆွေ့ခုန်ဆိုသလို အလွန်ပူပြင်းလှပေသည်။ ရေသန့်ဘူးခွံများလည်း တစ်နေ့ ငါးဆယ်၊ ခြောက်ဆယ်ပင် ရရှိနေပါသည်။

"မင်းက မိုးရွာမှာကြောက်နေ၊ သတင်းစာမှာ မိုးလေဝသဌာနက ၂၀၁၀ ပြည့်နှစ်အတွက် ထုတ်ပြန်ထားတာ ဖတ်ရတယ်"

"ဘာတဲ့လဲ"

"ဒီနှစ် အနောက်တောင်မုတ်သုံလေက ဇွန်လဆန်းမှာဝင်ပြီး ဆက်တင်ဘာ တတိယ (၁၀)ရက်ခန့်မှာ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာမယ်တဲ့"

"ပြီးတော့ရော"

"မိုးဦးအဝင်နောက်ကျပြီး မိုးလည်းစောထွက်မယ်တဲ့ကွ"

"ကောင်းတာပေါ့ ကိုရဲ့၊ မချိုတို့မိသားစု ပိုအဆင်ပြေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"မင်းကသာ မကောင်းနေ၊ လူတွေ ပျော်ပြင်းလို့ ဒုက္ခရောက်နေကြတယ်၊ ဆေးရုံဆေးခန်းတွေမှာလည်း ရောဂါတွေရလို့ လူနာတွေ ပြည့်နေပြီ"

"ဪ.....ဟုတ်လား"

"ဒီသတင်းစာကိုလည်း ဖတ်ကြည့်ပါဦး"

ကျွန်တော်က သတင်းစာကို ပေးဖတ်လိုက်လေသည်။

**မြန်မာ့အလင်းသတင်းစာ**

**(၁၂-၅-၂၀၁၀)**

ယခုနှစ် နွေနှောင်းပိုင်းကာလများအတွင်း ဝိုမိုပူပြင်းခြင်းနှင့် မိုးဦးအဝင် နှောက်ကျခြင်းတို့ကြောင့် မြန်မာနိုင်ငံ ဒေသအချို့တွင် သောက်သုံးရေရှားပါးမှုနှင့် ရင်ဆိုင်နေရပါကြောင်း။ နိုင်ငံတော်အစိုးရ၏ စီမံညွှန်ကြားမှုဖြင့် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများပူးပေါင်း၍ သောက်သုံးရေရရှိစေရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

မချိုသည် သတင်းစာကို ဖတ်ပြီးနောက် ရုပ်မြင်သံကြားသတင်းမှာလည်း ရေရှားပါးသည့် ဒုက္ခသည်များကို ကြည့်ရှုခွင့်ရသဖြင့် စိတ်မကောင်းဖြစ်သွားပုံရသည်။

꧁꧁꧁꧁꧁

ဒီမှာတင်
စိတ်ထားကောက် ကျစ်တဲ့
ဒေဝီလရှေသေ့ဟာ
နံနက် အရုဏ်တက်ရင်
ဦးခေါင်းခုနစ်စိတ်
ကွဲလိမ့်မယ်ဆိုတာ
အကျင့်သီလ ကောင်းတဲ့
နာရဒရှေသေ့က သိတယ်၊
အဲဒါနဲ့ စိတ်မကောင်းဖြစ်ပြီး
နံနက်အရုဏ်တက်ခြင်းကို
တန်ခိုးနဲ့.....

"မချိုရေ မနေ့က ရွာကအဖေလာတယ်၊ မိုးတစ်ပြိုက်နှစ်ပြိုက်ရွာရင် ပျိုးထောင်ဖို့လယ်ထဲမှာ ရိုးပြတ်တွေ မီးရှို့၊ နွားချေးခြောက်တွေ စုထားတာတယ်ဆိုးဖို့ မိုးစောင့်နေတာ၊ မိုးမရွာလို့ လယ်သမားတွေ ဒုက္ခရောက်နေတယ်တဲ့"

"ဟုတ်ပါတယ် ကိုရယ်၊ မိုးရွာချိန်တန် မရွာတော့ လူတွေ ဒုက္ခ ရောက်နေကြပြီ၊ မချိုလည်း စိတ် မကောင်းပါဘူး"

"ဟုတ်တယ် မချိုရဲ့၊ သဘာဝတရားဟာ အချိန်မှန်မှန် မလည်ပတ်ဘဲ မိုးလင်းချိန်မှာ မိုးမလင်းလို့ ပြည်သူတွေ ဒုက္ခရောက်ကြတဲ့ ရသေ့နှစ်ပါးဇာတ်တော်ကို ဖတ်ဖူးတယ်"

"ထူးဆန်းလှချည်လား၊ ပြောပါဦး ကိုရဲ့"

"နာရဒရသေ့နဲ့ ဒေဝီလရသေ့နှစ်ပါးဟာ အငြင်းအခုံဖြစ်ကြတော့ ကျိန်စာဆိုကြတယ်လေ"

"အင်း.....စိတ်ဝင်စားစရာပဲ၊ ဆက်ပါဦး"

"ဒီမှာတင် စိတ်ထားကောက်ကျစ်တဲ့ ဒေဝီလရသေ့ဟာ နံနက်အရုဏ်တက်ရင် ဦးခေါင်းခုနစ်စိတ်ကွဲလိမ့်မယ်ဆိုတာ အကျင့်သီလကောင်းတဲ့ နာရဒရသေ့က သိတယ်၊ အဲဒါနဲ့ စိတ်မကောင်းဖြစ်ပြီး နံနက်အရုဏ်တက်ခြင်းကို တန်ခိုးနဲ့ တားမြစ်ခဲ့တယ်"

"အဲဒီတော့ ဘာဆက်ဖြစ်သလဲ"

"အရုဏ်တက်ချိန်ကို စောင့်ဆိုင်းနေကြတဲ့ ပြည်သူပြည်သားတွေဟာ လုပ်ငန်းဆောင်တာတွေ



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ရလို့ ဒုက္ခရောက်ကြတယ်''

''ပြည်သူတွေက ဘာဆက်လုပ်ကြသလဲ''

''ရာသီဥတုဖောက်ပြန်ရင် မင်းကျင့်တရား မညီလို့ပဲလို့ ထင်မှတ်ပြီး နန်းတော်တံခါးကို စုရုံးရောက်ကြတယ်လေ''

''ဆက်ပြောပါဦး''

''မင်းကြီးမှာလည်း တစ်စုံတစ်ရာ အမှားအယွင်းမရှိတာ သိကြတယ်၊ နောက်တော့ ပုရောဟိတ်တို့ တင်ပြချက်အရ ရသေ့နှစ်ပါး အငြင်းအခုံဖြစ်ပြီး တန်ခိုးပြနေခြင်းကြောင့် ဖြစ်ကြောင်း သိရတယ်''

''မင်းကြီးက ဘာလုပ်ရောလဲ''



''ဒီတော့မှ မင်းကြီးနဲ့ ပြည်သူ ပြည်သားတွေ မီးရှူးမီးတိုင်တွေနဲ့ နာရဒရသေ့ထံ ရောက်သွားပြီး အရုဏ်မတက်၍ တိုင်းသူပြည်သားတွေ ဒုက္ခရောက်နေကြောင်းပြောပြီး အရုဏ်တက်ခွင့်ပြုပါရန် တောင်းပန် တိုက်တွန်းကြရတယ်''

''နာရဒရသေ့က ဘာပြောလဲ''

''ဒီတော့မှ နာရဒရသေ့လည်း ဒေဝီလရသေ့ ဦးခေါင်းခုနစ်စိတ်ကွဲခြင်းမှ သက်သာအောင် စီမံပြီး တန်ခိုးကို ပြေလျော့လွှတ်ပေးလိုက်တယ်လေ၊ တိုင်းသူပြည်သားတွေလည်း လုပ်ငန်းဆောင်တာတွေ အဆင်ပြေ ပျော်ရွှင်ကုန်ကြတယ်လေ''

မချိုတစ်ယောက် ဇာတ်တော်ဆုံးသည်အထိ စိတ်ဝင်စားစွာ နားထောင်နေပါသည်၊ စိတ်မကောင်းလည်းဖြစ်နေမိသည်။

''လူအများဒုက္ခရောက်ပြီး ကိုယ့်မိသားစု ပြေလည်တာတစ်ခုကိုကြည့်ပြီး မိုးရွာမှာကိုစိုးကြောက်မိတဲ့ မချိုမှာ အပြစ်ရှိသလို ခံစားမိတယ် ကိုရယ်''

''ဟုတ်တယ် မချို၊ အပြစ်ဆိုတာ တရားဥပဒေအရ အဓရေယျမှ ဖြစ်မှုမထင်နဲ့၊ လူအများ ဒုက္ခရောက်ပြီး ကိုယ့်အတွက် အဆင်ပြေရင် ပြီးရောဆိုတဲ့ စိတ်ဓာတ်က လည်း ဖြစ်မှုပါပဲကွာ''

''ဒီနေ့ကစပြီး ရွှေမိုး ဘယ်တော့ ရွာမှာလဲ၊ မချို တစ်ယောက် မိုးရွာဖို့ ဆုတောင်းပေးပါမယ်ကိုရယ်''

အသိမှန် အမြင်မှန်ရသွားသော ဇနီးကိုကြည့်ရင်း ကျွန်တော် ကျေနပ်နေမိပါသည်။ ထိုအချိန်မှာ ပ မိုးခြိမ်းသံ ကြားလိုက်ရသဖြင့် ကောင်းကင်သို့ မော့ကြည့်လိုက်ရ အာကာတစ်ခွင် မိုးရိပ်တွေ ဆင် နေပါတော့သည်။

**ကိုရွှေသိမ်းဆေ**

**(ငါးသိုင်းချေ**



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## သိပ်ချစ်သူ အရမ်းမုန်းသူ

နွေအလွန်

ဆန်းနိုင်ကို တစ်ရွာလုံးက အရေးမလုပ်ချင်ကြပေ။ ဆန်းနိုင်က သိုးတိ၊ ရိုင်းစိုင်းတိ၊ မိုက်မဲတတ်တိ။ သူ့တွင် ကောင်းသည့်အရာဆို၍ မဟုတ်မခံချင်စိတ်ရှိသည့် စိတ်ဓာတ်သာရှိသည်။ ဆန်းနိုင်ကြောင့် မိခင်ဖြစ်သူ ဒေါ်အေးကြည်မှာ အမြဲလိုလို စိတ်ဆင်းရဲနေရ၏။

"ဟဲ့....ဆန်းနိုင်၊ ရေခပ်ပါဆို မှ ဘာထိုင်လုပ်နေတာလဲ သားရယ်"

သားကို မဆူရဲပေ။ အလုပ်လုပ်မည်စိုး၍ ပြန်ချော့လိုက်ရ၏။ ဆန်းနိုင်က တင်တင်စီးစီးနှင့်ခိုင်း၍ မလုပ်ပေ။ အချော့ကြိုက်သူဖြစ်ရာ သားအကြောင်းကို သိသူဖြစ်သော ဒေါ်အေးကြည်က မာမာထန်ထန် မပြောရဲပေ။

"အမေကလည်းဗျာ.....ရှုပ်လိုက်တာ၊ အခုပဲ လယ်ထဲကပြန်လာတဲ့ဥစ္စာ။ နားပါရစေဦးလား"

"အေး.....အေး၊ နားပါ ကွယ်၊ နားပါ၊ ထမင်းချက်ဖို့ ရေမရှိတော့လို့ပါ သားရယ်၊ တော်ကြာ မင်းက ဗိုက်ဆာတယ်ပြောဦးမယ်"

"မပြောဘူးဗျာ၊ စိတ်ချ၊ ခဏလေး မှေးပါရစေဦး"

"အေး၊ မှေး.....မှေး"

ဒေါ်အေးကြည်က ဆန်းနိုင်ကို ငေါ်ပြောလိုက်ရင်း ရှိသမျှရေလေးနှင့် ထမင်းအိုးတည်လိုက်ရသည်။ ချဉ်ပေါင်ရည်ကျဲလေးချက်ရန် ခြံထဲရှိ ချဉ်ပေါင်ပင်များဆီသို့ အရွက်ခူးရန် ထွက်ခဲ့၏။ ချဉ်ပေါင်ရွက်ခူးပြီး အိမ်ပေါ်ပြန်အတက်တွင် ဆန်းနိုင်တစ်ယောက် တခေါခေါနှင့် အိပ်နေပြီဖြစ်သည်။

"ခြော်.....အိပ်နေလိုက်တာများ ဖင်ထဲ ကြက်ဝင်ရင်တောင် သိမှာမဟုတ်ဘူး။ တော်တော်အားကိုးရတဲ့သား"

ဒေါ်အေးမြည်က မြည်တမ်းရင်း သားဖြစ်သူကိုလည်း သနားမိ၏။ ဆန်းနိုင်မှာ ၂၈ နှစ်အတွင်းသို့ ချင်းနင်းဝင်ရောက်လာပြီဖြစ်ရာ ခုချိန်ထိ ချစ်သူမရှိသေးပေ။ သူ့အကြောင်းကို သိနေ၍ ရွာမှ မိန်းကလေးများက သူ့အား ဝေးဝေးရှောင်ကြ၏။

"သူ့အသက်အရွယ်နဲ့ အိမ်ထောင်ပြုသင့်ပါပြီလေ၊ ခက်တာက ဘယ်မိန်းကလေးကမှ သူ့ကို ယူရဲကြမှာမဟုတ်ဘူး၊ သူ့စရိုက်ကို ဘယ်သူက ခံနိုင်မှာတဲ့လဲ"

သားဖြစ်သူအား လူလိမ္မာတစ်ယောက် ဖြစ်စေချင်သော်လည်း ဒေါ်အေးကြည်ဆန္ဒက မည်သို့မျှ ဖြစ်လာမည်မဟုတ်ပါ။ ဆန်းနိုင်က မထင်လျှင် မထင်သလို ခွေးပင်မညှာတာပေ။ မူးလာလျှင် အေးအေးမနေဘဲ သွေးဆိုးတတ်ပြန်၏။

"မိုင်းလေးတော့ မဆိုးပါဘူး။ ဒေါ်ဘုမကိုပြောပြီး ဆန်းနိုင်

www.burmeseclassic.com



နဲ့ အိမ်ထောင်ချပေးရင်ကောင်းမယ်၊ ဒါမှ ငါလည်း တရားအလုပ်ကို အေးအေးချမ်းချမ်းလုပ်ရမှာ၊ မနက်ကျမှ ဒေါ်ဘုမကို သွားပြောပြီရမယ်''

ဒေါ်အေးကြည်သည် ချွေးမကောင်း အမြန်ဆုံးရရေးအတွက် မိခင်တစ်ယောက်အနေဖြင့် လှုပ်

> မိုးဝိုင်းက
> နားချွဲလေးတခါခါ ဖြင့်
> မေးလိုက်၏။
> တစ်ဆက်တည်း ပင်
> သူ့အနားသို့ရောက်လာ၏။
> ထမင်းအိုးကို
> မွှေပေးပြီး ထမင်းရည်ငှဲ့ရန်
> လက်ခုကို ယူလိုက် သည်။
> မိုးဝိုင်းက ရောက်လာတိုင်း
> အမြင်မတော်သမျှကို
> ဝင်ရောက် ကူ ညီသွားတတ်၏။
> သည်လို အလိုက် သိတတ်သော

ရှားမှ ဖြစ်ပေမည်။ သားဖြစ်သူကို အားကိုးနေ၍ မဖြစ်ပေ။ မိုးဝိုင်းက ဆန်းနိုင်အပေါ် နားလည်သူ၊ သည်း ခံတတ်သူဖြစ်သည့်အတွက် အဆင် ပြေလိမ့်မည်ဟု ဒေါ်အေးကြည်ထင် ထား၏။

''ဟယ်...ဆန်းနိုင်အကြောင်း စဉ်းစားနေလို့ ထမင်းအိုးဆူတာတောင် မသိဘူး''

ထမင်းအိုးကို ယောက်မဖြင့် မွှေ၍ မီးထိုးနေချိန်တွင် မိုးဝိုင်း ရောက်လာသည်။

''လာ...လာ၊ သမီးလေး၊ အခုပဲ သမီးလေးအကြောင်းကို တွေးနေတာလေ''

''ဟုတ်လား အရီး၊ ဘာတွေ တွေးနေတာလဲဟင်''

မိုးဝိုင်းက နားချွဲလေးတခါခါဖြင့် မေးလိုက်၏။ တစ်ဆက်တည်းပင် သူ့အနားသို့ရောက်လာ၏။ ထမင်းအိုးကို မွှေပေးပြီး ထမင်းရည်ငှဲ့ရန် လက်ခုကို ယူလိုက်သည်။ မိုးဝိုင်းက ရောက်လာတိုင်း အမြင်မတော်သမျှကို ဝင်ရောက်ကူ ညီသွားတတ်၏။ သည်လို အလိုက် သိတတ်သော မိန်းကလေးမျိုးကို ချွေးမ မတော်ချင်သူ ရှိမည်မထင် ပေ။

''မိုးဝိုင်းကို သားနဲ့အိမ်ထောင် ချပေးဖို့ပေါ့ကွယ်''

မိုးဝိုင်းက ပြုံးသွား၏။ ဒေါ်အေးကြည်လည်း အခြေအနေ ကောင်းမှန်းသိ၍ မိုးဝိုင်းဆန္ဒကို မေး လိုက်သည်။

''သမီးကရော သားကိုယူချင် ရဲ့လားကွယ်၊ အရီးကတော့ မိုးဝိုင်း နဲ့ပဲ သဘောကျတယ်''

''မိုးဝိုင်းဆန္ဒထက် အမေ့ဆန္ဒ က ပိုအရေးကြီးပါတယ် အရီးရယ်၊ အမေက အရီးနဲ့ ခင်မင်နေတာပဲ ပြီးတော့ အစ်ကိုကို အိမ်ထောင်ပြု စေချင်ပါတယ်ရှင်''

''ကြော်.....ဒေါ်ဘုမက အရီး ကို ဒီစကားမျိုး အမြဲပြောပါတယ် ကွယ်၊ မိုးဝိုင်းနဲ့ပေးစားဖို့တော့မပြော ပါဘူး၊ ဒါကြောင့်မို့ အရီးက သမီး ကို ကြိုမေးနေတာပေါ့ကွယ်''

''မိုးဝိုင်းကို မမေးပါနဲ့ အရီး ရယ်၊ အစ်ကိုကိုပဲ မေးကြည့်ပါ၊ အစ်ကိုက လက်ခံရင် မိုးဝိုင်းမငြင်း ပါဘူးရှင်''

မိုးဝိုင်းသည် ထမင်းရေညှိငှဲ့ရင်း မရှက်မကြောက်ပြောနေ၍ ဒေါ် အေးကြည်မှာ ထုန်မိမတတ် ဝမ်း သာသွားရ၏။

''အရီးဝမ်းသာလိုက်တာအေ ကြော်...မိုးဝိုင်းက သားအပေါ်မှာ ချစ်နေတာကို အရီးယုံလိုက်ပါပြီ ကွယ်''

မိုးဝိုင်းလည်း ထမင်းရည် ပြီးသည်နှင့် ရုက်ရုက်နှင့် သူ့အိမ် သို့ ပြန်ပြေးသွားတော့သည်။ ဒေ

www.burmeseclassic.com



အေးကြည်မှာ ကျေနပ်စွာ ကျန်ရစ်ခဲ့၏။

✿✿✿✿✿

ဒေါ်ဘုမကို ပြောပြလိုက်သည်နှင့် ဒေါ်ဘုမက မိတိုင်းသဘောဟု ပြောနေပြန်၏။ ဆန်းနိုင်အပေါ် အလိုမကျစိတ်ဖြစ်နေသော်လည်း ဒေါ်အေးကြည်မျက်နှာကြောင့် အိမ်ထောင်ကျလျှင် စိတ်ခါတ်ပြောင်းသွားလိမ့်မည်ဟုတွေးပြီး လက်ခံရှာသည်။

''ကျွန်မသားကို တာဝန်ယူပါတယ်ရှင်၊ ရှင့်သမီး ဘယ်တော့မှ စိတ်မဆင်းရဲစေရပါဘူး''

''ဟင်း...ကျွန်မတော့ စွန့်စားခန်းတစ်ခုလိုပါပဲရှင်၊ လင်ယူမှားရင် မိတိုင်းပဲ တစ်သက်လုံး ခံစားရမှာ နော်၊ ရှင်တို့ ကျွန်မတို့က ဘေးကနေ ထိုင်ကြည့်ရုံကလွဲပြီး ဘာတတ်နိုင်မှာလဲရှင်''

''ဒီလောက်ကြီးလည်း မဟုတ်ပါဘူး ဒေါ်ဘုမရယ်၊ ဆန်းနိုင်မှာ သနားစိတ်လေးတော့ ရှိပါတယ်၊ ကျွန်မက သူ့အမေပါရှင်''

''ဩော်... မိတိုင်း ... မိတိုင်း၊ ဆန်းနိုင်အပေါ် ဘာကြောင့်များ ယုံမှီခေါင်းညိတ်ရပါလိမ့်နော်၊ ကျွန်မတော့ အံ့ဩတယ်ရှင်''



နောက်ဆုံးတော့ မိခင်နှစ်ယောက်က တိုင်ပင်ပြီး မင်္ဂလာကိစ္စကို စီစဉ်ကြ၏။ ဆန်းနိုင်နှင့် မိတိုင်းတို့သတင်းက တဖြည်းဖြည်းနှင့် ရွာထဲတွင် ပျံ့နှံ့သွားတော့သည်။ တောရွာလေလေ့အတိုင်း ရေခပ်ရင်းလည်း ထိုသတင်း၊ လယ်ဆင်းရင်းလည်း ထိုသတင်း။ အတင်းပြောလည်း ထို သတင်းနှင့် ဆန်းနိုင်သိသွားသည့် အခါတွင်တော့.....

''အမေ...ဗျို့...အမေ၊ ထွက်လာပါဦးဗျ''

တံခါးမိမ်ရှေ့တွင် ဆန်းနိုင်တစ်ယောက် အော်ကြီးဟစ်ကျယ်ဖြင့် တကြော်ကြော် ခေါ်နေလေတော့သည်။ ဒေါ်အေးကြည်လည်း ရင်တုန်ပန်းတုန်ဖြင့် အိမ်ထဲမှ ထွက်လာရ၏။

''သား မင်း ဘာဖြစ်လာသလဲဟင်၊ ဘယ်သူနဲ့ရန်ဖြစ်ပြီး ရိုက်ခဲ့သလဲဟင်၊ အမေ့ကိုပြောစမ်း''

''ကျုပ် ဘာမှမဖြစ်ခဲ့ဘူးဗျ၊ အခုဖြစ်တာ အမေ့ကြောင့်၊ အမေ့ကြောင့်ဗျ သိလား''

''အလိုတော် အမေက ဘာလုပ်နေလို့လဲ သား''

ဆန်းနိုင်သည် အိမ်ပေါ်သို့ တက်လိုက်ပြီး ကလေးတစ်ခွိနှယ်



www.burmeseclassic.com

www.burmeseclassic.com

ဖအောင်ဖိုင်နေတော့၏။

"ပြောလေသား၊ အမေက ဘာဖြစ်နေလို့လဲကွယ်"

"အမေ ကျုပ် မိုင်းကိုမချစ်ဘူးဗျ၊ မယူနိုင်ဘူး"

ဒေါ်အေးကြည်လည်း လက်မှိုင်ချသွားတော့၏။ ဆန်းနိုင်ပေါက်ကွဲလာခြင်းက ထိုက်စွာဖြစ်နေ၍ ဒေါ်အေးကြည်၏အစီအစဉ်မှာပျက်ရပေတော့မည်၊ သားဖြစ်သူက တစ်ဖွတ်ထိုးသမား။ သူ့ဆန္ဒကို မမေးမိဘဲ လက်ခံမည်အထင်နှင့် ဒေါ်အေးကြည်က စီစဉ်ခဲ့မိသည်။

"မိုင်းမှာ ဘာအပြစ်ရှိလို့လဲ သား၊ မင်းရဲ့အနွံအတာကိုခံတာ မိုင်းလေးပဲရှိတယ်ကွယ်၊ အမေ့သား စဉ်းစားပါဦးလား"

"မိုင်းကို ချစ်လို့မရဘူးဗျာ၊ ကျုပ်မချစ်ဘဲနဲ့ မယူနိုင်ဘူးနော်၊ ဒါပဲ"

"အမေ့ကို သနားပါဦး သားရယ်၊ မင်းက မိုင်းကို မချစ်ပေမယ့် မိုင်းက မင်းကိုချစ်တယ်၊ မင်းအပေါ် နားလည်မှုအရှိဆုံး မိန်းကလေးကွဲ့၊ ဗိုင်းကောင်း ကျောက်ဖိန့် အိမ်မှုကိစ္စလည်း နိုင်နင်းတယ်၊ အမေ့ကိုလည်း သူ့မိဘလိုချစ်တယ်၊ ဒီလို မိန်းကလေးမျိုးက ရှားတယ်သား"

"မလိုချင်ဘူးဗျာ၊ ကျုပ်ကို အတင်းအကျပ် မလုပ်နဲ့နော်၊ ကျုပ်အကြောင်း သိတယ်မဟုတ်လား"

ဒေါ်အေးကြည်လည်း ဒေါသထွက်သွားမိ၏။ မိဘက ကောင်းသည်ထင်၍ စီစဉ်သည်ကို လက်မခံဘဲ ခုကွဲဖြစ်ချင်သည့်သားဆိုးဟု မြင်လိုက်၏။ သားဖြစ်သူက မိခင်စကားကို နားထောင်မည်ဟု ထင်ထားသမျှ တက်တက်စင်အောင် လွဲသွားရသည်။

"ဒေါ်ဘုမနဲ့ အမေတို့က မင်္ဂလာကိစ္စကို စီစဉ်ပြီးပြီ သား၊ ရက်ကောင်းသတ်မှတ်ပြီးကြပြီ၊ အမေ့ကို အရှက်မခွဲချင်ပါနဲ့ကွယ်၊ မိုင်းလေးကို စာနာပါဦးနော်"

"အဲဒါ အမေက ကျုပ်ကို သက်သက် ချုပ်ပြီးနှောင်ပြီးမှ အမေလိုချင်တဲ့ပုံစံကို သွင်းလိုက်တာပဲ၊ အမေရက်စက်တယ်ဗျာ၊ ကျုပ်ကို မချစ်မနှစ်သက်သူလက်ထဲအတင်း ပို့နေတယ်"

"သင့်လျော်မယ်ထင်လို့ အမေစီစဉ်တာပါ သားရယ်၊ အမေ့ကို စိတ်မဆိုးပါနဲ့၊ မိဘမေတ္တာက သားသမီးအပေါ် ဘယ်တော့မှ မမုန်းရက်နိုင်ပါဘူး၊ အမြဲတမ်း တသွင်သွင် စီးဆင်းနေတဲ့ မေတ္တာရေအလျဉ်ပါကွယ်၊ သားကို တစ်ခုပဲ အမေတောင်းဆိုချင်တယ်၊ အမေ့ကို သနားရင် မိုင်းလေးကို ယူပါကွယ်၊ နော်....."

"ဟာဗျာ.....အမေတို့က ကျုပ်ကို စိတ်မချမ်းသာအောင် မျက်ရည်ခံထိုးနေပြန်ပါပြီ၊ စိတ်ညစ်တယ်ဗျာ"

ဒေါ်အေးကြည်သည် ဆန်းနိုင်၏ စိတ်နေပုံကိုသိနေ၍ အတင်းအကျပ်ပင် ပြောတော့မှ.....

"ဒါပဲနော် နောက်မှ ကျုပ်ကို ယူရတာ စိတ်ဆင်းရဲတယ်ဆိုတဲ့ စကားမျိုး ထွက်မလာနဲ့၊ အမေ့ဟာမကို ကြိုပြောထား"

"အေးပါ သားရယ်၊ မင်းလက်ခံရင်ပဲ အမေကျေနပ်ပါပြီကွယ်"

ဆန်းနိုင်ထံမှ သဘောတူသည့်စကားမျိုး ကြားရသည်နှင့် ဒေါ်အေးကြည်လည်း စိတ်အေးသွားနိုင်တော့သည်။

သည်လိုနှင့် ဆန်းနိုင်နှင့် မိုင်းတို့၏ မင်္ဂလာပွဲကို အကျဉ်းချုံး၍ ကျင်းပလိုက်၏။ တစ်ရွာလုံးက မိုင်းကို ကဲ့ရဲ့ကြသည်၊ အပြစ်တင်ကြသည်။

"မိုင်းနယ် အမိုက်မတစ်ယောက်ပဲ၊ ဒီလိုကောင်မျိုးများ သူမို့ယူတယ်အေး၊ ငါ့သမီးသာဆို မပေးစားပါဘူး"

"ဟုတ်ပါ့၊ ခေါင်းမာကောင်



www.burmeseclassic.com

www.burmeseclassic.com

ကိုများ၊ တစ်သက်လုံး လှူမွေးလှ ရောင်တောင် ပြောင်မှာမဟုတ်ဘူး"

"မိုင်ဒိုးကို နမြောလိုက်တာ အေး၊ လင်ဆိုးမယားဖြစ်ပြီပေါ့ကွယ်"

တချို့က မိုဒိုးကြောင့် ဆန်းနိုင် အိမ်ထောင်ရေးကောင်းမည်ဟု ထင်ကြ၏။ အိမ်ထောင်ကျလျှင် လိမ္မာလာလိမ့်မည်ဟု ကြိုတင်နိမိတ်ဖတ်ကြ၏။

"ဆန်းနိုင်က မိုဒိုးကြောင့် ပြောင်းလဲလာလိမ့်မယ် သိလား။ သူတို့အိမ်ထောင်ရေး သာယာလိမ့်မယ်"

"ဟုတ်မယ်ရှင့်၊ ဒေါ်အေးကြည်တော့ ချွေးမအလိမ္မာလေးကြောင့် စိတ်ချမ်းသာနေမှာပဲ၊ ကောင်းပါတယ်ကွယ်၊ မိုဒိုးဆိုတာက သူတို့မျက်စိအောက်မှာ ကြီးလာတဲ့ ကလေးမလေးပဲ"

ပတ်ဝန်းကျင်က ကဲ့ရဲ့သူရှိသလို ချီးမွမ်းသူလည်းရှိကြသည်။ မည်သို့ပင်ပြောဆိုကြပါစေ မင်္ဂလာဦးထွမ်းကျေးအလှူဖြင့် မင်္ဂလာပွဲ ထမြောက်အောင်မြင်သွားတော့၏။

"ကြည့်ပါဦးတော်၊ ကျွန်မသားလေးက အခုလိုဝတ်တော့လည်း ကြည့်ကောင်းလိုက်တာ၊ နေနိုလာ၊ ချွေးမြို့ပြ"

"ကျွန်မသမီးလေး မိုဒိုးကလည်း လှတာပါပဲတော်၊ သူ့သူငယ်ချင်းတွေက ဝိုင်းပြီးဆင်ယင်ပေးကြတာလေ၊ ကျက်သရေရှိလိုက်တာနော်"

အမေနှစ်ယောက်ကဖြင့် အပြိုင်အဆိုင် ပြောနေကြတော့သည်။ နှစ်ဦးစလုံးမှာ ... များဖြစ်ကြပေမယ့် ဒေါ်ဘုမကာ တခြားရွာတွင်နေထိုင်သော သားဖြစ်သူ ခင်သောင်းတို့မိသားစုရှိရာသို့သွားနေမည်ဟုဆို၏။ အိမ်ကို မိုဒိုးအတွက် ပေးထားခဲ့ပြီး မင်္ဂလာလက်ဖွဲ့အဖြစ် ဒေါ်အေးကြည်ထံ အပ်ခဲ့ပေမည်။ သည်တော့ နှစ်အိမ်တစ်ခြံဖြစ်သွား၏။

"မိုဒိုးအတွက်တော့ စိတ်ချပါရစေ ဒေါ်အေးကြည်ရယ်၊ ရှင်လည်း ရှင့်သမီးဖြစ်သွားတော့ မလိမ္မာတာရှိရင် ဆုံးမပါ"

"စိတ်ချပါ ဒေါ်ဘုမ၊ မိုဒိုးလေးက ကျွန်မလိုချင်တဲ့ ချွေးမလေးပါပဲရှင်"

"သမီးဘက်ကလည်း ဒေါ်အေးကြည်စကားကို နားထောင်ပြီး ကိုယ့်လင်သားကို ပြုပြင်ယူပါကွယ်၊ စိတ်ညစ်စရာရှိရင် ဒေါ်အေးကြည်နဲ့ တိုင်ပင်ပြီး ဖြေရှင်းကြနော်၊ အမေက ခင်သောင်းဆေါ်လိုက်သွားနေရတာပါ၊ ငါ့သမီးနဲ့ မခွဲချင်ပါဘူးကွယ်"

မင်္ဂလာပွဲပြီးသည့်နေ့ ညနေတွင် ဒေါ်ဘုမကာ သားဖြစ်သူနှင့်အတူ လိုက်ပါသွားတော့သည်။ အားငယ်ပြီးကျန်ရစ်ခဲ့သည့် မိုဒိုးတစ်ယောက် အိမ်ထောင်ရေးချောက်ကမ်းပါးကြီးထဲသို့ ခုန်ဆင်းသွားရ၏။ နှုတ်တွေ့၊ ဒူးတွေ့ ရင်ဆိုင်ရသည့်နောက် မိုဒိုးရင်ထဲတွင် အားငယ်သလိုလို၊ စိတ်မကောင်းဖြစ်သလိုလိုနှင့် တစ်ခါမှ မတွေ့ကြုံဖူးသော ခံစားမှုမျိုးကို ရလိုက်၏။

သည်တော့ ရှုတ်တရက် ဖွဲ့မြောရသည့် မိခင်ဖြစ်သူကို သတိရခြင်းနှင့်အတူ မိုဒိုးတစ်ယောက် တစ်ညလုံး ထိုင်ငိုနေမိ၏။

"သမီးလေး မိုဒိုး။ ထမင်းစားကြရအောင်လေ၊ သမီးရဲ့ယောကျ်ား စောင့်နေတယ်ကွယ်"

လင်သားဟူသောအသံကြောင့် မိုဒိုးလည်း ပြောင်းလဲသွားသည်။ သူမဘဝကို သတိရသွား၏။ မျက်ရည်များသုတ်လိုက်ပြီး ထမင်းစားပွဲရှိရာသို့ မိုဒိုးရောက်လာသည့်အခါတွင်တော့.....

"အေး ငိုနေနော်၊ ဒီအိမ်မှာ ကျက်သရေမရှိ လာငိုမနေနဲ့ မနေချင်ရင်ပြော၊ နင့်အမေဆီ လိုက်ပို့ပေးမယ်၊ ဒီအိမ်က ဘသူ့သအိမ် မဟုတ်ဘူးဟေ့"

ဆန်းနိုင်၏ ထမင်းပလုတ်ပလောင်းနှင့် ပြောလိုက်သည့်



www.burmeseclassic.com

www.burmeseclassic.com



စကားက မိုင်း ရင်ထဲတွင် အရှိုက်ကိုထိုး လိုက်သည့်နှယ် ခံပြင်းသွား၏။ ဒေါ်အေးကြည် လည်း တို့စရာ ထည့်နေရာက အပြေးအလွှားရောက်လာရ သည်။

"ဟဲ့.....သားက ဒီလိုစကား မျိုး မပြောရဘူးလေ၊ မိုင်းလေးက သူ့အမေနဲ့ ခွဲဘူးတဲ့ကလေးမှ မဟုတ်တာ၊ ဝမ်းနည်းမှာပေါ့၊ အဲဒါကို မင်းက နားလည်တတ်ရ မယ်၊ ကိုယ့်ဇနီးလေးကိုနှစ်သိမ့်ပြီး ချော့ရမှာပေါ့ကွယ်"



"အမေ ဘာပြောတယ်ဗျ၊ ကျုပ်က သူ့ကိုချော့ရမယ် ဟုတ် လား၊ ဘာကြောင့်ချော့ရမှာလဲဗျ၊ ဒီလိုဖြစ်လာလိမ့်မယ်လို့ သူသိထား ရင် ဘာဖြစ်လို့ လင်ယူသေးလဲ၊ သူ့ အမေနဲ့ တစ်သက်လုံးနေပေါ့"

"မဟုတ်သေးဘူးကွယ်၊ မင်းရဲ့အယူအဆတော့ ခံချင်မှာပေါ့၊ ကိုယ့်မိန်းမကို နွေးနွေးထွေးထွေး ကြင်ကြင်နာနာရှိရမယ်လေ"

"ဟင်း.....အဲဒီတော့ ကျုပ် မလုပ်တတ်ဘူး။ နင်နော် ကောင်း ကောင်းနေရင်နေ၊ ဆက်ဆိုးနေရင် တော့ ငါထောက်မှာပဲ။ ပြီးမှ ငါ့ အဆိုးမဆိုနဲ့"

ဒေါ်အေးကြည်မှာ သက်ပြင်း ချလိုက်ရတော့၏။ မင်္ဂလာဦး ညတွင် လူကြားမကောင်းဖြစ် မည်စိုး၍ ငြိမ်နေလိုက်ရသည်။ သို့မဟုတ်ပါက မိုင်းအတွက် ဒေါ်အေးကြည်က ရပ်တည်ပေးရ ပေမည်။

"သမီးလေး ထည့်စားနော်၊ ရော့.....ဒါက ကြက်သားဟင်း။ ဝေးတောက်ရွက်ဟင်းချို မှုမှုလေး နဲ့ စားစမ်းကွယ်၊ ငါးပိနဲ့ တို့စရာ လည်းရှိတယ်နော်"

မိုင်းကို ပြန်ချော့သည့်အနေ ဖြင့် ဒေါ်အေးကြည်က ဟင်းများ ထည့်ပေးနေမိ၏။ သားက မသိ တတ်တော့ ယောက္ခမက သိတတ် လာအောင် သင်ပေးရပေမည်။

"ခြော်.....မေ့နေလိုက်တာ ကွယ်၊ ချဉ်ပတ်လေး ထည့်ထား တာ ချဉ်ပြီပေါ့၊ သမီးက ချဉ်ပတ် နဲ့မှ ထမင်းပိုစားကောင်းတာ မဟုတ်လား၊ အမေသွားယူလိုက် ဦးမယ်"

"အမေ.....ခင်ဗျားကြီး သိပ် ပိုနေပါလား၊ ကြည့်မရတော့ဘူး ဗျာ၊ သားကိုဘေးထားပြီး ဒီ ကောင်မကို စေတနာတွေ ပိုနေ တယ်ပေါ့"

"ကွယ်.....ငါ့သားကလည်း၊ မင်းက မနာလိုဖြစ်နေပြန်ပါပြီ"

"မနာလိုတာမဟုတ်ဘူးဗျ၊ ကြည့်မရတာ၊ မျက်စိနောက်နေပြီ၊ တောက်.....ထမင်းစားရတာ ဘယ် ရောက်သွားမှန်းတောင် မသိတော့ ဘူး။ ဟဲ့...ကောင်မ၊ ငါ့အမေက အိုကြီးအိုမနဲ့ ထလုပ်နေရတယ်၊ နင်က ဇိမ်နဲ့စားနေ သိလား၊ သွား... ထလုပ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com

"သား မိုက်မိုက်ရိုင်းရိုင်းမပြော ပါနဲ့ကွယ်"

မိငိုင်းက နှုတ်ခမ်းစုပြီး နောက်ဖေးဘက်သို့ ထသွား၏။ သို့သော် ဝမ်းနည်းခြင်းကြောင့်ကျသော မျက်ရည်ပေါက်ကြီးများအား မတားဆီးနိုင်တော့ပေ။ အိမ်ထောင်ရေးသုခကို မျှော်လင့်ထားသော်လည်း ဆန်းနိုင်ကြောင့် စိတ်ဓာတ်ကျခဲ့ရ၏။ ချဉ်ဖတ်အိုးရှေ့တွင် မျက်ရည်ကျရင်း မိခင်ဒေါ်ဘုမအား တမ်းတစိတ်ဖြင့် ပြောမိ၏။

"အမေ.....သမီးအဖြစ်ကို လာကြည့်လှည့်ပါတော့ အမေရယ်၊ အမေမတားတဲ့ကြားက သမီးက ဒုက္ခတောထဲကို ဖွတ်တိုးဝင်မိတယ်၊ ဒီဒုက်ကိုအခုခံစားနေရပါပြီ၊ အမေ မြင်လှည့်ပါတော့"

ချဉ်ဖတ်အိုးထဲ ဖွန်းဖြင့်ခပ်နေချိန်တွင် ဒေါ်အေးကြည်က စိတ်မချသည့်အလား လိုက်လာ၏။ ငိုနေသော မိငိုင်းကို တွေ့ရသည့်နောက် ဒေါ်အေးကြည်လည်း ရင်ထဲတွင် မကောင်းတော့ပေ။

"သမီး စိတ်ပျက်မသွားပါနဲ့လို့ အမေတောင်းပန်ပါတယ်ကွယ်၊ အမေ့ကိုယုံကြည်ရင် သားကို မေတ္တာမပျက်ပါနဲ့ သမီးရယ် နော်"

ဒေါ်အေးကြည်၏ မျက်ရည်စများကို တွေ့ရသည့်နောက် မိငိုင်းသည်း သူမ၏အမှားအား တွေ့မြင်သွားကာ မျက်ရည်များကိုသုတ်ရင်း ပြုံးရယ်ပြလိုက်၏။

"အစ်ကိုကို ကြောက်လို့ပါ အမေရယ်၊ သမီးကိုများ ထရိုက်မလားလို့တွေးပြီး ငိုမိတာပါနော်၊ ဒါပေမဲ့ အမေရှိနေသားပဲ၊ မိငိုင်း မကြောက်တော့ပါဘူး၊ ..ကိုရိုက်လည်း ခံမယ်၊ ထောင်းလည်း ငြိမ်နေပါ့မယ်"

"ကြော်.....သမီးလေးရယ်၊ အမေသနားလိုက်တာ၊ ဒီလောက်တောင် စိတ်မနာတတ်ပါလား

မိငိုင်းက
နှုတ်ခမ်းစုပြီး နောက်
ဖေးဘက်သို့ ထသွား၏။
သို့သော် ဝမ်းနည်းခြင်းကြောင့်
ကျသော
မျက် ရည်ပေါက်ကြီးများအား
မတားဆီး နိုင်တော့ပေ။
အိမ်ထောင်ရေးသုခ ကို
မျှော်လင့်ထားသော်လည်း
ဆန်း နိုင်ကြောင့်
စိတ်ဓာတ်ကျခဲ့ရ၏။
ချဉ်ဖတ်အိုးရှေ့တွင်
မျက်ရည်ကျရင်း....

ကွယ်"

မိငိုင်း၏မျက်နှာလေးကို ငေးဖက်ထားလိုက်မိတော့သည်။ ထိုအကြောင်းကို သားလူမိုက်ကြီးကို သိစေချင်ပါ၏။

❀❀❀❀❀

"မိငိုင်း...ဟဲ့...မိငိုင်း၊ ဘယ်သွားသေနေသလဲဟင်၊ ငါ့ဖေါ်ရင် ချက်ချင်းရောက်လာပါလား..... ကောင်မ"

"အစ်ကို မိငိုင်း ထမင်းရည်ငှဲ့ထားတာကို ခွေးစာခွက်ထဲ သွားထည့်ကျွေးနေတာပါ၊ မိငိုင်းကို ဘာခိုင်းမှာလဲ၊ ပြောလေ"

"ကြော်.....နင်က နင့်လင်ငါ့ကို ခွေးလောက်တောင် မသဒ္ဒါပါလား၊ သွား.....ရေတစ်ခွက် ခပ်ပေးစမ်း၊ ပြီးရင် အမြည်းတစ်ခုခု လုပ်လာခဲ့"

မိငိုင်းက သောက်ပြွင်းမောကို ဖြည်းဖြည်းချ၍ သောက်ရေတစ်ခွက် ခပ်ပေးလိုက်၏။ ပြီးနောက်တွင် မြေပဲလှော်ပြီးသားပုလင်းကို ဆန်းနိုင်ထံသို့ ယူပေးလိုက်သည်။

"အေး.....နင်က မဆိုးပါဘူး ငါ့အပေါ် သိတတ်...ပဲ၊ လက်ဖက်သုပ် မနက်ဖြန် စားချင်တယ်၊ မြေပဲချည်းစားနေရတာ ငြီးငွေ့တယ် မိငိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အစ်ကို့ မိပိုင်းလုပ်ထားပေးပါ့မယ်ရှင်၊ အစ်ကိုက မိပိုင်းကို ဘာခိုင်းဦးမလဲဟင်၊ ခိုင်းစရာမရှိရင် အစ်ကို့အဝတ်တွေ သွား၊ လျှော်မလို့ပါ"

"သွား.....သွား။ လင်နှာမှာကို မနေချင်တဲ့မိန်းမ၊ နင်မရှိမှ ငါလည်း အရက်ကို ဖိမ်ရှိရှိသောက်ရမှာ"

ရစ်ဝဲလာသော မျက်ရည်များဖြင့် ဆန်းနိုင်ကို လှမ်းကြည့်လိုက်၏။ ပြီးမှ သက်မဲ့သူတစ်ယောက်ပမာ မိပိုင်းလည်း ဆန်းနိုင်အနားမှ ထွက်လာခဲ့တော့သည်။

အိမ်ထောင်သက် တစ်ပတ်အတွင်းတွင် မိပိုင်းဘက်ကသာ အလျှော့ပေးခြင်းများစွာဖြင့် ဆန်းနိုင်ကို ဆက်ဆံခဲ့ရ၏။ သူမအတွက် မထူးတော့ပေပြီ။ လောက်ဖြစ်မှ မစင်ကို ကြောက်နေ၍ မဖြစ်တော့ပေ။ ရောက်သည့်ဘဝတွင် ပျော်အောင်နေရန် ဆုံးဖြတ်လိုက်ရ၏။

"အမေရော နေထိုင်ကောင်းရဲ့လားမသိဘူး။ မိပိုင်းသတိရသလို အမေရော သတိမှရပါရဲ့လား။ အင်း.....အမေကတော့ ငါ့ကိုစိတ်ချမ်းသာနေမှာပဲလို့ ထင်နေမှာပဲနော်"

ဒေါ်ဘုမကာ တစ်လပြည့်မှ လာကြည့်မည်ဟု ပြောသွားခဲ့၏။ သည်တော့ တမ်းတစိတ်ကို ဖြေသိမ့်ရုံမှလွဲ၍ မိပိုင်းဘာက အပြင်ထွက်ခွင့် မရရှိခဲ့ပေ။

"ဟယ်...ပိုင်းမ၊ နင့်ကိုကြည့်နေတာကြာပြီ။ ရေစည်ဘေးမှာရပ်ပြီး ဘာတွေတွေးနေတာလဲဟဲ့ ဘာလဲ နင့်ယောက်ျားက နင့်ကိုကြင်နာတာတွေပြန်တွေးပြီး ကြည်နူးနေတာလားဟယ်၊ ခင်နှောင်းကိုလည်းပြောပြပါဦးနော်"

အသံကြားရာဆီသို့ လှည့်ကြည့်လိုက်ရာ ခင်နှောင်းဖြစ်နေ၏။ ခင်နှောင်းက မိပိုင်း၏ အခင်မင်ဆုံးသူငယ်ချင်းဖြစ်သည်။ ဆန်းနိုင်၏ ရိုင်းပျမှုများကို ပြုပြင်ရန် အမြဲတမ်း တိုက်တွန်းအားပေးတတ်သူဖြစ်၏။

"ခလုတ်တောင် တိုက်ပါများရင် နုံလာတယ်လို့ မင်းပြောခဲ့တယ်နော် ခင်နှောင်း"

"အေးလေ၊ နင်တို့အိမ်ထောင်သက်ကလည်း နည်းသေးတာပဲ၊ အချိန်တွေအများကြီး ရှိပါသေးတယ်ဟယ်၊ အခုပဲ ပြောင်းလဲလာပြီမဟုတ်လား"

"အေး.....ပြောင်းလဲလာတာပေါ့ကွာ၊ အစ်ကိုက တိုက်ပါများတဲ့ ခလုတ်လို နုံမလာဘဲ ပုံကျသွားတဲ့ ယောက်ျားမျိုးပါကွာ၊ တို့ရဲ့နှလုံးသားသာ နာကျင်မှုတွေနဲ့ သူ့ကို စိတ်ကုန်လာရတယ်"

ခင်နှောင်းမှာ ထိတ်လန့်ဟန်ဖြင့် မိပိုင်းကို ကြည့်လိုက်သည်။ မိပိုင်း၏စကားများက မယုံနိုင်စရာ မရှိပြန်ပေ။

"ရက်ပိုင်းအတွင်းမှာ သူ့စိတ်ဓာတ်ကို သိခဲ့ရတယ်၊ တစ်ပတ်ကြာတော့ ကြောက်လာမိတယ်၊ တစ်လအကြာမှာ သူ့ရေ့ကနေထွက်ပြေးချင်စိတ်ပေါက်သွားတယ် ခင်နှောင်း။ အဲဒီလောက်ဆိုရင် မိပိုင်းရင်ထဲက ခံစားမှုတွေကို မင်းသိလောက်ပါပြီကွာ"

"ဟယ်.....စိတ်မကောင်းစရာပဲ၊ ခင်နှောင်းက ပိုင်းမတစ်ယောက်တော့ ပျော်နေပြီလို့ထင်တာပါ၊ တို့အိမ်ဘက်တောင် မလာနိုင်ဘူးလို့ တွေးမိတာလေ"

"မလာနိုင်တာမဟုတ်ပါဘူးကွာ၊ လာခွင့်မရတာပါ၊ တို့ဘယ်သွားသွား၊ တစ်အိမ်တည်းနေတာတောင် မတွေ့တာနဲ့ သောင်းကျန်းရော၊ အမေလည်း စိတ်ညစ်နေတယ်၊ အိမ်ထောင်ချပေးမိမှ စိတ်သောကရောက်နေရရှာတယ်ကွာ"

"ဆန်းနိုင်က နင့်ကိုသိပ်ချစ်လို့ ဖြစ်မှာပါဟာ၊ ယောက်ျားတွေက သိပ်ချစ်ရင် သဝန်တိုတတ်ကြတာပဲလေ"

မိပိုင်းသည် တစ်ယောက်တည်း ပြုံးမိလိုက်၏။ ဆန်းနိုင်၏ စိတ်ဓာတ်က မှေးထားသည့်ကြက်



www.burmeseclassic.com

www.burmeseclassic.com



ကလေးမင် အပြင်ထွက်၍ အစာကို ရှာဖွေစားနိုင်ခဲ့သူမဟုတ်ပါ။ တစ်ပေခန့်ရှိသည့် ကြက်ခြံကျဉ်းကျဉ်းလေးတွင် ပိတ်လှောင်ထားတတ်သည်။ သည်တော့ သဘာဝကို ဆန့်ကျင်ထား၍ ကြက်လေးက တအွတ်အွတ်အော်၏။ သည်တော့ နားငြီးသည်ဟုဆိုကာ ရိုက်သတ်ပစ်လိုက်၏။ စိတ်ကြမ်း၊ လူကြမ်းတစ်ယောက်အား မည်သူမျှ တားဆီးနိုင်မည်မထင်တော့ပါ။

"မိန်းမယူပြီး သူ့ဒဏ်ကိုခံနေရမှ မိုင်းဘဝက ဘာထူးတော့ပါမလဲ ခင်နှောင်းရယ်၊ အခုမှနှောင်တာရနေရလို့ တို့ကို ဘယ်သူကလာသနားမှာတဲ့လဲ၊ ဒါကြောင့်မို့ ပတ်ဝန်းကျင်က မိုင်းကို ယူစရာလင်ရှားသလားဆိုပြီး နှမြောနေကြတာလေ၊ လောကကြီးမှာ သူများကို သွားသနားမိလို့ ဒုက္ခရောက်သူတွေထဲမှာ မိုင်းက ရှေ့ဆုံးက ပါနေမှာပါကွာ"

"ဪ.....နင့်မလည်း သူ့ဝဋ်ကြွေး ပါလေသလား ဗိုင်းမရာ၊ ဒီလိုမှန်းသိရင် ဆန်းနိုင်ကိုယူမယ့်ကိစ္စ ငါလည်းဖျက်မိမှာပါ၊ ဒီဘဝရောက်မှတော့ ကိုယ့်စိတ်ကို ဖြေသိမ့်လိုက်ပါတော့ကွာ၊ သူ့ကို မေတ္တာမပျက်တဲ့ သူ့စိတ်ဓာတ်ကို ပြောင်းလဲလာအောင် ကြိုးစားရုံပဲ ရှိတော့တယ်၊ မင်းက သူ့မိန်းမဖြစ်သွားတော့.....ဟဲ့...သားသမီးရရင်ရော ဘယ်လိုနေမလဲ ဗိုင်းမရေ"

ခင်နှောင်းလည်း ဆုံးမပြောပြနေရင်း အကြံတစ်ခုရသွားပြန်၏။ သည်တော့ မိုင်းအတွက် အကောင်းဆုံးပြောင်းလဲမှုကို ပေးနိုင်မည့် ကြီးမားမှုဟု တွေးမိသည်။

"မထင်ပါဘူးကွာ၊ ငါကလေးပါ စိတ်ဆင်းရဲနေပါဦးမယ်"

"မဟုတ်သေးဘူး မိုင်း။ ရွာတောင်ပိုင်းက ကိုဖိုးထိန်ကြီးဘယ်လောက်ဆိုးသလဲဆိုတာ နင်အသိပဲနော်၊ ထန်းရည်မူးပြီး အိမ်မှပြန်တဲ့ဟာ၊ သူ့ကို အိမ်ထောင်ချပေးလိုက်ပြီးတာနဲ့ ထန်းရည်တောင် မသောက်တော့ဘူး၊ မမွှေးကိုဘယ်လောက်ချစ်လိုက်သလဲ၊ ကလေးလည်းရရော လူလိမ္မာတစ်ယောက်ဖြစ်သွားတာနော်"

"ငါက မမွှေးလို အရည်အချင်းမရှိသလို အစ်ကိုက ကိုဖိုးထိန်ထက် ဆိုးတာနော် ခင်နှောင်း"

"ဘာပဲဖြစ်ဖြစ် မင်းကလေးယူသင့်တယ်၊ ကလေးရလို့မှမလိမ္မာရင် မပေါင်းနဲ့တော့ပေါ့ဟာ၊ နင့်အမေရှိတဲ့နေရာကို လိုက်သွားပေါ့"

မိုင်းလည်း ခင်နှောင်းစကားကို စိတ်ဝင်စားသွားမိ၏။ သည်တော့ ရွာမှ သားဖွားဆရာမ ပေးထားသော သားဆက်ခြားဆေးကတ်လေးအား ဆက်မသောက်တော့ပေ။

❀❀❀❀❀

"သမီးရေ.....မိုင်း။ ဖေါ်ဘုမ လာတယ်ကွဲ့"

အိမ်ရှေ့ကွပ်ပျစ်နေရာမှ ဖေါ်အေးကြည်ခေါ်သံကြောင့် မိုင်းလည်း ဝမ်းသာသွားမိ၏။ အမေဖေါ်ဘုမသည် သမီးဖြစ်သူရှိရာသို့ အလည်လာခြင်းဖြစ်သည်။

"လာပြီ အမေ၊ ခဏလေးနော်"

အဆီပြန်နေသည့် မျက်နှာအား မှန်လေးယူ၍ ကြည့်မိ၏။ ပါးကွက်မရှိသော နေရာတွင် ချွေးကြောင့် သနပ်ခါးပျက်နေသည်။ သနပ်ခါးမှုန့်လေးဖြင့် အသာတို့လိုက်ပြီးမှ ထဘီအသစ်ဖြင့် လဲ၍ ဝတ်ဆင်လိုက်ပြန်၏။

"ဪ...ငါသာ ထဘီစုတ်ဝတ်ပြီး အလုပ်လုပ်နေတာတွေ့ရင် တစ်ခါတလေမှ လာလည်တဲ့ ငါ့အမေ စိတ်မကောင်းဖြစ်သွားမှာပဲ"

ထိုအတွေးဖြင့် လဲလှယ်လိုက်ပြီးမှ ဖေါ်ဘုမရှိရာသို့ ရောက်သွား၏။ မိခင်ဖြစ်သူကိုတွေ့တော့ မိုင်းမှာ ငိုချင်စိတ်ကို မနည်းထိန်းထားရသည်။ ဖေါ်ဘုမက သုံးလပြည့်မှ ရောက်လာခြင်းဖြစ်၏။

"အမေ နေကောင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com

နေ့ဦး"

"ကောင်းပါ့ ငါ့သမီးရယ်၊ သမီးရော နေကောင်းရဲ့လား၊ နည်းနည်းပိန်သွားသလားလို့"

ဒေါ်အေးကြည်က မိုင်းဘက်မှ ဟာဟာတေးတေး ပြောပေးရှာ၏။

"ချွေးမက သူ့အမေကိုလွမ်းလို့ဆိုပြီး ရောက်စက ငိုလိုက်တာရှင်၊ ကျွန်မတို့သားအမိက ချော့မော့နှစ်သိမ့်ပေးမှ နေသားကျသွားရတယ်၊ အိမ်ထောင်ဦးမှာ ဝမ်းနည်းတတ်တာက မိန်းမတွေရဲ့ သဘာဝပါပဲရှင်"

"ဟုတ်လား၊ မငိုရတော့ဘူး လေကွယ်၊ သမီးက ငိုနေရင် ဒေါ်အေးကြည်တို့သားအမိ စိတ်မကောင်းဖြစ်နေကြမှာပေါ့၊ ကဲ... ဒီမှာလာထိုင်ဦး၊ သမီးအစ်ကိုလင်မယားက ညည်းအတွက် စားစရာတွေ ပေးလိုက်တယ်၊ ဒါက ညည်းအစ်ကိုမိန်းမ ပေးလိုက်တာ၊ သူ့ယောက်မအတွက် ဝိုက်ဖုံးအကျီတွေကွယ်"

မိုင်းမှာ ဝမ်းသာသွားမိ၏၊ သူမတွင် ကိုယ်ဝန်ရှိနေပြီဟု သံသယရှိမိသော်လည်း မသေချာသေး၍ မပြောချင်သေးပေ။

"အစ်မကို ကျေးဇူးတင်တယ်လို့ ပြောပေးပါ အမေရယ်"

ထိုစကားအား ဒေါ်ဘုမက တွေးမိပုံမရပေ၊ ဒေါ်အေးကြည်သာ

မငိုရတော့ဘူး လေကွယ်၊
သမီးက ငိုနေရင်
ဒေါ်အေးကြည်တို့သားအမိ
စိတ်မကောင်း
ဖြစ်နေကြမှာပေါ့၊ ကဲ...
ဒီမှာလာထိုင်ဦး၊
သမီးအစ်ကိုလင်မယားက
ညည်းအတွက် စားစရာတွေ
ပေးလိုက်တယ်၊
ဒါက ညည်းအစ်ကိုမိန်းမ
ပေးလိုက်တာ၊
သူ့ယောက်မအတွက်...

လျှင် ကျေနပ်စွာ ပြုံးနေ၏။

"ညည်းကို အမေစိတ်ချပါပြီ မိုင်းရယ်၊ ညည်းအစ်ကိုလင်မယားလည်း မြို့ကိုပြောင်းကြတော့မယ်၊ အမေရောက်လာမှ သူတို့အတွက် ပိုအဆင်ပြေသွားတယ်လေ၊ မြေးနှစ်ယောက်အတွက် ကျွန်မရောက်သွားလို့ တော်သေးတာပေါ့ရှင်"

"မြို့ကို အပြီးပြောင်းသွားမှာလားရှင်"

"ဟုတ်တယ်လေ၊ ချွေးမက ရွာမှာအလုပ်လာလုပ်ရင်း သားနဲ့ အိမ်ထောင်ကျတာပါ၊ ဒီတော့ ချွေးမအလုပ်က မြို့ပေါ်ပြောင်းမိန့်ကျလို့ လိုက်သွားကြမှာတဲ့"

ဒေါ်ဘုမက စိတ်ချမ်းသာစွာ ပြောနေပေမယ့် မိုင်းမှာဖြင့် သောကတစ်ခုကြောင့် ကြိုတင်စိတ်ညစ်သွားရ၏။ မိခင်ဖြစ်သူအတွက် ဝမ်းသာမိသော်လည်း ထာဝရဝေးရမည့်အသိကြောင့် စိတ်ဆင်းရဲမိသည်။

"ဒါနဲ့ ကျွန်မသမက်လေးရော ဒေါ်အေးကြည်"

"လယ်ထဲမှာပေါ့ရှင်၊ မိန်းမရှမှ အရင်လိုမဆိုတော့ပါဘူး၊ မိုင်းလေးကိုလည်း ချစ်လိုက်သမှ မျက်စိအောက်ကနေ အပျောက်မခံရှာဘူး၊ မတွေ့တာနဲ့ မေးရောပဲ"

"ဟုတ်လား၊ ရှင်လည်း စိတ်အေးရပြီပေါ့နော်"

"သမီးရေ ဒေါ်ဘုမကိုထမင်းကျွေးဦးလေ၊ တစ်ခါတည်းသာဖြင့် လိုက်တော့ကွယ်"

"စားလာခဲ့ပြီးပါပြီရှင်၊ ဒီမှာ သုံးလေးရက်လောက်နေပြီးမှ ပြန်မှာပါ၊ နောင်ဆို အခုလို လာနိုင်တော့မှာမဟုတ်ဘူး"

ဒေါ်အေးကြည်နှင့် မိုင်းတို့နှစ်ယောက်သည် ရင်ထိသွားကြ



www.burmeseclassic.com

www.burmeseclassic.com



၏။ သုံးလေးရက်မဆိုထားနှင့် တစ်ညနေလျှင်ပင် ဆန်းနိုင်အကြောင်းကို သိသွားပေမည်၊ ညွှန်သည်ကို မနေပါနှင့် ဟုပြောလျှင်လည်း မဖြစ် ပြန်ပေ။

"ခေါင်းအုံးလေးစမ်းအေး၊ အမေ ခဏလှဲချင်တယ်၊ ခရီးသွားရတာ ပင်ပန်းလိုက်တာနော်"

"အိပ်ပျော်အောင် အိပ်လိုက် ဒေါ်ဘုမရေ၊ ဒီနေရာလေးက သစ်ပင်ရိပ်လေးရှိတော့ အေးတယ်၊ ကျုပ်တို့ ထမင်းစားလိုက်ဦးမယ်ရှင်"

မိဂိုင်းလည်း ခေါင်းအုံးယူပြီးနောက် ဒေါ်ဘုမကို ပေးလိုက်၏။ ပစ္စည်းများကို သိမ်းပြီးမှ ထမင်းစားရန် ပြင်ဆင်နေသော ဒေါ်အေးကြည်အနားသို့ ကပ်၍ပြောလိုက်သည်။

"အမေ ဘယ်လိုလုပ်ကြမလဲ ဟင်၊ အစ်ကိုပြန်လာလို့သာင်း ကျွန်းနေရင် အရှက်ကွဲမှာပဲ"

"စိတ်ပူမနေပါနဲ့ သမီးရယ်၊ ကဲ...စား...စား၊ အမေရှိပါတယ်"

ထမင်းကိုသာ စားနေရ၏၊ မိဂိုင်းအဖြစ်က နောက်ကျောမလုံပေ။ နေ့လယ် ပြန်လာခါနီး၍ ဆန်းနိုင်အလာကို လှမ်းကြည့်နေရသည်။ ဒေါ်အေးကြည်ကဖြင့် တုန်လှုပ်ပုံ မရှိပေ။

✿✿✿✿✿

"မိဂိုင်း...ဟဲ့ကောင်မ၊ ထွက်လာခဲ့စမ်း။ အောင်မာ...နင်က အိပ် ရေမှာ သေနေတာပေါ့"

တစ်ဖက်သို့ လှည့်အိပ်နေသော ဒေါ်ဘုမအား မိဂိုင်းဟုထင်ပြီး ဆန်းနိုင်က ပြေးကန်လိုက်၏။ မိဂိုင်းလည်း အိမ်ပေါ်မှ ပြေးဆင်းလာ၍ တားရတော့သည်။ ဒေါ်အေးကြည်ပါ ဆန်းနိုင်၏ မိုက်ရိုင်းပုံကြောင့် ဒေါ်ဘုမကို တောင်းပန်ရ၏။

"အစ်ကို အဲဒါ မိဂိုင်းအမေ ဒေါ်ဘုမပါ၊ အမေလာလည်တာပါ အစ်ကိုရယ်"



"ဟင်...နင်က မိုက်ရိုင်းတုန်းပါလား ဆန်းနိုင်၊ ကြည့်စမ်း၊ ငါ့ သမီးအပေါ် တော်တော်နိုင်ပါလား ဟင်၊ ဒီမယ် ဒေါ်အေးကြည်၊ ရှင့်သားက အလိမ္မာတုံးကြီးဆို၊ အခုလို မိုက်ရိုက်နေတာ မဆုံးမတော့ဘူးလားရှင့်"

"ကျုပ်တောင်းပန်ပါတယ် ဒေါ်ဘုမရယ်၊ သူ့မိန်းမ အင်ပြီး စလိုက်တာနေမှာပါနော်၊ သားမင်း ယောက္ခမကို ပြန်တောင်းပန်လိုက်ဦးလေ"

ဒေါ်ဘုမက ဒေါ်သဖြင့် ခါးတောင်း



www.burmeseclassic.com

www.burmeseclassic.com



ရပ်၍ ပြောနေ၏။ မှုးလာသော ဆန်းနိုင်သည် ဒေါ်ဘုမ မျက်နှာကို စေ့စေ့ကြည့်လိုက်ပြီး ဟားတိုက် ရယ်နေပြန်၏။

''ဟား...ဟား....ဟား။ ဘာ ကြောင့်တောင်းပန်ရမှာလဲ၊ ဘာ ယောက်ျားမလဲ၊ ခင်ဗျားကြီးက ကျုပ် အိမ်လာပြီး နေဖို့လား၊ မနေနဲ့၊ လက်မခံဘူး။ ပြန်ပေတော့၊ ဟား.. ဟား.....ဟား''

''ဟင်.....ဒေါ်အေးကြည်၊ ရှင့်သား ရိုင်းပြန်ပြီ၊ ဒီမှာ ဆန်းနိုင်၊ ငါက နင့်ဆီမှာနေဖို့ စိတ်ကူးမရှိလို့ ငါ့အိမ်တောင် ငါ့သမီးကို ပေးခဲ့ပြီး ပြီ၊ ဒီတော့ ငါ့သမီးကို ငါပြန်ခေါ် သွားမယ်၊ သမီး.....အမေနဲ့လိုက် ခဲ့တော့၊ ညည်းကို ဒီမှာမထားခဲ့ နိုင်ဘူး''

''အမေ အစ်ကိုကို စိတ်မဆိုး ပါနဲ့နော်၊ သူက မူးလာလို့ပါအမေ ရယ်''

မိဝိုင်းသည် ရှက်စိတ်ဖြင့် မျက်ရည်များကျကာ ဒေါ်ဘုမအား တောင်းပန်လိုက်သည်၊

''ဘာ.....ဒါမူးတာလားအေ့၊ မူးရင် ချေးကျူးကြည့်ပါလား။ ဒီ ကောင် တမင်ပြောတာ၊ သွေးဆိုး သဏ္ဌာဝါကောင်''

''အဘွားကြီးနော်၊ ကျုပ် သတ်မိလိမ့်မယ်၊ ခင်ဗျားကြီးပြန် တော့၊ သွား.....ဘယ်တော့မှမလာ နဲ့''

''ပြန်မယ်တော့...ပြန်မယ်၊ ငါ့ သမီးကို ခေါ်ပြီးပြန်မယ်''

''မိဝိုင်းက ခင်ဗျားကြီးနဲ့ ဘာ မှမဆိုင်တော့ဘူး။ ကျုပ်မယား။ ကျုပ် မထည့်နိုင်ဘူး။ ထားခဲ့''

''အောင်မာ.....ငါက မိဘ ဟဲ့၊ လင်သေ လင်စားရတယ်၊ မိဘ သေ မိဘအစားမရဘူး။ ကဲ..သမီး။ ဘာမှယူမနေနဲ့တော့၊ အမေနဲ့လိုက် ခဲ့''

မိဝိုင်းသည် မိခင်နှင့်လင်သား ကြားတွင် ရှာများနေစဉ် ဒေါ်အေး ကြည်က တောင်းပန်ရပြန်၏။

''ကျုပ် တောင်းပန်ပါတယ် ဒေါ်ဘုမ။ ကျုပ်သားလူမိုက်ကြီး ကြောင့် ကျုပ် အမျိုးမျိုး မျက်နှာ ပျက်ခဲ့ရ စိတ်ညစ်ခဲ့ရပေါင်းလည်း များနေပါပြီ၊ ဒီတော့ ကျုပ်ကို သနားရင် မိဝိုင်းလေးကို ထားပေး ခဲ့ပါရှင်၊ ကျုပ်ရှိနေသမျှ မိဝိုင်းလေး ဘာမှမဖြစ်စေရပါဘူး ဒေါ်ဘုမ ရယ်''

''ဒါဆို ညည်းကရော မိဝိုင်း။ အမေ့ကိုပြတ်နိုင်ရင် ဒီနေ့ဟာ နောက်ဆုံးလာခြင်းပဲ၊ ညည်းဆုံး ဖြတ်တော့''

မိဝိုင်းတစ်ယောက် မျက်ရည် များ မျက်လုံးအိမ်မှ ပြည့်လျှံကျ လာတော့သည်။ လင်သားအပေါ် ပြုပြင်ချင်စိတ်ကြောင့် ကိုယ်ဝန်ရှိ

ရန် ကြိုးစားခဲ့သူပါ။ သူကြိုးစားမှု မအောင်မြင်မချင်း စိတ်ဓာတ်မကျ ဟု ခံယူထားပြီးမှ အရှုံးပေးပြီး ထွက်မသွားနိုင်ပါ၊ တစ်ဖက်မှာ လည်း မွေးကျေးဇူးရှိနေပြန်၏။

''မိဝိုင်း ငါက နင့်ယောက်ျား နော်၊ နင့်ဘက်က ငါ့ကိုထားပြီး ထွက်သွားရင် နင့်ကို အရှင်မထား ဘူး။ အသေနဲ့ပြန်ထည့်လိုက်မှာ''

''အောင်မာ ငါ့သမီးကို နင် က သတ်ဦးမယ်ပေါ့၊ အေး...နင့် ကိုတိုင်မယ်၊ နင့်လိုကောင်မျိုးနဲ့လွဲ ရင် နောက်ထပ် လူကောင်းဆယ် ယောက် ရနိုင်သေးတယ်ဟဲ့၊ ကဲ... မိဝိုင်း။ အချိန်ကြာတယ်၊ ပြော''

မိဝိုင်းသည် ပင့်သက်ရှည်ကို ချလိုက်ပြီးနောက် ဒေါ်ဘုမအား လက်အုပ်ချီ၍ ကန်တော့လိုက်၏။

''မိဝိုင်းကို ခွင့်လွှတ်ပါအမေ ရယ်၊ မိဝိုင်းဘဝနဲ့မိဝိုင်း ရှိပါစေ တော့။ ဟင့်.....အင့်.....အင့်''

''အေး။ ငါသေလည်း ညည်း လာစရာမလိုတော့ဘူး မိဝိုင်း''

ဒေါ်ဘုမသည် သူ့လွယ်အိတ် လေးကို ဆွဲယူပြီး တရွေ့ရွေ့ဖြင့် လျှောက်သွား၏။ ဒေါ်အေးကြည် က လှည်းတစ်စီးခေါ်၍ ဒေါ်ဘုမ နောက်သို့လိုက်သွားရန်၊ သေသေ ချာချာ လိုက်ပို့ပေးရန် မှာနေ၏။ မိဝိုင်းသည် မျက်ရည်များဖြင့် ငိုမဲ့ နည်းရှုံ့မှုတစ်ပါး မတတ်နိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



ပေ။ မိဘ၏ ဥပေက္ခာကိုသာ ရလိုက်တော့၏။ နှလုံးသားတွင် ထိုထိခိုက်ခိုက် ခံစားနေရခြင်းက သူမစိတ်ကို စိတ်ထောင်းကိုယ်ကြေဖြစ်စေရသည်။

ဆန်းနိုင်အပေါ်အမုန်းသည် သူမနှလုံးသားမှ ဒဏ်ရာဒဏ်ချက်တစ်ခုအဖြစ်သို့ ပြောင်းလဲသွားတော့၏။

"ငါစိတ်ညစ်တယ် ဆန်းနိုင်၊ နင်ဟာ မိုက်လုံးကြီးတဲ့သားပဲ၊ ကြည့်စမ်း။ ဘယ်လောက်မျက်နှာပူဖို့ကောင်းသလဲ၊ နင်ခက်မယ်နော်"

ဒေါ်အေးကြည်၏ စိတ်ဓာတ်ကျသံကြီးက မိုင်းနည်းတူ ခံစားနေရမည့်မှန်း သိမိပြန်၏။ မိုင်းဘဝက အဆိုးထဲမှ အကောင်းဖြစ်မလာဘဲ အဆိုးသံသရာထဲမှ ရုန်းမထွက်နိုင်တော့ပေ၊

♛♛♛♛♛

"သမီး စေ့မစပ်နဲ့လေကွယ်၊ မပေါ့မပါးကြီးနဲ့၊ ပေး...ပေး အမေလုပ်မယ်"

"ရပါတယ် အမေ၊ မိုင်းလုပ်နိုင်ပါသေးတယ်၊ အမေလည်းနေကောင်းတာမှ မဟုတ်တာနော်၊ သွားထိုင်နေပါ အမေရယ်"

"သမီးလေးရယ် အမေ့အပေါ်နားလည်သူဆိုလို့ မိုင်းပဲရှိတာပါကွယ်၊ သားရဲ့အကြင်နာမေတ္တာကို ရဖို့ထက် အမေ့သားကို လိမ္မာသူဖြစ်အောင် သမီးက စေတနာထားပြီး ခုကွခံနေတာမဟုတ်လား၊ အမေ ကျေးဇူးသိပ်တင်တယ်ကွယ်"

မိုင်းက အမှန်တရားအား မငြင်းတော့ပါ။ ကိုယ်ဝန် ၆ လ ကျော်သည့်တိုင် အလုပ်လုပ်နေဆဲပါ။ ခွဲနှင့်စိတ်ဓာတ်က မိုင်းရင်ထဲတွင် ကိန်းအောင်းနေ၏။ အရပ်ထဲက မိုင်းမွေးမည့်ကလေးသည် သခွေးဆိုးလိမ့်မည်ဟု ထင်ကြေးပေးကြသည်။ သည်တော့ ကိုယ့်သားသမီးလေးအား ဆန်းနိုင်လို ညည့်ဆိုးမျိုး မရှိစေရန် မိုင်းကအစွမ်းကုန် ကာကွယ်မိ၏။

"အမေ့မြေးလေးအပေါ်လည်း မမြင်ရသေးခင်မှာ သမီးကမေတ္တာအပြည့်အဝရှိနေပြီတယ်၊ ဘုရားဝတ်ပြုလိုက်၊ စိတ်ကိုတည်ငြိမ်အောင် တရားထိုင်လိုက်၊ မေတ္တာသုတ်ကိုရွတ်လိုက်နဲ့၊ ဒါဟာ မိခင်မေတ္တာပဲပေါ့ကွယ်၊ မိခင်နဲ့ ရင်သွေးဆိုတာ မခွဲနိုင်တဲ့ သံယောဇဉ်ကြီးက တစ်ဆက်တည်း ရှိနေကြတာလေ၊ သမီးဘက်ကသာ မှန်းတီးစိတ်ရှိနေရင် အမေ့မြေးလေးဘဝက သူ့အဖေလို ဖြစ်လာမှာပဲ"

"သမီးရဲ့ကလေးအတွက်အစ်ကိုစိတ်မျိုး ဘယ်တော့မှမဖြစ်စေရဘူး အမေ"

"အေးပါကွယ်၊ အမေယုံကြည်ပြီးသားပါ၊ ဒါနဲ့ ဆန်းနိုင်က သမီးရဲ့မြေကိုရောင်းပြီး ဆိုင်ကယ်ဝယ်မလို့ဆို၊ ဘာဖြစ်လို့ ခွင့်ပြုလိုက်ရတာလဲကွယ်"

မအေက မိုင်းကို ထူးထူးခြားခြား လာချော့၏။ ဒေါ်အေးကြည်က လင်မယားလွှတ်လပ်စေရန် ကွပ်ပျစ်တွင် သွားထိုင်နေ၍ ဆန်းနိုင်၏စကားများအား မကြားခဲ့ပေ။ သည်နေ့မနက်ကျမှ ဝယ်သူလာကြည့်၍ သိခဲ့ရသည်။

"သမီးဘဝက မိဘစွန့်ပစ်ခြင်းတောင် ခံခဲ့ရတာပဲ အမေရယ်၊ သက်မဲ့မြေအပေါ် ခင်တွယ်လိုစိတ် မရှိတော့ပါဘူး။ သူစိတ်ချမ်းသာရင် ပြီးတာပါပဲ၊ အဲဒီလို သူ့အပေါ် စေတနာမေတ္တာထားမှန်း သူသိမှ သူ့ရဲ့စိတ်ကို ပြုပြင်လာနိုင်မှာပေါ့ အမေ"

"ဟင်း.....အမေတော့ မြင်းကို ချိတက်ပေးမိသလို ဖြစ်မှာစိုးရိမ်တယ်ကွယ်"

ဆန်းနိုင်သည် သူလိုချင်တာရမှ ကျေနပ်သူဖြစ်ရာ မကြာမီတွင် မြေကွက်ကိုရောင်း၍ [illegible]ိုင်ကယ်ဝယ်လိုက်သည်။ မိုဇွေအား မိုင်းကိုပေးခဲ့၏။ မီးဖွားစရိတ်အဖြစ် ကိုယ့်မြေကိုယ်ရောင်းပြီး ကာ[illegible]



www.burmeseclassic.com

www.burmeseclassic.com

မွေးရသလို ဖြစ်နေ၏။

"နင့်ကို ကျေးဇူးတင်တယ် မိဝိုင်း၊ ရွာထဲမှာ ဆိုင်ကယ်တွေ ခေတ်စားလာပြီဟာ၊ ဘယ်နေရာသွားသွား ဆိုင်ကယ်နဲ့မှ အဆင်ပြေတာလေ၊ ကိုတောက်ထိန်က ဆိုင်ကယ်စီးသင်ပေးမယ်တဲ့၊ ဆိုင်ကယ်ဝယ်ထားတော့ နင့်ပစ္စည်းလေး မပျောက်မျက်တော့ဘူးပေါ့"

ဘယ်သူသင်ပေးလိုက်သည့် စကားမှန်းမသိပါ။ ဆန်းနိုင်တစ်ယောက် စကားပြောအဆင်ပြေလာ၏။

"နောက်ဆို ကယ်ရီမောင်းလို့ရပြီ မိဝိုင်း။ ဒါမှ ဝင်ငွေလေးရမှာ၊ ငါလည်း လယ်ထဲမှာ အလုပ်လုပ်နေရတာ ကြာတော့ ငြီးငွေ့လာပြီ၊ အလုပ်သစ်လေး ကြံတာပေါ့ဟာ"

မိဝိုင်းဘက်က မည်သည့်စကားမျှ မဆိုချင်တော့ပါ။ ဝင်မှန်းအတွက် ဖြည့်ဆည်းပေးနိုင်လျှင် တစ်နည်းအားဖြင့် ဆန်းနိုင်ဘက်က ကောင်းသောပြောင်းလဲခြင်းကိုသာ မြင်ချင်သူပါ။ သည်တော့ ဆိုင်ကယ်အသစ်လေးအား အရိုက်တကြည့်ကြည့်ဖြင့် ဆန်းနိုင်က ပီတိဖြစ်နေတတ်သည်။

"အခုမှ ငြိမ်းဆေးတွေ့တာပဲ သမီးရေ၊ ဒါပေမဲ့ ကလေးအဖေဖြစ်တော့မှာဆိုတဲ့ အသိကြောင့်လား မပြောတတ်ဘူး။ ဒီကောင် ပြောင်းလဲသွားတာတော့ သေချာတယ်"

"မောင်ကြည့်ပြီးမှ ပြောပါ အမေရာ၊ အမေ့သားက စိတ်ချရတာမှ မဟုတ်တာ"

နောက်တော့ မိဝိုင်းတစ်ယောက် ယောကျ်ားလေး မွေးလာသည်။ သားလေးမွေးချိန်တွင် မိဝိုင်းဘဝလေး စိတ်ချမ်းမြေ့လာရ၏။ သားလေးမှာ ကိုယ်ဝန်ဆောင်ချိန်ကတည်းက အရာရာပြည့်စုံစေရန်



ဖန်တီးပေးသည့် သဘောပင်။ ဆန်းနိုင်လည်း ကယ်ရီမောင်း၏။ သည်တော့ ရွှေတိုရွှေစလေးများ ရ၍ ဆောင်းနိုင်သည့်အထိ သားလေးမှာ မွေးပြီးချိန်လည်း မိဘကို အကျိုးပေးသော သားသမီးဖြစ်နေသည်။

"ရွှေပြည့်စုံ...သားလေး၊ မေမေ့ဆီလာပါဦးကွ"

ကယ်ရီမောင်းပြန်လာသည်နှင့် ဆန်းနိုင်က သားကိုအရင်လာတွေ့၏။ သားဖြစ်သူက ဆန်းနိုင်ကိုတွေ့သည်နှင့် တခုန်ခုန်ဖြစ်နေရာ ထိုမြင်ကွင်းလေးက မိဝိုင်းကို စိတ်ချမ်းသာမှု ပေးစွမ်းနိုင်၏။

"ကြည့်ပါဦး သမီးရယ်၊ အဖေမှန်း သိနေလိုက်တာနော်၊ ဒါတောင် သုံးလပဲရှိသေးတယ်၊ အခုခေတ်ကလေးတွေများ လည်ပါ့အေ"

ဒေါ်အေးကြည်က မြေးကို မထိန်းနိုင်ပါ၊ ဖွံ့ဖွံ့ထွားထွားကြီးမို့ မချီနိုင်ပေ၊ ဆန်းနိုင်မျက်နှာနှင့် ခပ်ဆင်ဆင်တူသည့်အတွက် စိတ်က မိဝိုင်းဘက်ပါမည်မှန်း၊ အလိုလိုသိ၏။

"မိဝိုင်းနော် ငါ့သားကို ဟိုလူ့လက်ထည့်၊ ဒီလူ့လက်ထည့် လုပ်မနေနဲ့၊ ငါ့သား တစ်ခုခုဖြစ်ရင်



www.burmeseclassic.com

www.burmeseclassic.com



မိုင်းဘဏ်က မည်သည့်စကားမျှ မဆိုချင်တော့ပါ။
ခင်ပွန်းအတွက် ဖြည့်ဆည်းပေးနိုင်လျှင် တစ်နည်းအားဖြင့် ဆန်းနိုင်ဘဏ်က ကောင်းသောပြောင်းလဲခြင်းကိုသာ မြင်ချင်သည်ပါ။
သည်တော့ ဆိုင်ကယ် အသစ်လေးအား အရိပ်တကြည့်ကြည့်ဖြင့် ဆန်းနိုင်က

အကုန်သတ်ပစ်မှာပဲ''

''လုပ်ပြန်ပြီ၊ မင်းကို ဒေါ်သ လျှော့ဖို့ ပြောထားတယ်မဟုတ်လား။ မင်းနော် မိုင်းအပေါ် သိပ် နိုင် သိလား။ အခု မင်းကိုနိုင်တဲ့သူ ပေါ်လာပြီ၊ အဲဒါ ခဠ်ပဲကွဲ့''

''သူလေးလား၊ သူလေးဆို အခုကတည်းက မေမေကြီး ခေါင်းငုံ့ခံပါမယ်ဗျား..နော်၊ သားလေး.. ရှေ့ပြည့်စုံလေး.....''

''သောက်ရူးကောင်''

ဒေါ်အေးကြည်က ပျစ်ပျစ်နှစ်နှစ် ပြောလိုက်၏။ မိုင်းလည်း ထိန်းသူပြန်လာသည်နှင့် ကလေး အတွက် ဆေးဝယ်ရန်ပြောပြီးထွက်လာတော့သည်။

''မကြာခင်နဲ့နော် မိုင်း၊ ငါ ကယ်ရီပြန်ထွက်ရဦးမှာ၊ အော်ဒါရှိတယ်''

''ပြန်လာပါမယ် အစ်ကိုရယ်''

မိုင်းသည် ခင်နှောင်းအိမ်ရှေ့သို့ရောက်ချိန်တွင် ခင်နှုတ်ဆက်ရန် သတိရသွား၏။ သည်တော့ ဆေးဝင်ဝယ်ပြီးမှ လှည့်ဝင်လိုက်သည်။

''ခင်နှောင်းရေ...ခင်နှောင်း''

''ဟယ်....ဗိုင်းမ၊ လာဟယ် ဗိုင်းမရယ် နင်လည်း ကလေးမွေးပြီး လှနေလိုက်တာနော်၊ တစ်သား မွေး တစ်သွေးလှပဲဟာ''

မိုင်းစိတ်ထဲတွင် စိတ်ချမ်းသာလို့ပါဟု ပြောလိုက်ချင်၏။ သို့သော် ခင်နှောင်းက.....

''အေး၊ နင်အခုလိုလှနေမှ ဖြစ်မှာနော်၊ နင့်ကို ငါပြောစရာရှိနေတယ် မိုင်း''

''ဘာပြောမှာလဲ၊ အစ်ကို့ အကြောင်းလား၊ အခု သူလိမ့်မှာ သွားပါပြီ ခင်နှောင်းရယ်၊ ငါနဲ့သား အပေါ်လည်း သူသိပ်ချစ်တယ်၊ ကယ်ရီဆွဲပြီး ပြန်လာတာနဲ့ သူ့ သားကို ပွေးချီတော့တာပဲ''

မိုင်းက ပြုံးရွှင်ရွှင်ပြောနေသော်လည်း ခင်နှောင်းကသက်ပြင်းတစ်ချက်ကို ချလိုက်၏။

''အေး၊ နင့်ယောက်ျားက ခွေးမြီးကောက် ကျည်တောက်စွပ်တဲ့ ယောက်ျားမျိုးပဲ ဗိုင်းမ၊ သူ့အပြစ်ကို နင်တို့သားအမိအပေါ် ဂရုစိုက် သလိုလိုနဲ့ ဖုံးကွယ်လိမ်ညာနေတာ ဟဲ့''

''တို့ကို ရှင်းရှင်းပြောပါ ခင်နှောင်းရယ်၊ အစ်ကို့မှာ ဘာအပြစ်ရှိလို့လဲဟင်''

''ခြသွာ်....ဗိုင်းမ၊ ဗိုင်းမ၊ ယောက်ျားရဲ့ မုသားစကားတွေကို အဟုတ်ကြီးထင်နေတာပဲ၊ ဒီမယ် ဗိုင်းမရေ ဆန်းနိုင်က ယောမန်လွှင်နဲ့ ဖောက်ပြန်နေတာဟဲ့၊ အဲဒါကို နင်မသိဘူးလား''

''ယောမန်လွှင်ဆိုတာ ဘယ်သူလဲ ခင်နှောင်း''

''ဦးလေးကျော်လွင်သမီးလေ၊ လင်နဲ့ကွဲပြီး ရွာပြန်ရောက်နေတာ၊ ကလေးတစ်ယောက်နဲ့ တစ်ခုလပ်မပေါ့''



www.burmeseclassic.com

www.burmeseclassic.com



မိုးဝိုင်း၏ နှလုံးသားထက်မှ တဆတ်ဆတ်တုန်လှုပ်သွား၏။ သွေးခုန်နှုန်းမြန်သွားသလို စိတ်ကို ထိန်းမရတော့ပေ။

"တွေ့တယ်မဟုတ်လား။ စကားပြောဆိုတာကအစ ရုပ်တင်း လွန်းတယ်၊ ဆန်းနိုင်ဆိုင်ကယ်နဲ့ နေ့တိုင်းလိုလို လိုက်နေတာဟာ နင် မသိတာ အံ့ပါရဲ့ဟယ်"

"ငါ ငါ ဘာလုပ်ရမလဲ ခင်နှောင်း။ မနေ့ညကတောင် အိမ်ကို လာသွားသေးတယ်။ ငါ့သားကိုချီပြီး နမ်းနေလိုက်သေး။ ဒီလိုမှန်းသိရင် မောင်းထုတ်လိုက်ပါတယ်"

"နင် အဲဒီလိုသွားလုပ်ရင် ပို ဆိုးကုန်မှာပေါ့။ ဦးလေးကျော်လွင်က ရှိတယ်။ သူ့ကိုတိုင်ပင်ကြည့်ပါလား။ သူ့သမီးကို သူထိန်းမှာပဲ"

ယောကျ်ားယောက်ဖြစ်တာ
ငါအသုံးမကျလို့
ညံ့လို့ပဲခင်နှောင်း။
ယောက်ဖြစ်သူချင်း
တွေ့ကြတာကို
လိုက်တောင်းပန်နေရတာ
မလိုပါဘူး။
သူ့ကိုလီမွှာမယ့်လမ်းပေါ်
ရောက်အောင်ငါတင်ပေးပြီးမှ
ငါ့တာဝန်ကျေပါပြီကွာ။
အရှိန်ကုန်ရင်ရပ်
သွားကြလိမ့်မယ်၊
ဒါမှမဟုတ်ရင်
သဘာဝတရားကြီးက
သူ့ကိုဆုံးမ.....

"ယောကျ်ားယောက်ဖြစ်တာ ငါအသုံးမကျလို့ ညံ့လို့ပဲ ခင်နှောင်း။ ယောက်ဖြစ်သူချင်း တွေ့ကြတာကို လိုက်တောင်းပန်နေရတာ မလိုပါဘူး။ သူ့ကို လီမွှာမယ့်လမ်းပေါ်ရောက် အောင် ငါတင်ပေးပြီးမှ ငါ့တာဝန် ကျေပါပြီကွာ။ အရှိန်ကုန်ရင် ရပ် သွားကြလိမ့်မယ်၊ ဒါမှမဟုတ်ရင် သဘာဝတရားကြီးက သူ့ကိုဆုံးမ ပေးသွားပါလိမ့်မယ် ခင်နှောင်းရာ"

"ဟင်း...နင့်အဖြစ်ကလည်း စိတ်ပျက်စရာပါလားကွာ။ ဪ.. ဒါနဲ့ ဒေါ်လေးဘုမနဲ့ ငါတွေ့ခဲ့တယ် မိုးဝိုင်း။ ဒေါ်လေးက နင့်ကို သူ့ဆီ ပြန်လာဖို့ လိပ်စာပေးသွားတယ်။ ဒီမှာနော်"

ခင်နှောင်းက စာရွက်လေး တစ်ရွက်ကို မိုးဝိုင်းလက်ထဲသို့ ထည့် ပေးလိုက်၏။ မိုးဝိုင်းသည်း လက်ထဲ ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်၍ ရင် ဘတ်ထဲ ထိုးထည့်ထားလိုက် သည်။

"ငါပြန်မယ်ဟာ၊ နင့်ကိုကျေး ဇူးတင်ပါတယ်ကွာ"

တစ်လမ်းလုံး မျက်ရည်ကျ လာရ၏။ မိုးဝိုင်းဘဝက မည်သည့် အချိန်မှ မျက်ရည်စဲလိမ့်မည်မသိ ပေ။ ဆန်းနိုင်နှင့်ပတ်သက်လျှင် အခုအချိန်အထိ မျက်ရည်ကျနေရ ဆဲပါ။ အိမ်နားသို့ရောက်မှ မျက် ရည်များကို သုတ်လိုက်ရသည်။

"ပြန်လာပါဆိုမှ မြန်မြန် မလာဘူး။ ဘယ်လင်ငယ်နဲ့ သွားတွေ့နေတာလဲ မိုးဝိုင်း၊ ငါ့သား နို့ဆာ နေပြီ"

"ယောက်ဖြစ်ချင်မှတော့ အခု မှမဟုတ်ဘူး။ ရှင်နဲ့ညားကတည်း က ယူပစ်လိုက်ပြီ၊ ဟင်း..."

"အောင်မာ.....ငါ့များ ပြန် ပြောနေသေးတယ်၊ ငါလုပ်လိုက်ရ ဟိုမှာ အော်ဒါနောက်ကျနေပြီ"

"နောက်ကျလည်း ပြန်ချော လိုက်ပေါ့ရှင်၊ မစီးလေကောင်းလေ ပဲ၊ ဘာလဲ ဒီအော်ဒါက ကယ်စီခ မပေးနိုင်လို့ အခမဲ့လိုက်စီးနေတဲ့ ကောင်မဖို့ ရှင်က ဒေါ်သဖြစ်နေ တာလား။ ကြည့်လုပ်နော်၊ မိုးဝိုင်း ကို အရှက်မခွဲနဲ့၊ ယူချင်ရင် ယူ သွားကြ"

မိုးဝိုင်းထံမှ တစ်ခါမျှမကြားဖူး သည့်ဒေါ်သကို တွေ့ရသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ဆန်းနိုင် လန့်သွား၏။ ဟောမန်လွင်ကိုလည်း ဆန်းနိုင်ဘက်က သာယာစိတ်ဖြင့် သွားလာနေခြင်းဖြစ်သည်။ သေသေချာချာ စဉ်းစားလျှင် ဟောမန်လွင်သည် သူ့တွင် လစ်လပ်နေသော နှလုံးသားကွက်လပ်အား အစားထိုးဖြည့်သိမ့်ရန်နှင့် အထောက်အပံ့ရရန်သာ သူ့ကို အသုံးချနေခြင်းဖြစ်သည်၊

ဆန်းနိုင်က စိတ်ကိုလျှော့၍ဆိုင်ကယ် မောင်းထွက်သွားမှ ဒေါ်မအေးကြည်က လာမေးတော့၏။

''အမေ့ သမီး ဒေါ်သတွေဖြစ် နေပါလား။ ဘာသတင်းများကြား လာခဲ့လို့လဲကွယ်''

သည်တော့ မိဝိုင်းက ငို၍ပြောပြ လိုက်ရ၏။ ဒေါ်အေးကြည်သည် စာတ်ရည်လည်လာသည်နှင့်.....

''အင်း... ကြောင်ခံတွင်းပျက် နဲ့ ဆက်ရက်တောင်ပံကျိုး တွေ့ကြသလိုပေါ့ကွယ်၊ ကျော်လွင်ကလည်း သူ့သမီးကို မနိုင်ဘူးကွဲ့၊ မနိုင်ဆို တစ်အိမ်ငုံးကို ဟောမန်လွင်က ကျွေးနေတာလေ၊ ကယ်ရီကိတ်မှာ ကွမ်းယာ ရောင်းနေတာတဲ့၊ ငမိုက်သားကို ပြောထားဦးမယ်၊ အင်း..... ငါလည်း ခုချိန်ထိ ဒီကောင့် ဝဋ်ကြွေးက မလွတ်နိုင်ပါလားနော်''

❀❀❀❀❀



သည်လိုနှင့် သားလေး နှစ်နှစ်အရွယ်သို့ ရောက်လာသည်။ သို့ပေမယ့် ဟောမန်လွင်က ဆန်းနိုင်ဆိုင်ကယ်နှင့် အလုပ်ဖြစ်နေ၏။ ကယ်ရီကိတ်သို့ မနက်သွား၊ ညနေပြန်ဖြင့် ပြောမရသည့်လင်ကြောင့် မိဝိုင်းကို အရေးမလုပ်ကြပေ။ ပျော်ပျော်တောင်တောင်ဖြစ်နေကြ၏။

''ဒီဆိုင်ကယ်ပေါ် ဘယ်ကောင်မမှ မတင်နဲ့နော်၊ သနေ တယ်''

''ဟ.....မတင်လို့ဖြစ်မလား ကွ၊ ကိုယ့်ကို ပိုက်ဆံပေးစီးနေတာ ပဲ''

''ဘာပိုက်ဆံလဲ၊ ငွေမပေးနိုင်လို့ ငွေအစား လူပေးစီးနေတာ လား''

''မိန်းမ မင်းနော်၊ မမိုက်ရိုင်းနဲ့''

''မိုက်ရိုင်းအောင်လုပ်နေတာက ဘယ်သူလဲ၊ ဟိုဟာမကို လိုက် မပို့ရလို့ ရှင်ဘာဖြစ်သွားမှာလဲ၊ သူ့ဘာသာသူတခြား ဆိုင်ကယ်နဲ့ သွားမှာပေါ့၊ ဒီပစ္စည်းက ရှင့်ပစ္စည်းမဟုတ်ဘူး''

ဆန်းနိုင် တစ်ယောက် အရင်လို မိဝိုင်းကို မနိုင်တော့ချေ။ သူ့တွင် အပြစ်ရှိသူဖြစ်နေ၍ သည်းခံနေရသည်၊ ပြီးတော့လည်း မိဝိုင်းဝယ်ပေးထားသည့် ဆိုင်ကယ်ဖြစ်နေပြန်သည်။

''မိန်းမရာ စိတ်ကိုလျှော့ပါ



www.burmeseclassic.com

www.burmeseclassic.com



ကွာ၊ ဟိုမှာ သားလေးနိုးလာပြီ သွား.....သွား''

မိုင်းလည်း ဒေါ်သက်ဖွေ၍ သားလေးရှိရာသို့ ထွက်လာ၏။ ကလေး၏ကိုယ်လေးကို စမ်းလိုက်ရာ နွေးထွေးထွေးဖြစ်နေသည်။

''အစ်ကို သားလေး ဖျားနေလားမသိဘူး''

ကလေးကိုချီ၍ ထွက်လာစဉ် အိမ်ရှေ့၌ ဆန်းနိုင်က မရှိတော့ပေ။ ဆိုင်ကယ်ကို စက်သံမကြားစေရန် တွန်းထွက်သွားခဲ့၏။

''တောက်..ဒီလောက် ပြောမရတဲ့လူ၊ အမေ ရေ.....အမေ''

ဒေါ်အေးကြည်က အုရားရှိခိုးအပြီး ထလာသည်။ မိုင်းလည်း ကလေးကို အပ်ခဲ့ပြီး ဆန်းနိုင်၏ နောက်သို့ လိုက်သွား၏။ သို့ပေမယ့် ဒေါ်အေးကြည် အား လိုက်သွားမည့် အကြောင်းကို ပြောမပြခဲ့ ပေ။

''ဘယ်သွားမှာလဲ သမီး''

''ဒီနားလေးတင် အမေ''

အပြေးအလွှား ထွက်လာခဲ့သည်။ နှလုံးသားတွင် နာကျင်ခံခက်ဖြင့် သူမ အနှစ်နှစ်အလလက ဆုံဖြတ်ချက်တစ်ခုအား လက်တွေ့ အကောင်အထည်ဖော်လိုက်တော့၏။ ရွာထိပ်ရှိ တာလမ်းပေါ်တွင် ပြေးဆွဲနေသော ကာယ်ရီများကို တွေ့ရသည့်နောက် ကာယ်ရီတစ်စီးကို တားလိုက်မိသည်။

● ● ● ● ●

''ဆန်းနိုင်ရေ မင်းမိန်းမကို ကာယ်ရီပေါ်မှာ တွေ့လိုက်တယ်ကွ၊



မင်းကွာ ကိုယ့်မိန်းမကို လိုက်ဖို့ဖို့ များ၊ ဝဦးတာပါဦးလား၊ ကွမ်းယာသည်မနဲ့ပဲ အချိန်ကုန်နေတယ်''

''ဘာ.....မိုင်းကိုတွေ့လိုက်တယ် ဟုတ်လား''

''အေးလေ၊ အခုလိုက်ရင် မီနိုင်သေးတယ်၊ မြတ်လမ်းကလိုက်ပေါ့''

ဆန်းနိုင်တစ်ယောက် သူ၏ မိုက်မဲခြင်းအား ချက်ချင်းပင် နောင်တရသွား၏။ အသိအမြင်မှန် ရသွားတာစ်ဦးနှယ် မိုင်းအား မခွဲနိုင်ပေ။ သည်တော့ အိမ်ပြန်၍ သားလေးကိုပါ ခေါ်လိုက်သည်။

''ဟဲ့.....ဟိုတစ်ယောက်က လည်း ဒီနားဆိုပြီး ထွက်သွားတာ ပြန်မလာသေးဘူး။ မင်းက ကလေး ခေါ်ပြီး ဘာလုပ်ဦးမှာလဲ''

''ပြန်လာမှ ပြောပြမယ် အမေ၊ မိုင်းနောက်ကို မြန်မြန်လိုက်မှ ဖြစ်မယ်''

''အေး၊ တစ်နေ့ခနဲ့ ဒီလိုဖြစ်လာလိမ့်မယ်လို့ အမေ ထင်သားပဲ၊ ဒီလောက် မိန်းမက အနှံတောင်ပြီး နေ တနားထားခဲ့တာ မင်းက နားမလည် ဘူး''

ဆန်းနိုင်သည် သားအား ရင်ခွင်ထဲ ထည့်ထား လိုက်ပြီး နောက်မီနိုင်မည့်လမ်းမှ ဆိုင် ကယ်မောင်း၍ လိုက်သွားတော့၏။

''သား မကြောက်နဲ့နော်၊ ဖေ ဖေ့လက်ကို ကိုင်ထား''

ရွှေပြည့်စုံလေးသည် ဆန်းနိုင် ၏လက်မောင်းကို ဖက်ထားပြီး မကြောက်မလန့် လိုက်ပါသွား၏။ မိုင်းသွားသည့်နေရာမှာ ဒေါ်ဘုန်



www.burmeseclassic.com

www.burmeseclassic.com

ထံသို့ဖြစ်မည်ဟု သိထားရာ ဆန်းနိုင်သည် လယ်ကန်သင်းရိုးအတိုင်း ခက်ခက်ခဲခဲလျှောက်လာသည်။ ချိုင့်ကိုကျလိုက်၊ မြေပျော့ပေါ်ကျလိုက်နှင့် ကန်သင်းရိုးတစ်လျှောက်ဖြတ် လျှောက်လာသည့်အတွက် တစ်နေရာအရောက်တွင် ဆိုင်ကယ်က မှောက်သွား၏။

"ဟာ...ငါ့သားလေး၊ ငါ့သားလေးပေါ် ပိနေပြီ"

အလျင်အမြန်လူးလဲထ၍ ဆိုင်ကယ်အား ဆွဲမ၍ ဖယ်လိုက်ရာ သားလေးသည် ကန်သင်းရိုး ပေါင်နှင့်ခေါင်းကိုဆောင့်မိ၍ သွေးများထွက်လာ၏။ ဆိုင်ကယ်ပိသည့် ဒဏ်ကြောင့် မြေနှစ်ချောင်းစလုံး ကျိုးသွားပုံပါ။ မျက်လုံးလေးမှိတ်၍ လဲကျနေ၏။

"သား.....သား၊ ရွှေပြည့်စုံ၊ သားလေး....."

ကလေးကိုပွေ့ဖက်၍ လယ်ကန်သင်းအနီးရှိ လယ်တဲလေးရှိရာသို့ ခေါ်သွားလိုက်သည်။ ထိုပေါ်ရောက်မှ သားလေးအား သေသေချာချာ ကြည့်မိသည့်နောက်.....

"သား...ဖေဖေ့သားလေးလေး နေပြီ၊ အီး...ဟီး..ဟီး၊ မိုင်း.... နှင့်သားသေသွားပြီ၊ လာကြည့်လှည့်ပါလားကွာ၊ သား"

ကလေးကိုဖက်ထားပြီး ဆန်းနိုင်သည် စိတ်မကျန်းမာသူတစ်ယောက်မှာ တကြော်ကြော်ခေါ်နေ၏။

"ဖေဖေ့သားလေးကို ဖေဖေ သတ်တာပါကွယ်၊ ဖေဖေ့ကို ခွင့်လွှတ်ပါ သားရယ်၊ မိုင်း.....ငါ လီမွှာပါပြီဟာ၊ ငါတကယ်လီမွှာသွားပါပြီ၊ ငါ့ဆီကို မင်းပြန်လာပါကွာ၊ ငါ့ကိုပစ်ပြေးမသွားပါနဲ့ မိန်းမရယ်"



လယ်ထဲတွင် အလုပ်လုပ်နေသူများက ဆိုင်ကယ် မှောက်သံကြား၍ ကြည့်ရာမှ ဆန်းနိုင်ရှိရာလယ်တဲသို့ သက်ဆိုင်ရာကိုခေါ် ပြီး ရောက်လာကြသည်။ ဆန်းနိုင်အားသား သေအလောင်းနှင့်အတူ တွေ့ရှိ ဖမ်းဆီးရမိ၏။

"ကျွန်တော့်သားလေးကို ကျွန်တော်သတ်ခဲ့သလို ဖြစ်သွားရတာပါဗျာ၊ ကျွန်တော့်ကို ဖမ်းကြပါတော့"

"အေးကွာ၊ စိတ်မကောင်းစရာပဲ၊ ဒါပေမဲ့ မတော်တဆပဲဖြစ်ဖြစ် တိုက်မိခဲ့ရင် ဆိုင်ကယ်မောင်းသူရဲ့ အပြစ်ပဲကွ၊ ဒီတော့ မင်းကို ရုံးခန်းပဲပို့ရတော့မယ်"

"ဟုတ်ကဲ့ပါဗျာ"

သည့်နောက်တွင် ဆန်းနိုင်အား အပိုင်ရဲစခန်းမှ ပြစ်မှုပုဒ်မ ၃၀၄-က/၃၃၇ အရ အမှုဖွင့်အရေးယူလိုက်သည်။ ဆန်းနိုင်သည်လည်း သူ့ဇာတ်လိုက်ကြွေးအား ရင်နှင့်အမျှ ပေးဆပ်လိုက်ရတော့၏။

**လေးစားစွာဖြင့်**

**ရွှေအလွှမ်း**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





**အနုသယရေပြင်ကြော** **ချစ်ဒေါင်းဝေ**

ရခိုင်ရိုးမကို ကျော်ဆင်းလာသော ခရီးသည်တင်ကားသည် တောင်ကုတ်မြို့ဈေးနိုင်ငြိမ်းအဝေးပြေးယာဉ်ရပ်နားစခန်းတွင် ထိုးရပ်လိုက်သည်။ ခရီးသည်များနှင့်အတူ မှလတာန်းပြ ဆရာလေး ဦးမြင့်မြတ်မောင် ကားပေါ်မှဆင်းလိုက်၏။

''ခရီးက တော်တော်ဝေးတာပဲနော်၊ နစ်ရေနဲ့ နစ်ညတောင်လာရတာ''

ဆရာမြင့်မြတ်မောင် လွယ်အိတ်ကို ကောက်လွယ်ရင်း ဘာရယ်မဟုတ် ပြောမိသွားသည်၊

''ဆရာလေးက ရောဝတီတိုင်းဒေသကြီး ပင်လယ်ကမ်းစပ်ကနေ လာရတာဆိုတော့ ဒီခရီးကို ပုံမှန်ဒီလောက် အချိန်ပေးရတာလေ''

''ဟုတ်လား၊ ကျွန်တော်က ရောက်ချင်တဲ့ဆန္ဒ စောနေလို့လားသိ၊ အရမ်းကြာတယ်ထင်နေတာ''

''ဆရာလေးက ဒီတင်ပဲလား''

ထိုင်ခုံတွဲထိုင်လာသူ ခရီးသည်က စပ်စုလိုက်သည်။

''မဟုတ်ဘူးဗျ၊ ကျွန်တော်သံတွဲနယ်ဘက်အထိ သွားမလို့''

''ဟုတ်လား၊ အဲဒီလိုဆို ဒီညနေ သံတွဲကားရှိတယ်၊ ကားဂိတ်ပဲ တန်းသွားလိုက်ပါ''

''ကျေးဇူးပဲဗျာ၊ ကျွန်တော်က ဒီဘက် တစ်ခါမှမရောက်ဖူးတော့ ဘယ်လိုသွားရမယ်ဆိုတာတောင် မသိပါဘူးဗျာ''

ဆရာလေးမြင့်မြတ်မောင် သံတွဲကားဂိတ်ရှိရာနေရာသို့ ဆက်သွားလိုက်သည်။ သံတွဲထွက်မည့်ကားတွင် နေရာလပ်ကျန်နေသေး၍ ဆရာမြင့်မြတ်မောင် အဆင်ပြေသွားသည်။ လက်မှတ်ဝယ်ပြီး ကားပေါ်တက်ထိုင်လိုက်သည်။

ဆရာမြင့်မြတ်မောင်၏ နှလုံးသားဗဟိုချက်တွင် ဒေါသနှင့်သောကသည် မင်းမူစိုးမိုးနေသည်။ ရင်ထဲက တောက်ခေါက်သံသည် ခံစားချက်ရင်ပြင်ထဲတွင် ပဲ့တင်ထပ်နေ၏။ ယူကျုံးမရဖြစ်ခြင်းနှင့် သောကတို့က တွန်းပို့လိုက်သော မကျေနပ်မှုဒေါသသည် ရင်ထဲတွင် အစိုင်အခဲဖြစ်နေ၏။

ဆရာမြင့်မြတ်မောင် ကားစီးနေရင်း ညာဘက်ပေါင်ကို အသာအယာ စမ်းကြည့်လိုက်၏၊ (၇) လက်မအသွားရှိသော ဓားမြှောင်ထက်ထက်လေးသည် ဆရာမြင့်မြတ်မောင်၏ပေါင်တွင် သားရေပင်များနှင့် စည်းနှောင်ခြင်းကို ခံနေရ၏။ ဆရာမြင့်မြတ်မောင် တစ်ခါမှမရောက်ဖူးသောခရီးကို အဘယ်ကြောင့် အပင်ပန်းခံပြီး လာရသနည်း။ ဆရာမြင့်မြတ်မောင် ရင်တွင် ဖြစ်တည်နေသော မကျေနပ်ခြင်း ဒေါသတရားသည် အဘယ်သို့သော အကြောင်းကြောင့် ဖြစ်တည်လာရသနည်း။ ဓားမြှောင်ကြီး တစ်ချောင်းက အဘယ့်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ပေါင်တွင် တွယ်ကာပ်ပြီး ပါလာရသနည်း။

ကျောင်းဆရာဘဝနှင့် လုံးဝ သဟဇာတမကျသော စိတ်ကြမ်းကြီးသည် ဆရာမြင့်မြတ်မောင်ရင်၌ အဘယ့်ကြောင့် စိုးမိုးနေသနည်း။ ဆန္ဒနှင့်ဘဝ ကွဲပြားလေရသည်လား။

♛♛♛♛♛

ဆရာလေး ဦးမြင့်မြတ်မောင် သံတွဲမြို့၊ တည်းခိုခန်းတွင် တစ်ညအိပ်လိုက်သည်။ နောက်တစ်နေ့ နေ့လယ်လောက်တွင် သံတွဲမှ ကင်းမော်ကားကိုစီးပြီး လိုက်ခဲ့၏။ မိမိ တစ်ခါမှ မရောက်ဖူးသောဒေသမို့ မြင်မြင်သမျှတို့သည် အထူးအဆန်းချည်း ဖြစ်နေ၏။ သို့သော် ဦးမြင့်မြတ်မောင်အတွက် မည်သည့်မြင်ကွင်း၊ မည်သည့်အဖြစ်အပျက်၊ မည်သည့်အကြောင်းအရာကိုမျှ အာရုံထဲမဝင်။ ရှပ်ရှည်နှင့် မည်သို့မျှ မလိုက်ဖက်သည့် စိတ်ကြမ်းကြီးကသာ သူ့နှလုံးသားကို စိုးမိုးနေသည်။

လိုင်းကားလေးမှာ ကင်းမော်ရွာသို့ ဝင်လာခဲ့ချေပြီ။ ဦးမြင့်မြတ်မောင် ရင်တွေတဒုန်းဒုန်းခုန်နေ၏။ သူ့ရှပ်သွင်က ပိုမိုခက်ထန်လာ၏။ ဆရာဦးမြင့်မြတ်မောင် မိမိပေါင်ကို အသာကလေး စမ်းကြည့်လိုက်ပြန်၏။ အသွား(ရ)လက်မရှည်သော ဓားမြှောင်ကြီးက ပေါင်တွင်ကပ်လျက် ပါမြဲပါလာသည်။

"အားလုံး ဂိတ်ဆုံးပါပြီ"

စပယ်ယာ၏ အသံပေးလိုက်သံက ဆရာဦးမြင့်မြတ်မောင်၏ နားစည်မြှေကို တုန်ခါသွားစေ၏။ ချက်ချင်းပင် ကားပေါ်ကဆင်းလိုက်သည်။ ရွာလယ်လမ်းမကြီးအတိုင်း ဝင်လာ၏။ အိမ်တစ်အိမ်ရှေ့သို့ အရောက်တွင် ဖြုန်းခနဲ ရပ်ပစ်လိုက်သည်။ အိမ်ထဲသို့ လှမ်းကြည့်လိုက်၏။ ဆရာ မြင့်မြတ်မောင် အံ့သြသွားသည်။ လူတွေ ဝင်ကြ၊ ထွက်ကြနှင့်ရှုပ်ယှက်ခတ်နေကြ၏။ ဆရာမြင့်မြတ်မောင် အိမ်ထဲသို့ လှမ်းဝင်လိုက်သည်။

"ဒီအိမ်က ဆရာကြီး ဦးမြမောင်ကြီးအိမ် ဟုတ်ပါတယ်နော်"

ဦးမြင့်မြတ်မောင် အသံခပ်ပြတ်ပြတ်ဖြင့် မေးလိုက်၏။


"ဟုတ်ပါတယ်ရှင့်၊ ကျွန်မရဲ့ ဦးလေးပါပဲ"

မျက်ရည်စမ်းစမ်းနှင့် အမျိုးသမီးတစ်ဦးက ပြန်ဖြေလိုက်၏။

"ဟု သူဘယ်မှာလဲ"

ဦးမြင့်မြတ်မောင်က ဒုတိယ မေးခွန်းကို မေးလိုက်ပြန်၏။

"သူဆုံးသွားပြီလေ"





www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်မြတ်မောင် တစ်ချက်တွေသွားသည်။

"သူ မနေ့ကပဲ ရေချိုးခန်းမှာ ချော်လဲလို့ ဦးခေါင်းထိခိုက်ဒဏ်ရာနဲ့ ဆုံးသွားတာပါရှင်"

"ဟုတ်လား"

"ရှင်က ဘယ်သူလဲ၊ ဘယ်ကလဲဟင်"

"ကျုပ်က ဆရာကြီး ဦးမြမောင်ကြီး တာဝန်ထမ်းဆောင်ခဲ့တဲ့ အလယ်တန်းကျောင်းက မူလတန်းပြ လက်ထောက်ဆရာပဲ"

"ဪ....."

"အလောင်းကို ကြည့်ပါရစေ"

အမျိုးသမီးက ခေါင်းညိတ်အပြီးတွင် ဦးမြင့်မြတ်မောင် အိမ်ပေါ်သို့တက်သွားလိုက်သည်။ ကျောင်းအုပ်ဆရာကြီး ဦးမြမောင်ကြီးမှာ စန့်စန့်ကြီး သေနေ၏။ ဦးမြင့်မြတ်မောင်က အသေအချာကြည့်လိုက်သည်။ အလောင်းကိုကြည့်နေရင်း ဆရာကြီး၏ ရုပ်သွင်က ဝိုးဝိုးဝါးဝါးပြင်လာသည်။

"တောက်...ကိုယ့်ဆရာကြီးက ဒီလိုအဖြစ်ဆိုးနဲ့ သေရသတဲ့လား"

ဦးမြင့်မြတ်မောင်၏ နှလုံးသားတွင် အသံတိတ်စကားများ ပွဲတင်ဆပ်နေသည်။

"ကောင်းတယ်၊ ကိုယ့်လမ်းကိုယ်ရွေးသွားတာ"

ဆရာဦးမြင့်မြတ်မောင် အံကြိတ်ပြီး တောက်ချက်ချလိုက်၏။

"ဒီလူကြီး အပါယ်ငရဲကို ဓောက်ထိုးဆင်းပြီး ဒုသာနုသော ဆိုတဲ့ ကံကြီးထိုက်မှုနဲ့ ငရဲမှာ အပန်ငါးရာ၊ ငါးကမ္ဘာခံပေါ့"

ရင်ထဲက အာဃာတတရားသည် ဆရာဦးမြင့်မြတ်မောင်နှလုံးသားတွင် အင်ပြည့်အားပြည့် နေရာယူနေ၏။ ဆရာဦးမြင့်မြတ်မောင် အလောင်းကြီးကို ငါးမိနစ်ခန့် စေ့စေ့ကြည့်ပြီး အိမ်ပေါ်မှ ခပ်သုတ်သုတ်ဆင်းလာကာ ကားဂိတ်ဘက်သို့ လှည့်လာခဲ့၏။

ကားဂိတ်သို့အရောက်တွင် နောက်ဘက်အိမ်သာအနီးသို့ သွားလိုက်၏။ ကြွက်တွင်းတစ်ခုကိုတွေ့လိုက်ရသည်။ ပေါင်တွင်ချည်နှောင်ယူလာခဲ့သော ဓားမြှောင်ကြီးကို ကြွက်တွင်းထဲသို့ လက်သွင်း၍ရသလောက် ထိုးသွင်းပြီးထားခဲ့၏။ မြေမှုန့်တွေကို ပြည့်သွင်းပြီး ကြွက်တွင်းကို ပိတ်လိုက်သည်။

**ကျောင်းဆရာဟူသည် လူသားမျိုးနွယ်တို့၏ ဥယျာဉ်မှူး။ နာသုံးနာကို ရင်မှာပိုက်ပြီး စာသင်ရှယ်နှ အမြေပြုတို့၏ ဘဝလမ်းညွှန် ပီးရှူးတန်ဆောင် ကလေးတို့၏ စိန်သွေးကျောက်မြတ်ဆရာ။**

ဆရာလေး မြင့်မြတ်မောင်မည်သို့သော အကြောင်းတရားကြောင့် ကိုယ့်ကျောင်းအုပ်ဆရာကြီးကို မကျေမချမ်းဖြစ်ရသနည်း။ ရေအတန်တန်၊ ကုန်းအတန်တန် ခရီးကြမ်းကိုလှမ်းပြီး ကိုယ့်ဆရာကြီးဆီ ဘာ့ကြောင့်လာရသနည်း။

ခုတော့ အသက်နှစ်ဆယ်ကျော် မူလတန်းပြဆရာလေး၏

> **အမျိုးသမီးက ခေါင်းညိတ် အပြီးတွင် ဦးမြင့်မြတ်မောင် အိမ်ပေါ်သို့ တက်သွားလိုက်သည်။ ကျောင်းအုပ်ဆရာကြီး ဦးမြမောင် ကြီးမှာ စန့်စန့်ကြီး သေနေ၏။ ဦးမြင့်မြတ်မောင်က အသေအချာ ကြည့်လိုက်သည်။ အလောင်းကို ကြည့်နေရင်း ဆရာကြီး၏ ရုပ်သွင် က.....**



www.burmeseclassic.com

www.burmeseclassic.com

ဒေါသနှင့် အာဃာတမှာ ပြင်းထန်လှချည်ကလား။ လူ့လောကဝန်းကျင်ထဲက လူသားတစ်ဦးအနေနှင့် ဘယ်လိုမှ ခွင့်လွှတ်လို့မရသည့် အကြောင်းတစ်ခုတော့ ရှိတန်ရာသည်လေ။

❦❦❦❦❦

မြစ်ဝကျွန်းပေါ်မိုးသည် အငြိုးတကြီး ရွာချနေသည်။ ယနေ့ကျောင်းပိတ်ရက်ဖြစ်သဖြင့် ဆရာဦးမြင့်မြတ်မောင် သင်ခန်းစာ ကြိုတင်ပြင်ဆင်မှုများကို လုပ်နေလိုက်သည်။ ချစ်ဇနီးလေးကတော့ နေ့လယ်ခင်းဆို အားအားရှိလျှင် ခါတိုင်းလိုပဲ စာဖတ်နေတတ်သည်။

ဆရာမြင့်မြတ်မောင်နှင့် ခင်လေးတို့မှာ ငယ်ကကျွမ်းသည့် ငယ်ချစ်ဆွေတွေ၊ တစ်ရွာတည်းသား ငယ်သူငယ်ချင်းတွေ။

မြင့်မြတ်မောင် ၉ တန်းအောင်သည့်နှစ်မှာပင် ချစ်သူဘဝသို့ ရောက်ရှိခဲ့ကြသည်။ မြင့်မြတ်မောင်မှာ မိုးဦးရာသီရောက်တိုင်း မြို့သို့ ကျောင်းသွားတက်ရသည်။ ခွဲခွာနေကြရသည့် ကာလတစ်လျှောက် ချစ်ရည်ပြည့် သမုဒယနှလုံးသား တစ်စုံမှာ အလွမ်းဆို တောင်လိုပုံခဲ့ကြသည်။ နွေကျောင်းပိတ်လို့ မြင့်မြတ်မောင် ရွာပြန်ရောက်မှ လွမ်းခဲ့ကြသမျှတွေ ဆွေးခဲ့ကြသမျှတွေ အတိုးချချစ်ခဲ့ကြသည်။

မြင့်မြတ်မောင် ၁၀ တန်းအောင်တော့ ကိုယ့်မြို့နယ်မှာ ဆဲ့ခန့်ဆရာတွေ ခန့်နေသည့်အချိန်မို့ မြင့်မြတ်မောင်လည်း ပညာရေးစင်မြင့်ပေါ်သို့ ရောက်လာခဲ့ရသည်၊ မြင့်မြတ်မောင်မှာ ဆရာဘဝကို

အိပ်ရာပေါ်သို့အရောက်တွင်
တစ်ယောက်နှင့်တစ်ယောက်
တိုးဝှေ့လုပ်ကြရင်း
အတန်ကြာဆီ တွေ့သွားကြသည်။
မြင့်မြတ်မောင်၏
ယုယမှုအောက်တွင်ခင်လေး၏
မျက်တောင်ကော့ကော့လေးက
စင်းကျသွားသည်။
မြင့်မြတ်မောင်၏
သမုဒယဆန်သော
အကြည့်ရဲ့ အောက်တွင်.....

ငယ်စဉ်ကတည်းက မက်ခဲ့သော အိပ်မက်မို့ ပျော်လိုက်သည့်မှာပြောစရာမရှိ။ ပိုပြီးကျေနပ်ခဲ့ရသည်မှာ မိမိရွာအလယ်တန်းကျောင်းမှာ နေရာလပ်တစ်နေရာကို မြင့်မြတ်မောင်အား အစားထိုးခန့်အပ်ခံရခြင်းပင်။ မိမိ၏ ဘဝအဖော်အဖြစ် ရွေးချယ်ထားသော ငယ်ရည်းစား ခင်လေးနှင့် မခွဲမခွာ နေရခြင်းဘဝက ပိုပြီး ချိုမြိန်ခဲ့သည်၊

"ခင်လေးရယ် ခင်လေးကို မောင် ခုစုကြည့်နော သိရဲ့လား"

"ခင်လေးက ကိုယ့်အလုပ်နဲ့ကိုယ် နစ်မျောနေတာလေ၊ ကိုမောင်ကြည့်နေတာ ဘယ်လိုလုပ်သိမှာလဲလို့"

"ခင်လေးကလေ ကြည့်လေလှလေပဲ သိလား၊ မောင် ကြည့်မဝဘူးကွာ"

"----"

"လာပါ အချစ်ကလေးရဲ့"

"အို...ကိုမောင်ကလည်း"

ခင်လေးမှာ မြင့်မြတ်မောင်ခေါ်ရာသို့ ရှက်ကိုးရှက်ကန်း ကသွဲ့ကလျ ပါလာခဲ့သည်။

အိပ်ရာပေါ်သို့အရောက်တွင် တစ်ယောက်နှင့်တစ်ယောက် တိုးဝှေ့လုပ်ကြရင်း အတန်ကြာ တွေ့သွားကြသည်။ မြင့်မြတ်မောင်၏ ယုယမှုအောက်တွင် ခင်လေး



www.burmeseclassic.com

www.burmeseclassic.com



၏ မျက်တောင်ကော့ကော့လေးက စင်းကျသွားသည်။ မြင့်မြတ်မောင်၏ သမုဒယကဲသော အကြည့်ရဲရဲအောက်တွင် ခင်လေး၏ရင်မှာ ဘာဒိတ်ဒိတ် အခုန်မြန်နေသည်။

ဖြူအိစင်းမွတ်သော အသားအရေ၊ လုပ်ပြည့်ဖြိုးသော လက်မောင်းအိုးလေးများ၊ တင်းတင်းရစ်ရစ်နှင့် ကျစ်လျစ်သော ခါးသွယ်သွယ်လေး၊ မှင့်ကားသောတင်၊ မို့မောက်သော ရင်အစုံတို့က ခင်လေးကို မိန်းမလှတစ်ဦးအဖြစ် ပီပြင်စေခဲ့သည်။

ခင်လေးမှာ မြင့်မြတ်မောင်၏ လည်ပင်းကိုဖက်ပြီး ရင်ထဲရှိသမျှ သုတ်ပြောပြလိုက်၏။

''ချစ်လိုက်တာ ကိုမောင်ရယ် ခင်လေးဟာ ကိုမောင့်ကိုချစ်ဖို့ မွေးဖွားလာခဲ့လေသလား မသိဘူး''

''အို...ခင်လေးရယ် အချစ်ချင်းပြိုင်ရင် မောင်နိုင်မှာနော်''

မြင့်မြတ်မောင်မှာ ခင်လေး၏ ကိုယ်လုံးလှလှလေးကို ခပ်ကြမ်းကြမ်းလေး ဆွဲယူလိုက်သည်။ အထိအတွေ့တို့၏ ရှမ်းအားကြောင့်ပင် ဆင်၏။ ခင်လေး၏ နှုတ်ခမ်းထူထူလေးနှင့် ပါးပြင်မို့မို့လေးမှာ ပန်းဆီရောင် ပြေးနေပါရောလား။

တစ်ယောက်နှင့်တစ်ယောက် အကြည့်ချင်းပြိုင်နေကြသည်မှာ အမှာကြီးထဲမှာ သူတို့နှစ်ယောက်တည်း ဆိုတာမျိုးပေါ့။

ချစ်လိုက်ကြတာ၊ ချစ်လိုက်ကြတာ။ မိုးဆိုတာ ဘယ်မှာလဲ၊ လေဆိုတာ ဘယ်မှာလဲ။

❀❀❀❀❀

မိုးတွင်းကာလမို့ ဝသန်မိုးက သွန်းဖြိုးစွေရွာနေသည်။ မိုးက သဲကြီးမဲကြီးမို့ လမ်းပေါ်မှာတောင် လူသူအသွားအလာ သိပ်မရှိကြ။

''ဆရာ...ဆရာ...ဆရာရေ''

အိမ်ရှေ့က ခေါ်သံကြား၍ ဆရာမြင့်မြတ်မောင် လမ်းပေါ်လှမ်းကြည့်လိုက်သည်။ ကျောင်းသားလေးတစ်ယောက် မတ်တတ်ရပ်နေသည်။

''ဆရာ မော်တော်ဆိပ်မှာ လူကြီးတစ်ယောက် ရောက်နေတယ်၊ အဲဒါ ဆရာ့ကို ခေါ်ပေးပါတဲ့''

''ဟုတ်လား၊ အေး..အေး လာခဲ့မယ်.....လာခဲ့မယ်''

ဆရာမြင့်မြတ်မောင် ထီးကိုဆွဲဖွင့်ပြီး လမ်းပေါ်သို့ ဆင်းလိုက်သည်။ ရွာမော်တော်ဆိပ်သို့ ဆက်လှမ်းခဲ့လိုက်သည်။

ကိုယ်လုံးပိန်ပိန်၊ အသားအရောင် မည်းညစ်ညစ်နှင့် လူတစ်ဦး မတ်တတ်ရပ်နေသည်။ အသက်က ၅၀ ဈေးလောက်ပြီ၊ ထီးဆောင်းထားသော်လည်း တောင်လေမုတ်သုံ၏ တွန်းအားကြောင့် သူ့တစ်ကိုယ်လုံး ရွှဲရွဲစိုနေသည်။

သည်လူက ဆရာမြင့်မြတ်မောင်ကို ရယ်ပြ၏။ သူ့အပြုံးက ငါးပိရောင်ထနေသော နှုတ်ခမ်းမည်းမည်းကြားက ကျိုးတိုးကျဲတဲသွားတွေကို ဖော်ပြသလို ဖြစ်နေ၏။ နဖူးပြင် ရှုံ့ရှုံ့တွတွများက ငယ်ထိပ်ထိ နေရာယူထား၏။ သည်



www.burmeseclassic.com

www.burmeseclassic.com

ပြသသနာကို လှုမြင်မှာစိုးလို့အင့်။ ဦးခေါင်း၏ အမြင့်ဆုံးနေရာက ဆံပင်မွှေး သေးသေးမျှင်မျှင်လေး နည်းနည်းပါးပါးကို ရေ့သို့ မလုံ့တလုံ့ ဆွဲချထား၏။

မျက်နှာပြင်ကြီးတစ်ခုလုံးကို မြဲ့ငုံသုံးသပ်ရလျှင် ရှည်ရှည်သွယ်သွယ်နှင့် ဖြစ်နေသည်ကို မြင်တွေ့နေရသည်၊ ဤမျှ အရုပ်ဆိုးလှသောသူကို ဤအကြိမ်သည် ပထမဆုံး မြင်ဖူးခြင်းမို့ ဆရာမြင့်မြတ်မောင် တခဏ ငေးကြည့်နေမိသည်။

"ကျွန်တော် ဆရာတို့ရွာကို တာဝန်ကျတဲ့ အလယ်တန်းကျောင်းအုပ်ပါ၊ ကျွန်တော့်နာမည် ဦးမြမောင်ကြီးပါ"

"ဩော်.....ဟုတ်လား"

"ဒီရွာကို ကျွန်တော် ကြားတောင်မကြားဖူးပါဘူးဗျာ၊ အမိန့်စာထွက်လို့ ပြောင်းလာတာပါ၊ ဒီရွာမှာ ဆရာက ရွာခံလည်းဖြစ်တယ်၊ လူမှုရေးမှာလည်း အားတက်သရော လုပ်ကိုင်တတ်တဲ့ လူငယ်တစ်ယောက်လို့ မြို့နယ်က ပြောလိုက်တာနဲ့ ဆရာ့ကို ခေါ်လိုက်ရခြင်းပဲဖြစ်ပါတယ်"

"ဩော်.....ဟုတ်ကဲ့ လာခဲ့ပါ ဆရာကြီး"

ဆရာဦးမြင့်မြတ်မောင်က အိတ်ကလေးတစ်လုံးကို ကူဆွဲပြီး ရှေ့ကသွား၏၊ ဆရာကြီးကနောက်ကလိုက်၏။ ဆရာမြင့်မြတ်မောင်မှာ ကိုယ့်ကိုဦးတည်ပြီး လာခဲ့သူမို့ အိမ်သို့ပဲ ခေါ်လာခဲ့သည်။ မိမိရွာ အလယ်တန်းကျောင်းတွင် ကျောင်းအုပ်မရှိသည်မှာ အတော်ကြာနေပေပြီ။ ကျေးရွာအတွက် လိုအပ်ချက်လေးတစ်ခု ပြည့်သွားပြီဖြစ်၍ ဆရာမြင့်မြတ်မောင် ပျော်သွား၏။

ဆရာမြင့်မြတ်မောင်မှာ မိမိရွာပညာရေး တိုးတက်မှုအတွက် အချိန်နှင့်တစ်ပြေးညီ အမြဲကြိုးစားနေသူဖြစ်သည်။ ကျေးရွာ၏ တိုးတက်မှုအတွက် ကြိုးစားနေသော လူမှုရေးဓိသုကာဆိုကလည်း မမှားပေ။ ချစ်ဇနီး မခင်လေးမှာလည်း လင့်အလိုလိုက်၊ လင့်အကြိုက်ကို ဆောင်ပြီး၊ လင့်အလိုကျ နေခဲ့သည်။

ကျောင်းဆရာလေး မြင့်မြတ်မောင်နှင့် မခင်လေးတို့ ကမ္ဘာလေးကတော့ လှပနေသယောင်။

* * * * * *

"အောက်.....အီး.....အီး.....အွတ်"

လင်းကြက်က အော်ခဲ့လေပြီ။ ဆရာမြင့်မြတ်မောင် အိပ်ရာမှ အသာအယာထလိုက်၏။

"ခင်လေး...အချစ်ကလေး"

ဆရာမြင့်မြတ်မောင်က မွှံမွှံကလေးအိပ်နေသော ဇနီးချောလေး၏ ပါးပြင်နွဲ့နွဲ့လေးကို အသာအယာ လက်ဖြင့်ထိကာပ်လိုက်သည်။

"ကိုမောင်"

"ဟုတ်တယ် ခင်လေး၊ မောင် ကွန်ပစ်ဆင်းတော့မလို့၊ ၉ နာရီလောက် ပြန်ရောက်မှဖြစ်မှာ၊ ကျောင်းတက်မိဖို့ လိုတယ်လေ"

"မောင့်မှာလည်း ဒီဆရာကြီး ရောက်လာမှ စားဖို့အတွက် စိတ်ပူရ၊ နေဖို့အတွက် စိတ်ပူရနဲ့ ဒုက္ခတွေများလိုက်တာ"

"ကိုယ့်ရွာပညာရေး တိုးတက်ဖို့အတွက် ဒီလိုပဲ လုပ်ပေးရတာပေါ့ကွယ်"

ဆရာမြင့်မြတ်မောင် ကွန်နှင့် ပလိုင်းကိုဆွဲပြီး ရွာလမ်းအတိုင်း ထွက်သွားခဲ့လေပြီ။ ရွာမြင်သို့ အရောက်တွင် လယ်ကွင်းကြီးက ဆီးကြိုနေသည်၊ လယ်ကွင်းပြင်ကြီးမှာ နှစ်မိုင်ခန့်ရှည်လျားသည်၊ ဆရာမြင့်မြတ်မောင် လယ်ကန် သင်းရိုးအတိုင်း ကွေ့ကာပတ်ကာ လျှောက်သွားလိုက်၏၊ လယ်ကွင်း အဆုံး၊ ရေငန်တား တမံရိုးကြီးကို ကျော်ဆင်းလိုက်သည်၊

ဒီရေစစ်ချိန်မို့ ရွံ့လာတာပြင် ကြီးက တစ်မိုင်ခွဲခရီးလောက် သည်။ ဆရာမြင့်မြတ်မောင် ဝေမနေ၊ ပုဆိုးကို တိုတိုပြင်ဝတ် ပြီး ဆင်းလိုက်၏၊ ရွံ့မှာ ဒူးခေါင်



www.burmeseclassic.com

www.burmeseclassic.com



လောက်ထိ နစ်ဝင်သွားသည်။

ဆရာမြင့်မြတ်မောင်မှာ အချိန်လု၍ လုပ်နေရသောအလုပ်မို့ ရွံ့တောထဲတွင် ခပ်သွက်သွက်ပဲ လျှောက်ပစ်လိုက်သည်။ ခရီးတစ်ဝက်အရောက်တွင် အတော့်ကိုမောသွားသည်။ ရွံ့ပြင်ကြီးထဲတွင် ပေါက်နေသော သမှဲပင်တစ်ပင်၏ ပင်စည်ကိုမှီပြီး အသက်ပြင်းပြင်းရှူထုတ်ကာ အမောဖြေလိုက်၏။ နည်းနည်းအမောပြေသွားလျှင် ဆက်လျှောက်ပြန်သည်။ ဆရာမြင့်မြတ်မောင်မှာ သုံးကြိမ်နားပြီးမှ ရေနေချောင်းကြီးသို့ ရောက်ခဲ့သည်။

ချောင်းကမ်းစပ် ဝဲယာနှစ်ဖက်တွင် ဗြူးရုံများ၊ ဆလီချုံများ၊ ဓနိတန်းများက အစီအရီ၊ ဆရာမြင့်မြတ်မောင် ချောင်းကမ်းစပ်အတိုင်းလျှောက်ပြီး ကွန်ချက်မှန်အောင် ပစ်ချလိုက်၏။

"ဗိုး.....ဖြန်း"

ကွန်ကလေးမှာ အဝိုင်းညီစွာ ချောင်းရေပြင်ထဲ ကျသွား၏။ ကွန်ခြေရာတွင် ချည်ထားသော လက်ဆယ်ကြိုးကို တင်းကြည့်လိုက်၏။

"ဟာ.....ဟာ.....ဟာ"

ဆရာမြင့်မြတ်မောင် ပျော်သွား၏။ ငါးခပ်ကြီးကြီးတစ်ကောင် ကွန်ထဲဝင်နေပြီဟု သိလိုက်၏။ လွတ်ထွက်သွားမှာစိုး၍ အသက်ပင်ပြင်းပြင်းမရှူရဲ၊ ကွန်ကို အလိမ်သွင်းကာ အသာအယာ ဆွဲယူလိုက်၏။ ကွန်မှာ ရေထဲကပေါ်လာခဲ့ပေပြီ။

"ဟာ.....ကကတစ်ကြီး"

ဆရာမြင့်မြတ်မောင် ကွန်ကို အောက်ခြေကပင် စုကိုင်ပြီး ချောင်းကမ်းစပ်တွင် တင်လိုက်၏။ ငါးကို မြင်ပြီး ကြောင်ငိုပလိုင်းထဲထည့်ကာ ကျောပိုးထားလိုက်သည်။

"အဆင်ပြေလိုက်တာ၊ ဆရာကြီးကို ငါးဟင်းကောင်းကောင်းနဲ့ ကျွေးရမှာပဲ"

ဆရာမြင့်မြတ်မောင် ပျော်သွားသည်။ ခါတိုင်းဆိုလျှင် ကဘီလူးသေးသေးလေး၊ ပုစွန်ဖြူလေးများသာ ကွန်စာအဖြစ် ရတတ်သည်။ ခုတော့ ငါးကြီးကြီးတစ်ကောင်က အလိုက်သိစွာ ကွန်မှာ မိခဲ့လေပြီ။ ဆရာမြင့်မြတ်မောင် အိမ်ရောက်လျှင် ငါးတုံး၊ ငါးသင်လုပ်ပြီး မြန်မြန်ချက်ရပေဦးမည်။ စားသောက်ပြီးလျှင် ၁၀ နာရီကျောင်းချိန်မီဖို့ လိုသည်ကိုး။ ကွန်ပစ်ချိန်က တစ်နာရီခန့်သာ အချိန်ရသည်။ ချောင်းကမ်းစပ်တစ်လျှောက် တစ်ကွက်ချင်း၊ တစ်ကွက်ချင်းရွေ့ပြီး ကွန်ချက်ပုကာ ပစ်ရသည်။

"ကဲ...ဒီတစ်ခါတော့ နောက်ဆုံးပဲဟေ့"

"ဗိုး.....ဖြန်း"

ဆရာမြင့်မြတ်မောင် ကွန်ကို လှဲ့ပစ်ချလိုက်ပြန်၏။ ကွန် ရေပြင်သို့ကျပြီး ခဏအကြာတွင် လက်ဆယ်ကြိုးကို တင်းကြည့်လိုက်၏။

"ဟာ...ဟာ...ဟာ၊ တယ်ဟုတ်ပါလား"

ခပ်ကြီးကြီးငါးတစ်ကောင် ဝင်နေပြန်ပြီမှန်းသိ၍ ကွန်ကို သတိအနေအထားနှင့် ဆော်လိုက်၏။

"ဟာ..ဟုတ်လိုက်လေ၊ ပုစွန်တုပ်ကြီးကွ"

ဆရာမြင့်မြတ်မောင် ပုစွန်တုပ်ကြီးကိုဖြုတ်ပြီး ပလိုင်းထဲထည့်လိုက်၏။

"ငါ့ဆရာကြီးတော့ စားရက်ကြုံတာပဲ၊ ဆရာကြီးကို ငါးတွေ၊ ပုစွန်တွေနဲ့ ကောင်းကောင်းချက်ကျွေးပစ်လိုက်မယ်"

ဆရာမြင့်မြတ်မောင် ကွန်ကို ရေစင်စင်ဆေးပြီး အိမ်ပြန်ခဲ့လေပြီ။ ဆရာမြင့်မြတ်မောင်မှာ ပင်ပန်းပေမယ့် ရွှင်လန်းနေခဲ့သည်။ ပေါ့သောရင်၊ ရွှင်သောနှလုံးဖြင့် အိမ်ပြန်လှနေခဲ့သည်။

♛♛♛♛♛♛

ဆရာကြီး ဦးမြမောင်ကြီး ရောက်လာသည့်အတွက် နေစရာ အိမ်ကတော့ အဆင်သင့်၊ ရွာပြင်ကွင်းစပ်၊ ကျောင်းအနီးတွင် ရှိသည့်



www.burmeseclassic.com

www.burmeseclassic.com

သည့်ဆရာများအတွက် တန်းလျား ရှိသည်။ ဆရာကြီးအတွက် အခန်း တစ်ခန်းသတ်မှတ်ပြီး ပေးထား လိုက်သည်။

ထမင်းအတွက်ကတော့ ရွာတွင် ထမင်းဆိုင်မရှိသဖြင့် ဆရာကြီးအတွက် ထမင်းစားသောက်ရေးမှာ လွန်စွာခက်ခဲသည်။ ရွာအနေနှင့် ဆရာကြီးတစ်ယောက်ကို ထမင်းကျွေးရမည့် အလှည့်သည် မလွယ်ကူ။ ကျေးလက်နေ ပြည်သူများမှာ ကိုယ့် မိသားစုထဲတွင် ရှက်ကြမ်းရေကျို နေထိုင်ကြသည်ကများသည်။ တစ်ချပ်တစ်ပြားရှိပြီး ချောင်လည်သူများဟု သတ်မှတ် သူများကိုလည်း အကူအညီတောင်းသည်။ မည်သူမျှ လက်သင့်မခံကြ။ အဆုံးမှာ ရွာတွင် ဈေးမရှိသည်က အဆိုးဆုံးပင်။

နောက်ဆုံးတော့ ဆရာမြင့်မြတ်မောင်မှာ ကျေးရွာအတွက် သူ၏အိမ်တွင်ပဲစားပါဟု အဆင်ပြေအောင် ပြောလိုက်ရသည်။ ခုတော့ ရွာခံဆရာလေး ဦးမြင့်မြတ်မောင် ဆရာကြီး အာဟာရတွေ့စေဖို့ အတွက် မနက်ဝေလီဝေလင်းကပင် ကွန်ပစ်ဆင်းနေရပေပြီ။ ဆင်းရ ပလေ့စေ။ ဘာဖြစ်လဲ။ ကျေးရွာ တာဝန်လည်းကျေသည်၊ ကိုယ့် တာဝန်လည်း ကျေသည်လေ၊ ဆရာကြီးရော ကိုယ်ရော ငါးဟင်း



လတ်လတ် လည်းစားရသည်။ အားလုံးအတွက် ကောင်းသည်ပေါ့။

ကောင်းမှုမြတ်နိုး ကောင်းအောင်ကြိုး၍ ကောင်းကျိုးကိုယ်၌ တည်စေခဲ့သည်။

✿✿✿✿✿

"တို့ဦးလေး ဦးရွှေမှိုင်ဆိုတာက ဖဆပလခေတ်တုန်းက သံတွဲ နယ်က လွှတ်တော်အမတ်လေ"

"- - - -"

"သံတွဲတစ်နယ်လုံးမှာ ရာဘာခင်းဆိုတာ အဲဒီ ဦးရွှေမှိုင်တစ်ယောက်မှာပဲရှိတာ"

ဆရာကြီး ဦးမြမောင်ကြီးမှာ အားအားရှိတိုင်း သူ့ဦးလေး၏ ရာထူးဂုဏ်ရှိန် မြင့်မားမှုကို မြိန်ရေရှက် ရေ ပြောနေတတ်သည်။ သူ့အပြောက သူလည်း လွှတ်တော်အမတ်ကြီး၏ အသွေးအသား၊ ဆွေမျိုးရင်းချာဆိုသည့်အဓိပ္ပာယ်မျိုးကိုပေါ်လွင်စေသည်။

"ခု ကျွန်တော်တို့နေတဲ့ ကင်းမော်ရွာဆိုတာလည်း ပညာရေး အရမ်းလိုက်စားကြတဲ့ရွာ။ မြန်မာ တစ်နိုင်ငံလုံးမှာ အောင်ချက် အကောင်းဆုံးဆိုတဲ့ရွာတောင်ဖြစ် ခဲ့သေးတာ"

ဆရာကြီး ဦးမြမောင်ကြီးမှာ သူ့ဆွေမျိုး သူ့ဦးလေး၏ ဂုဏ်ကိုသာ ဖော်ကျူးသည်မဟုတ်၊ သူ နေထိုင်သည့်ရွာ၏ တိုးတက်မှုကို



www.burmeseclassic.com

www.burmeseclassic.com

လည်း ပြောဖြစ်အောင် ပြောလိုက်သေးသည်။ ဆရာမြင့်မြတ်မောင်မှာ သူ့ဆရာကြီးအပြောကို သဘောကျနေတတ်သည်။ ပုဂ္ဂိုလ်ခင်လို့ တရားမင်နေခဲ့လေရော့သလား။

ဆရာမြင့်မြတ်မောင်မှာ ဆရာကြီးကို ရွာမှာ ထမင်းကျွေးမယ့်လူမရှိသည့်အကြောင်း တစ်ခွန်းတစ်ပါဒမျှ လှစ်ဟမပြောလေခဲ့။ ဆရာကြီးတစ်ယောက် လခပေးပြီး ထမင်းစားပါရစေဆိုတာတောင် ကျွေးမည့်လူမရှိလျှင် ကျေးရွာအပေါ် အလွန်အထင်သေးသွားလိမ့်မည်။ ကျောင်းအပေါ် စေတနာလျော့သွားလိမ့်မည်။

ဆရာမြင့်မြတ်မောင်မှာကိုယ့်ကျေးရွာအတွက်၊ ကိုယ့်ကျောင်းအတွက်မို့ ကိုယ်ပဲအနစ်နာခံလိုက်သည်။ ဆရာကြီးစားဖို့ ငါးရှာသည်၊ ဟင်းရှာသည်။ မိန်းမကို ချက်ခိုင်းသည်၊ ကျွေးသည်၊ မွေးသည်၊ ပြုစုသည်။ ကျေးရွာအပေါ်မှာ တို့ဆရာကြီး စေတနာကောင်းဖို့ လိုသည်ကိုး။

♛♛♛♛♛♛

ပဟာမန္တရင်ခွင်အတွင်းသို့ ချင်းနင်းဝင်ရောက်ခဲ့လေပြီ။ ဆရာမြင့်မြတ်မောင်တို့ အဝေးသင်သမားတွေ အနီးကပ်သင်တန်းတက်ပြီး စာမေးပွဲဖြေကြရတော့မည်။ ဆရာမြင့်မြတ်မောင်မှာ သယ်တန်းအောင်ပြီး ချက်ချင်းစာမေးပွဲမဖြေသဖြင့် ခုမှ ဒုတိယနှစ်ရောက်သေးသည်။

ဆရာမြင့်မြတ်မောင် ဆရာကြီးဆီ ခွင့်စာတင်လိုက်၏။ ဆရာကြီးမှတစ်ဆင့် မြို့နယ် ပညာရေးမှူးထံ ပို့ရန်ဖြစ်သည်။ ဆရာမြင့်မြတ်မောင် ဒူးတုပ်ထိုင်ပြီး ဆရာကြီးကို ဦးသုံးကြိမ်ချလိုက်၏။

"သာဓုကွယ်။ သာဓု..သာဓု၊ ကြိုတိုင်းအောင်လို့ ဆောင်တိုင်းမြောက်တဲ့ ယောကျ်ားကောင်း။ ယောကျ်ားမြတ်ဖြစ်နိုင်ပါစေကွယ်"

"ဆရာကြီး ကျွန်တော်မရှိပေမယ့် ထမင်းစားတာ ကျွန်တော့်အိမ်မှာပဲစားပါ။ ကျွန်တော် ခင်လေးကိုလည်း အသေအချာ မှာထားခဲ့ပါတယ်။ ရွာမှာ အရောင်းအချမရှိရင် တစ်ခါတလေတော့လည်း ငါးဟင်းအခက်အခဲရှိပါလိမ့်မယ်။ ဆရာကြီးနားလည်ပေးပါ"

"ရပါတယ်ကွယ်။ ရွာဆိုတော့လည်း ဒီလိုပဲဖြစ်မှာပေါ့၊ ဆရာကြီးနားလည်ပါတယ်"

"ဟုတ်ကဲ့"

"သားတို့အချိန်ဘယ်လောက်ကြာမှာလဲ"

"အနီးကပ်သင်တန်းတက်တာနဲ့ စာမေးပွဲဖြေတာနဲ့ဆို တစ်လနီးနီးလောက် ကြာတတ်ပါတယ်"

> ဆရာမြင့်မြတ်မောင်
> ဆရာကြီးဆီ
> ခွင့်စာတင်လိုက်၏။
> ဆရာကြီးမှတစ်ဆင့်
> မြို့နယ်ပညာရေးမှူးထံ
> ပို့ရန်ဖြစ်သည်။
> ဆရာမြင့်မြတ်မောင်
> ဒူးတုပ်ထိုင်ပြီး
> ဆရာကြီးကို......

"ကြိုးစားပေါ့ကွယ်။ ခု ဘွဲ့ရပြီးတော့ ဘီအီးဒီဆက်ဖြေ၊ တို့ပညာရေးလောကက တက်လမ်းတွေရှိပါတယ်"

ဆရာမြင့်မြတ်မောင် မရှိသည့် နောက်တွင်လည်း ဆရာကြီးမှာ ဆရာမြင့်မြတ်မောင်အိမ်သို့လာပြီး ပုံမှန်အတိုင်း ထမင်းလာစား၏။ အိမ်သို့ရောက်၍ ထမင်းမကျက်သေးလျှင် အိမ်ရှေ့ခန်းလေးတွင် ထိုင်ပြီးစောင့်နေတတ်သည်။ ခင်လေးက လက်ဖက်ရည်ကြမ်းလေး ချပေးထား၏။

ကျောင်းပိတ်ရက်တစ်ရက် ဆရာကြီး ဦးမြမောင်ကြီး အလုပ်



www.burmeseclassic.com

www.burmeseclassic.com



အားအားရှိသည်နှင့် ခင်လေးအိမ်သို့ စောစောရောက်သွားသည်။

"ဆရာကြီး ရောက်လာပြီလား။ ထမင်းလည်းကျက်နေပါပြီ ဆရာကြီး၊ ကျနော် သပိတ်ရေချိုးလိုက်ဦးမယ်"

"ရပါတယ် မခင်လေးရယ်၊ ဖြည်းဖြည်းလုပ်ပါ၊ ဆရာကြီးက အလုပ်အားအားရှိတာနဲ့ စောစောလာခဲ့တာပါ"

ဆရာကြီး ဦးမြမောင်ကြီး စကားမြည်ပြောရင်း သော့တွဲကွင်းကို လက်ညှိုးနှင့်ထိုးပြီး မွှေ့ယမ်းကစားနေ၏။ ဤသို့ သော့ကွင်းကို လက်ညှိုးထိုးပြီး ပြုမူနေထိုင်ခြင်းမှာ သူ့အလေ့အကျင့်လိုဖြစ်နေ၏။ မခင်လေးလာချပေးထားသော ရေနွေးကြမ်းလေးကိုသောက်နေလိုက်သည်။

မခင်လေးမှာ ရေချိုးခန်းထဲဝင်ပြီး တစ်ကိုယ်လုံးကို မွှတ်သပ်သန့်စင်ပြီး ရေချိုးနေလိုက်၏။ သားသမီးမမွေးဖူးသော မခင်လေးမှာ အပျိုတစ်ယောက်၏ ကိုယ်နေဟန်ဖွဲ့စည်းပုံနှင့် ဘာမျှမခြား။ ရှိုက်ဖိုကြီးငယ် အသွယ်သွယ်နှင့် အဆီးအတားမဲ့ လှချင်တိုင်းလှနေ၏။ ရေချိုးအပြီးတွင် အလှပြင်ခန်း မှန်ကြီးရှေ့တွင် ထဘီရင်ရှားဖြင့် သွားရပ်လိုက်သည်။ ကိုယ်လိမ်းပေါင်ဒါကို ခန္ဓာကိုယ်အပေါ်ပိုင်းအနှံ့ ပွတ်လိမ်းနေလိုက်၏။

"မွှေးလိုက်တာဟာ။ နည်းနည်းထည့်ပါ"

"အောင်မယ်လေး"

လုံးဝမမျှော်လင့်ထားသော အဖြစ်အပျက်က ရုတ်ခြည်းဖြစ်သွားခဲ့လေပြီ။ ဆရာကြီးမှာ အိမ်ရှေ့ခန်းမှ ဖျတ်ခနဲ လှမ်းဝင်လာပြီး ခင်လေးဆီက ပေါင်ဒါမှုန့်ကို လက်ဝါးဖြန့် တောင်းခံနေလေပြီ။

လေအတိုးတွင် တလွင့်လွင့်လှုပ်လွန့်နေသော လိုက်ကာစလေးအလစ်မှာ အိမ်ထဲသို့ လှမ်းကြည့်လိုက်သော ဆရာကြီး၏ မျက်လုံးအစုံမှာ မှန်ကြီးရှေ့တွင် မတ်တတ်ရပ်ပြီး ပေါင်ဒါလိမ်းနေသော မခင်လေး၏ ကိုယ်လုံးလှလှကြီးကိုတွေ့သွားခဲ့လေပြီ၊ ဆရာကြီး ဦးမြမောင်ကြီး၏ အရှုတ္တတွင် ကိလေသာ စေတသိက်တို့၏ အပြင်းစားတွန်းအားကြောင့် ရှုက်တွေ အင်ပြည့်အားပြည့် ဖြစ်စေခဲ့လေတော့သည်။

ဆရာကြီးဦးမြမောင်ကြီး အနားသို့ ရောက်သည့်အချိန်တွင် မခင်လေးမှာ မိမိလက်တွင် ကိုင်ထားသော ပေါင်ဒါမှုန့်များကိုလှုပ်ခါပြီး လက်ဖြန့်တောင်းခံနေသော ဦးမြမောင်ကြီး၏ လက်ဝါးထဲသို့ ကြောက်ကြောက်လန့်လန့်နှင့် ထည့်ပေးနေမိသည်။ မခင်လေးမှာ တအံ့ဩ ဘာလုပ်မိမှန်းမသိ၊ စိတ်ရင်ပြင်တစ်ခုလုံး တုန်လှုပ်နေ၏။

သူမ သတိထားလိုက်မိသည့် အချိန်တွင် လှုပ်ရှားရန် နောက်ကျသွားခဲ့လေပြီ။

"မခင်လေးကို ချစ်တယ်ကွယ်"

ဆရာကြီးဆိုသူမှာ လူသားဖြစ်သည်။ လူသားတစ်ဦး၏ဆန္ဒက ရှိနေသည်။ အသိဉာဏ်နှင့်မထိန်းနိုင်၍ မှားခဲ့လေသည်မှာ သူလိုငါလို လူသားထဲကလူဖြစ်သည်၊ ခင်လေးမှာ ကြောက်ကြောက်လန့်လန့်နှင့်ပင် သာယာမှုနောက်၌ အမှားများကို ဆက်တိုက်ကျူးလွန်သူဖြစ်ခဲ့ရတော့သည်။

♛♛♛♛♛♛

ယောကျ်ားတစ်ယောက်သည် မိန်းမတစ်ယောက်ကို မည်သည့်နည်းဖြင့်ဖြစ်စေ တစ်ကြိမ်တစ်ခါမျှ ပိုင်ဆိုင်ခဲ့ဖူးပြီဆိုလျှင် မိမိလင်ယောကျ်ားပင် မဟုတ်သော်လည်း အကြင်မိန်းမမှာ အဆိုပါယောကျ်ားကို အချိန်တိုင်း ဒူးထောက်ရမည်သာဖြစ်သည်။ အကြင်ယောကျ်ားအတွက်မူ ထိုမိန်းမသည် ဝိုးအလိုအောက်မှ မိန်းမ၊ ဝိုလက်မောင်းနစ်အောက်ကြားမှမိန်းမဟု ခံယူလိုက်ပေပြီ။ သူ့အလိုကို မလိုက်လျှင်

www.burmeseclassic.com

ပြဿနာတွေက ဆင့်ကဲဆင့်ကဲ ဖြစ်လာတတ်သည်။ အိမ်ထောင်သည် အမျိုးသမီးများ အထူးသတိထား ရှောင်ရှားသင့်လှသည်။ အရှက်တရားသည် အသက်ထက် တန်ဖိုးမြင့်သည်မဟုတ်ပေတဲ့လော။

မရှောင်သာတဲ့ အမှောင်ကွေ့မှာ တွေ့ကြတာပဲ၊ မည်သူမျှမသိနိုင်ပါဘူးဆိုပြီး မျက်လုံးလေးကို မှေးစင်းမပေးလိုက်နဲ့။ အခွင့်အရေးရသွားသည့် ယောကျ်ားတစ်ဦးသည် တစ်သက်လုံး ဒုက္ခပေးတော့မည်၊ တစ်သက်လုံး ခြောက်လှန့်တော့မည်။ "ပါပသမိ ရမတိ မနော"လို့ စိတ်သည် မကောင်းမှု၌ မွေ့လျော်တတ်ကြောင်း ဗုဒ္ဓက ဟောခဲ့သည်။ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများ လွန်စွာသတိထားသင့်ကြပေသည်။

မခင်လေးမှာ ထူးကဲသော အလိုရမ္မက်ကို အဖော်သစ်တစ်ယောက်ထံတွင် အပ်နှံမိခဲ့လေပြီ။ မခင်လေး၏ လင်ယောကျ်ား မြင့်မြတ်မောင်၏ အိပ်ရာနေရာတွင် ဦးမြမောင်ကြီး အကြိမ်ကြိမ်ရောက်နေခဲ့သည်၊ သွေးသားနှံ့အိုင်ထဲတွင် ကျေကျေနပ်နပ်ဖြင့် အခါခါ ကူးခတ်ကြသည်။ ခုတော့ မခင်လေးမှာ စိတ်မခင်ကြယ်သူ ဖြစ်ခဲ့ရတော့၏။

"ဣတ္ထိယ သဘာ မနေ ပါပံကာရေ"တဲ့။ အချို့သော အကျင့်တရား မှုန်သည့် မိန်းမတို့သည် ဆိတ်ကွယ်ရာအရပ်ကို ရသည်ရှိသော် မကောင်းမှုကို ပြုမြဲတည်းဟု အဆိုရှိခဲ့လေသည်၊ မိန်းမကောင်း၊ မိန်းမမြတ်၊ တော်ဝင်မိန်းမတွေလည်း အများအပြားရှိကြသည်၊

* * * * * *

"ဟော…ကိုမောင်ပြန်လာပြီ"

မခင်လေးမှာ ယော်ချစ်လင် မြင့်မြတ်မောင်ကို တံခါးဝသို့ထိ ဆင်းကြိုပြီး အိတ်ကလေးကို ဆွဲယူလိုက်သည်။

အိမ်ပေါ်သို့အရောက်တွင် မြင့်မြတ်မောင်ကိုသံယောဇဉ်သကော်တာဖြင့် ကြိုဆိုလိုက်၏။

"လွမ်းလိုက်တာ ကိုမောင်ရယ်"

"တစ်လနဲ့ ရက်ပေါင်း ၂၀ တိတိ ကြာတယ်ခင်လေးရယ်၊ မောင်ကတော့ တစ်ကမ္ဘာခြားသွားပြီလားထင်တာပဲ"

"ခင်လေး လွမ်းတာတော့ မပြောနဲ့တော့၊ အချိန်တိုင်း မောင့်ဆီ စိတ်ရောက်နေတာ သိလား"

"ဟာ…ခင်လေးက ချစ်ဖို့ကောင်းလိုက်တာကွာ"

မြင့်မြတ်မောင်မှာ ပေပြည်ကလေးအသွေးတွင် လွှမ်းလူးနေသော ခင်လေး၏ပါးပြင်ပေါ်မှ ဆံနွယ်စလေးများကို လက်နှင့်ပယ်ပေးရင်း ပြောပြလိုက်၏။

"ဆရာကြီးတစ်ယောက်ကော တားရသောက်ရတာ အဆင်ပြေရဲ့လားကွယ်"

"ပြေတာပေါ့ ကိုမောင်ကလည်း။ ခင်လေး ကြိုးစားချက်ပြုတ် ကျွေးမွေးပါတယ်၊ ကိုမောင် ပြောရင် ဘယ်တုန်းကများ ခင်လေး လစ်ဟာတာ ရှိလို့လဲ"

"ဒါကြောင့် မောင်က အချစ်ဦးကို ပိုချစ်ရတာ"

မြင့်မြတ်မောင်မှာ ခင်လေးကို ဆွဲယူပြီး လက်မောင်းနှစ်ဖက်ကြား သွင်းထားလိုက်၏။

"ဪ.....ကိုမောင် ဟိုဥစ္စာ"

"ပြော၊ ဘာလဲ အချစ်"

"ဟိုဥစ္စာလေ ဆရာကြီး မနေ့ကပဲ ရွာကထွက်သွားပြီ"

"ဟင်.....ဘာဖြစ်လို့လဲ"

"သူ ပြောင်းမိန့်ရသွားပြီတဲ့"

"ဘယ်ကိုလဲ"

"သံတွဲမြို့နယ်ထဲက ရွာတစ်ရွာပဲ"

"ဪ...ကိုယ့်ဆရာကြီး ကိုယ်ရောက်အောင်..ဘောင် တစ်ချက်တောင်မသွားဘူး၊ သွားခါနီး လာခါနီး ကိုယ့်ဆရာကြီးကို ကန်



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြတ်မောင်
ခင်လေးကို
ရင်ခွင်ထဲ
ထည့်ထားလိုက်၏။
သူတို့ နှစ်ယောက်ရဲ့
ချစ်ကမ္ဘာလေးက တော့
ပျော်ရွှင်စရာ
ဘုံဗိမာန်လေးပါပဲ။
နှစ်ယောက်ပေါင်းမှ
တစ်ဘဝ
ဖြစ်တည်မှုမျိုးနှင့်
ရှင်သန်ပြီး ချစ်ခဲ့ကြသော.....

တော့ရမှာလေ ခင်ရဲ့"

"သူလည်း သူ့ရပ်သူ့ရွာကို ပြောင်းရတော့ အရမ်းပျော်လို့နေမှာပေါ့"

"-----"

"ကိုမောင် ရေမိုးချိုးလိုက်လေ၊ ဒီနေ့ ကိုမောင်ကြိုက်တဲ့ ငါးပုံ့ရှာ့ရသားတယ်၊ ကိုမောင် ပင်ပန်းလာတယ်၊ အားရှိအောင်ကျွေးမယ်၊ ကိုမောင့်တပည့် ရွှေဘဆီကလည်း ပင်မှည့်ဒီးကြမ်းတွေလာပို့ထားတယ်"

"အချစ်က အပြောလည်း ကောင်းတယ်ဗျာ"

"ကျောင်းဆရာမိန်းမက ဒီလောက်တော့ ဖြစ်မှာပေါ့ရှင်"

ခင်လေးမှာ ပုလဲလုံးလေးတွေ စီထားသလို လှနေသော သွားလှလှလေးများနှင့် ရယ်ပြရင်း ထင်တော်မောင်ကို မျက်လုံးတစ်ဖက်မှိတ်ပြလိုက်၏။

"ချစ်ဖို့ကောင်းလိုက်တာ ခင်လေးရယ်"

မြင့်မြတ်မောင် ခင်လေးကို ရင်ခွင်ထဲထည့်ထားလိုက်၏။ သူတို့နှစ်ယောက်ရဲ့ ချစ်ကမ္ဘာလေးကတော့ ပျော်ရွှင်စရာ ဘုံဗိမာန်လေးပါပဲ၊ နှစ်ယောက်ပေါင်းမှ တစ်ဘဝဖြစ်တည်မှုမျိုးနှင့် ရှင်သန်ပြီး ချစ်ခဲ့ကြသော အချစ်မျိုးရယ်လေ။

❀❀❀❀❀❀

တောင်လေမုတ်သုံအပင့်တွင် ရွက်ရင့်ဝါလေးများ မြေတွင် လျှပ်တိုက်ပြေးလွှားနေကြ၏။

နွေကျောင်းပိတ်ချိန်မို့ကျောင်းဆရာတွေ အနားရချိန်ဟု ဆိုရပေမည်၊ လူ့ဘဝ၏ ပြောင်းလဲမှုဖြစ်စဉ်တရားဟု ဆိုရလေမလားမသိ။ သည်နွေမှာတော့ ဆရာမြင့်မြတ်မောင်တစ်ယောက် နလုံးသားခွေတောက်ပြီး စိတ်တွေကယောက်ကယက်ဖြစ်လာသည်၊ ငယ်စဉ်က တစ်ခါမျှ မသောက်ခဲ့ဖူးသော မသာအရက်ကို နေ့စဉ်သောက်သည်။ နေ့စဉ်မူးသည်။

"ဒီမှာ ခင်လေးနဲ့ကိုမောင် ဆယ်ကျော်သက်ကတည်းက ချစ်ကျွမ်းဝင်ခဲ့ကြတာနော်"

"တို့နှစ်ယောက် တစ်ဦးကို တစ်ဦး အလိမ်အညာမဲ့တဲ့ အချစ်တွေနဲ့ ချစ်ခဲ့ကြတာလေ"

"တို့နှစ်ယောက် ဘဝတစ်ခုကို ထူထောင်ဖို့အတွက် အတူလက်တွဲခဲ့ကြတဲ့အခါမှာလည်း ပိုပြီးချစ်ခဲ့ကြတယ်၊ ပိုပြီးသံယောဇဉ်ပိုခဲ့ကြတာပဲမဟုတ်လား"

မြင့်မြတ်မောင်က တစ်လုံးချင်းပြောနေပေမယ့် ခင်လေးဆီကတော့ ဘာသံမျှ ထွက်မလာ။

"ခင်လေး မောင့်ကို ကိုဖို့ ညာဖို့တော့ မကြိုးစားပါနဲ့ ခု ခင်



www.burmeseclassic.com

www.burmeseclassic.com





လေးမှာ ကိုယ်ဝန်ရှိတာ နှစ်လရှိပြီ လို့ ပြောတယ်။ အဲဒီနှစ်လဆိုတာ မောင်မရှိတဲ့ကာလပဲ"

"မောင်ရွာပြန်ရောက်တာနဲ့ မောင့်သူငယ်ချင်းတွေက ပြောကြတယ်၊ မင်းထမင်းထုပ်ကို ကျီးအိုကြီး တောက်သွားပြီတဲ့"

"မောင် ရင်ကွဲရပါပြီ ခင်လေးရယ်"

"ခင်လေးရော အဲဒီလူကြီးရော အမူအရာတွေ ပျက်နေကြတာ ပတ်ဝန်းကျင်က အကုန်လုံး သိကြတယ်တဲ့"

ခင်လေးကား တရှုပ်ရှုပ် ငိုကြွေးနေလေပြီ။ မျက်ရည်များက အဆီးအတားမဲ့ရွာ။

"ပြော၊ အဲဒီ ခင်လေးဗိုက်ထဲက ကိုယ်ဝန်က အဲဒီလူကြီးနဲ့ ရတာမဟုတ်ဘူးလား"

"မောင် ရွာပြန်ရောက်ပြီး နောက်တစ်ရက်မှာ သိခဲ့တယ်၊ မောင် ပြောမထွက်ဘူး။ ယူကျုံးမရ ခြင်းကြီးစွာနဲ့ မောင် ကျိတ်ခံစားခဲ့ရတယ်၊ ကျိတ်ဆွေးခဲ့ရတယ်၊ ရှင်းရှင်းပြောရရင် ကျိတ်ငိုခဲ့ရတယ်ကွာ"

"သူများနဲ့ရထားတဲ့ ကိုယ်ဝန်ကြီးကို မောင့်သားပါဆိုပြီး လည်းကျိုးထမ်းရတော့မယ်ပေါ့၊ မောင် ဘယ်လိုလုပ်လို့ ဘဝမှာ ရပ်တည်ရမှာလဲ ခင်လေးရယ်"

"ခင်လေး မင်းတောညာတတ်တဲ့ မိန်းမ မဟုတ်ဘူး။ အခင်မတန် ရိုးသားတဲ့ မိဘနှစ်ပါးက မွေးဖွား ခဲ့တာပါ၊ မင်း တစ်သက်လုံးမောင့် ကို မညာခဲ့ဘူးလေ"

မခင်လေးကား ရှိုက်ကာရှိုက် ကာ ငိုနေလေပြီ။

"ခင်လေး မောင်ဘယ်လိုလုပ် ရမလဲဟင်"

ဝမ်းနည်းကြေကွဲမှုများက ဆရာ မြင့်မြတ်မောင်ကို ဝန်းရံ အကျဉ်းချထားကြလေပြီ။

"ခင်လေးရယ် မင်းရဲ့ရင်ခွင် ဒွေးဟာ မောင့်အတွက် ပျော်ရွှင် စရာ ဘုံကမ္ဘာလေး ဖြစ်ခဲ့တယ်၊ ခု တော့ ငရဲဘုံဖြစ်နေပါပေါ့လားကွာ"

"မင်းရဲ့ ကြည့်လို့မဝတဲ့အလှ တရားဟာ ကိုယ့်ကို မက်မဆုံး အောင် ဖြစ်စေရုံမက တခြား ယောကျ်ားကိုပါ မြူဆွယ်နိုင်တဲ့ သတ္တိတွေ ရှိနေပါပကောလား ဟင်"

"ခု မင်း ဘာမှပြန်မပြောနိုင် တော့ဘူးမဟုတ်လား။ မိန်းမယုတ်၊ သူခိုးကို ဓားမြိုးကမ်းတယ်ဆိုတဲ့ အစားထဲမှာ မင်းပါတယ်"

"မြင်းနဲ့တူတဲ့မိန်းမ၊ အစီး ကောင်းတဲ့ကောင်နဲ့တွေ့ရင် ခိုင်း သမျှ ကဆုန်စိုင်းပေးတော့တာပဲ မဟုတ်လား"

"ရက်စက်လိုက်တာကွယ်"



www.burmeseclassic.com

www.burmeseclassic.com

ဆရာမြင့်မြတ်မောင်၏ နှလုံးသားပေါက်ကွဲသံမှာ ချစ်မယား မခင်လေး၏ရင်ကို တဒိုင်းဒိုင်းထိမှန်နေပေသည်။ ဆရာမြင့်မြတ်မောင်၏ရင်ဘတ်ကြီး ဟင်းလင်းပြင်ကြီးဖြစ်သွားပြီး၊ အရာရာသည် မှောင်နှင့်မည်းမည်း။

"မင်းဟာ မြွေဟောက်မပဲ၊ မြွေဟောက်မနဲ့ ဘာခြားလဲ"

"ခု မောင် ဘာလုပ်ရမှာလဲ၊ ဘာလုပ်ရမှာလဲ"

"အဲဒီလူကြီး မကောင်းတာ ငါ့မှာဖြင့် ကိုယ့်ဆရာကြီးဆိုပြီး ကိုယ့်မိဘလို သဘောထားခဲ့တယ်၊ သူထမင်းငြိမ်ငြိမ်နဲ့အတွက် ငါမရှိ ငါး ရှာ၊ မိုးရွာမရှောင်၊ နေပူမရှောင် ချောင်းတွေထဲဆင်း။ မြစ်တွေထဲ ဆင်းနဲ့ ပင်ပန်းဆင်းရဲခံပြီး သူ့ကို ကျွေးမွေးခဲ့တယ်၊ ပြုစုခဲ့တယ်"

"ခုတော့.....ဟာကွာ..."

ဆရာမြင့်မြတ်မောင် အိတ်ကို ဆွဲပြီး အိမ်ပေါ်က ပြေးဆင်းခဲ့လေပြီ။ ဆရာမြင့်မြတ်မောင်ကား အဆုံးစွန် ပေါက်ကွဲခဲ့လေပြီ။ ချောင်းကမ်းစပ်သို့အရောက်တွင် လှေကလေးကို ကြိုးဖြုတ်ပြီး လှော်ထွက်လိုက်သည်။

ညသည် ပိုမိုရင့်မှည့်လာနေသည်။ မြင့်မြတ်မောင်မှာ လှေကို ကျုံးလှော်လိုက်ရာ ရွာချောင်းရေပြင်ပေါ်တွင် ခပ်သွက်သွက်ပြေးနေ၏။ သည်ညထွက်မည့်မော်တော်ဗီ မှီလိုသည်ကိုး။ မြင့်မြတ်မောင်မှာ ဆရာစိတ် ပျောက်နေခဲ့လေပြီ။

ကိုယ့်ဘဝကိုဖျက်သော၊ ကိုယ့်မိသားစုကို ပြိုကွဲအောင်လုပ်သော



လူစိတ်မရှိသော၊ အသက်အရွယ်နှင့်မလိုက်ဖက်သော မိစ္ဆာကောင်ကြီးသွေးမွှက်မွှက်ထွက်ပြီး သေပွဲဝင်စေရမည်။

ဘဝ၏ အဆုံးစွန် မိုက်မဲခြင်းသို့ တွန်းပို့နေသော စိတ်အရိုင်းသည် ဆရာမြင့်မြတ်မောင်၏ သတိသမ္ပဇဉ်ကို အမှောင်ဖုံးစေခဲ့လေပြီ။

♛♛♛♛♛♛

ခုတော့ အယုတ်တမာကြီး ကိုယ့်တရားကိုယ်စီရင်ပြီး ကိုယ့်ဇာတ်ကိုယ်သိမ်းခဲ့လေပြီ။ နဂိုကတည်းက အကျည်းတန်လှသော သူ့ရုပ်သွင်က သေခါမှပိုပြီး ရုပ်ဆိုးသွားနှင့် တူနေလေတော့သည်။

အသားအရောင် မည်းမည်းပြောင်ပြောင်နှင့် မျက်နှာကရှည်ရှည်၊ နှုတ်ခမ်းအစုံမှာ ထူပြီး ပိုမည်းနေသည်။

ဆရာမြင့်မြတ်မောင် သံတွဲမှ တောင်ကုတ်သို့ လိုင်းကားဖြင့် ချက်ချင်းပြန်လိုက်လာခဲ့သည်။

ကိစ္စတစ်ခုက သူ့အလိုလိုပြီးသွားသော်လည်း နောက်တစ်ခုအတွက် နှလုံးသားဗဟိုချက်ကို တံခါးခေါက်နေသည်။

"တောက်"

ဆရာမြင့်မြတ်မောင်ခေါက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်သည်။

"လူစိတ်မရှိလိုက်ကြတာ"

သောကတရားသည် ဆရာမြင့်မြတ်မောင်၏အသိကို တဒင်္ဂ သတိလွှာဖုံးစေခဲ့လေပြီ။ ဆရာမြင့်မြတ်မောင်ရင်ထဲမှာတော့ ဘဝင်မကျမှု သောကများပါရသည် ဆူဝေနေဆဲ။

♛♛♛♛♛♛

ဆရာမြင့်မြတ်မောင် အိတ်ကလေးကို ကောက်လွယ်ပြီး ကူးတို့လှေပေါ်မှ ရွာကမ်းသို့တက်လိုက်၏။ ဘဝင်နှလုံးမှာတော့ သောကနှင့် ဒေါသ ရောလုံးရစ်ပတ်နေ၏။ ရွာလမ်းအတိုင်း ဆရာမြင့်မြတ်မောင် လျှောက်လာ၏။ တွေ့လိုက်ရပါပြီ။ တုနှစ်ကိုယ် မေတ္တာမျှပြီး ချစ်သက်သေ ထူထောင်ခဲ့ကြသော အချစ်အိမ်လေး။

"ဟင်.....အိမ်ရှေ့မှာ လူတွေရှုပ်ယှက်ခတ်နေပါလား"

ဆရာမြင့်မြတ်မောင် ရင်ထဲထိတ်ခနဲဖြစ်သွားသည်။ ဆရာမြင့်မြတ်မောင် အိမ်ရှေ့သို့ရောက်လာ၏။

"ဆရာလေးရောက်လာပြီ"

အိမ်နီးနားချင်း ဒေါ်ခင်မြထံမှ အသံတိုးတိုးလေး ထွက်သွားသည်။

"ဘာဖြစ်ကြတာလဲဟင်"

> **ဆရာမြင့်မြတ်မောင်**
> **အိတ် ကလေးကို**
> **ကောက်လွယ်ပြီး**
> **ကူး တို့လှေပေါ်မှ**
> **ရွာကမ်းသို့တက် လိုက်၏။**
> **ဘဝင်နှလုံးမှာတော့**
> **သောကနှင့် ဒေါသ**
> **ရောလုံးရစ် ပတ်နေ၏။**
> **ရွာလမ်းအတိုင်း**
> **ဆရာ မြင့်မြတ်မောင်**
> **လျှောက်လာ၏။**
> **တွေ့လိုက်ရပါပြီ။**
> **တုနှစ်ကိုယ် မေတ္တာမျှပြီး**
> **ချစ်သက်သေ**
> **ထူ ထောင်ခဲ့ကြသော .....**

ဘယ်သူ့ထံကမှ စကားသံထွက်မလာကြ။ ကြေကွဲမျက်ဝန်းအစုံစုံက ဆရာမြင့်မြတ်မောင်ဆီ စုပြုံကျရောက်နေကြသည်။ ဆရာမြင့်မြတ်မောင် အိမ်ပေါ်သို့ ခပ်သွက်သွက် တက်လိုက်၏။

"ဟင်....."

ဝေဒနာအစိုင်အခဲတစ်ခုက ဆရာမြင့်မြတ်မောင်ရင်ထဲသို့ဆောင့်ဝင်သွားသည်။

ဆရာမြင့်မြတ်မောင်ရှေ့မှာ ခွေခွေလေး သေဆုံးနေသော ခင်လေးကို တွေ့လိုက်ရ၏။

"မနက် ၁၀ နာရီထိုးပြီ၊ တံခါးမဖွင့်ဘူး၊ ခေါ်ကြည့်တော့လည်း မထူးဘူး၊ ဒါတော့ မဖြစ်နိုင်ဘူး၊ တစ်ခုခုပဲဆိုပြီး ရပ်ကွက်လူကြီးနဲ့ တံခါးကို ဖွင့်လိုက်တဲ့အချိန်မှာ ဒီအတိုင်းတွေ့ရတော့တာပဲ ဆရာလေးရယ်"

အိမ်နီးနားချင်း ကိုနီမောင်က အဖြစ်အပျက်ကို တစ်လုံးချင်းပြောပြနေရှာသည်။ သောကဝေဒနာကြောင့် နှလုံးရောဂါခံစားပြီး သေဆုံးမှုဟု သိလိုက်ရတော့၏။

"အမိုက်မ ခင်လေး၊ မင်းမိုက်ပြစ် မင်းခံသွားတာပေါ့"

တစ်ယောက်က အမှောင်လမ်းလျှောက်ဖို့ လက်ဆွဲခေါ်တာကို မင်းက ကျေကျေနပ်နပ်နဲ့ စည်းစိုးကျော် ခုန်ထွက်ပြီး ကမ်းကုန်အောင် မိုက်ခဲ့တာကိုး။

"ခင်လေးရယ် မင်းဟာကိုယ့်လင်ယောက်ျားအပေါ် အိမ်ထောင်ရေး စည်းဖောက်ရုံမကဘူး၊ သူတစ်ပါးလင်ယောက်ျားကိုလည်း ဖျက်ဆီးခဲ့တယ်၊ ခုတော့ မင်း ကံကြီးထိုက်ပြီ၊ ကံကြီးထိုက်ပြီ၊ မင်းရဲ့သံသရာခရီးလမ်း ငါမတွေးရဲဘူးကွာ"

မိုက်လိုက်ကြတာ၊ ယုတ်မလိုက်ကြတာ။ မကောင်းမှု ပြု



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် လှည်းဘီးသွားရာရဲ့ နောက်က လိုက်ပါနေတဲ့ လှည်းဘီးရာလို မင်းတို့နောက်က ထက်ကြပ်မကွာ လိုက်ပါခဲ့ကြတာပဲမဟုတ်လား။

ဆရာမြင့်မြတ်မောင်၏ ခံစား ... နှလုံးသားမှတ်တမ်းတွင် သံသည် ဆရာ...မြတ်မောင်၏ရင်ထဲတွင် အသံတိတ် မြည်ဟည်းနေသည်။

သင်းတို့နှစ်ယောက်က ငါ့ရဲ့ နှလုံးသားကို ကြေမွပျက်စီးအောင် နင်းချေရက်ကြတဲ့ တာကယ်အယုတ်တမာ မိစ္ဆာကောင်တွေ၊ ငါ့အနိုင်က တာကယ့်လူမိုက်တွေ။ မင်းဆွေနှင်ကို ဒေသပုံဝင်အောင် လေးနဲ့ခွင်းလိုက် တဲ့ ရန်သူဟာ အဝေးက မဟုတ်ပါဘူး။ မင်းဆွေနှင်ရဲ့ ချက်အောက် တည့်တည့်က မုဆိုးပဲ။ ခုတော့မင်း ဆွေနှင်ရဲ့ အဖြစ်ဟာ ဆရာမြင့်မြတ်မောင်၏ နှလုံးသား ဝဟိုချက်မှာ နေရာယူနေခဲ့ပါပေါ့လား။

ပါစေ့၊ ခင်ဗျားက နှင်းမှုတ်ဖို့ကောင်းတဲ့ မိန်းမ မဟုတ်ဘူး၊ ကိုယ့်အပေါ် အရှုံးကောင်းတဲ့ ယော်နှင်းဆီကို သစ္စာမဲ့တာပဲ၊ မိန်းမပုံအရုပ် ဆောက်တာနဲ့တူတဲ့ အရုပ်ကို လုပ်ခဲ့တယ်။

သေနတ်မှုံးသော်၏ မှုန်ရိုးစွာကိုယ်သား ကို ဆောင်ဖို့ သဘောထားကြွက်တဲ့မှုန့် ဆေးဖိုက်နဲ့ သောပါဘူး၊ ခင်ဗျားတော့ စေမှုဆိုင်း မှုံ ပျှန်းဖို့ ပေးတော်ကြီးကို ချမ်းဆိုင်ခဲ့သောသော၊ ခံစား သောသောစေ့မှု ခံစားမိနေရာက မှုံ့ ဆေးခါ အမှုစေပ ခံစားနေသောတယ်။

ဘဝိုးရုံနေရာမကြာ ခင်ဗျားကို အနည်းဆုံး မုန်းသွားမယ်ဆိုတာလိမ့် ဒီနာကို ကြိုးကင်းနေ ယောနိုင်တယ်။

ခံစား ကိုဆောင်ကို မြိုက်နေတောခါ တယ်။

**အမိုက်မ**

**ခင်လေး**

ဆရာမြင့်မြတ်မောင်မှတ်တမ်းစာအုပ်ကြားထဲမှ စာရွက်ခေါက်လေးကို အသာအယာထုတ်ဖတ်လိုက်သည်။ ကြေကွဲမှုလှိုင်းဂယက်များ ပြန်လည်နိုးထသွားကြသည်။

''ဆရာကြီး ကျောင်းသွားကြမယ်လေ၊ ၉ နာရီထိုးပြီ''

ကျောင်းအုပ်ဆရာကြီးအဖြစ် တာဝန်ထမ်းဆောင်နေရပြီဖြစ်သော ဆရာကြီး ဦးမြင့်မြတ်မောင်က အသံကြား၍ အိမ်ရှေ့သို့ လှမ်း၍ ကြည့်လိုက်၏။

လက်ထောက်ဆရာမ လေး ဒေါ်စာတလဲမ်ကု အပြုံးလှလှလေးနှင့် ဆီး ကြိုနေ၏။

''ဪ ...ဟုတ်ကဲ့ ဆရာမ၊ လာပါပြီ''

ဆရာကြီး ဦးမြင့်မြတ် မောင် အိမ်ပေါ်မှဆင်းပြီး ဆရာမလေးနှင့် အတူ ကျောင်းသို့ဆက်လျှောက် လာကြ၏။ တောင်ခြေ အစပ် သို့ အရောက်တွင် ကျောင်း ကို မော့ကြည့်လိုက်သည်။

အမြဲ့ပျော်နေသောကျောင်း

---ဥုံ၊ မောက်ကြီးမြို့နယ်၊



ကိုမောင်ချစ်...

ခင်ဗျားကို နှင်းမှုတ်



www.burmeseclassic.com

www.burmeseclassic.com



နှင်းပြီးနည်း။

ဆရာကြီးဦးမြင့်မြတ်မောင်နှင့် ဆရာမလေးတို့ ကျောင်းပေါ်သို့ တက်သွားကြသည်။

ကလေးများမှာ ကျောင်းတက်ခေါင်းလောင်း မထိုးသေး၍ ပြေးလွှားဆော့ကစားနေကြ၏။

ဆရာကြီး ဦးမြင့်မြတ် မောင် ကျောင်းပေါ်မှနေ၍ ပတ်လည်ဝိုင်းနေသော စိမ်းစို ညို့မှိုင်း တောင်ပြာ ရိုင်းတွေကို လှမ်းကြည့်လိုက်၏။

''ကြော် .....ဒါလည်း ဘာလို လိုနဲ့ ဒီတောင်ပြာတန်းတွေ အလယ်ရောက်နေတာ ၁၅ နှစ်ဆိုတဲ့ ကာလ တစ်ခုကိုတောင် ဖိုင်ဆိုင် လာခဲ့ပါ ပေါ့လား''

''ဆရာကြီး ဘာတွေတွေးနေ တာလဲ''

''ဪ.....သမီး''

ဆရာကြီး ဦးမြင့်မြတ်မောင် နောက်သို့ပြန်လှည့်ကြည့်ရင်း လေးလေးတွဲ့တွဲ့ ပြန်ခေါ်လိုက်သည်။

''ဆရာကြီး ကိုယ့်ဒေသကို လွမ်းနေတာလား''

ဆရာမလေး ဒေါ်ဇာဇာလဲ့မိ က တိုင်းရင်းသူချင်းသံဝဲဝဲလေးနှင့် ပြောရှာသည်။

''ဆရာကြီးဘဝမှာ လွမ်းစရာ တွေ ဆိတ်သုဉ်းခဲ့တာ ကြာပါ ပကောလား သမီးရယ်''

ဆရာမလေးမှာ မျက်လုံးဝိုင်း ဝိုင်းလေးနှင့် ဆရာကြီးကို မော့ကြည့်နေသည်။

''ဆရာကြီးက လွမ်းစရာကို



နာစရာနဲ့ ဖုံးနေရတာပေါ့ကွယ်''

''ဆရာကြီးက တစ်ယောက် တည်း ထမင်းချက်စားနေရတာ မပျင်းဘူးလား။ ထမင်းချက်ဖို့ အဖော်တစ်ယောက်ရှာပေါ့''

''ဟိုး...သမီး ဆရာကြီးဘဝ မှာ အဖော်ဆို တော်ပါပြီ''

ဆရာမလေးက ဆရာကြီးကို ကြည့်မြဲကြည့်နေသည်။

''ဆရာကြီး သမီးတို့ဆီမှာ တာဝန်ကျတာ ပျော်ပါတယ်၊ ဒီလို ဝေးလံသီခေါင်တဲ့ နေရာလေးရ အောင်လို့ စေလိုရာစေဆိုပြီးတော့ အပြောင်းအရွှေ့ လျှောက်ခဲ့တာ လေ''

''____''

''ဆရာကြီး ကျေနပ်ပါတယ်၊ ချင်းတိုင်းရင်းသားတွေလည်းကိုယ့် ပြည်ထောင်စုသားတွေပဲ မဟုတ် လား''

''ကလင် ... ကလင်..ကလင်''

အတွေးတွေလုပ် သားလေး၏ကျောင်း ခေါ်ခေါင်းလောင်းထိုး သံက တောရိပ်ဝန်းကျင် တစ်ခုလုံးကို ညံစီသွား စေသည်။

''ကဲ...သမီး၊ ကျောင်းတက် ခေါင်း လောင်းထိုးပြီ၊ စာသင် ခန်း ဝင်လိုက်တော့နော်''

ပညာရေးကောလိပ်ဆင်း ရွှာ ခံဆရာမလေးက စာသင်ခန်းထဲသို့ ခပ်သုတ်သုတ် ဝင်သွားခဲ့လေပြီ။

ဆရာကြီး ဦးမြင့်မြတ်မောင် ဟိုးဝေးဝေးသို့ တစ်ချက်လှမ်းကြည့် လိုက်၏၊

တောင်ခိုးနဲ့တိမ်၊ ရောယှက် လိမ်၍

တိမ်နဲ့တောင်ခိုး၊ မိုးကိုထိုး လျှက်ပေတကား။

**ချစ်ခေါင်းဓေ**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ယုံကြည်မိသူရဲ့အမှားသံသရာ



ရေနဂါး

''ကာလင်.....ကာလင်''

''သူငယ်ချင်း မျိုးသူရ ငါ ကုမ္ပဏီထောင်ချင်လို့ သူငယ်ချင်း အနေနဲ့ အစုရှယ်ယာဝင်စေချင်တယ် သူငယ်ချင်းရာ''

ဝင်းထွန်းသည် ရန်ကုန်တွင် နေထိုင်သူဖြစ်၏။ သူငယ်ချင်းဖြစ်သူ မျိုးသူရအား ဖုန်းဖြင့်လှမ်း၍ ဆက်သွယ်ခဲ့သည်၊ မျိုးသူရက သူငယ်ချင်း ဝင်းထွန်းက အကူအညီ တောင်းမှန်းသိ၍ ခပ်ရှင်းရှင်းပင် ပြောလိုက်၏။

''ဟော့ကောင် ဝင်းထွန်း၊ မင်း ငွေလိုရင် လိုတယ်လို့ပြောပါ၊ ငါ ချေးမှာပေါ့''

မျိုးသူရ၏ တုံ့ပြန်ပြောစကားကြောင့် ဝင်းထွန်းမှာ ဝမ်းသာအားရ ဖြစ်ခဲ့ရသည်။ သူလိုအပ်သော ငွေကြေးပမာဏကို ပြောပြလိုက်သည်။

''ဒီလောက်လေးများကွာ၊ ငါ မနက်ဖြန် ပုဂ္ဂလိကဘဏ်ကနေ ငွေလွှဲလိုက်မယ်၊ သူငယ်ချင်းရဲ့ မှတ်ပုံတင်နံပါတ်နဲ့ လိပ်စာပြော''

ဝင်းထွန်းမှာ သူ့အတွက် လိုအပ်သော ငွေကြေးရရှိခဲ့ပြီဖြစ်၍ ကုမ္ပဏီတည်ထောင်ရန် စတင်ဆောင်ရွက်လေသည်။

❦❦❦❦❦

''ဟယ်လို...အေးမာလား၊ ကိုအောင်ပါ''

''ပြောလေ ကိုအောင်''

''ဒီသကြန်မတိုင်မီ ကိုအောင်နဲ့အေးမာတို့ လက်ထပ်ကြရအောင်''

အောင်ကိုဦးသည် လူငယ်တစ်ဦးဖြစ်သော်လည်း အိမ်ယာကွန်းရောင်းဝယ်ပြုပြင်သည့် လုပ်ငန်းကြီးကို ပိုင်ဆိုင်ထားသူဖြစ်သည်။ အေးမာက အောင်ကိုဦး၏ ငွေကြေးဥစ္စာ ပိုင်ဆိုင်ထားမှုထက် အောင်ကိုဦး၏ ရုပ်ရည်ကိုသဘောကျသူဖြစ်သည်။

ကန်ထဲကငါး ချောင်းထဲ ဖြစ်ထဲရောက်ရသည်ဆိုသည့်စကားအတိုင်း၊ အောင်ကိုဦး၏ လှည့်စားမှုကိုလည်း ခံစားခဲ့ရ၏။

''ဟယ်လို...အေးမာလား၊ ကိုအောင်ပါ၊ ဒီနေ့ အေးမာနဲ့ အေးအေးဆေးဆေးတွေ့ချင်တယ်ကွာ၊ အဲဒါ.....''

''ကိုအောင်ကလည်း၊ ခဏခဏ တွေ့နေတာပဲဟာ၊ ကဲ..ပြော ဘယ်မှာတွေ့မလဲ၊ အချိန်တော့ သိပ်မရဘူးနော်''

အောင်ကိုဦး၏ လက်ထပ်မည်ဆိုသည့်ကတိဖြင့် စည်းရုံးမှုကြောင့် အေးမာက အယုံလွန်ပြီး အောင်ကိုဦး၏ လှည့်စားမှုအောက်၌ ထားနိုင်ရသောက်ရသလို ဖြစ်နေခဲ့လေသည်။

❦❦❦❦❦



www.burmeseclassic.com

www.burmeseclassic.com



"ကလင်.....ကလင်"

"ဟယ်လို..ပြောပါ၊ ကုမ္ပဏီပိုင်ရှင် ဝင်းထွန်းပါ"

"ဟယ်လို....."

ဖုန်းဆက်သူက စကားမပြောဘဲ ဆိုင်းငံ့နေသည့်အတွက် ဝင်းထွန်းမှာ ဒေါကန်သွား ခဲ့လေသည်။

တစ်ဖက်မှ ဟယ် လိုဟုသာ ပြောပြီး တိတ် ဆိတ်နေခဲ့သည်။ သို့ရာတွင် ဝင်းထွန်းက အသံကို မှတ်မိ၍ ချက်ချင်းတုံ့ပြန်ပြော ဆိုလိုက်သည်။

"ဟော့ကောင် မျိုးသူရ၊ မင်းအသံကို ငါမသိဘူးများ မှတ်နေလား၊ ပြောစရာရှိတာ ပြောလေကွာ"

"အေး၊ ပြောစရာရှိတယ်၊ ဒီနေ့ ကီလိုမှာရှိတဲ့ တို့သွားနေကျ ---စားသောက်ဆိုင်ကို လာနေကျ အချိန်အတိုင်းလာခဲ့"

"ငါမအားဘူး သူငယ်ချင်းရဲ့၊ ဒီညနေ ကုမ္ပဏီဒါရိုက်တာတစ်ယောက်နဲ့ ချိန်းထားတယ်ကွ"

မျိုးသူရမှာ ကုမ္ပဏီချင်းဆောင်ရွက်ရမည့်အလုပ်ကိစ္စရှိနေကြောင်း ကြားသိရ၍ သူငယ်ချင်းဖြစ်သူ၏အစီအစဉ်အား မပျက်စေရန် သူ့ဘက်မှ အလျှော့ပေးသည့်စကား ဆိုလိုက်သည်။

"အေး၊ ဒါဆိုရင်လည်း အားရင်လာခဲ့ပေါ့၊ ဟုတ်လား"

"အေး.....အေး"

မျိုးသူရထံမှ ငွေများအား ချေးယူပြီး ကုမ္ပဏီတည်ထောင်ကာ ကြီးပွားနေသော ဝင်းထွန်းမှာ မျိုးသူရက ဆက်သွယ်တိုင်း ရှောင်လွှဲနေတတ်သည်။ မျိုးသူရကလည်း သူ ငယ်ချင်းအချင်းချင်း ဖြစ်နေ၍ အားနာစိတ်ဖြင့် အပြင်းအထန် စကားဆိုခြင်းမပြုခဲ့ပါပေ။ သို့သော် လူသားတစ်ဦး၏ ငွေကြေးညှစ်ပိုင်ဆိုင်မှု မာနကြောင့် စိတ်ထဲတွင် ခံပြင်းမှုဖြစ်နေခဲ့၏။

ဝင်းထွန်းမှာ
မျိုးသူရက ဆက်သွယ်တိုင်း
ရှောင် လွှဲနေတတ်သည်။
မျိုးသူရကလည်း
သူ ငယ်ချင်းအချင်းချင်း
ဖြစ်နေ၍ အားနာစိတ်ဖြင့်
အပြင်းအထန်
စကားဆိုခြင်းမပြုခဲ့ပါပေ။
သို့သော် လူသားတစ်ဦး၏
ငွေကြေးညှစ်ပိုင်ဆိုင်မှု
မာနကြောင့် စိတ်ထဲတွင်.....

"ဟင်.. ..ကိုအောင်.....ကိုအောင့်ဆီမှာ မိန်းမရှိတယ်ဟုတ်လား"

"မရှိပါဘူး အေးမာရယ်၊ ကိုအောင်နဲ့ မဂ်မ်းသူနဲ့က ကွဲသွားတာ ကြာလှပြီ"

"ဒါဆို ဟိုကလေးကကော"

"ဒါလား၊ အဲဒါက ကိုအောင့်အစ်ကိုရဲ့ သားလေးပါ"

အောင်ကိုဦး၏ လှည့်ပတ်မှုကို အေးမာက ယုံကြည်မိပြီး မြန်မြန်လက်ထပ်ဖို့အရေးကိုသာ တောင်းဆိုနေခဲ့၏။ ယခုတော့ စိတ်အနှောင့်အယှက်ဖြစ်စရာ သတင်းတွေကြောင့် အခက်အခဲကို ဖြစ်စေခဲ့၏။

"ညီမ ယုံရမှာလား ကိုအောင်ရယ်၊ ကိုအောင့်ကို မယုံလို့မဟုတ်ပါဘူး၊ ကျွန်မ ဖေဖေနဲ့မေမေကို ဖုန်းနဲ့ဆက်ပြီး ကိုအောင်နဲ့လက်ထပ်ဖို့ အကုန်ပြောပြီးပြီ၊ ညီမရွာကို အရင်ပြန်မယ်၊ ကိုအောင်က တစ်ရက်နှစ်ရက်အကြာမှာလိုက်ခဲ့သိလား"

"ဒါဆို ကိုအောင်ရဲ့ယောက္ခမကြီးတွေကို တွေ့ရတော့မယ်ပေါ့ ဟုတ်လား"

"သွား.....နောက်မနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်သို့ အထက်အညာဒေသမှ အလုပ်လာလုပ်သော ဝန်ထမ်းမလေး မအေးမာတစ်ယောက် အောင်ကိုဦး၏ မေတ္တာရိပ်၌ ခိုလှုံကာ သူမ၏ဘဝကို ယုံကြည်မှုဖြင့် အပ်နှံထားခဲ့လေသည်။

♛♛♛♛♛

"ကျွန်တော် ဒီကုမ္ပဏီပိုင်ရှင် ကိုဝင်းထွန်းနဲ့ တွေ့ချင်လို့ပါ"

မျိုးသုရမှာ သူငယ်ချင်းဖြစ်သူ ဝင်းထွန်း၏ လှည့်စားမှုကို ရိပ်မိ လာ၍ ဝင်းထွန်း၏ကုမ္ပဏီသို့ လူကိုယ်တိုင် အရောက်လာခဲ့တော့၏။

ကုမ္ပဏီလုံခြုံရေးထံသို့ ဝင်ခွင့် တောင်းရာ လုံခြုံရေးဝန်ထမ်းက မျိုးသုရအားကြည့်ပြီး အတွင်းမှန်းဖြင့် ဆက်သွယ်ကာ စည့်သည် ရောက်နေကြောင်း ပြောပြလိုက်၏။

"ကျွန်တော့်ဘော့စ်က မှာထားတယ်၊ ဒီနေ့ဘယ်ဧည့်သည်မှ အတွေ့မခံဘူးတဲ့"

လုံခြုံရေးဝန်ထမ်းက ပြန်သည်ပြောပြခဲ့သည်၊

မျိုးသုရမှာ ဒေါကန် သွားလေသည်။

"ဒီမယ် ငါ့ညီ၊ မင်းတို့ကုမ္ပဏီ ပိုင်ရှင်ဝင်းထွန်း ပိုင်ဆိုင်ထားတဲ့ ဒီကုမ္ပဏီကို ဘယ်သူက တကယ်ပိုင်သလဲဆိုတာ ငါ့ညီ သိသလား"

လုံခြုံရေးဝန်ထမ်းမှာ မျိုးသုရ



၏ ဒေါသသံ ဖုံးလွှမ်းနေသော အမေးစကားကို ကြားရသဖြင့် အံ့သြတကြီး နားထောင်ရင်း တွေးဆသွားလေသည်။

လုံခြုံရေးကင်မရာမှတစ်ဆင့် မြင်ရသော မျိုးသုရအား ဝင်းထွန်းမှ မတွေ့လိုသောကြောင့် လုံခြုံရေးဝန်ထမ်းအား ပြောပြခဲ့ခြင်းဖြစ်၏။ မျိုးသုရ၏စကားကြောင့် လုံခြုံရေးဝန်ထမ်းမှာ မျိုးသုရကို မယုံမရဲဖြင့် ကြည့်နေမိ၏။ မျိုးသုရက လုံခြုံရေးဝန်ထမ်းကို ဝင်းထွန်းရှိနေသည့် အခန်းသို့ လိုက်ပို့ခိုင်းခဲ့၏။

"ငါ့ညီ ရတယ်၊ မင်းဘာမှ မစိုးရိမ်နဲ့၊ သူရှိတဲ့အခန်းကိုသာ ငါ့ကိုလိုက်ပြပေးပါ့ဗျာ၊ ဟုတ်ပြီလား"

"အစ်ကို ဖြစ်ပါ့မလား၊ တော်ကြာ ကျွန်တော် အလုပ်ပြုတ်နေဦးမယ်"

"ဘာမှမပူနဲ့၊ ဒီနေ့ ငါ့ညီကို ဝင်းထွန်း အလုပ်ပြုတ်ရင် မနက်ဖြန် ငါ့ညီ ဒီကုမ္ပဏီမှာ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦး ဖြစ်ပြီလို့မှတ်၊ ရော့...အစ်ကို့ရဲ့ လိပ်စာကတ်"

လုံခြုံရေးဝန်ထမ်းက မျိုးသုရအား ဝင်းထွန်းရှိရာအခန်းအား အဝေးမှညွှန်ပြပြီး အောက်ထပ်သို့ ပြန်ဆင်းပြေးသွားခဲ့လေသည်။ မျိုးသုရလည်း ဝင်းထွန်း၏ အခန်းတံခါးအား ဝုန်းခနဲ အသံမြည်စေသည်အထိ ဆောင့်တွန်းဖွင့်လိုက်၏။

"ဟာ.....သူငယ်ချင်း မျိုး

www.burmeseclassic.com



သူရ၊ လာမယ်ဆိုလည်း ဖုန်းလေး ဘာလေးဆက်ပေါ့ကွာ။ ငါလာကြို မှာပေါ့''

မျိုးသူရကိုမြင်တော့ ဝင်းထွန်းက မျက်နှာချိုသွေးပြီး ပြောလိုက်၏။

''ကဲ.....သူငယ်ချင်း ဝင်းထွန်း။ ငါ့ဆီက ယူထားတဲ့ငွေကို မင်းအနေနဲ့ ဘယ်လိုလုပ်ပေးနိုင်မလဲ၊ ပြောပါဦး''

ဝင်းထွန်းက မျိုးသူရကို ချော့မော့သိမ်းသွင်းနိုင်ရန် စာရေးမလေးကို အအေးယူခိုင်းလိုက်၏။

''အေးမာရေ ငါ့သူငယ်ချင်းအတွက် အအေးသွားဖျော်စမ်း။ ငါ့သူငယ်ချင်း ရင်တွေပူလာတယ်နဲ့ တူတယ်''

ဝင်းထွန်းက စကားလွှဲပြော နေသည်ကို မျိုးသူရမှ ရိပ်မိဖို၏။

''ငါ့ညီမ သွားမဖျော်နဲ့၊ ငါ့ညီမဒီမှာ ခဏလေးထိုင်ပြီးတော့ နားထောင်ပေး''

ဝင်းထွန်းမှာ မျက်စိမျက်နှာပျက်လျက် ရုံးစာရေးမထံ လှမ်းကြည့်လိုက်၏။

''ကဲ...အေးမာရေ အစ်ကိုကို ဖြူရသလို ငါ့သူငယ်ချင်းကိုလည်း ဖြူရပေး လိုက်ပါကွာ''

မျိုးသူရမှာ ပိုမို၍ ဒေါသဖြစ်ခဲ့ရ၏။ အမျိုးသမီးနှင့် မြူဆွယ်သလိုလုပ်ခဲ့၍ ပိုပြီးစိတ်တိုသွားခဲ့၏။

''ဒီမှာ ဝင်းထွန်း၊ ငါငွေရေးကြေးရေးစကားပြောနေတာနော်၊ စကားကို ဟိုလွှဲပြော၊ ဒီလွှဲပြော လုပ်မနေနဲ့''

''အေးပါ သူငယ်ချင်း၊ မင်းရဲ့ငွေကို ပြန်ဆပ်မလို့ပဲ၊ လုပ်ငန်းတစ်ခုက ပေါ်လာတာနဲ့ အဲဒီထဲမှာ ပုံအောထားလို့ပါ သူငယ်ချင်းရာ၊ သူငယ်ချင်းရဲ့ငွေကို အခုလောလောဆယ် မပေးနိုင်သေးဘူးကွာ''



မျိုးသူရက သူငယ်ချင်း ဝင်းထွန်း၏ ဆက်ဆံမှုများကို ရိပ်စားမိ၍ တစ်ခုခုတော့ လိုအပ်နေပြီဟု သတိထားမိလိုက်၏။ ဝင်းထွန်းအား မည်သည့်စကားမျှမပြောဘဲ အခန်းထဲမှ ဆတ်ခနဲလှည့်ထွက်လိုက်၏။

''ငါ့ညီ မင်း ဘယ်အချိန် ဂျူတီထွက်မှာလဲ''

မျိုးသူရမှာ အောက်ထပ်သို့ရောက်သည်နှင့် သူ့အား ဝင်းထွန်း၏ အခန်းကို ညွှန်ပြခဲ့သော လုံခြုံရေးဝန်ထမ်းအား မေးလိုက်၏။

လုံခြုံရေးဝန်ထမ်းမှာ မျိုးသူရက ရာထူးပေး၍ အလုပ်ခန့်ထား၊ မည်ဟုဆိုထားသဖြင့် ရိုရို သေသေ ဆက်ဆံခဲ့၏။

''အစ်ကို ညီလေးက ညနေ ၆ နာရီဆို ဂျူတီထွက်ပြီ''

''ဒါဆိုရင် ငါ့ညီ ဂျူတီထွက်တာနဲ့ အစ်ကို့ဆီကို ခဏလောက် လာနိုင်မလား''

''ဟုတ်...ဟုတ်ကဲ့ လာနိုင်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com

မျိုးသူရကာ လုံခြုံရေးဝန်ထမ်းအား စည်းရုံးခေါ်ယူပြီး ဝင်းထွန်း၏ လုပ်ငန်းအကြောင်းများအား မေးမြန်းစုံစမ်းခဲ့လေသည်။

♛♛♛♛♛

''ဟယ်လို.....အေးမာလား''

''ဟုတ်တယ် ကိုအောင် ညီမဆီကို လာနေပြီလား''

''အေး၊ ညီမတို့ရဲ့မြို့က ကားဂိတ်ကို ရောက်နေပြီ''

''ညီမ လာကြိုရမလား''

''မလာနဲ့၊ အစ်ကို ဆိုင်ကယ်ငှားပြီး လာခဲ့မယ်''

အောင်ကိုဦးမှာ အေးမာနှင့် တွေ့ရတော့မည်ဖြစ်၍ ရင်ထဲ၌ ပျော်ရွှင်နေသလို အေးမာကလည်း အောင်ကိုဦးနှင့် လက်ထပ်ရတော့မည်ဟုတွေးရင်း ရင်ထဲ၌ ပျော်ရွှင်နေမိလေသည်။

ဆိုင်ကယ်သမားက အေးမာတို့၏အိမ်အားသိ၍ အေးမာ၏အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်အောင် ပို့ဆောင်ပေးခဲ့နိုင်သည်။

အေးမာမှာ အိမ်ရှေ့မှနေ၍ အောင်ကိုဦးအား ထွက်ကြိုနေလေသည်။

''လာမယ်ဆိုလည်း ကြိုပြောပေါ့၊ ဘာမှမပြင်ဆင်ရသေးဘူး''

အေးမာက သူမ၏အလှအပအား အောင်ကိုဦးက ခွဲမက်နေမှုန်းသိ၍ ကန့်ကလျဖြင့် ပြောပြလိုက်၏။

''အေးမာရယ် ဒီအတိုင်းလည်း လှပါတယ်၊ ပြင်ရင်တော့ ပိုချောတာပေါ့''

''သွား.....ကိုအောင်က တကယ်နောက်တယ်''

♛♛♛♛♛

နေထိုင်ရာရွာသို့ ကြိုတင်ရောက်ရှိနေသော အေးမာက မိဘများကို ကြိုတင်ပြောပြထား၍ အောင်ကိုဦးနှင့် လက်ထပ်နိုင်ရေးမှာ အခက်အခဲမရှိဘဲ အဆင်ပြေခဲ့သည်။

မင်္ဂလာပွဲကျင်းပရန် အစီအစဉ်ဖြင့် ရောက်ရှိလာသော အောင်ကိုဦးက လက်ဆောင်ပစ္စည်းများ အပြည့်အစုံနှင့်ဖြစ်သည်။

အေးမာ၏မိဘများနှင့် ကျေးရွာလူကြီးများကို လက်ဆောင်အသီးသီးကန်တော့နိုင်ခဲ့၍ အောင်ကိုဦးမှာ ရွှေသမက်၊ ငွေသမက် ဖြစ်ခဲ့ရသည်။

တစ်ရွာလုံး၏ ဝိုင်းဝန်းကူညီမှုဖြင့် မင်္ဂလာပွဲကို ကျင်းပနိုင်ခဲ့သည်။ အေးမာ၏ဦးဆောင်မှုဖြင့် ရွာလုံးကျွတ်ကျွေးမွေးဧည့်ခံနိုင်ခဲ့

အေးမာက
အောင်ကိုဦး၏သဘောအား
မိဘများအား
ကြိုတင်ပြောပြထား၍
မိဘများကလည်း
ဝမ်းသာစွာကြိုဆိုကြလေ၏။
နောက်တစ်နေ့နံနက်တွင်
မင်္ဂလာပွဲအား အကျဉ်းရုံး၍
ကျင်းပကြလေသည်။
ရွာဓလေ့အတိုင်း
အသံချဲ့စက်တွင်က
ဝက်သားကြော်ဟင်းဖြင့်.....



www.burmeseclassic.com

www.burmeseclassic.com



သည်။

တစ်ရွာလုံးအုန်းအုန်းကျွက်ကျွက်ဖြင့် စည်ကားလှ၏။

တစ်ရွာလုံး မီးခိုးတိတ်ကျွေးမွေးခဲ့သည်။

တောရွာဓလေ့ထုံးစံအတိုင်း ဝက်သားဟင်း၊ ဟင်းချို၊ ငါးပိကြော်၊ တို့စရာဖြင့် ဧည့်ခံခဲ့သည်။

အေးမာကို ကြည့်၍ ကံကောင်းသူဟု တစ်ရွာလုံးက ချီးကျူးကြသည်။

မင်္ဂလာပွဲနေ့တွင် အသံချဲ့စက်မှာ မပါမဖြစ် ဖြစ်သည်။

မင်္ဂလာဓမောင်နှံတို့က လှည့်လည်ဧည့်ခံနေစဉ် အသံချဲ့စက်မှ အသံတစ်ခုထွက်လာသည်။

"သတို့သား ကိုအောင်ကိုဦးနဲ့ သတို့သမီး မအေးမာတို့အတွက် မြို့ပေါ်မှ အထူးဧည့်သည်များ ရောက်ရှိလာနေ၍ အသံချဲ့စက်ရှိရာသို့ အမြန်လာခဲ့ကြပါ"

ထမင်းကျွေးရုံအတွင်း ဧည့်ခံရင်း လှည့်လည်သွားလာနေသော အောင်ကိုဦးနှင့် အေးမာတို့က အသံချဲ့စက်ဖွင့်ရာနေရာသို့ သွားခဲ့ကြသည်။

တစ်ရွာလုံးက အထူးဧည့်သည်များ ရောက်နေသည်ဆိုသဖြင့် စိတ်ဝင်တစားဖြင့် လှည့်ကြည့်ခဲ့ကြ၏။

"သတို့သားနဲ့ သတို့သမီးသလား"

မျက်နှာစိမ်း၊ လူပုံခံ့ခံ့ချောချောတစ်ဦးက မေးခဲ့၏။

မျက်နှာစိမ်းနှင့်အတူ ရွာလူကြီးများကိုလည်း တွေ့လိုက်ရ၏။

"ကျွန်တော်က --မြို့က အမှုစစ်စခန်းမှူး ရဲအုပ် အေးထွန်းပါ"

"ဟုတ်ကဲ့၊ ဘာကိစ္စများ ရှိလို့ပါလဲ"

"ပြောစရာတော့ရှိတယ်၊ မင်္ဂလာမဏ္ဍပ်ထဲမှာဆိုတော့ ပြောလို့ မသင့်ဘူးထင်တယ်၊ ကျေးဇူးပြုပြီး ရွာလူကြီးအိမ်ကို လိုက်ခဲ့ကြပါ"



ကျွန်တော်တို့က
လူမှုရေးနားလည်စွာနဲ့
လူရှင်းတဲ့နေရာကိုခေါ်တာပါ
မအေးမာ၊
ခင်ဗျားက
မလိုက်နိုင်ဘူးလို့ပြင်းရင်
ကျွန်တော်နဲ့အတူရဲမတွေပါ
လိုက်ပါလာတာကြောင့်
ရတဲ့နည်းနဲ့ ----

အောင်ကိုဦးနှင့် အေးမာတို့မှာ စိုးရိမ်စိတ်ဖြစ်ခဲ့ကြရ၏။ ရဲတပ်ဖွဲ့စခန်းမှူးဟု ဆိုကတည်းက တစ်ခုခုတော့ ထူးခြားနေပြီဟု သိလိုက်ရ၏။

"ကျွန်မတို့ ဘာမှလုပ်ထားတာမရှိဘူး၊ အခု မင်္ဂလာပွဲကျင်းပနေလို့ မလိုက်နိုင်ဘူးရှင့်"

အေးမာက အကြောင်းပြချက်ဖြင့် ငြင်းလိုက်သည်။

"ကျွန်တော်တို့က လူမှုရေးနားလည်စွာနဲ့ လူရှင်းတဲ့နေရာကို ခေါ်တာပါ မအေးမာ၊ ခင်ဗျားက မလိုက်နိုင်ဘူးလို့ငြင်းရင် ကျွန်တော်နဲ့အတူ ရဲမတွေပါ လိုက်ပါလာတာကြောင့် ရတဲ့နည်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ရပါလိမ့်မယ်''

အေးမာမှာ မျက်နှာ၌ ဖော့ချွေးများ ပျံ့နေ၏။

အောင်ကိုဦး၏လက်မောင်းကို ဆုပ်ကိုင်ထားသော သူမ၏လက်များမှာ တဆတ်ဆတ်တုန်နေ၏။

မတတ်သာ၍ ရွာလူကြီးအိမ်သို့ လိုက်ခဲ့ရတော့၏။

''မအေးမာကို တာဝန်အရ ဖမ်းရမှာဖြစ်လို့ စိတ်မကောင်းဖြစ်မိပါတယ်''

''ခန.....ခနပါဦး ဘာကိစ္စနဲ့ ဖမ်းတာလဲ''

အောင်ကိုဦးက ကြင်စဦး ချစ်သူ အေးမာအတွက် မေးလိုက်၏။

''ကုမ္ပဏီပိုင်ရှင် ဝင်းထွန်းနဲ့ ပတ်သက်လို့ ငွေထုတ်ပေးတဲ့ မျိုးသုရကို ကုမ္ပဏီလုံခြုံရေးဝန်ထမ်းက သတင်းပေးခဲ့တယ်၊ အဲဒီကိစ္စကြောင့် အတွင်းရေးတွေ ထပ်ပေါ်မှာစိုးလို့ ကုမ္ပဏီလုံခြုံရေးဝန်ထမ်းကို အေးမာက မြူဆွယ်သိမ်းသွင်းပေးပြီး ဝင်းထွန်းနဲ့အတူသတ်ပြီး ရှုတ်ပိတ်ခဲ့တယ်၊ အဲဒီအတွက် အေးမာက ဝင်းထွန်းဆီက ငွေကျပ်သိန်း နှစ်ဆယ်ရခဲ့တယ်''

''အဲဒီကိစ္စ ဘာအထောက်အထားရှိလို့လဲ''

''ဟုတ်ကဲ့ ဝင်းထွန်းကိုဖမ်းမိလို့ ဝန်ခံထားပြီးပါပြီ''

အေးမာမှာ လုံးဝမလှုပ်ဝံ့

ကုမ္ပဏီပိုင်ရှင်
ဝင်းထွန်းနဲ့ ပတ်သက်လို့
ငွေထုတ်ပေးတဲ့
မျိုးသုရကို
ကုမ္ပဏီလုံခြုံရေးဝန်ထမ်းက
သတင်းပေးခဲ့တယ်
အဲဒီကိစ္စကြောင့်အတွင်းရေးတွေ
ထပ်ပေါ်မှာစိုးလို့
ကုမ္ပဏီလုံခြုံရေးဝန်ထမ်းကို
အေးမာက
မြူဆွယ်သိမ်းသွင်းပေးပြီး.....



တော့။

မျက်ရည်တွေတွေကျရင်း အောင်ကိုဦး၏ရင်ခွင်ထဲ မျက်နှာအပ်၍ ချုံးပွဲချငိုတော့၏။

''ဝင်းထွန်းအပြောနဲ့တင် လုံလောက်လို့လား''

''ဟုတ်ကဲ့၊ မျက်မြင်သက်သေ နှစ်ဦးက တရားရုံးမှာကြိုတင် ထွက်ဆိုချက် ပေးထားပြီးပါပြီ''

စခန်းမှူးက ရှင်းပြ၍ မည်သူမျှ စောဒကတက်ရန် မတတ်နိုင်တော့ပေ။

အောင်ကိုဦးမှာ အေးမာကို ကြည့်ရင်း စကားမပြောနိုင်အောင် ဖြစ်နေခဲ့၏။

''ကိုအောင်ကိုဦးကိုလည်း ပြောစရာရှိတယ်''

စခန်းမှူးက အားနာစွာပြောလိုက်၏။

''ဘာများလဲ စခန်းမှူး''

''မစိမ်းသူက ကျွန်တော်တို့ရဲ့ စခန်းမှာ ကိုအောင်ကိုဦး ပျောက်ဆုံးနေလို့ လူပျောက်မှုဖွင့်ထားပါတယ်''

မစိမ်းသူဆို၍ အံ့အားသင့်ကြရပြန်သည်။

''မစိမ်းသူဆိုတာ ဘယ်သူလဲ''

ယောက္ခမလောင်းက ကြားဝင်၍ မေးခဲ့၏။

''ကိုအောင်ကိုဦး ရှင်းပြတာ



www.burmeseclassic.com

www.burmeseclassic.com

က ဝိုပြီးသင့်တော်ပါလိမ့်မယ်''

အောင်ကိုဦးမှာ အားလုံးကို ငေးကြည့်ရင်း ပြောမထွက်အောင် ဖြစ်နေခဲ့၏။

အေးမာမှာ အောင်ကိုဦးကို လူပျိုထင်၍ ချစ်ခဲ့မိ၏။ အချစ်နှင့်အတူ မိန်းမကျွမ်းကြေသော အောင်ကိုဦးကြောင့် အေးမာမှာ အောင်ကိုဦး၏ညွှတ်ကွင်း၌နှောင်ကြိုး ချည်ဖြင်းခံခဲ့ရ၏။

အေးမာက ငအောင်ကိုဦးကို လက်ထပ်နိုင်ခဲ့သည်။

အောင်ကိုဦးက ငွေလိုအပ်ကြောင်းအကြောင်းပြပြီးရှောင်သည်။

အေးမာက အောင်ကိုဦးကို စွဲစွဲလမ်းလမ်းဖြစ်နေ၍ လက်ထပ်နိုင်ရန် ကြိုးစားခဲ့သည်။ ကြိုးစားသည့် ကာလမှာပင် ငွေရှင် မျိုးသူရအား ဝင်းထွန်း၏ မသမာမှုများကို လုံခြုံရေးဝန်ထမ်းက ပြောပြခဲ့သည်။



လုံခြုံရေးဝန်ထမ်းက သူ့ကို ကုမ္ပဏီဒါရိုက်တာ အဖွဲ့ဝင်အဖြစ် ခန့်အပ်မည်ဟု ကမ်းလှမ်းခံရသဖြင့် ဝင်းထွန်း၏အတွင်းရေးကို ဖွင့်ချခဲ့သည်။

ဝင်းထွန်းတွင် သီးခြားလျှို့ဝှက်ချက်များ ရှိနေသေးသည်။

ကုမ္ပဏီလုံခြုံရေးဝန်ထမ်းက သိနေသည်ဟု ဝင်းထွန်းက ယုံကြည်ခဲ့သည်။ လုံခြုံရေးဝန်ထမ်းကို နှုတ်ပိတ်ရန် စဉ်းစားခဲ့သော ဝင်းထွန်းက အေးမာကို စည်းရုံးခဲ့သည်။

အေးမာက အကျိုးဆောင်ခ ငွေကျပ် သိန်းနှစ်ဆယ် ရမည်ဆို၍ ဝင်းထွန်းစီစဉ်အကွက်ချသည့်အတိုင်း အေးမာက ကုမ္ပဏီလုံခြုံရေးဝန်ထမ်းကို မြူဆွယ်ပြီး သတ်ကွင်းထဲသို့ သွေးဆောင်ခေါ်ပေးခဲ့ရသည်။

ထိုအမှုကို ရဲတပ်ဖွဲ့က ဖော်ထုတ်လိုက်နိုင်၏။

အေးမာ၏ အချစ်အိပ်မက်များ လမ်းခရီးတစ်ဝက်၌ ပျက်ပြယ်ခဲ့ရတော့၏။ လူပျိုဟု လှည့်စားခဲ့သော အောင်ကိုဦးမှာ လူသတ်မှုတွင် ပူးပေါင်းပါဝင်သူ အေးမာကို ကျောခိုင်း၍ သူ့ဇနီး မစိမ်းသူရှိရာသို့ သုတ်ခြေတင် ထွက်ပြေးခဲ့ရတော့၏။

မိုးနဂါ



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





# အပြုံးရှုတ်ခမ်း အငိုမျက်နှာ

● အောင်ကျော်ဇော

နံနက် ၇ နာရီထိုးလုလု အချိန်။

အပြေးအလွှားမောင်းနေသော ကားတစ်စီး.....

အရောင်ကကြက်သွေးရောင်။

ခေတ်မီ နောက်ဆုံးပေါ်ကား လည်းဖြစ်သည်၊

ကားမောင်းသူက မိန်းမလှ လေးတစ်ဦး။

အသားအရောင်က ကား အရောင်နှင့် ဆန့်ကျင်ဘက်။ ကား အရောင်က ကြက်သွေးရောင်၊ ကားမောင်းနေသူ မိန်းကလေးက ဖြူဖြူဖွေးဖွေး။ ဝတ်ဆင်ထားသည်က ဖိုစိမ်းရောင်၊

အရောင်တောက်ပအားချင်း ပြိုင်ဆိုင်နေသောကားနှင့် ကား မောင်းသူမိန်းကလေးကို လူတိုင်း က စိတ်ဝင်တစားဖြင့် ငိုင်းကြည့် ကြသည်၊

မောင်းနှင်လာသောကားက ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင် အဆောက်အအုံ၏ နောက်ကျော ဘက်ရှိ အင်းလျားကန်ဘက်လမ်း အစပ်တွင် ရပ်လိုက်သည်။

မိန်းကလေးက ကားပေါ်မှ မဆင်းသေး။ စတီယာရင်ပေါ် လက်နှစ်ဖက်တင်ထားရင်း ဘယ် ညာသို့ လှည့်ကြည့်နေခဲ့၏၊

ထိုအချိန်.....

ပြိုင်ဘီး စက်ဘီးတစ်စီးက အင်းလျားလမ်းအတိုင်း အရှေ့မှ အနောက်သို့ နှင်းလာသည်၊ စက် ဘီးစီးနင်းလာသူကလည်း လူငယ် တစ်ဦးပင်၊

စက်ဘီးစီးနင်းလာသူက အသားညိုဖြစ်သည်။ ရုပ်ရည်ချော သူဟု မဆိုနိုင်ပေ။ ခံ့ထည်သော မျက်နှာနှင့် သန်မာကျစ်လျစ်သော သူ့ခန္ဓာကိုယ်အချိုးအဆစ်က သူ ၏ယောက်ျားပီသမှုကို ဖော်ပြနေ သလိုရှိနေသည်။

လူငယ်က လမ်းဘေးအစပ်မှ သူ့စက်ဘီးကို နင်းလာသည်။

လမ်းနံဘေးတွင် ရပ်တန့် ထားသော ကြက်သွေးရောင် ကားကလည်း အင်းလျားလမ်းနှင့် ပြည်လမ်း မီးပွိုင့်ဘက်သို့ ဦးတည် ပြီး ရပ်ထားသည့်ဖြစ်၏။

နင်းလာသောစက်ဘီးကို ကား ထဲရှိ မိန်းမချောကလေးက နောက်ကြည့်မှန်မှတစ်ဆင့် အကဲခတ်ကြည့်နေခဲ့၏။

စက်ဘီးနှင့်ကား ပေ ၂၀ခန့် အကွာတွင် မိန်းမချောကလေးက ရပ်ထားသောကားကို စက်နှိုးလိုက် သည်။

စက်ဘီးက တရွေ့ရွေ့နင်း လာသည်၊

အရှိန်ပြင်းမဟုတ်သော်လည်း မနှေးသည့်အရှိန်မျိုးဖြစ်သည်၊

မိန်းမလှကလေးက နောက် ကြည့်မှန်ကို အာရုံစူးစိုက်ကြည့် လိုက်သည်၊ စက်ဘီးနှင့်ကား သုံး ပေခန့်အကွာတွင် မိန်းမချောလေး က လီဗာကို ဆောင့်နင်းရင်း လမ်း ဘေးမှ လမ်းပေါ်သို့ မောင်းလိုက် သည်။

"ဒုတ်.....ဒုတ်"

စက်ဘီးသမားက သူ့အရှိန် ကို မလျှော့ချနိုင်အောင် ဖြစ်ခဲ့ သည်။ ဤသို့ဖြစ်စေရန်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းသူ မိန်းကလေးက တာမင်ဝန်ဘီးလိုက်ခြင်း ဖြစ်သည်။

ကားနှင့်စက်ဘီး သုံးပေခန့် အကွာသို့ ရောက်မှ ရုတ်တရက် လှုပ်ရှားလိုက်၍ စက်ဘီးက ကား ကို လုံးဝမရှောင်နိုင်အောင်ဖြစ်ခဲ့ ရသည်။

ကား၏နောက် ကျောဘက်သို့ စက်ဘီးက ဝင်တိုက်မိခဲ့ သည်။ ရှောင်ချိန်မရ၍ တိုက်မိခြင်းဖြစ်၏။

''ဟာ.....ကားတိုက်ပြီကွ''

''မဟုတ်ဘူး။ ကားကို စက် ဘီးက ဝင်တိုက်တာ''

အနီးတွင် စားသောက်ဆိုင် များရှိကြသည်။ စား သောက်နေ သူများ အပြေးအလွှားရောက် လာသည်။

စက်ဘီးသမားမှာ လမ်းမပေါ်တွင် စက်ဘီးနှင့်အတူ လဲကျနေ၏။

စက်ဘီးသမားမှာ ဒူးနှစ် ဖက်စလုံး ပွန်းပဲ့ကုန်သည်။ ကား ကိုဝင်တိုက်မိသည့် စက်ဘီး၏ ရှေ့ဘောက်မှာ ကောက် ကွေး သွားသလို စက်ဘီးခွေလည်း တွန့်လိမ်သွားသည်။

မိန်းမလှ က လေးက ကားကို ရပ်ထားလိုက်ပြီး ကားပေါ်မှ ဆင်း လိုက်၏။ သူမ ၏ကားကို ကြည့်ရှု စစ်ဆေးသည်။

စက်ဘီးသမားကိုတော့ တစ်ရာ စိတ်ဖြင့် ကြည့်မိသည်မရှိ။

နံဘေးရှိလူများက စက်ဘီးကို ဖိုင်းထူပေးရင်း စက်ဘီးစီးသူကိုပါ ပေးမ၍ တွဲထူကြသည်။

''ရပါတယ်။ ကျွန်တော် ဘာ မှမဖြစ်ပါဘူး''

စက်ဘီးသမားမှာ သွေးပူနေ ချိန်ဖြစ်၍ နာကျင်နေသည်ကို သတိ မထားလိုက်နိုင်ပေ။ ကားကို ဝင် တိုက်မိချိန်က လူပါကျွမ်းထိုး လဲကျသွား၍ အကျွံနာသွားခဲ့ပေ သည်။

''ရှင် ကားကိုမတွေ့ဘူးလား။ စက်ဘီးကို နမော်နမဲ့နင်းလာတာ အံ့ပါရဲ့''

မိန်းမချောကလေးက အပြစ် တင်စကားဆိုသည်။

စက်ဘီးသမားက သူ့ကိုယ် သူ ထိန်း၍ မတ်တတ်ရပ်သည်။



မိန်းမ လှကလေးကို စေ့စေ့ကြည့် ရင်းမကျေနပ်ချက်ကို အမှု အရာ ဖြင့် ထုတ်ပြခဲ့၏။

''ကျွန်မကား ဘန်ကာချိုင့် သွားပြီ''

မိန်းမလှကလေး က သူမ၏ ကား ကိုကြည့်ရင်း အပြစ်ဆိုပြန် သည်။ စက်ဘီး သမားကဘာမှ မပြောသေးပေ။

''ကျွန်မကား ရုပ်ပျက်သွားပြီ၊ ရှင်ဘာလုပ်ပေးမလဲ''

ရပ်ကြည့်နေသူ အမျိုးသား များက မိန်းမချောလေးဘက်မှ ရပ် တည်ပြီး စက်ဘီးသမားကိုအပြစ် တင်နေကြသည်။

''ခင်ဗျားကား ဘယ် လောက် တန်သလဲ''

ဒဏ်ရာရရှိ ထားသော စက် ဘီးသမားက အသံပြတ်ဖြင့်မေး သည်။

မိန်းမလှကလေးက ဂုဏ်ဝင့် သောလေသံဖြင့် လှမ်းပြောဖွဲ့သည်။

''ရှင့်အမြင်ပဲလေ၊ ကျွန်မ ကားက သိန်း ၂၀၀ ကျော်အထက် မှာ ရှိတယ်''

''ဟုတ်ပြီ၊ ဘာလုပ်ပေးစေ ချင်သလဲ''

''ကားကိုဝင်တိုက်တာက ရှင် လေ၊ ဥပဒေအရ ကားရဲ့နောက်ပိုင်း ကို ဝင်တိုက်တာ ဆိုတော့ ရှင့် ဘက်က [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပန်းရှုံးနေပြီ''

''အမှန်က လမ်းကြောမရှင်းဘဲ မောင်းထွက်တဲ့ ခင်ဗျားရဲ့ အပြစ်ပဲ''

''ဘာပဲပြောပြော ရှင်က နောက်ကဝင်တိုက်တာလေ''

ပတ်ဝန်းကျင်ရှိ အမျိုးသားများကပါ မိန်းမလှကလေးဘက်မှ ဝိုင်းပါလာကြသည်။ မိန်းကလေးအတွက် မျက်နှာလိုမျက်နှာရ လုပ်ချင်ကြသူတွေလည်း ပေါ်လာပြန်သည်။

''ဘာပဲပြောပြော မင်းရဲ့ အမှားပဲ''

လူရွယ်တစ်ဦးက ရှေ့သို့တိုးထွက်ရင်း ပြောပြန်၏။

''ခင်ဗျားမြင်တာက လက်ရှိ အခြေအနေမဟုတ်လား''

''ဟုတ်တယ်''

''လက်ရှိအခြေအနေမတိုင်မီ စက္ကန့်ပိုင်းက လှုပ်ရှားမှုကို ခင်ဗျားမြင်လို့လား''

စက်ဘီးသမားက လေသံမှန်မှန်ဖြင့် ပြန်ပြောလိုက်၍ ဝိုင်းကူပြောသူမှာ မည်သို့ပြန်ပြောရမှန်းမသိအောင် ဖြစ်သွားခဲ့ရ၏။

''ဟော့..ညီလေး ဘာဖြစ်တာလဲ''

ကားတစ်စီးရောက်လာပြီး အနားတွင် ကပ်ရပ်သည်။ အခြေအနေကို ကြည့်လိုက်၏။ ကားပေါ်မှဆင်းလာပြီး သူ့ညီဖြစ်ဟန်တူသူ စက်ဘီးသမားကို မေးလိုက်သည်။

''မြင်တဲ့အတိုင်းပဲ အစ်ကို''

''ဟုတ်ပြီ ငါ့ညီမက ဘာဖြစ်ချင်တာလဲ''

''ကားက ရှပ်ပျက်သွားပြီ၊ ရှပ်ပျက်ရင် တန်ဖိုးကျသွားပြီပေါ့''

''ဟုတ်ပါပြီ၊ ဘာလုပ်ပေးစေချင်လဲ''

''သူက ရှင့်ညီလားဟင်''

''ဟုတ်ပါတယ်''

''သူက နောက်ကဝင်တိုက်တာဆိုတော့.....''

မိန်းမလှကလေးက စကားကို ရပ်ထားလိုက်ရင်း ပတ်ဝန်းကျင်မှ ဝိုင်းကြည့်နေသူများထံ အကြည့်မျက်လုံးအား ဝေ့ဝိုက်လိုက်၏။

''ရှင်တို့ဘက်က ဘာလုပ်ပေးမလဲ''

''လျှော်ပါတယ်၊ ကားကို ကျုပ်တို့ကို လွှဲပေးပါ''

''ဘာရှင့်.....အတိုက်ခံရတာက ကျွန်မကားလေး၊ ရှင့်လက်ထဲ ဘာသဘောနဲ့ လွှဲပေးရမှာလဲ''

''ခင်ဗျားကားကို အလကားယူဖို့ စိတ်မကူးဘူး။ ခင်ဗျားကားက ရှပ်ပျက်လို့ တန်ဖိုးကျသွားတယ်ဆိုတော့ ခင်ဗျားကြိုက်တဲ့ ကားကို ပြောပါ၊ ချက်ချင်း အသစ်ဝယ်ပေးမယ်၊ တန်ဖိုးတူကားပဲဖြစ်ရမှာနော်''

မိန်းမလှကလေးမှာ လုံးဝမမျှော်လင့်ထားသော စကားဖြစ်နေ၍ အံ့အားသင့်သွားခဲ့ရသည်။ ဟုတ်မှဟုတ်ပါလေစဟု မယုံမကြည်စိတ် ဖြစ်ပေါ်ခဲ့ရသေး၏။



''ရှင်.....ရှင် တကယ်ပြောတာလား''

''ကျုပ်က ကားရောင်းတဲ့ ကုမ္ပဏီပိုင်ရှင်ပါ''

''ရှင်.....''

မိန်းမလှကလေးမှာ ပို၍အံ့အားသင့်မိရပြန်၏။

စက်ဘီးသမား၏ အစ်ကိုဆိုသူကို ခြေဆုံးခေါင်းဆုံး အကဲခတ်နေသည်။ ဝတ်စားထားသည်က သာမန်မျှသာဖြစ်သည်။ စီးလာသည့်ကားက သိန်း (၄၀၀)ကျော်တန်ကားဖြစ်သည်။

မိန်းမလှကလေးမှာ ဘာပြန်



www.burmeseclassic.com

www.burmeseclassic.com



ပြောရမှန်းမသိအောင် ဖြစ်သွားမိ၏။

"ကဲ.....ညီလေး မင်းရဲ့စက်ဘီးကို လိုချင်တဲ့လူကို ပေးလိုက်၊ ပြင်စီးမနေနဲ့၊ သူက ငွေစကားပြောနေတော့ သူ့ကားအတွက် အသစ်တစ်စီး အလျော်ပေးလိုက်"

အစ်ကိုဖြစ်သူ၏ ဆုံးဖြတ်ချက်က ပြတ်သားသည်။

ဝိုင်းကြည့်နေကြသူများမှာ အထင်မသေးမိကြတော့။

"ဟိုလေ ကျွန်မက သူ့ကို စကားနိုင်လုတဲ့အနေနဲ့ ပြောတာပါ၊ ကျွန်မရဲ့ကားကို ကိုယ့်ဟာကိုယ် ပြင်လိုက်ပါ့မယ်"

"ကျေးဇူးတင်တယ် ညီမ၊ အခုစကားက ညီမရဲ့အဆုံးအဖြတ်နော်"

"ဟုတ်ပါတယ်၊ ကျွန်မရဲ့ ဆုံး ဖြတ်ချက်ပါ"

"ခင်ဗျားတို့အားလုံး သက်သေပဲနော်"

ရပ်ကြည့်နေသူများကို အစ်ကိုဖြစ်သူက သက်သေထူလိုက်၏။

"ကဲ.....ဒါ အစ်ကို့ရဲ့လိပ်စာကတ်ပဲ၊ ကဲ...ညီလေး ကားပေါ်တက်၊ သွားမယ်"

ညီဖြစ်သူ စက်ဘီးသမားကို ကားပေါ်တက်ခိုင်းလိုက်သည်၊ စက်ဘီးအား အနီးရှိဆိုင်မှ လူငယ်တစ်ဦးအား အပိုင်ပေးလိုက်၏။

ပြီးမှ ရပ်ထားသောကားကို မောင်း၍ထွက်သွားခဲ့ကြ၏။

* * * * *

"အို.....အမေ့"

ရွှေတိဂုံစေတီတော် ရင်ပြင် တနင်္ဂနွေထောင့်တွင် စက်ဘီး သမားလူငယ်က ရေသပ္ပာယ်နေသည်။

ရေသပ္ပာယ်ပြီး လှည့်အထွက် ၌ ဗြဟ်တိုင်ရှိရာသို့ ဝင်လာသော မိန်းမချောကလေးနှင့် လူချင်းတိုက် မိသွားသည်။

ကြမ်းပြင်တွင် ရေများရှိနေ၍ မိန်းမချောကလေးမှာ ချော်လဲမလို ဖြစ်သွားခဲ့၏။ စက်ဘီးသမားလူ ငယ်က လှမ်းဖြန့်ဆွဲလှမ်းပေးလိုက် ၍ လဲမကျသွားသော်လည်း ရင်ခွင် ထဲရောက်သည့်အနေအထားဖြစ် သွားခဲ့၏။

"အို.....အမေ့"

မိန်းမချောကလေးက ရှက် ရှက်နှင့် ရုန်းထွက်သည်။

"ဆောရီးနော်"

"ရပါတယ်၊ မတော်တဆဖြစ် ရတာပဲ"

သူတို့နှစ်ဦး အပြန်အလှန် တောင်းပန်စကားဆိုရင်း တစ်ဦး၏ မျက်နှာကို တစ်ဦးက ကြည့်မိကြ သည်။

"ဪ.....ခင်ဗျားက ကျွန် တော့်စက်ဘီးနဲ့ တိုက်မိတဲ့ ကား ပိုင်ရှင်မဟုတ်လား"

"ဟုတ်ပါတယ်၊ ရှင်နဲ့ကျွန်မ က တိုက်တိုက်ဆိုင်ဆိုင်ပဲနော်"

"ဟုတ်တယ်၊ ကျွန်တော် တောင်းပန်ပါတယ်"

"ရပါတယ်ရှင်၊ မတော်တဆ ပဲ၊ ဒါနဲ့ ရှင်တစ်ယောက်တည်း လား"

"ဟုတ်ပါတယ်၊ ကျွန်တော် က တနင်္ဂနွေနေ့တိုင်း ရွှေတိဂုံ ဘုရားကိုရောက်တယ်၊ တရား ထိုင်တယ်၊ တရားမထိုင်မိ ဆီမီး ရေချမ်းကပ် လှူလေ့ရှိပါတယ်"

"ဟုတ်လား၊ ကျွန်မက လည်း တနင်္ဂနွေသမီးပါ၊ ရှင့်လိုပဲ မွေးနေ့တိုင်း တရားထိုင်လေ့ ရှိပါတယ်"

"အင်း...ခင်ဗျားနဲ့ကျွန်တော် က တိုက်ဆိုင်လွန်းလှတယ်နော်"

"ဟုတ်ပါတယ်၊ ဒါနဲ့ ရှင့်နာမည် ပြောပါဦး"

"ကျွန်တော့်နာမည် အောင် မျိုးထွန်းပါ"

"နာမည်က ရှိးပေမယ့် ဓာတ် သဘောပါတယ်နော်"

"ဟုတ်လား။ မိဘကပေးတဲ့ နာမည်ပါ"

"ကိုအောင်မျိုးထွန်းရဲ့ မိဘ တွေက ရှေးဆန်တယ်ထင်တယ်"

"ဟုတ်ပါတယ်၊ ဒါနဲ့ ခင်ဗျား နာမည်ကကော"

"အေးမြတ်မော်ပါ"

"ခင်ဗျားနာမည်ကလည်း ဓာတ်သဘောအပြည့်ပဲ"

သူတို့နှစ်ဦး တစ်ဦးကိုတစ်ဦး မိတ်ဖွဲ့ကြရင်း ပိုမိုရင်းနှီးသွားခဲ့ကြ သည်။

"ကျွန်တော်တို့ အဆုံ့တ



www.burmeseclassic.com

www.burmeseclassic.com



တရားထိုင်ကြမလား''

''တိုက်ဆိုင်လွန်းသူနဲ့ အတူတူ တရားထိုင်ရတာ ပိုပြီးထူးခြားမယ်ထင်ပါတယ်''

အောင်မျိုးထွန်းနှင့် အေးမြတ်မော်တို့ အတူတကွ တရားထိုင်ကြတော့သည်။ တနာရီခွဲအောင့်တွင် ပုတီးစိပ်သည်။ ဓမ္မစေတီတွင် အာနာပါန ရှုမှတ်ကြသည်။ ၎င်းနောက် မနုလာဘုရားသို့သွားရောက်၍ တရားထိုင်ကြပြန်သည်၊

နောက်ဆုံးကျောင်းကြီးမှအဖြစ် ဝိဇ္ဇာတန်ဆောင်းသို့ အတူသွားရောက်ပြီး တရားထိုင်ကြပြန်သည်။

တရားထိုင်ပြီးချိန်မှာ နံနက် ၁၁ နာရီဖြစ်၏။

သူတို့နှစ်ဦးစလုံး ရွှေတိဂုံစေတီတော်၏ မြောက်ဘက်မုခ်အနီးရှိ စားသောက်ဆိုင်သို့ အတူတကွ သွားရောက်၍ နံနက်စာစားကြသည်။

နံနက်စာစားချိန်၌ နှစ်ဦးစလုံးသက်သတ်လွတ်ဖြင့် စားကြသည်၊

စားရင်းသောက်ရင်း တစ်ဦးနှင့်တစ်ဦး ပိုမို၍ ခင်မင်ရင်းနှီးသွားကြသည်။ ထိုနေ့က နှစ်ဦးစလုံး တစ်နေကုန်နီးပါး အတ...[illegible]နေခဲ့ကြ၏၊

နောက်အပတ်များတွင်လည်း ချိန်းဆို၍ တွေ့ဆုံကြသည်၊

အတူတကွ တရားထိုင်ကြ၏။

တစ်ဦးအကြောင်းကို တစ်ဦးက လေ့လာရင်း ဆွေးနွေးခဲ့ကြ၏။

''အေးက အဖေနဲ့နေတာ၊ အမေက အမြဲတမ်းသွားနေတာ''

''ဟုတ်လား၊ အေးက ဘယ်သူနဲ့နေတာလဲ''

''တစ်ယောက် တည်းပေါ့၊ ကျောက်တံတား မြို့နယ်ထဲက – လမ်းမှာနေတယ်''

''ကားက အေးရဲ့အဖေက ဝယ်ပေးထားတာလား''

''ဟုတ်တယ်၊ အဲဒါကြောင့် ကားကို တယုတယ လုပ်နေရတာ''

''အင်းပေါ့ လေးမိဘပိုင် ပစ္စည်းဆိုတော့.....''

အောင်မျိုးထွန်းက သူ့စကားကို ရှေ့မဆက်ဘဲ ရပ်ထားလိုက်၏။ သူ့အကြည့်များကို အေးမြတ်မော်ထံတွင် စူးစိုက်ထားခဲ့၏။

အေးမြတ်မော်၏အကြည့်များကလည်း တန်ပြန်အားထည့်ထားခဲ့၏၊

သူတို့နှစ်ဦး အကြည့်ချင်းပေါင်းစပ်ပြီး တစ်ဦး၏ရင်ထဲမှ ဆန္ဒကို တစ်ဦးက အဓိပ္ပာယ်ဖော်ကြည့်နေခဲ့ကြသည်။

''ကိုအောင်.....အေးကို ဘာဖြစ်လို့ စိုက်ကြည့်နေရတာလဲ''

''အေးက အရမ်းလှလို့ ဆွဲဆောင်မှုကို မလွန်ဆန်နိုင်လို့ပါ''

''ကိုအောင်က အပိုစကားနဲ့ မြှောက်တာတော်တယ်နော်''

''လှလို့လှတယ်လို့ ပြောတာပဲ''

''ကိုအောင်လည်း လှနံ့တစ်ယောက်ပါပဲ''

''လှတဲ့လှနဲ့ ခံ့ကဲ့လှ ပေါင်းလိုက်ရင် ဘာအဓိပ္ပာယ်ထွက်လာမလဲ''

''ခံ့ချောလို့ ဝိုင်းပြီးပြောကြ...





www.burmeseclassic.com

www.burmeseclassic.com



ပေါ့''

''အဲဒီလိုပြောတာကို သိပ်ခံစားချင်တာပဲ''

အောင်မျိုးထွန်းက သူ့ကိုယ်သူ ထိန်းနေ သည့်ကြားမှ မထင်မှတ်ဘဲ ပြောလိုက်မိလေသည်။

အေးမြတ်မော်က အပြုံးဖြင့် တုံ့ပြန်ရင်း နှစ်သက်မှုကိုထုတ် ဖော်ပြသခဲ့သည်။

''ချစ်တယ်ဆို တဲ့စကားကို လူတွေက အမျိုးမျိုး ပြောတတ်ကြတယ် နော်''

အေးမြတ်မော်၏ မှတ်ချက်ကို အောင်မျိုးထွန်းက ခေါင်းညိတ်ပြရင်း အသိအမှတ်ပြုခဲ့သည်၊

''အဲဒီလိုပြောတဲ့လူထဲမှာ ကိုအောင်လည်းပါသလား''

''အခုပဲ ပြောပြီးပြီမဟုတ်လား''

''အေးဆန္ဒကို သိပါရစေ''

''ဝါသနာတူ၊ ဆန္ဒတူပါပဲ ကိုအောင်ရယ်''

သူတို့နှစ်ဦးမှာ ထိုစကားမှုဖြင့် ချစ်သူများဖြစ်သွားခဲ့ကြသည်။

သူတို့နှစ်ဦး နေ့တိုင်းလိုလို တွေ့ဆုံခဲ့ကြ၏။

အပျော်ချိန်များသည် သူတို့အတွက် သတ်မှတ် ထားသလားဟုပင် မှတ်ယူနေခဲ့ကြ၏။

''အေးကအိမ်မှာတစ်ယောက်တည်းဆို''

''ဟုတ်တယ်''

''ကိုအောင် လာလည်ချင်တယ်''

''အဲ ဒါ တော့ မဖြစ်ဘူး ကို အောင်''

''ဘာဖြစ်လို့လဲ''

''အမေက နယ်မှာ စက်ရုံထောင်ထားတာလေ၊ ဒါပေမဲ့ အေးကို ပစ်မထားဘူး၊ မနက်တစ်ကြိမ်၊ ည တစ်ကြိမ်ဖုန်းနဲ့ မှန်မှန် ချက်ကင် လုပ်လေ့ရှိတယ်''



''ဖုန်းထဲက မေးတာပဲ၊ ဘာမှ ပြဿနာမရှိပါဘူး''

''မဟုတ်ဘူးလေ၊ အိမ်နီးနားချင်းတွေကို အပ်ထားတော့ ကိုအောင် အဝင်အထွက်ရှိရင် ချက်ချင်းသိသွားနိုင်တယ်''

သူတို့နှစ်ဦး အပြင်တွင် ပုံမှန်တွေ့ဆုံခဲ့ကြသည်။ အချစ်၏ ချိုမြိန်မှုများကို ရှာဖွေတွေ့ရှိခဲ့ကြ၍ တစ်ဦးကိုတစ်ဦးက မခွဲနိုင်အောင် ဖြစ်နေခဲ့ကြသည်။

''ညီလေး မင်း ကားတိုက်မှုဖြစ်တဲ့ကောင်မလေးနဲ့ တွဲနေတယ်ဆို''

အောင်မျိုးထွန်းအား သူ့အစ်ကိုက သွယ်ဝိုက် မနေဘဲ တိုက်ရိုက်မေးခဲ့၏။

''ရိုးရိုးခင်တာပါ အစ်ကိုကြီး ရာ''

''လူငယ်တိုင်းက ရိုးရိုးလို့ ပြောကြတာ မှေ့တာလိုဖြစ်နေတယ်၊ ဒါပေမဲ့ မင်းကိစ္စက မရိုးဘူးနော်၊ နေရင်းထိုင်ရင်း ယောင်ထဲရောက်နေဦးမယ်''

''ကျွန်တော်တို့က ရိုးသားကြပါတယ် အစ်ကို''

''ဒီမှာ မင်းဟာ အခုမှ နောက်ဆုံးနှစ်ကျောင်းသားပဲရှိသေးတယ်၊ မင်းမှာ အတွေ့အကြုံဘာမှမရှိဘူး''

''ဟုတ်ပါတယ် အစ်ကို၊ အဲဒီလို အတွေ့အကြုံမရှိတာကြောင့် ကျွန်တော်တို့နှစ်ယောက်စလုံး ရိုးသားကြတာပေါ့''



www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုဖြစ်သူက ညီဖြစ်သူကို ကြည့်ရင်း သက်ပြင်းရှည်ကို မှုတ်ထုတ်လိုက်သည်။ ညီဖြစ်သူက အစ်ကိုအား ချစ်ကြောက်ရိုသေရသူ ဖြစ်၏။

"တို့မှာ မိဘနှစ်ပါး မရှိကြဘူး၊ ငါကအဖေ၊ ငါကပဲ အစ်ကိုပဲ၊ ငါ့အနေနဲ့ လက်ထပ်ဖို့ရှိတာတောင် မင်းရဲ့ပညာရေး ဆုံးခန်းတိုင်မဟုတ်သေးလို့ စောင့်နေရတာ မင်းသိတယ်မဟုတ်လား"

"သိပါတယ် အစ်ကိုရာ"

"မင်းနဲ့ မင်းရဲ့ကောင်မလေးတွေ့ကြတာကို မင်းက ရိုးရိုးသားသားလို့ ထင်နေလို့လား"

အစ်ကိုဖြစ်သူ၏စကားကြောင့် အောင်မျိုးထွန်းမှာ အံ့အားသင့်သွားခဲ့ရ၏။ သူ့အစ်ကိုက သဘောမတူ၍ လှည့်ပြားပြော နေသည်ဟု စိတ်ထဲ၌ ထင်နေမိ၏။

"ငါပြောတာကို မင်းမယုံဘူးမဟုတ်လား"

"အဲဒီလို မဟုတ်ပါဘူး အစ်ကို"

"ငါပြောပြမယ်၊ မင်းနဲ့သူတို့ ယာဉ်တိုက်မှု ဖြစ်တဲ့နေ့က သူ့ကား နံပါတ်ကို ငါက မှတ်သားထားခဲ့တယ်၊ အဲဒီကား နံပါတ်အတိုင်း သက်ဆိုင်ရာမှာ စုံစမ်းတော့ ကားရဲ့အမည်ပေါက် ပိုင်ရှင်က ဦးလေးနိုင်လို့ သိရတယ်"

"ဦးလေးနိုင်ဆိုတာက ကားရောင်းတဲ့လူလား"

"မဟုတ်ဘူး၊ အဲဒီကားကို ဝယ်ယူပိုင်ဆိုင်တဲ့ အမည်ပေါက်ပိုင်ရှင်ပဲ၊ ဦးလေးနိုင်က အဲဒီကားကို ကားပေါင်းအပ်ပြီး နိုင်ငံခြားက မှာယူတင်သွင်းတာ၊ အဲဒီကားကို ငါတို့ကုမ္ပဏီကပဲ မှာပေးခဲ့တာ"

"ဟုတ်လား၊ အင် ဲ ့ ဟိုး အရင်ကတည်းက သိတာလား"

"မဟုတ်ဘူး၊ ကားဝယ်တဲ့ ဦး လေးနိုင်နဲ့ သိခဲ့တာပဲ"

"ဦးလေးနိုင်က အေးမြတ်မော်ရဲ့အဖေမဟုတ်လား"

"အဲဒါတော့ ငါအတိအကျမသိသေးဘူး၊ မင်းဟာမင်း စုံစမ်းလေ၊ ငါပြောချင်တာကတော့ အေးမြတ်မော်ကို ချက်ချင်းအဆက်အသွယ်ဖြတ်ဖို့ပဲ"

"ဟိုလေ.....သူ.....သူက"

အောင်မျိုးထွန်းမှာ ထုတ်ဖော်ပြောပြရဲခြင်းမရှိ၍ ဆွံ့အသူကဲ့သို့ ဖြစ်သွားခဲ့ရ၏။

"မင်းဟာမင်းစုံစမ်းတာပဲ ပိုကောင်းပါတယ် ညီလေးရာ၊ အခုအချိန်မှာ အစ်ကိုပြောပြမယ့်စကားတွေက အနာနဲ့ဆေး တည့်ချင်မှ တည့်မှာ"

အစ်ကိုဖြစ်သူ၏ စကားများမှာ အောင်မျိုးထွန်းအတွက် တကယ့်ကို မဟောဦးဆန်းသော စကားများ ဖြစ်နေခဲ့၏။

"ငါပြောပြရတာတော့ရှိတယ်၊ မင်းဘယ်သူဆိုတာ မင်းရဲ့ကောင်မလေးက ကြိုတင်လေ့လာထားတာ၊ မင်းနဲ့ အတွဲလမ်းဖြစ်ချင်လို့ ယာဉ် မတော် တဆမှုဖြစ်အောင် ဖန်တီးခဲ့တယ်၊ နောက်မင်းနဲ့ ရွှေတိဂုံမှာ ဆုံအောင် အချိန် ယူပြီး ခေတ်လမ်းထွင်ခဲ့ကြတယ်လို့ ငါသိထားတယ်"

"ဗျာ.....အစ်ကိုက ဘယ်လိုသိတာလဲ"

"သူ့အိမ်နားမှာနေတဲ့ ငါ့ရဲ့ကုမ္ပဏီက ငွေကိုင်စာရေးမလေး မဖြူခက်ခက်တို့ မင်းရဲ့ကောင်မလေး ကပြောပြလို့ သိရတာပဲ"

"သူ့အိမ်ကို ကျွန်တော် မရောက်ဖူးပါဘူး အစ်ကို"

"မရောက်တာကောင်းတာပေါ့၊ ရောက်ရင်မင်း ထောင်ထဲ ရောက်သွားနိုင်တယ်လို့ ငါပြောခဲ့တာကို သဘောပေါက်ရဲ့လား"

"ဘာကြောင့်လဲ အစ်ကို"

"မေးမနေပါနဲ့ကွာ၊ မင်းဟာမင်းစုံစမ်းပြီး ဆုံးဖြတ်တာက ပိုပြီးခိုင်မာပါတယ်၊ ဒါပေမဲ့ မင်းရဲ့ကောင်မလေးက သနားစရာတော့ ကောင်းတယ်၊ ဒါပဲငါပြောချင်တယ်"

အစ်ကိုဖြစ်သူ၏စကားများက အောင်မျိုးထွန်းအတွက် အိပ်မပျော်စေသော ညပေါင်းများစွာကို ဖန်တီးခဲ့သလို ဖြစ်ခဲ့ရသည်။

အောင်မျိုးထွန်းက သူ့နည်းသူ့ဟန်ဖြင့် စုံစမ်းခဲ့သည်။ ကြားရသည့် သတင်းစကားများက သူ့ရင်ကိုခွဲပြီး အသည်းကိုဆွဲ နှုတ်ယူသကဲ့သို့ ခံစားခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com

အောင်မျိုးထွန်းက ကြားရသည့်သတင်းကို ချက်ချင်းလက်မခံနိုင်အောင် ဖြစ်နေခဲ့၏။ အောင်မျိုးထွန်းက အေးမြတ်မော်အား ဘုရားတွင်တွေ့ဆုံကြရန် ကြိုတင်ချိန်းဆိုလိုက်သည်။ ချိန်းဆိုသည့်အတိုင်း အေးမြတ်မော်က လက်ခံခဲ့၏။

နောက်တစ်နေ့ နံနက်၌ သူတို့နှစ်ဦး တနင်္ဂနွေထောင့်တွင် တွေ့ဆုံခဲ့ကြသည်။

"ကိုအောင်..... ဘာဖြစ်လို့ အရေးတကြီးခေါ်ရတာလဲ"

"အေး..... ကိုအောင့်ကို တကယ်ချစ်ရဲ့လား"


"ချစ်တာပေါ့ ကိုအောင်ရယ်၊ ကိုအောင့်ကို တစ်ဖက်သတ်ချစ်မိလို့ တမင်ယာဉ်မတော်တဆမှု ဖြစ်အောင် ဖန်တီးခဲ့ရတာပဲ"

"ဖန်တီးနိုင်အောင် ဘယ်လို လေ့လာခဲ့တာလဲ"

"ကိုအောင်က မနက်တိုင်း စက်ဘီးစီးလေ့ကျင့်တယ်ဆိုတာ သိခဲ့တယ်လေ၊ ပထမရက် တွေမှာကြို တင်လေ့လာခဲ့တယ်၊ နောက်မှ ဇာတ်လမ်းဖြစ်အောင် ဖန်တီးလိုက်တာပဲ"

အောင်မျိုးထွန်းမှာ သူ့အစ်ကိုက ပြောပြသောစကားကို ပြန်လည်ကြားယောင်မိလိုက်သည်။ အစ်ကိုဖြစ်သူ၏ စုံစမ်းချက်များ၊ မှန်ကန်နေကြောင်း၊ အတည်ပြုလိုက်နိုင်၏။

သို့သော်.....



သူ့ကို တစ်ဖက်သတ်အချစ်ဖြင့် ချစ်ခဲ့သူ၏လုပ်ရပ်ကို အပြစ်မတင်ရက်အောင် ဖြစ်နေခဲ့၏။

"တနင်္ဂနွေဂြိုဟ်တိုင်မှာ မတော်တဆ ဖြစ်တာကရော"

"အဲဒါလည်း ချစ်လို့ပေါ့၊ မိန်းကလေးရဲ့ ဆန္ဒကိုပွင့်ပွင့် လင်းလင်းမပြောဝံ့လို့ ဇာတ်လမ်းထွင်လိုက်ရတာပဲ"

"ဟုတ်လား၊ ဒါဆို ကိုအောင့်ကို တကယ်ချစ်လို့ပေါ့"

"သိပ်မှန်တာပေါ့ ကိုအောင်ရယ်၊ အချစ်ဆိုတာ ဖန်တီးလို့ရတာမှ မဟုတ်ဘဲ၊ နှလုံးသားထဲက အဖြေမှန်ရှာတဲ့ နှောင်ဖွဲ့မှုပါ ကိုအောင်ရယ်"

အောင်မျိုးထွန်းမှာ အေးမြတ်မော်၏ စကားကို ကြားရသည်နှင့် သူ့မျက်လုံးအိမ်တွင် မျက်ရည်ကြည်များက အလိုလိုပြည့်လာခဲ့ရတော့၏။

"ကိုအောင်... ကိုအောင်၊ ဘာဖြစ်လို့လဲဟင်"

အေးမြတ်မော် ကိုယ်တိုင် အငိုမျက်လုံးဖြင့် တုန်တုန်ယင်ယင်မေးခဲ့မိ၏။

"သိပ်ချစ်တော့ သိပ်ခက်ရပြီအေး"

"ဘာကိုလဲ ကိုအောင်"

"အေးအနေနဲ့ ကိုအောင့်ကို ချစ်ရင် အမှန်အတိုင်း ပြောပြနိုင်မလား"

"ဘာကိုလဲ ကိုအောင်"

"အေးရဲ့အဖေလို့ အမည်ခံထားတဲ့ ဦးလေးနိုင်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ့''

အေးမြတ်မော်မှာ ကြားရသည့်စကားကြောင့် ခေါင်းငိုက်စိုက်ကျသွားခဲ့ရတော့၏။

ဝမ်းနည်းရလွန်း၍ တသိမ့်သိမ့်တုန်သည်အထိ ရှိုက်ငိုနေမိတော့၏။

''ကိုအောင် သိနေပြီလား''

''ဟုတ်တယ်''

''တကယ်တော့ အေးရဲ့ဖေဖေ နဲ့ မေမေက ဦးလေးနိုင်ရဲ့ အလုပ် သမားတွေပါ၊ ဦးလေးနိုင်က အေးကို အိမ်ဖော်အဖြစ် ခေါ်ထားပြီး အကြမ်းပက်စက်နည်းနဲ့ သိမ်းပိုက်ခဲ့တာပါ''

''အေးရဲ့မိဘတွေက ဘာမှ မပြောဘူးလား''

''အေးရဲ့မိဘတွေကို အိမ်ဝယ်ပေးတယ်၊ ရင်းနှီးဖို့ ငွေထုတ်ပေးတယ်၊ အဲဒီလို ငွေအားနဲ့ ချုပ်နှောင်ခံရလို့ အေးဘဝဟာ လူသိမခံဝံ့တဲ့ ဇနီးအဖြစ်နဲ့ နေခဲ့ရတာပဲ''

''သူက ဘာဖြစ်လို့ အခုအချိန်အထိ ချုပ်ကိုင်ထားရတာလဲ''

''သူ့မှာလေဖြတ်နေတဲ့ ဇနီးရှိတယ်၊ အေးကို သူ့ဘဝအတွက် ဖြည့်ဖဲတစ်ချပ်လို တန်ဖိုးထားတာ အေး ဒီဘဝက လွတ်ချင်ပြီ ပြီးတော့ ကိုအောင့်ကိုလည်းတကယ် ချစ်တာပါ ကိုအောင်ရယ်၊ အေးကို မမုန်းလိုက်ပါနဲ့ ကိုအောင်ရယ်''

အောင်မျိုးထွန်းမှာ မည်သို့ ပြန်ပြောရမှန်းမသိအောင် ဖြစ်သွားခဲ့၏။



သူကိုယ်တိုင်လည်း အေးမြတ်မော်ကို မြတ်မြတ်နိုးနိုး တွယ်တာနေခဲ့မိ၏။ သို့သော် လူမှုရေးက ချစ်သူတိုင်းကို ချစ်ခွင့်မပေးနိုင်ကြောင်း သတိထားလိုက်မိပြန်သည်။

''အေးကို တကယ်ပဲချစ်မိပါတယ်၊ မလွတ်လပ်သူကို မချစ်သင့်ကြောင်း လူမှုရေးနဲ့ ဘာသာရေးက တားမြစ်ထားခဲ့တယ်လေ၊ အခုလိုဖြစ်ရတဲ့ဘဝဆိုးဟာ အေးရဲ့အလှကြောင့်ပဲ၊ အလှကို မက်မောသူတွေက အေးကို ဒီဘဝထဲ ရောက်အောင် ဖန်တီးခဲ့ကြတာပဲ အေး၊ အဲဒါဟာ ဝဋ်ကြွေးပါပဲ''

အောင်မျိုးထွန်းက စကားကို အဆုံးသတ်လိုက်သည်၊ မျက်လုံးကို စုံမှိတ်ပြီး မျက်လုံးအိမ်ထဲမှ မျက်ရည်စများကို ခြွေချပစ်လိုက်၏။

သက်ပြင်းရှည်ကိုချ ရင်း ချာခနဲ လှည့်ထွက်ခဲ့ပါသည်။

အေးမြတ်မော်က အပြေး လိုက်လာ၍ နောက်ဆံမတင်းမိစေ ရန် ခြေလှမ်းကျဲများဖြင့် ရှောင်ထွက်ခဲ့ရတော့၏။

ယခုတော့ သူ့ဘဝ အတွက် ဆုံးဖြတ်သင့်သည်ကို ဆုံးဖြတ်ခဲ့ပြီး ဖြစ်၍ သူ့နှုတ်ခမ်းက ပြုံးခဲ့နိုင်သော်လည်း သူ့မျက်နှာမှာ အငိုများဖြင့် ဖုံးလွှမ်းနေခဲ့တော့၏။

**စာပေသစ္စာဖြင့်**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




ပြေလွှာရှည်လားမောင်ရယ်

မောင်သာမန် (ဒီးကုန်း)

ပြောရင်းဆိုရင်းဆိုသလို နှင်းကလေးတွေ တဖွဲဖွဲကျနေကြပြီ မောင်ရယ်။ ဒီရာသီ၊ ဒီကာလ၊ ဒီအချိန်ကိုရောက်ရင် အေးအေးစိမ့်စိမ့်ကြားထဲက နှင်းစက်ကလေးတွေ ဝေ့ဝဲနေခြင်းဟာ ဆောင်းရာသီရဲ့ နိမိတ်သင်္ကေတတွေပါပဲ မောင်။ ဒီလိုဟေမန်ရာသီလေးထဲမှာ မပါမဖြစ် ဖွဲ့နွဲ့ပါဝင်နေရတဲ့ နှင်းလေးတွေကို သိမ့် အပြစ်မမြင်ရက်ပါဘူး။ ကာလဆိုတဲ့ ပယောဂထဲမှာ ဆောင်းရဲ့အလိုကျ ပါနေရတဲ့အရာလေးတွေပါ။

ဒီလိုပါပဲ မောင်။ မောင်ဆိုတဲ့ ပယောဂမဏ္ဍိုင်တစ်ခုကို အရင်းတည်ပြီး မျိုးသိပ်နိုင်တဲ့ ချစ်ခြင်းမေတ္တာတရားနယ်ပယ်မှာ နှင်းစက်ကလေးနဲ့တူတဲ့ သိမ့်ဘဝကလည်း မောင့်အလိုကျ ပါနေခဲ့ရတယ်ဆိုတာ မောင် သိမှသိပါလေစ။

တကယ်တမ်းကျ ချစ်ခြင်းမေတ္တာတရားကို သိမ့် တန်ဖိုးထားမြတ်နိုးသလောက် ချစ်ရတဲ့မောင်ကတော့ မြူတစ်မှုန်စာမျှ တန်ဖိုးမထားခဲ့ပါလား မောင်ရယ်။ သိမ့်နှလုံးသားကို အမြဲတစေ ဆုပ်ကိုင်ချေမွနေတဲ့မောင့်ကို သိမ့် ရင်မနာခဲ့ပါဘူး မောင်၊ အဲဒါဟာဖြစ်လို့လဲ မောင်သိရဲ့လားမောင်။ မောင့်ကိုချစ်မိတဲ့ စိတ်တစ်ခုနဲ့ ဖြေသိမ့်နိုင်ခဲ့လို့ပါ မောင်ရယ်။

ဘယ်သူမပြု မိမိမှုပါ မောင်။ မောင့်ကို မြင်မြင်ကတည်းက စပြီး ချစ်မိတာကိုက သိမ့်အပြစ်ပါ၊ တားဆီးလို့ မရစကောင်းတဲ့ အရာထဲမှာ အချစ်ဆိုတဲ့အရာ ပါနေလေတော့ သိမ့် နောင်တမရခဲ့ပါဘူး မောင်။ သိမ့် ရှက်ရှက်နဲ့ ပြောရမယ်ဆိုရင် ကြိုက်မရှက်၊ ငိုက်မရှက်၊ ဝယ်မရှက်ဆိုတဲ့ မရှက်သုံးပါးဟာ တကယ်စဉ်းစားကြည့်မယ်ဆိုရင် ပေါ့ပေါ့ဆဆစကားတွေ မဟုတ်ပါဘူး မောင်။ ဒီစကားတွေနောက်ကွယ်မှာ လူတွေရဲ့ နိစ္စဓူဝကျင့်သုံးနေကြတဲ့ လုပ်ရိုးလုပ်စဉ်တွေ၊ တောင့်တတဲ့ စိတ်ဆန္ဒတွေ၊ ဒါတွေကိုသုံးမှု သုတိဉာဏ ပြေလည်ကြတာတွေ ပါနေတယ် မောင်။ အကျဉ်းချုပ်ရရင်တော့ မောင်ရယ် မောင်တို့ သိမ့်တို့ လူသားတွေဟာ တဏှာရာဂတွေ လွှမ်းခြုံနေတဲ့ ပုထုဇဉ်လူသားတွေလို့ ဆိုလိုတာပါ။ မောင့်ကို ချစ်မိတဲ့အချိန်ကာစပြီး ရင်နာနာနဲ့ သိလိုက်ရတာပါ မောင်။

မောင်နဲ့သိမ့် စတွေ့ရတာလေးကို အခုထိတိုင် သိမ့် မမေ့နိုင်ဘူး မောင်။ တစ်စစ တွေးမိ၊ စဉ်းစားမိရင်းနဲ့ တခဏ ကြည်နူးရပါတယ်မောင်၊ လျှပ်တစ်ပြက် မက်နေရတဲ့ အချစ်ရဲ့စေစားရာ



www.burmeseclassic.com

www.burmeseclassic.com

အဟိတ် အိပ်မက်တွေပဲလို့ သိမ့်ထင်မိတယ်မောင်။

မိန်းကလေးတို့ဘူဇြေ ရွေးပေး လို့မရတဲ့၊ ဒီစကားလေးဟာ သိမ့်တို့မိန်းမသားတွေအတွက် တန်ဖိုးဖြတ်မရတဲ့ ဆိုရိုးစကားလေးတစ်ခုပါ။ ဒါပေမဲ့ မောင့်ကိုချစ်မိတဲ့ သိမ့်တစ်ယောက် သိမ့်ရဲ့ ရှိသင့် ရှိထိုက်တဲ့ ဘူဇြေ၊ သိက္ခာတွေဟာ မီးနဲ့တွေ့တဲ့ ဖယောင်းလို အရည်ပျော်ကျခဲ့ရပါပြီရှင်။ မောင့်ကိုချစ်မိလို့ ဘယ်သူတွေက ပြောကြစမ်းပါစေ၊ သက်လွှင်ဦးဆိုတဲ့ မောင့်ကို ချစ်မိခဲ့၊ စွဲလမ်းမိခဲ့၊ ရင်ခုန်ခဲ့မိတဲ့ အဖြစ်တွေအတွက် သိမ့်နောင်တ မရဘူးဆိုတာ မောင်သိစေချင်တယ်၊ အဲဒီတုန်းကလေ.....

♛♛♛♛♛♛

'ဘဝင်ညီ'ဆိုတဲ့ ကာရာအိုကေဆိုင်ပေါ့။ အဲဒီဆိုင်မှာ သိမ့်ရယ်၊ သူငယ်ချင်း သီတာလွင်ရယ် နှစ်ယောက်သား လခနဲ့ဝင်ပြီး အလုပ်လုပ်နေရတယ်လေ။ အဲဒီမှာ မောင်နဲ့သိမ့် စတွေ့ခဲ့ပြီး မောင့်ကို ချစ်မိသွားတဲ့အချိန်တွေလို့ ပြောရမှာပါ မောင်။

သိမ့်နာမည်အပြည့်အစုံက ယဉ်သိမ့်သိမ့်လေ။ ပထမကတည်းက ဘဝင်ညီမှာ ဝင်လုပ်နေတဲ့ သူငယ်ချင်း သီတာလွင်ရဲ့ အကူအညီနဲ့ အလုပ်ရတာပါ။ သိမ့်တို့က ပဲခူးတိုင်းဒေသကြီးမှာရှိတဲ့ နယ်မြို့လေးတစ်မြို့မှာ ကိုးတန်းထိ ကျောင်းပညာ ဘက်ခဲ့ပြီးတဲ့နောက် မိဘတွေရဲ့ စီးပွားရေးအခြေအနေကြောင့် ကျောင်းထွက်လိုက်ရပြီး တစ်ဖက်တစ်လမ်းကနေ မိဘတွေအတွက် အထောက်အကူဖြစ်မလားဆိုတဲ့ စိတ်ကူးအတွေးနဲ့ ကိုယ့်မြို့လေးမှာပဲ အလုပ်ရှာပါသေးတယ်။ ဒါပေမဲ့ သိမ့်က စီးပွားရေးသည်းချိုတဲ့၊ အထက်အသွယ်ကောင်းတွေလည်း မရှိလေတော့ အလုပ် မရခဲ့ဘူးပေါ့။ ဈေးအတွင်းမှာရှိတဲ့ ကုန်စုံဆိုင်ခတွေမှာ ဈေးအကူရောင်းလုပ်မယ်ဆိုရင်ရပါတယ်၊ ရတဲ့ လခနဲ့ မိဘတွေရဲ့အခက်အခဲကို ကူညီနိုင်စွမ်း မရှိလေတော့ ကိုယ့်မြို့လေးကနေ နယ်စပ်မြို့လေးတစ်မြို့မှာ အလုပ်လုပ်နေတဲ့ သူငယ်ချင်း သီတာလွင်ကို သွားရှာမိတယ်၊ ပြီးခဲ့တဲ့ တစ်နှစ်





www.burmeseclassic.com

www.burmeseclassic.com



လောကက သီတာလွှင်ပေးခဲ့တဲ့ သူမနေထိုင်တဲ့ မြို့ရဲ့လိပ်စာကို အမှတ်ရလိုက်ပြီး မှတ်စုစာအုပ်ထဲမှာ လိပ်စာကိုရှာတွေ့တော့ သိမ့်ဝမ်းသာလိုက်တာ မောင်ရယ်။

သူငယ်ချင်းပေးထားတဲ့ လိပ်စာအတိုင်း သူငယ်ချင်းသီတာလွှင်ကို အဆက်အသွယ်လုပ်ပြီး သုံးလလောက် ကြာပြီးတဲ့နောက် သိမ့်လေ နယ်စပ်မြို့ရဲ့ တစ်ဖက်နိုင်ငံမြို့လေးမှာရှိတဲ့ ကာရာအိုကေဆိုင်မှာပဲ သီတာလွှင်ရဲ့အကူအညီနဲ့ အလုပ်ရခဲ့ပါတယ်။

ဒါကတော့ မောင် အမှတ်ရမလားမသိဘူး။ မောင်နဲ့သိမ့်တို့ တွေ့ဆုံကြရတဲ့ ဇာတ်လမ်းအစလေးပဲလို့ ပြောရမလား။ ပြောမယ်ဆိုလည်း ပြောလို့ရပါတယ် မောင်ရယ်။

✽ ✽ ✽ ✽ ✽

သိမ့်တို့ရဲ့ ဘဝအခြေအနေကြောင့်သာ ကာရာအိုကေဆိုင်မှာ ဝင်လုပ်ကိုင်ရပေမယ့် သိမ့်ရဲ့စိတ်ရင်းအမှန်နဲ့ ပြောရမယ်ဆိုရင် ကာရာအိုကေဆိုင်ရဲ့ သဘောသဘာဝကို သိမ့် မကြိုက်ပါဘူး။ ကာရာအိုကေသီချင်းတွေ လာဆိုရင်းနဲ့ ပိုပိုဆိုချင်လာအောင် သိမ့်တို့ မိန်းကလေးတွေက ဘီယာ၊ အရက်တွေနဲ့ ပုရိသယောက်ျားတွေကို လက်ပွန်းတတီးနေပြီး ဆွဲဆောင်နေကြရတာ။

ဒီကြားထဲ စိတ်မရိုင်းတဲ့ မိန်းကလေးတွေ၊ စာရိတ္တမတိုင် ယိုင်နဲ့တဲ့ မိန်းကလေးတွေကတော့ ကျားအစားခံရတာပါပဲ။ စားဝတ်နေရေးအရ လုပ်နေရပေမယ့် ကိုယ့်ဘဝကြီးတစ်ခုလုံး အဖတ်မဆယ်နိုင်အောင် ပျက်စီးစေတဲ့လမ်းကို တော့ သိမ့်လေ ဘယ်နည်းနဲ့မှ မလျှောက်လှမ်းခဲ့တာ သိမ့်ရဲ့ မှန်ကန်တဲ့ သစ္စာတရားပါ မောင်။ အလုပ်ကို အလုပ်နဲ့တူအောင်ပဲ လုပ်ခဲ့တာပါ မောင်ရယ်။

ဒါကြောင့်လား မသိပါဘူး မောင်၊ သိမ့်ကို ဆိုင်ပိုင်ရှင် မမမြင့်က.....

"မိသိမ့်ရယ် မိန်းကလေးဆိုတာ ဣတ္ထိ၊ သိက္ခာ၊ အရှက်ရှိရမယ်ဆိုတာ မမမြင့် နားလည်ပါတယ်၊ ဒါပေမဲ့ မမတို့ရဲ့ လုပ်ငန်းသဘာဝနဲ့တော့ သိပ်မအပ်စပ်ဘူးကွယ်၊ ဖောက်သည်တွေက ပြောလာကြတယ်ကွဲ့၊ သိမ့်က ခက်ထန်သလိုပဲတဲ့၊ အကယ်၍များ သိမ့်ရဲ့ လှပချောမောမှုနဲ့ လိုက်လျောဖော်ရွေမှုတွေသာ ပြည့်ဝခဲ့ရင် မမမြင့်တို့ဆိုင် တိုးမပေါက်နိုင်တော့ဘူးလို့ ပြောကြတယ်၊ ဒါကြောင့် လုပ်ငန်းသဘောအရရော၊ မမမြင့်ရဲ့တောင်းဆိုမှုအရရော ထောက်ထားပြီး မိသိမ့် ကြိုးစားပေးပါဦး" တဲ့။

ဒီတောင်းဆိုမှုတွေ အဆင့်ဖြစ်လာတော့ သိမ့်လေ တစ်ထစ်ချင်း

**မိသိမ့်ရယ် မိန်းကလေးဆိုတာ ဣတ္ထိ၊ သိက္ခာ၊ အရှက်ရှိရမယ်ဆိုတာ မမမြင့် နားလည်ပါတယ်၊ ဒါပေမဲ့ မမတို့ရဲ့လုပ်ငန်းသဘာဝနဲ့တော့ သိပ်မအပ်စပ်ဘူးကွယ်၊ ဖောက်သည်တွေက ပြောလာကြတယ်ကွဲ့၊ သိမ့်က ခက်ထန်သလိုပဲတဲ့၊ အကယ်၍များ သိမ့်ရဲ့လှပချောမောမှုနဲ့......**



www.burmeseclassic.com

www.burmeseclassic.com



လွှားချပြီး ဆိုင်ကိုလာတဲ့ ဖောက် သည်တွေကို ပြေလည်အောင် ဆက်ဆံခဲ့ရတယ်မောင်။ ဟုတ်ပါ တယ်၊ မမြင့်ပြောသလိုပါပဲ။ တစ် နေ့တာ ပင်ပန်းနွမ်းနယ်နေသမျှ လူ ကြီးလူငယ်မရွေး ဘဝင်ညံဆိုတဲ့ ကာရာအိုကေဆိုင်လေးမှာ လာ ရောက်အပန်းဖြေမှုဟာ တဖြည်း ဖြည်း တိုးတက်လာခဲ့တယ်။ အဲဒါ ကြောင့်လည်း သိသိသာသာ တိုး တက်မှုအပေါ် ဆိုင်ရှင်မမြင့်က လည်း သိမ့်ကို အပိုဆုကြေးတွေနဲ့ ဆုချခဲ့တယ်။ ဖောက်သည်တွေဆီ ကလည်း ရံဖန်ရံခါဆိုသလို ဆု ကြေးငွေတွေ ရရှိခြင်းတွေနဲ့ လခ တွေပေါင်းပြီး တစ်လ၊ နှစ်လဆို သလို ဇာတိမြို့မှာကျန်ခဲ့တဲ့ မိဘ နှစ်ပါးကိုထောက်ပံ့ပေးပို့နေရတယ် မောင်။

သိမ့်လေ မောင့်ကို အမှတ် မထင်တွေ့ဆုံခြင်းကစပြီး တစ် သက်တာ အသည်းမှာ ငြိတွယ်ခံ စားခဲ့ရတဲ့ ချစ်ခြင်းတွေနဲ့ သိမ့်လေ ဘဝင်ညံ ကာရာအိုကေဆိုင်လေး မှာ စတင်ခံစား ကြေကွဲနာကြည်း ခဲ့ရတယ်ဆိုတာ မောင်သိလောက် မှာပါလေ။

ဘဝင်ညံမှာ မောင်နဲ့သိမ့် စ ပြီးတွေ့ဆုံခဲ့ရတယ်။ မောင်က သူ ငယ်ချင်းအဖော်တစ်ယောက်နဲ့ ဆိုင် ထဲကို ဝင်ရောက်လာတာကို သိမ့် မြင်လိုက်မိရာက.....။ နက်ပြာ ရောင်ဂျာကင်ကို ဝတ်ဆင်ထားပြီး ဆံပင်ရှည်ရှည်၊ အရပ်ထောင် ထောင်မောင်းမောင်း။ ယောကျ်ား ပီသပြီး ခံ့ညားလှတဲ့မောင့်ကို သိမ့် ရဲ့နှလုံးသားထဲမှာ စွဲစွဲမြဲမြဲ ငြိတွယ် ခဲ့တယ်ဆိုရင် 'အညာလွယ်ရန် ကော'လို့ မောင် အပြစ်တင်လေ မလား။

သိမ့် မရှက်ပါဘူး မောင်။ မြင်မြင်ချင်းဆိုသလို သိမ့်လေ

မြင်မြင်ချင်းဆိုသလို
သိမ့်လေ မောင့်ကို
ချစ်မိသွားတယ်။
နုတ်ခမ်းတွေနဲ့ရဲ့ ပြုံးစစလေးနဲ့ မောင့်ရဲ့
ရူးရူး မျက်လုံးအကြည့်က
သိမ့်ရဲ့ရင်ကို တုန်လှုပ်စေခဲ့တယ်။
ကာရာအိုကေခန်းထဲရောက်နေပေမယ့်
မောင်တစ်ယောက် သီချင်းမဆိုပါဘူး။
မောင့်ရဲ့အဖော်သာ
သိမ့်ရဲ့သူငယ်ချင်းရဲ့အပြုအစု
အယုအယကြားမှာ
သီချင်းကို အသံ
ကုန်အော်ဟစ်နေလေရဲ့။
အခန်းထောင့်လေးမှာ မောင်လေ.....

မောင့်ကို ချစ်မိသွားတယ်။ နုတ် ခမ်းတွေနဲ့ရဲ့ ပြုံးစစလေးနဲ့ မောင့်ရဲ့ ရူးရူး မျက်လုံးအကြည့်က သိမ့်ရဲ့ ရင်ကို တုန်လှုပ်စေခဲ့တယ်။ ကာရာအိုကေခန်းထဲ ရောက်နေ ပေမယ့် မောင်တစ်ယောက် သီချင်းမဆိုပါဘူး။ မောင့်ရဲ့ အဖော်သာ သိမ့်ရဲ့သူငယ်ချင်း သီတာလွင်ရဲ့ အပြုအစု အယု အယကြားမှာ သီချင်းကို အသံ ကုန်အော်ဟစ်နေလေရဲ့။ အခန်း ထောင့်လေးမှာ မောင်လေ ဘီယာ ကို တစ်ခွက်ပြီးတစ်ခွက်သောက် နေလိုက်တာ။ နောက်ပြီး သိမ့်ကို လည်း.....

"မင်း ငါ့အနားက ဘယ်မှ မသွားနဲ့ကွာ၊ ငါ့အနားမှာ အဖော် အဖြစ်နေပေး။ ငါ သီချင်းဆိုတာ ဝါသနာမပါဘူး။ ဟိုကောင်ဆိုချင် တယ်ဆိုလို့သာ လိုက်လာခဲ့ရတာ၊ ငါ့ရဲ့လိုအပ်ချက်တွေကို မင်းဖြည့် ဆည်းပေးကွာ"

မောင်ရယ် သိမ့်လေ မောင့် ကို ဘာဆက်ပြောရမှန်းမသိ၊ မောင့်ရဲ့နံဘေးမှာပဲ ထိုင်နေလိုက် မိတယ်။ မောင်က ဘီယာကို မော့ လိုက်ပြီး သိမ့်ကို စိုက်ကြည့်နေ တယ်။ ပြီးမှ.....

"ငါ မင်းကို သေသေချာချာ ကြည့်မှပဲ မင်းဟာ တော်တော်ချော တဲ့ မိန်းကလေးပါလား။ မင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို ပြောပြစမ်းကွာ''

''သိမ့်မှာ သိမ့်ဘဝနဲ့ပတ်သက်ပြီး ထူးထူးခြားခြားအဖြစ်အပျက် မရှိပါဘူး။ ဇာတိမြို့ရွာကနေ ဒီနေရာကို မိသားစုအတွက် လာပြီး အလုပ်လုပ်နေရတာပါ၊ ဒါပါပဲ''

မောင်ဟာ သိမ့်ကို စူးစူးစိုက်စိုက် ကြည့်လိုက်ပြီး.....

''မင်းမပြောချင်လည်းနေပါ၊ မင်းရဲ့ ဘဝအကြောင်း အကျဉ်းချုပ်မှာ မင်းရဲ့ အခက်အခဲများစွာရှိလိမ့်မယ်လို့ ငါထင်ထားပါတယ်''

မောင့်ရဲ့ပြောလာတဲ့စကားတွေကို ဖြတ်လိုက်တာကြောင့်.....

''အစ်ကိုက သိမ့်တို့ရဲ့ဆိုင်မှာ အရင်က သီချင်းမဆိုဘူးလား ဟင်''

မောင်က တစ်ချက်ပြုံးလိုက်ပြီး.....

''ငါ့ဘဝမှာ တစ်ကြိမ်တစ်ခါမှ သီချင်းမဆိုခဲ့ဖူးပါဘူးကွာ၊ သီချင်းကို ငါမမုန်းပေမယ့် ငါ့ဘဝရဲ့ ကသောင်းကနင်းဖြစ်ရပ်တွေက ငါ့ကို သီချင်းဆိုခွင့် မပေးပါဘူးကွာ''

''ဒါဆိုလည်း သိမ့်ဆိုပြမယ်လေ''

''မင်းဆိုပြမယ်ဆိုတော့ ငါနား ထောင်ကြည့်ပါဦးမယ်ကွာ၊ ဒါကလည်း မင်းကိုသနားလို့ သည်းခံပြီး နားထောင်တာနော်၊ ဒီဆိုင်ကို နောက်ထပ်မလာချင်အောင်တော့ မလုပ်လိုက်ပါနဲ့''




သိမ့်ရောမောင်ပါ ပြိုင်တူပြုံးလိုက်ကြတယ်။ မောင့်ကို သိမ့် ကြိုက်နှစ်သက်တဲ့ ခေတ်ပေါ်သီချင်းတစ်ပုဒ်ကို ဆိုပြပါတယ်။ မောင်ဟာ သိမ့်ရဲ့သီချင်းသံကို သေချာစွာနားထောင်ပြီး သဘောကျသည်ထင့်၊ နောက်တစ်ပုဒ် တောင်းဆို ပြန်ပါတယ်။ မောင့်ကို သီချင်းသုံးပုဒ်ဆိုပြပြီးတဲ့အချိန် မောင်ဟာ ကာရာအိုကေခန်းထဲမှာပဲ ဘီယာခွက်ကိုင်ပြီး အိပ်ပျော်နေတာ သိမ့်တွေ့လိုက်ရတယ်။

မောင်ဟာ ဤနေရာ၊ ဤဒေသကမဟုတ်။ ဘယ်အရပ်မှ မောင်လာပါသနည်း။ မောင်ဟာ ဘယ်သူနည်း။ ဘာအလုပ်လုပ်သနည်း။ သိလိုသည့်ဆန္ဒများ သိမ့်ရဲ့ရင်ထဲမှာ ပြည့်နှက်နေပါတယ်။ မောင့်အကြောင်းကို ဘယ်အတွက် သိမ့်သိလိုပါသနည်း။ စပ်စုတာတော့ မဟုတ်ပါ။ မောင့် အကြောင်းကို သိလိုခြင်းမှာ သိမ့်တစ်ယောက် မောင့်ကို စိတ်ဝင်စားမိနေလို့လား။

ဟုတ်ပါတယ်၊ သိမ့်လေ သိမ့် မောင့်ကို ကရုဏာအပေါ် အရင်းတည်ပြီး ချစ်မိသွားပါတယ်။ ဒီ တဒင်္ဂဖြစ်ပေါ်လာတဲ့ ချစ်ခြင်းတရားဟာ မောင့်အပေါ်မှာ နိုင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

တဲ့ သဘ္ဘာတရားနဲ့ ချစ်လိုက်မိတာပါ။ သိမ့်လေ မှန်သောစကားကိုဆိုတာပါ၊ ဘယ်သို့သော ပုရိသယောကျ်ားတွေကိုမှ ရင်မခုန်ခဲ့ဘူးသော အချစ်လို့ပဲ ပြောရလေမလား။

သိမ့် ပြောရဲပါတယ် မောင်၊ သိမ့်လေ မောင့်အပေါ်မှာ စိတ်ကူးယဉ်တာထက် လေးနက်တဲ့ ချစ်ခြင်း၊ တရားတွေနဲ့ပါမောင်။ ဒါပေမဲ့လေ သိမ့်ရဲ့ အချစ်ကိုမောင် အထင်မကြီးခဲ့ပါဘူး။ မလေးစားခဲ့ပါဘူး။ ဒီတစ်ချက်ကပဲ မောင့်ရဲ့ စိတ်ရင်းကပေါ်လာတဲ့ ပြယုဂ်တွေကြောင့် သိမ့် ဝမ်းနည်းခဲ့ရပါတယ် မောင်။



ဒီဖြစ်ရပ်လေးကို မောင်သိအောင် သိမ့် ပြောပြပါ့မယ်။ သိမ့်အလုပ်လုပ်တဲ့ နေရာက ကာရာအိုကေဆိုင်ပါ။ လူတိုင်းလူတိုင်း လေးလေးတင်၊ ကျပ်နေတဲ့ စိတ်ခံစားမှုတွေရဲ့ ထွက်ပေါက်၊ နောက်ပြီး တစ်နေ့တာ ခန္ဓာကိုယ်အရ၊ စိတ်အရ ပင်ပန်းနွမ်းနယ်သမျှ အပန်းဖြေစရာ၊ လန်းရွှင်စရာ ဝန်ဆောင်မှုတွေ ပေးနေတဲ့နေရာက သိမ့်တို့ရဲ့ ကာရာအိုကေဆိုင်လေးတွေပါ။ ပင်ပန်းသလောက် ပြေပျောက်ပါစေတော့ရယ်လို့ အပန်းဖြေရာ၊ အမောပြေရာ ထွက်ပေါက်ပေးနေပေးမယ့်လာရောက်ပြီး အပန်းဖြေ၊ အမောပြေကြတဲ့ လူတွေတော်တော်များများက သိမ့်တို့ မိန်းကလေးတွေကို အောက်တန်းကျတဲ့ မိန်းကလေးတွေလို့ အမြင်စောင်းကြပါတယ်။

တချို့ အမြင်စောင်းမယ်ဆိုလည်း စောင်းလောက်ပါတယ်၊ ကာရာအိုကေဆိုင်တွေရဲ့ မိန်းကလေးတချို့ကလည်း စိတ်အရ ကိုယ်အရ ကိုယ်ကျင့်သိက္ခာ ယို

နွဲ့စရိုနေလေတော့ အမြင်စောင်းေ

တဲ့သူတွေကို အပြစ်မဆိုသာပါဘူ

မောင်။ သိမ့်တို့အဖို့ ဝင်ငွေလေ

သင့်တင့်မျှတအောင်ရတဲ့ ဒီဝ

ဆောင်မှုလုပ်ငန်းလေးရဲ့ သဘော

သဘာဝကို လေ့လာမိပြီးတဲ့နောက်

အများဆုံး ကိုယ်ကျင့်သိက္ခာကို

စောင့်စည်းနိုင်အောင် ကြိုးစားပြ

လုပ်ကိုင်နေရတာပါ မောင်။ ဒါပေ

မဲ့ သိမ့်တို့ဝန်ထမ်းမိန်းကလေးတွေ

အပေါ် အထင်သေးအမြင်သေး လု

ရာမဝင်လို့ ထင်နေကြတဲ့သ

တွေထဲမှာ မောင်တစ်ယောက်

ပါတယ်ဆိုတာ သိမ့်ရိပ်စားမိ

ပါတယ်။

နှင်းလေးတွေဝေနေတဲ

ညလေးတစ်ညကို မောင်

မှတ်မိရဲ့လား။ အဲဒီညက

မောင် ဘီယာမူးနေ

တယ်။ ဆိုင်အပေါ်ထပ်

က ဝရန် တာလေးပေါ်

မှာ သီချင်းသံတွေနဲ့

နားငြီးလို့ဆိုပြီး သိမ့်နဲ့အတူ ထို

နေခဲ့ကြတယ်။ ဆိုင်လေးက

တောင် ကုန်းလေးပေါ်မှာ တည

ဆောက်ထားလေတော့ ဆိုင်ရဲ

အပေါ်ထပ် ဝရန်တာက လှမ်းမျှ

ကြည့်တဲ့အခါ နယ်စပ်မြို့လေး

ညအလှက ထင်ပေါ်လွှမ်းလှတယ်

နီယွန် လျှပ်စစ်မီးရောင် တေ



www.burmeseclassic.com

www.burmeseclassic.com

တစိတ်စိတ်နဲ့ အဆောက်အအုံတွေ၊ လမ်းတွေကို ထင်ထင်ရှားရှား မြင်တွေ့နေရတယ်။ ပကာသနတွေ၊ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ လွှမ်းခြုံထားတဲ့ မြို့လေး။

မောင်က.....

"ဒီလိုရှုပ်ထွေးတဲ့မြို့ကို ဘာ့ကြောင့် ငါရောက်လာခဲ့တာလဲဆိုတာ မစဉ်းစားတတ်အောင်ဖြစ်နေတယ်ကွာ"

မောင့်ရဲ့ မကျေမချမ်းပြောစကားတွေက ဘာကိုရည်ရွယ်တယ်ဆိုတာ မသိပေမယ့် ချစ်ရတဲ့ မောင့်ကို ပြေသိမ့်ပါတယ်။

"ဒီလောကကြီး စိတ်အရှုပ်အထွေးမခံပါနဲ့ရှင်၊ ဖြစ်ချင်ရာမဖြစ်၊ မဖြစ်ချင်ရာ ဖြစ်နေရတဲ့ဘဝတွေဟာ သိမ့်တို့၊ သူတို့အတွက် ဖြစ်ရိုးဖြစ်စဉ်တွေပဲ မဟုတ်လားရှင်"

မောင်ဟာ သိမ့်ကို စိန်းစိန်းကြည့်ပြီး "ဖြစ်ရိုးဖြစ်စဉ်တဲ့လားကွာ"လို့ ညည်းလိုက်ပြီး သိမ့်အနားကို တိုးကပ်လာပါတယ်။ မောင့်ရဲ့ လက်ကြမ်းကြီးတွေက သိမ့်ရဲ့ခန္ဓာကိုယ်ကို ပွေ့ဖက် လိုက်ပါတယ်။ သိမ့်မှာတော့ မမျှော်လင့်ဘဲ မောင့်ရဲ့ ပွေ့ဖက်မှုကြောင့် ရုတ်တရက် လန့်ဖျပ်သွားပါတယ်။

တခြားမိန်းကလေးတွေအနေနဲ့ ထူးခြားမှုမရှိပေမယ့် သိမ့်လေ သိမ့်ကိုယ်ထဲက လိပ်ပြာနုတ်သလို

မောင့်ရင်ခွင်ထဲကရုတ်တရက်
ရုန်းထွက်လိုက်တာကြောင့် မောင်
တစ်ယောက် ကြောင်သွားပါတယ်။
သိမ့်တို့မိန်းကလေးတွေကို
တစ်ချိန် လုံး
အထင်သေး၊ အမြင်သေး၊
အလေးမထား၊
ဂရုမစိုက်လေသော
မောင်တစ်ယောက်
သိမ့်ကို တနုံးမုံ့ရွာ
ကျူးလွန်ခြင်းအပေါ်....

ခံစားလိုက်ရတယ်။ တခြားတခြားသော ပုရိသတွေရဲ့ အပြုအမူတွေအပေါ် စိတ်ခံစားမှု မရှိခဲ့တဲ့ သိမ့်၊ လိပ်ပြာပါးနုစ်ရွာ လှည့်ပတ်နိုင်ခဲ့တဲ့ သိမ့်လေ မောင့်ရဲ့ မပြောမဆိုလုပ်ဆောင်မှုတွေကိုတော့ အသည်းတုန်အူတုန် ဖြစ်ခဲ့ရတယ်။

ရုတ်တရက်ဆိုတော့ ကြမ်းသယောင်ရှိသော်လည်း သိမ်မွေ့လာသော မောင့်ရဲ့အပြုအမူအပေါ် သိမ့်လေ ချစ်စိတ်နဲ့ သာယာချင်လာပါတယ်။ တဖက်မှာတော့ သိမ့်လေ သိမ့်ရဲ့စိတ်ဓာတ်ညာဉ်တွေကို ဟိုအဝေးတစ်နေရာကို လွှတ်ထား

လိုက်ချင်ပါရဲ့။ ဒါပေမဲ့ သိမ့်ရဲ့ အသိ စိတ်တွေက ဒါကိုလက်မခံခဲ့ပါဘူး။

မောင့်ရင်ခွင်ထဲကရုတ်တရက် ရုန်းထွက်လိုက်တာကြောင့် မောင်တစ်ယောက် ကြောင်သွားပါတယ်။ သိမ့်တို့မိန်းကလေးတွေကို တစ်ချိန်လုံး အထင်သေး၊ အမြင်သေး၊ အလေးမထား၊ ဂရုမစိုက်လေသော မောင်တစ်ယောက် သိမ့်ကို တနုံးမုံ့ရွာ ကျူးလွန်ခြင်းအပေါ် လုံးဝလက်မခံနိုင်ပါချေ။ မောင်က.....

"ဘယ်လိုလဲကွာ၊ မင်းတို့ဆိုင်မှာ အမြဲတမ်းလာပြီး အားပေးသလို မင်းရဲ့ဂရုစိုက်မှုတွေ၊ အလေးထားမှုတွေကိုလည်း ငါသတိထားမိပါတယ်၊ မင်းရဲ့ မျက်လုံးထဲမှာလည်း ငါ့အချစ်တွေတွေ့နေရတယ်၊ ဒါကြောင့် ငါ မင်းကို....."

သိမ့်က.....

"သိမ့်တို့မိန်းကလေးတွေ ဒီလောက် လွယ်ကူမယ်လို့များ ထင်ရက်သလားရှင်၊ သိမ့် သူ့ကိုချစ်မိတယ်ဆိုတာ ဝန်ခံပါတယ်၊ သူ့ရဲ့အချစ်ကိုလည်း လိုလားတောင့်တခဲ့တယ်ဆိုတာလည်း ဝန်ခံပါတယ်၊ ဒါပေမဲ့ သိမ့်တို့ကို ဒီ-ဒီလုပ်ငန်းမျိုးလုပ်နေလို့ မိန်းမပေါ့၊ မိန်းမပျက်လို့ ထင်နေတဲ့အတွက် သိမ့် ဝမ်းနည်းလို့မဆုံးဘူး။ သိမ့်တို့ဟာ မိ



www.burmeseclassic.com

www.burmeseclassic.com





ကောင်းမြင်သားသမီးတွေပါ၊ ဒီသားစု စားဝတ်နေရေးအရအလုပ်လုပ်နေရတာပါ၊ ဆင်းရဲလို့၊ ကျပ်တည်းလို့ လုပ်နေရပေမယ့် သိမ့်လေး ကိုယ်ကျင့်တရားကို စောင့်ထိန်းနိုင်အောင် ကြိုးစားပါတယ်ရှင်''

သိမ့်ရဲ့ ဝမ်းနည်းပမ်းနည်း ငိုရှိုက်သံဟာ နှင်းဝေသောညလေးတွင် လွှမ်းမိုးသယောင်ဖြစ်နေပါတယ်။ မောင်ဟာ သိမ့်ကို စူးစိုက်စွာကြည့်ပြီး သက်ပြင်းချလိုက်တယ်။

မောင်က.....

''ငါမှားသွားသလား၊ မမှားဘူးလား ဝေခွဲလို့မရပေမယ့် ငါစိတ်မကောင်းပါဘူးကွာ၊ မင်း စိတ်ရင်းမှန်မှန်နဲ့ ဒီနေရာ၊ ဒီဘဝမှာ ဘယ်လောက်ပဲ လုပ်နေပါစေ၊ မှန်နေပါစေ ကိုယ့်ပယောဂ မပါပေမယ့် ဘေးပယောဂဆိုတာ တားဆီးလို့ရနိုင်တာမဟုတ်ဘူးဆိုတာ မင်းနားလည်ထားပါ၊ မင်းရဲ့အပြောအဆိုသိမ်မွေ့မှု၊ ယုယမှုတွေကို ငါတစ်ယောက်မှအပ ဘယ်သူ့ကိုမှ မပေးစေချင်ဘူး၊ ငါလေ မင်းနဲ့တွေ့ပြီးမှ ဒီလိုစိတ်တွေ ဘယ်ကဝင်လာတာလဲ မသိပါဘူးကွာ''

မောင့်ရဲ့အသံတွေက လှိုက်မောနေပါတယ်။ ရင်ထဲက နှစ်နှစ်ကာကာ ထွက်လာတဲ့အသံတွေလို့ သိမ့် ထင်မြင်မိပါတယ်။ ဒါကြောင့် မောင့်ရဲ့လက်တစ်ဖက်ကို သိမ့်လေ ယုယုယယ ကိုင်တွယ်မိပြန်တော့ မောင်က သိမ့်ကိုကြည့်ပြီး.....

''မင်းဘဝက အေးချမ်းပါသေးတယ်၊ ဖြစ်နိုင်ရင် ကိုယ့်ဇာတိမိဘတွေဆီမှာပဲ လုပ်ကိုင်စားပါကွာ၊ ဒီနေရာက အန္တရာယ်ဆိုတာ တစ်နေ့မဟုတ်တစ်နေ့ တွေ့နိုင်တာကြောင့် ငါသတိပေးတာပါ၊ မင်းကို သနားတယ်၊ နောက်ပြီး ငါ့ကိုယ်ငါလည်း သနားတယ်ကွာ''

မောင်က စိတ်ရှိုက်စိတ်ရှိုင်း အလျှင်းမရှိတော့။ သိမ်မွေ့ညင်သာစွာဖြင့် သိမ့်၏ပခုံးလေးအား ဖက်၍ သူ့ဘဝအကြောင်း ပြောပြပါတယ်။ မောင့်ရဲ့ဘဝအကြောင်းက သိမ့်ထက်တောင် ကြမ်းလှပါဘိ၊ မောင့်ကိုသနားလို့ မျက်ရည်ကျခဲ့ရတယ်လေ။

♛ ♛ ♛ ♛ ♛

သက်လွင်ဦးဆိုတဲ့ မောင်က ရောဝတီတိုင်းဒေသကြီးဘက်မှာရှိတဲ့ ရောဝတီမြစ်ဘေး ကမ်းနားမှာ ရှိတဲ့ မြို့လေးတစ်မြို့ကပါ။ သူဟာ အစိုးရဝန်ထမ်းတစ်ယောက်ဖြစ်ပြီး အိမ်ထောင်နဲ့ပါ၊ ရိုးသားကြိုးစားခဲ့တဲ့မောင်ဟာ အိမ်ထောင်ရေးကံခေသူတစ်ယောက်ပါ၊ အလုပ်ထဲမှာပဲ အာရုံစိုက်နေတဲ့ မောင်တစ်ယောက် သူမြတ်နိုးရတဲ့ ဇနီးသည်ရဲ့ဖောက်ပြန်မှုကို မသိရှာပါဘူး။ လတ်တလော ဇနီးသည်ရဲ့ ပကာသန မက်မောမှုအောက်မှာ ရုန်းမထွက်နိုင်သော မောင်တစ်ယောက် လုပ်ငန်းပိုင် ငွေကြေးများ လွှန်ကျူးစွာ သုံးစွဲမိပါတယ်၊ ထိုသို့ ငွေကြေးကိစ္စ အရှုပ်အရှင်းကြားထဲမှပင် ဇနီးသည်၏ ဖောက်ပြန်မှုကို တပ်အပ်တွေ့ကြုံခဲ့လေတော့ မောင်တစ်ယောက် ထိန်းသိမ်းနိုင်စွမ်းမရှိတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com

ပိပိရျစ်ပြတ်နိုးတဲ့ ဇနီးသည်ရဲ့ ဖောက်ပြန်မှုကို သည်းခံနိုင်စွမ်းမရှိတဲ့ မောင်ဟာ ဇနီးသည်ရော၊ ဖောက်ပြန်သူကိုပါ လူသတ်မှုကျူးလွန်မိတော့သည်။ ဒါကြောင့် မောင်ဟာ နှစ်လောင်းပြိုင်လူသတ်မှုနဲ့ ငွေကြေးအရှုပ်အရှင်း ပြဿနာများကို ရင်ဆိုင် ဖြေရှင်းလိုသော စိတ်ဆန္ဒမရှိသဖြင့် ပြေးမိပြေးရာ ပြေးလာကြောင်း ဘီယာမူးမူးဖြင့် သိမ့်ကို မောင် ရင်ဖွင့်ပါတယ်။

ဖြစ်ရလေ မောင်ရယ်။ ဒီလောက် ကြီးကြီးမားမား ပြဿနာကြီးတွေနဲ့ မောင့်ကိုမှ သိမ့်ချစ်မိနေတယ်။ မောင့်ကို ဘယ်လိုဖြေသိမ့်ရမှာပါလိမ့်၊ မောင့်ရဲ့အခက်အခဲကို သိမ့် ဖြေရှင်းနိုင်ရင် ဖြေရှင်းပေးချင်လိုက်တာ မောင်ရယ်။

အခုလည်း မောင့်ကိုသနားတဲ့စိတ်၊ မောင့်ကိုချစ်တဲ့စိတ်တွေနဲ့ သိမ့် ကိုယ်ကျင့်တရားသိက္ခာကို ပယ်ဖျက်လိုက်ပါတယ်မောင်။ မောင့်ရဲ့ စိတ်ဆန္ဒသဘောအရပါ မောင်။ သိမ့်ချစ်ရတဲ့မောင့်အတွက်လို့ သိမ့် ထုတ်ဖော်မပြောရုံပဲ ဆုံးဖြတ်ချက် ချထားခဲ့ပါတယ်၊ ဒါပေမဲ့ မောင့်ကိုကြည့်လိုက်တော့ မောင့်ရဲ့မျက်လုံးအိမ်ထဲမှာ မျက်ရည်တွေနဲ့ မောင်ငိုနေတာပါလား။

သိမ့်ရော မောင့်ကိုချစ်တဲ့စိတ်ကို မချိုးဖိုနိုင်သလို တစ်အားဖက်တွယ်ထားမိတယ်။ မောင်ကလည်း.....

နယ်စပ်မြို့လေးတစ်မြို့လုံး လင်းလက်တဲ့ မီးရောင်အောက်မှာ အိပ်မောကျနေကြတယ်။ ဒါပေမဲ့ နှင်းစက်ကလေးတွေ သဲ...ကျ တဖေါက်ဖေါက်နဲ့။

နောက်ပိုင်း မောင့်ကို တရားဥပဒေအတိုင်းနာခံဖို့၊ အဖမ်းခံဖို့ ပြောခဲ့ပါတယ်။ ဒါပေမဲ့ မောင်က.....''

တကယ်တမ်းကျတော့ မောင့်ရဲ့အမှားတွေက ကိုယ့်ဘက်က မှားခဲ့တာ ဘာမှမရှိဘူး။ တချို့က ပြောကြတယ်၊ မဘက်လိုက်တော့ မိုက်ဘက်ပါတယ်တဲ့ ဒါလည်း မှန်ပါတယ်၊ မိန်းမတစ်ယောက်ကို ချစ်မိလို့ မြတ်နိုးမိလို့ မှားခဲ့တာ၊ အဲဒီအမှားတွေဟာ ဥပဒေအရ မှားတယ်ဆိုပေမယ့် လူမှုရေး ဖောက်ပြန်တာကို ကျူးလွန်လို့ သတ်တာကတော့ မောင့်အနေနဲ့ အစွပ်ပြောပြော မောင်မှန်တယ်''

''ဟုတ်ပါတယ်၊ မောင်ပြောတာ မှန်ပါတယ်၊ တရားဥပဒေအရတော့ မောင် အပြစ်ပေးတာ ခံရမှာပဲလေ၊ အခုဆို နယ်စပ်ဖြတ်ကျော်ပြီး မှောင်ခိုတားဆီးနှိမ်နင်းရေးတွေ လုပ်နေကြပြီမဟုတ်လား၊ မောင့်အတွက် ပြောတာပါ မောင်၊



တရားဥပဒေကို ရင်ဆိုင်လိုက်ပါ၊ ပြစ်ဒဏ်ကျခံပြီးရင် သိမ့်ရဲ့ ဇာတိမြို့လေးကို လာခဲ့ပါ၊ မောင့်ကို သိမ့် သစ္စာရှိရှိ စောင့်နေမှာပါ မောင်''

''ဟား...ဟား..ဟား...ဟား''

မောင့်ရဲ့ရယ်မောသံဟာ ရိုးစင်းတဲ့ ရယ်မောခြင်းမဟုတ်မှန်း သိမ့်သိပါတယ်။ သိမ့်ကို လှောင်ပြောင်လိုက်တဲ့အသံ...ဘာကို သိမ့်သိပြီးသား။ ဒါကြောင့်လည်း သိမ့်ရင်ထဲမှာ စိတ်မကောင်းဖြစ်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဗြော်...မိန်းမတွေ...မိန်းမတွေ၊ သူတို့ရဲ့စိတ်၊ သူတို့ရဲ့ဆန္ဒ၊ သူတို့ရဲ့ဆုံးဖြတ်ချက်၊ ဒါတွေနဲ့ပဲ ငါတို့ယောကျ်ားတွေ ခွေးလုံးလုံး ဖြစ်နေရပါလား"

နောက်ရက်တွေမှာ သိမ့်ထံသို့ မောင် မလာတော့ပါ။ တခြားသူများ၏ ပြောစကားအရ ကျူးလွန်သောပြစ်မှုကို ရှောင်ရှားရန် တစ်ဖက် နိုင်ငံထဲသို့ ပြေးဝင်သွားသည်ဟုပင်။ ထိုသို့ မောင် တစ်ယောက် ပြေးရင်း လွှားရင်း ဥပဒေဘောင်ထဲသို့ သက်ဆင်းရမည်ကို မောင်မသိ လေရော့သလား။ မောင်သည် တရားဥပဒေကို ရှောင်ရှားနေသည်၊ လက်တစ်လုံးခြား လုပ်နေသည်။ သို့သော် ရာဇဝတ်ဘေး ပြေးမလွတ်ဆိုသည်ရော မောင် တစ်ယောက် သိမှသိပါလေစ၊



♛ ♛ ♛ ♛ ♛

အခုလို ပစ္စက္ခကာလ မှာတော့ မောင်တစ်ယောက် သိမ့်စကားကို နားမထောင်ခြင်းကို အကြောင်းပြုပြီး သိမ့်ကိုမချစ်တာကို ရှင်းရှင်းလင်းလင်း သိရပါချေပြီ။ တကယ်တော့ သိမ့် မောင့်ကို အသည်းလှိုက် အူလှိုက် ချစ်သလို မောင်က သိမ့်ကို မချစ်ခဲ့ဘူးဆိုတာ ယခုမကာတည်း က သိမ့်သိဖို့ကောင်းတာပေါ့။ သိခဲ့ရင်တော့ မောင့်ကို သိမ့် မချစ်ဘဲ နေနိုင်မလား။ အဲဒီလိုကျ ပြန်တော့လည်း မောင့်ကို သိမ့် မချစ်ဘဲ မနေနိုင်ပြန်ပါဘူး။

စင်စစ်တော့ သိမ့်တို့ မိန်းမသားတွေရဲ့ဘဝဟာ ဆုပ်လည်းစူး စားလည်းရူးရတဲ့ ဘဝပါမောင်။ တရားဥပဒေနဲ့ ငြိစွန်းနေတဲ့ မောင့်ကိုချစ်မိတဲ့ သိမ့်ဘဝက ပိုလို့တောင် ဆိုးပါသေးတယ်၊ ချစ်ခဲ့မိမှ ပြစ်မှုကျူးလွန်မှန်းသိရတဲ့ သိမ့် အဖြစ်ကို လာကြည့်စမ်းပါဦး မောင်ရယ်။ မောင်ကတော့ ဘယ်ဆီပြေးလေသည်မသိ။

မောင့်ရဲ့ ဝေခွဲရခက်တဲ့ ပြစ်မှုကိုနားထောင်ရင်း သနားကရုဏာတွေပိုပြီး သဒ္ဒါလွန်ခဲ့တဲ့ သိမ့်ရဲ့ အဖြစ်ကိုလည်း မောင် တစ်ချက်လောက် ငုံ့ကြည့်သင့်တာပေါ့။

အခုတော့ မောင်က ကိုယ့်အတ္တနဲ့ကိုယ်။ ဒီလကုန်ရင် သိမ့်ရဲ့ဇာတ်ကို ပြန်တော့မယ် မောင်၊ မောင့်ကိုပေးခဲ့တဲ့ ကတိစကားအရ သိမ့် မောင့်ကို သစ္စာရှိရှိ စောင့်နေမှာပါ။ မောင်မရောက်ခင်ကာလမှာတော့ ဖြစ်လာမယ့် လောကဓံကို ကြံ့ကြံ့ခံရမှာပေါ့မောင်။

မပြေးပါနဲ့တော့ မောင်ရယ်။ မောင်ပြေးလေသမျှ သိမ့်နဲ့မောင် ပို၍ပို၍ ဝေးနေရမှာပါ မောင်။ ကျူးလွန်သမျှပြစ်ဒဏ် ကျခံပြီးရင်တော့ မောင်တစ်ယောက် သိမ့်ဆီ ပြန်လာခဲ့စေချင်တယ် မောင်ရယ်။

သိမ့် မောင့်ကို ဆက်ဆက် မျှော်နေမယ် မောင်။ ဥပဒေဘောင်ထဲကမှ မောင်တို့ သိမ့်တို့ရဲ့ဘဝ ပိုပြီးလုံခြုံမှာပါ မောင်ရယ်။

**မောင်သာမန် (စိကျော်း)**



www.burmeseclassic.com

www.burmeseclassic.com





# လူ ၂၀၀ ကျော်ကို သတ်ခဲ့သော သူနာပြု လေးဦး (သို့) Angles Of Death

၁၉၈၃ ခုနှစ်က ဩစတြေးလျ နိုင်ငံတွင် ၁၉ ရာစုတစ်ခုလုံး စုစုပေါင်း လူနာ ၂၀၀ ကျော် သတ်ခဲ့သည့် သူနာပြုလေးဦး၏ ရာဇဝတ်မှုမှာ သမိုင်းတွင်ကျန်ရစ်ခဲ့သည်။ ပုံတွင် သုံးဦးသာမြင်တွေ့ရမည်ဖြစ်ပြီး Maria Gruber, Irene Leidolf, Stephanija Meyar နှင့် Waltraud Wagner တို့ဖြစ်ပြီး ခေါင်းဆောင်ကတော့ ညာဘက်ထောင့်က မျက်မှန်တပ်ထားတဲ့ Wagner ဆိုတဲ့ အမျိုးသမီးဖြစ်ပါတယ်။

ဩစတြေးလျနိုင်ငံရဲ့မြို့တော် Vienna မှ Lainz General Hospital ဆေးရုံမှာဖြစ်ပြီး သူတို့ကို မရဏနတ်သမီးလို့တောင် အမည်တွင်ခေါ်ဆိုပါတယ်။ ခေါင်းဆောင်ဖြစ်သူ Wagner မှာ ၁၉၈၃ ခုနှစ်က လူနာတစ်ဦးကို မော်ဖင်း အကိုက်အခဲပျောက်ဆေး အလွန်အကျွံထိုးပြီး သတ်ခဲ့ပါတယ်။ အဲဒီတုန်းက သူမဟာ အသက် ၂၃ နှစ်ပဲ ရှိပါသေးတယ်။ အဲဒီနောက် အသက် ၁၉ နှစ်နဲ့ ၂၁ နှစ်အရွယ် သူငယ်ချင်းနှစ်ယောက် ထပ်တိုးလာပါတယ်။ နောက်ဆုံး အသက် ၄၃ နှစ်အရွယ် သူနာပြု Setphanija Meyar ပါဝင်လာပါတယ်။ သူတို့အားလုံးကို သူမကပဲ ဦးဆောင်သင်ကြားပေးခဲ့တာဖြစ်ပါတယ်။

ထိုလေးယောက်စလုံးဟာ စိတ်ရောဂါတစ်မျိုးဝင်နေပြီး Play-ing God အလုပ်ကို နှစ်သက်ပြီး အသက်ရှင်စေ၊ သေစေ စွမ်းအင်ပိုင်ဆိုင်တယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်မှတ်နေကြတာပါ။ အကြောင်းပြချက်မရှိဘဲ လူပေါင်းများစွာကို သတ်ဖြတ်တဲ့အလုပ်ကို Playing God လို့ခေါ်ပါတယ်။ ပြီးတော့ သူမတို့ကို Angels of Death လို့ အမည်တွင်စေပါတယ်။

၁၉၉၀ နောက်ပိုင်းမှ ဆေးရုံ



www.burmeseclassic.com

www.burmeseclassic.com



ဝန်တစ်ဦးဟာ သူတို့ရဲ့လုပ်ရပ်ကို လျှို့ဝှက်ကြားသိပြီး တိုင်ကြားရာမှ ဖမ်းဆီးခံခဲ့ကြရပါတယ်။ ခေါင်းဆောင် Wagner က လူသတ်မှု ၁၃ မှုနဲ့ ထောင်ဒဏ်တစ် သက်တစ်ကျွန်းချမှတ်ခံခဲ့ရပြီး Leidolf လည်း တစ်သက်တစ်ကျွန်းကျခဲ့ပါတယ်၊ ကျန်နှစ်ဦးကတော့ ထောင်ဒဏ် ၁၅နှစ် ချမှတ်ခံခဲ့ရပါတယ်။ အမှန်တကယ် သတ်ဖြတ်ခဲ့တဲ့စာရင်းက အနည်းဆုံး ၂၀၀ ရှိပေမယ့် အမှုမပေါ်ခဲ့ပါဘူး။

သူတို့ရဲ့လုပ်ရပ်ကြောင့် ယနေ့အချိန်ထိ Lainz ဆေးရုံဆို လူတိုင်းကြောက်နေကြဆဲပါ။ ဩစတြေးလျနိုင်ငံရဲ့ ဆေးလောကကို ညစ်နွမ်းစေခဲ့တဲ့ Angles of Death လို့ခေါ်တဲ့ သူနာပြုများကို ဥရောပသားတို့ ယနေ့တိုင် ရွံမုန်းလျက်ရှိကြောင်း သိရပါတယ်။

**ဆောင်းဟေမန်**

Ref: World Interesting News

# လေယာဉ်ခိုးမောင်းရာမှ လေယာဉ်ပျက်ကျသေဆုံးမှုဖြစ်

အမေရိကန်နိုင်ငံ၊ အယ်လ်ဘားမားမြို့တွင် ကျောင်းသားတစ်ယောက်သည် သူငယ်ချင်းနှစ်ဦးနှင့်အတူ လေယာဉ်တစ်စီးကို ခိုးမောင်းသဖြင့် လေယာဉ်ပျက်ကျကာ သုံးဦးစလုံး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ခဲ့သည်။ ထိုလူငယ်သည် လေယာဉ်ခိုးမောင်း တတ်သောကြောင့် သူ့မိခင်က သတိပေးခဲ့ရကြောင်း သိရသည်။



ထိုလေယာဉ်သည် Piper PA 30 အမျိုးအစားဖြစ်ပြီး လေယာဉ်ပိုင်ရှင်သည် သူ့သားကို သော့ပေးထားသဖြင့် သူတို့ မကြာခဏ ခိုးမောင်းခဲ့ကြောင်း၊ မိခင်ဖြစ်သူက သူ့သားသည် အသက် ၁၇ နှစ်အရွယ် ကျောင်းသားတစ်ယောက်ဖြစ်ပြီး လေယာဉ်မောင်းခြင်းကို အလွန်နှစ်သက်ကြောင်း၊ လေယာဉ်မောင်းခွင့်လိုင်စင်ရရန် ခိုးပြီးလေ့ကျင့်ရင်း ဤသို့ပျက်ကျပြီး သေဆုံးရခြင်းဖြစ်သည်ဟုဆိုသည်။

**ဆောင်းဟေမန်**

Ref: International News
-11/2/2013



www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com

# တစ္ဆေမြင်တွေ့ခဲ့ရသည့် သုတေသနအဖွဲ့

ပင်ဆယ်ဗေးနီးယားရှိ နယူးကာဆယ်မြို့တွင် သုတေသနအဖွဲ့တစ်ဖွဲ့သည် သဘာဝလွန် အဖြစ်အပျက်များကို လေ့လာစူးစမ်းလျက်ရှိသည်။

ကလိုဗ်လင်း စိတ်နယ်လွန် အဖွဲ့ဟု အမည်ပေးထားသော ထိုအဖွဲ့သည် စိတ်ရောဂါကုဆေးရုံတွင် တစ္ဆေများကို မြင်တွေ့ခဲ့ပြီး တီးတိုးစကားပြောဆိုသံများ၊ အော်ဟစ် သံများကို မှတ်တမ်းတင်နိုင်ခဲ့သည်။ ထို့ပြင် သူတို့သည် အရိပ်များကိုလည်း တွေ့ရပြီး လည်ဆွဲတစ်ခုက ထူးဆန်းစွာ ရွေ့လျားနေခြင်းဖြစ်ကြောင်း သူတို့၏လေ့လာမှုနှင့် ပတ်သက်ပြီး (W.E.W-TV) ရုပ်သံဌာနသို့ ပြောကြားခဲ့သည်။

သူတို့လေ့လာသည့်အဆောက်အအုံမှာ ၁၈၉၂ ခုနှစ်က တည်ဆောက်ခဲ့ပြီး စိတ်မကျန်းမာသည့် ဝေဒနာရှင်များနှင့် ဘိုးဘွားစောင့်ရှောက်ရေးဂေဟာ ဖွင့်လှစ်ခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် ငွေကြေးအကျပ်အတည်းကြောင့် ဆက်မဖွင့်နိုင်တော့ဘဲ ပိတ်ထားခဲ့ရာ ယခုကဲ့သို့ သွားရောက်လေ့လာခဲ့ကြခြင်းဖြစ်သည်။

**ဆောင်းဧဟာမန်**

Ref: International News

-27/3/2013



www.burmeseclassic.com

www.burmeseclassic.com



# ၁၂ နှစ်သမီး ဗိုက်နာလို့ ဆေးရုံသွားမှ ကိုယ်ဝန်ရှိမှန်းသိ

အသက် ၁၂ နှစ်အရွယ် မိန်းကလေးတစ်ဦးသည် အပြင်းအထန် ဗိုက်နာသည့်ဝေဒနာကို ခံစားနေရသောကြောင့် မိဘများက ဆေးရုံသို့သွားပြရာ ကိုယ်ဝန်ရှိနေကြောင်း သိရသည်။

ထိုမိန်းကလေးငယ်ကို လွန်ခဲ့သည့် တစ်နှစ်ခန့်က မုဒိမ်းကျင့်ခံခဲ့ရကြောင်း၊ ထိုအမှုနှင့်ပတ်သက်ပြီး ဆီဇာအားနက်စ်အယ်စီဗား (၃၉ နှစ်)ကို ဖမ်းဆီးအရေးယူထားကြောင်း ဖလော်ရီဒါရဲတပ်ဖွဲ့မှ ရဲအရာရှိက ပြောကြားခဲ့သည်။ မိန်း



ကလေး၏အမည်နှင့် မိဘများကို ဆေးရုံမှ ထုတ်မပြောခဲ့ပေ။

အယ်စီဗားသည် ကလေးသူငယ်များကို အကြိမ်ကြိမ် အဓမ္မကျင့်မှုဖြင့် ရဲများက အလိုရှိနေသူဖြစ်ပြီး ဆေးရုံမှ ရဲတပ်ဖွဲ့သို့ မိန်းကလေးတွင် ကိုယ်ဝန်ရှိနေကြောင်း စစ်ဆေးတွေ့ရှိသဖြင့် ဖုန်းဆက်အကြောင်းကြားမှ လာရောက်စစ်ဆေးမေးမြန်းပြီး အယ်စီဗားကိုဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

**ဆောင်းဝေဟမန်**

Ref International Crime News -28/1/2013

# သမီးကိုသတ်သည့်မိခင် သေဒဏ်ကျခံရဖွယ်ရှိ

တရုတ်ပြည်၊ ရှန်ဇန်းနယ်မှ မိခင်တစ်ဦးသည် ၈ နှစ်အရွယ်



သမီးငယ်ကိုသတ်ကာ အလောင်းကို မီးရှို့ဖျောက်ဖျက်မှုဖြင့် သေဒဏ် အပြစ်ပေးခံရဖွယ်ရှိကြောင်း Daily Sunshine သတင်းစာတွင် ဖော်ပြထားသည်။

''အေယင်း''အမည်ရှိ ထို အမျိုးသမီးသည် သမီးဖြစ်သူကို မကြာခဏ ရက်စက်စွာ ရိုက်တတ်ပြီး အလုပ်သွားလုပ်ရန်လည်း အတင်းအကျပ် စေလွှတ်တတ်ကြောင်း သက်သေများက ထွက်ဆိုကြသည်။ အေယင်းသည် ရက်စက်သောစိတ်ရှိသဖြင့် ကလေး အပေါ် ရိုက်ရင်းလက်လွန်ပြီး သေဆုံးသွားသဖြင့် အလောင်းကို ဖျောက်ဖျက်ရန် ကြိုးပမ်းခြင်းဖြစ်မည်ဟု ယူဆကြသည်။

တရုတ်ပြည်တွင် ထိုအဖြစ်အပျက်ကြောင့် မိဘများ စိတ်မချမ်းမသာဖြစ်နေပြီး ထိုအမှုကြောင့် အေယင်းကို တရားရုံးမှ သေဒဏ်ချမှတ်မည်ဖြစ်သည်။

**ဆောင်းဝေဟမန်**

Ref: International Crime News -7/2/2013



www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com

# ကြောက်စရာကောင်းသော ဖောက်လွဲဖောက်ပြန် လောကစံ

အသက် ၄၆ နှစ်အရွယ် ဂျော့ဆေယာနှင့် အသက် ၂၃ နှစ်အရွယ် တစ်ဖနီဟာ့တ်ဖိုဒ်တို့သည် တစ်အိမ်တည်းအတူနေကြသော သားအဖများဖြစ်ကြပြီး ကလေးတစ်ယောက် ရရှိလာသဖြင့် ပတ်ဝန်းကျင်မှ သင်္ကာမကင်းဖြစ်ကာ ရဲစခန်းသို့ တိုင်ကြားခဲ့သည်။ တာဝန်ရှိသူများက သမီးနှင့်ဖခင်တို့၏ DNA များကို စစ်ဆေးသောအခါ ထိုကလေးသည် သူတို့နှစ်ဦး၏ ကလေးဖြစ်နေကြောင်း သိရှိခဲ့ရသည်။

ရဲများက သူတို့အိမ်သို့ ဝင်ရောက်စစ်ဆေးရာတွင် ဂျော့ဆေယာ၏ ကွန်ပျူတာအတွင်းမှ သမီးဖြစ်သူကိုယ်တိုင် ဝတ်လစ်စလစ်ဖြင့် ပုံစံအမျိုးမျိုးရိုက်ထားသည့် ပုံများကို တွေ့ခဲ့ရသည်။ သမီးဖြစ်သူက သူမသည် ဖခင်ဖြစ်သူနှင့် ကိုယ်ဝန်မရှိမီ အပြာဓာတ်လမ်းများတွင် အသက် ၁၆ နှစ်အရွယ်ကတည်းက သရုပ်ဆောင်ခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

ရဲများက စစ်ဆေးစဉ် ပထမ၌ သူတို့နှစ်ဦးလုံး ငြင်းဆိုခဲ့သော်လည်း နောက်ပိုင်းစစ်ဆေးမှု ရလဒ်ထွက်လာမှ သူမ၏ဖခင်ဖြစ်သူကလည်း အစ်ကိုဖြစ်သူနှင့် အတူအိပ်ပြီး သူမကိုယ်တိုင် ဖခင်နှင့်အတူ အိပ်ခဲ့ရကြောင်း ဝန်ခံခဲ့သည်။

**ဆောင်းမေဟာမန်**

Ref: Inter  tional News

-2/1/2013



www.burmeseclassic.com

www.burmeseclassic.com

# (၇) ရက်သားသမီး တစ်လတာကံကြမ္မာ

## တနင်္ဂနွေ

ယခုလအတွင်း ဘာသဲလှပ်လှပ် သတိထားလှုပ်ပါ။ အကြံအစည်များ လွဲချော်နေတတ်သည်။ ပြတ်သားမှု နည်းနေသည်။ လုပ်ငန်းကို ဖလေးစားပါ။ လုံ့လ ဝီရိယအားထုတ်မှ ကောင်းပါသည်၊ လုပ်ငန်းထဲရှိ တပည့်တို့ကြောင့် အမှုအခင်း၊ တရားတဖေါင် သတိထားပါ။ ခရီးဝေးသွားခြင်းရှောင်ပါ။ ဘေးမြင်သည်။ မသွားပါနှင့်၊

ဝတ်ဆင်ရမည့်အရောင်၊ ။ အဖြူထဲမှာ အစိမ်းရင့်ပန်းပွင့်များစွာပါသောအရောင်။
ကံညံ့အရောင်၊ ။ အညိုထဲမှာ အပြာရင့် သံဆန်ခါကွက် ရှောင်ပါ။
အချစ်ရေး။ ။ ချက်ငယေနစ်လေး မဆီတဲ့ပန်း တုံးခုံ၍ မလှမ်းချင်ပါနှင့်။
အိမ်ထောင်ရေး။ ။ တစ်သက်တာဘဝခရီး အချစ်အိမ်ထောင် ကံကောင်းနေမည်။
ထီထိုးရန်။ ။ (က) ၆-၈၊ (ခ) ၇-၂၊ (ဂ) ၅-၄
ယတြာ။ ။ ရွှေနံ့ထောင့်တွင် ရွှေဆိုးဆွမ်းမကောင်း ငါးခုကပ်လှူပေးပါ။

BURMESE CLASSIC .com

## တနင်္လာ

ယခုလအတွင်း ဆက်သွယ်ရေး ဘဏ်၊ ဟိုတယ်၊ မိုတယ်လုပ်ငန်းရှင်တို့ ကံကောင်းလိမ့်မည်။ ရွှေ ငွေ၊ စိန် အရောင်းအဝယ် အရှုံးပေါ်တတ်သည်၊ နိုင်ငံခြားခရီးသွားရတတ်သည်။ အိမ်ပတ်ဝန်းကျင်၊ အိမ်ရှင်၊ အိမ်ငှား ပြဿနာဖြစ်တတ်သည်။ သားသမီးတို့အတွက် ဂုဏ်ယူရလိမ့်မည်၊ မိခင်၊ ဖခင်တို့၏ ကျန်းမာရေး သတိထားပါ၊

ဝတ်ဆင်ရမည့်အရောင်။ ။ မိုးပြာရောင်၊ ခိုရောင် ဝမ်းဆက်ဝတ်ဆင်ပါ၊
ကံညံ့အရောင်။ ။ ကြံရည်ရောင်၊ ဖက်ဖူးရောင် လုံးဝရှောင်ပါ၊
အချစ်ရေး။ ။ စန်းပွင့်လွန်းပြီး ချစ်သူများနှင့် ပြဿနာတက်မည်၊ သတိထားရှောင်ပါ။
အိမ်ထောင်ရေး။ ။ ခင်ပွန်း အိမ်ပေါ်မှဆင်းသွားတတ်သည်။
ထီထိုးရန်။ ။ (တ) ၅-၉၊ (ထ) ၅-၆၊ (ဒ) ၅-၃
ယတြာ။ ။ အိမ်ဘုရားတွင် ငုဝါပန်း ဝိတောက်ပန်း ကိုးညွန့်စီ ကပ်လှူပါ။



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါ

ယခုလအတွင်း ခရီးသွား၍ စီးပွားရှာခြင်း ရှောင်လိုက်ပါ။ အန္တရာယ်ရှိသည်။ သူတစ်ပါးကို ကူညီကယ်တင်ခြင်းကြောင့် ဥပဒေနှင့်မလွတ်ကင်းသည့်ပစ္စည်းကြောင့် ရဲစခန်းရောက်၍ စစ်ဆေးမေးမြန်းခံရမည်။ သတိထားပါ။ လုပ်ငန်းပြိုင်၊ ရန်ဘက်၊ ပြိုင်ဘက်ကို အောင်မြင်နိုင်ဖြစ်သည်။ အထည်အလိပ်၊ အလှကုန်၊ စက်မှုလက်မှုတို့ ကံကောင်းတတ်ပါသည်။ အနောက်တောင်ထောင့်အရပ်ကိုရှောင်ပါ။ သားသမီးများ၏ ငွေကြေးဖြင့်ကန့်တော့ခြင်းခံရမည်။

ဝတ်ဆင်ရမည့်အရောင်။ ။ ရွှေဖလား၊ ငွေဖလားရောင်ထဲတွင် အနက်ပန်းပွင့်ပါသောအရောင်။
ကံညံ့အရောင်။ ။ အညို၊ မဟော်ဂနီရောင် ရှောင် ။
အချစ်ရေး။ ။ မင်္ဂလာရက်မြတ် လက်ထပ်ရက် မဝေးတော့ပါ။
အိမ်ထောင်ရေး။ ။ မိသားစု ပြဿနာတက်မည်၊ ကွဲကွာ ခွဲခွာကိန်းမြင်သည်။
ထီထိုးရန်။ ။ (ဍ) ၅-၃ (ဌ) ၆-၃ (ဎ) ၈-၁
ယတြာ။ ။ မွေးနံထောင့်တွင် ချောကလက် ကိုးခု၊ လီမွော်သီး ငါးလုံး ကပ်လှူပါ။

## ဗုဒ္ဓဟူး

ယခုလအတွင်း မိမိလုပ်ငန်းတွင်းရှိ စီးပွားရေးဆက်နွယ်...တို့နှင့် စိတ်သဘောထားကွဲလွဲတတ်သည်။ သတိကြီးစွာရှိပါ။ ဘုရားရှိခိုး၊ ပုတီးစိပ်၊ ပရိတ်ရွတ်ဖတ်ပေးပါ။ ဘာသာရေးအားနည်းနေတတ်သည်။ ရွှေ၊ ငွေ၊ ရတနာတို့ ဝင်လာမဲ့ တသဲသဲဖြစ်နေသော်လည်း စိတ်မသာက ဗျာပါရ ကြုံတွေ့နိုင်သည်။ စကားပြောဆင်ခြင်ပါ။ မာန်မာန၊ ဝါသနာသည် မည်သည့်အခါမှ ကောင်းကျိုးမပေးတတ်သည်ကို သတိပြုပါ။

ဝတ်ဆင်ရမည့်အရောင်။ ။ ငါးစိမ်းနီ ရောယှက်ဝမ်းဆက် ဝတ်ဆင်ပါ။
ကံညံ့အရောင်။ ။ ဖြူနီညိုပြာ ရောယှက် လုံးဝရှောင်ပါ။
အချစ်ရေး။ ။ ချစ်သူနှင့် ဝေးကွာသောနေရာဒေသရောက်နေ၍ လွမ်းဆွေးနေရမည်။
အိမ်ထောင်ရေး။ ။ လင်မယားနှစ်ဦး နိုင်ငံခြားသို့ အတူသွားရတတ်သည်။
ထီထိုးရန်။ ။ (တ) ၂-၉ (ထ) ၂-၈ (ဓ) ၂-၄
ယတြာ။ ။ အိမ်ဘုရားတွင် ရဲယို ရွက်လှ ကိုးညွန့်စီ အတူပူးတွဲကပ်လှူပါ။

BURMESE CLASSIC .com

## ကြာသပတေး

ယခုလအတွင်း ထီပေါက်ကိန်းမြင်သည်။ ထီမြန်မြန်ထိုးပါ။ ရတနာပုံကိန်းထဲဆိုက်နေ၍ အာပဲလုပ်လုပ် တိုက်ဆိုင်တစ်ပြီ ကျမ္ဘီးတစ်ခက် လုပ်ငန်းတွေ ဖယ်ဆက်သလိုလုပ်ရပြီး အကျိုးပေးမည်ဟု မှတ်ထားလိုက်ပါ။ တိုက်၊ ကား၊ မြို၊ မြေ အသစ်ဝင်မည်။ ရွှေ၊ ခြံခြေနှစ်ချောင်း ထွက်တတ်သည်။ ရှေ့ရောင်းလိုက်ပါ။ လှူဒါန်းသွားလိုက်ပါ။ ကံကောင်းသွားပါလိမ့်မည် ...နေ၊ ရာဟု သားသမီးများ အိမ်မှာ တစ်လအတွင်း လုံးဝ ညည့်အိပ်ညည့်နေ လက်မခံသင့်ပါ၊ သတိထားပါ။

ဝတ်ဆင်ရမည့်အရောင်။ ။ သနပ်ခါးရောင်၊ ပန်းရောင်ဝမ်းဆက်။
ကံညံ့အရောင်။ ။ စတော်ဘယ်ရီရောင်၊ စိမ်းပြာရောင် ရှောင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ရေး။ ။ မြန်မြန်ချစ်ရေးဆိုလိုက်ပါ။
အိမ်ထောင်ရေး။ ။ အိမ်ထောင်ဦးစီးအတွက် စိတ်သောက ရှာပါရဖြစ်ကိန်းဖြစ်သည်။
ထီထိုးရန်။ ။ (ပ) ၆-၅၊ (ဖ) ၆-၉၊ (ဗ) ၆-၃
ယတြာ။ ။ မွေးနံ့ထောင့်တွင် ကော်ဖီနှင့် ပေါင်မုန့်ထောပတ်သုတ် ကပ်လှူလိုက်ပါ။

## သောကြာ

ယခုလအတွင်း အလှူကြီးပေးလှူရမည်၊ ရှင်ပြု၊ ရဟန်းခံဖြစ်နိုင်သည်။ သို့မဟုတ်ပါက မိဘလက်ထက်က ကျောင်းဟောင်းပြုပြင်လှူဒါန်းရကိန်းမြင်သည်၊ ဘာသာရေး သာသနာရေး၊ ဒါန၊ သီလ၊ ဘာဝနာတို့ ဆက်တိုက်ပြုလုပ်ကိန်းမြင်ပါသည်။ အိမ်၊ ခြံ၊ မြေပွဲစား၊ စိန်၊ ရွှေ ရတနာလုပ်ငန်းတို့ အရောင်းအဝယ်အထူးကောင်းလိမ့်မည်၊ သိန်းသန်းရတနာ ဝင်လာတတ်သည်၊
ဝတ်ဆင်ရမည့်အရောင်။ ။ မရမ်းပြာ၊ ခရမ်းပြာ ဆင်တူဝတ်ဆင်လိုက်ပါ၊
ကံညံ့အရောင်။ ။ အနက်ထဲမှာ အစိမ်းကွက်ကျဲ ရှောင်ပါ။
အချစ်ရေး။ ။ သင့်ဘက်မှ ပြဿနာရှိနေတတ်သည်။
အိမ်ထောင်ရေး။ ။ လင်မယားနှစ်ဦး သဘောထားကွဲ၍ ဘုရားစုံလည်ပူးရကိန်းရှိသည်။
ထီထိုးရန်။ ။ (န) ၆-၃ (ဏ) ၆-၉၊ (ပ) ၆-၅
ယတြာ။ ။ အိမ်ဘုရားတွင် မန်ကျည်းချိုရည်၊ ကြံရည် နှစ်ခုပေါင်းကပ်လှူပါ။

BURMESE CLASSIC .com

## စနေ

ယခုလအတွင်း ရလေလိုလေ၊ ရှာလေကုန်လေ ငွေအဖတ်မတင်ဖြစ်နေတတ်သည်။ သံယောဇဉ်တစ်မျှင်ကြောင့် စိတ်သောကများပါရ ကြုံတွေ့တတ်သည်။ ဈေးအိုးနှင့် ကညာမို့ စတတ်လမ်းရှုပ်ထွေးမှု ဖြစ်နိုင်သည်။ မီးမလောင်ခင်တားပါ။ ဘေးမြင်သည်။ ရသေ့ရဟန်းဝတ်လိုက်ပါက ပိုကောင်းပါသည်။ ခရီးဝေးမသွားပါနှင့်။ နလုံး၊ အာရုံကြော၊ သွေးတိုးတို့ဖြစ်တတ်သည်၊
ဝတ်ဆင်ရမည့်အရောင်။ ။ ညိုပြာဖျော့ ရောယှက်ဝမ်းဆက် ဝတ်ဆင်ပါ၊
ကံညံ့အရောင်။ ။ စိမ်းပြာ၊ ရွှေညိုရောင် လုံးဝရှောင်ပါ။
အချစ်ရေး။ ။ လုံးဝမကောင်းပါ။ ရှောင်လိုက်ပါ၊
အိမ်ထောင်ရေး။ ။ စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတတ်ပါ၊
ထီထိုးရန်။ ။ (က) ၆-၉၊ (ခ) ၆-၈ (ဂ) ၆-၁
ယတြာ။ ။ မွေးနံ့ထောင့်တွင် ဘုန်းတော်ကြီးဆောင်းထီးတစ်လက်၊ သင်္ကန်းတစ်စုံလှူပါ။

**စမ်းလိုအောင်၍ ပန်းလိုမွှေးပါစေ**

**သစ္စာ၊ မေတ္တာ ဆရာထွန်းလင်းကျော်**

**နက္ခတ်ဗေဒင် လက္ခဏာပညာရှင်**



www.burmeseclassic.com